


www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၂၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၂၈၁၀၀၇

မျက်နှာဖုံးပန်းချီ ● ထွန်းအောင်

ထုတ်ဝေသည့်လ ● ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ

အကြိမ် ● ပထမအကြိမ်

အုပ်ရေ ● ၅၀၀

တန်ဖိုး ● ၁၂၀၀ကျပ်

ထုတ်ဝေသူ ● ဒေါ်ရီရီမြွေး

ရီရီမြွေးစာပေ

(၀၄၁၉၆)

အမှတ် (၅၈)၊ ဓမ္မိကဝတီလမ်း၊

စမ်းချောင်း၊ ရန်ကုန်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ● ဦးကျော်စိန်

(ကျောက်စိမ်းပုံနှိပ်တိုက်)

(၁၇၁)၊ (၃၃)လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အိုဟွန်းယှဉ်စာပေတိုက် ဖုန်း ၀၉-၅၁၆၆၆၁၄၀ မှ

ပြည်လုံးကျွတ် ဖြန့်ချိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရေး ဆရာမ ရီရီဓွေး

၏

## ထွက်ရှိပြီးသောဂမ္ဘီရလုံးချင်းဝတ္ထုများ

၁။ ဝန်အတ္တာရှိ
၂။ စိတ်လှုပ်ရှားဖွယ်ဖန်ခွက်လေး
၃။ လူ့ရတနာသိုက်
၄။ မြွေဖြူတောင်ရှင်မ
၅။ နဂါးကိုးကောင်ဒေဝီ
၆။ ဘီလူးမျက်ရည်
၇။ မြစိမ်းရောင်ဝှန်းရှင်
၈။ ကပ္ပတိန်ဓော်ထက်နှင့် ရုပ်ထုကမ္ဘာကျွန်း
၉။ အဏ္ဏဝါကျူရှိုးရှင်
၁၀။ ခြေရာတစ်ထောင်ဖောင်ခဲခေါင်နှင့် မနုဿဝံပုလွေ
၁၁။ ကောသံဗြိမျက်ရှင်
၁၂။ တွံတေးတောကြီးတန်းမှ ဆေးရည်စိမ်မင်းသားလေး
၁၃။ စဏ္ဍာမဖုတ်တမ်း
၁၄။ မော်ကင်းလိပ်ပြာ၏လွှမ်းသံစဉ်
၁၅။ ခြောက်ကျွန်းသူ့ဇိုဇောက်
၁၆။ အန္တရာယ်ချစ်သူ့ကောရီ
၁၇။ သွေးစက်သခင်
၁၈။ မြေနုတ်သမီး၏သွေးစက်မျက်ရည်
၁၉။ နဂါးနက်ရေအိုင်
၂၀။ ယက္ခညီနောင်နှင့်ပျောက်ဆုံးနေသောမြို့တော်
၂၁။ ဝိညာဉ်ခုနစ်ကော်နှင့် လောကဓါတ်မိစ္ဆာ
၂၂။ မထေိပူရ၏ သွေးဝိညာဉ်

# ဂမ္ဘီရစာရေး ဆရာမ ရီရီဓွေး

၏

## ဆက်လက်ထွက်ရှိမည့်ဂမ္ဘီရလုံးချင်းဝတ္ထုများ

<u>ယခုလ</u>

လူသေ့သမီး
ရေခဲတောင်ဝိညာဉ်နှင့် လူစွန့်စားရဲခေါင်
ပန်းဒါရှု၏ချစ်သူ
မြွေဖြူနန်းရှင်သခင်မ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရီရီဌေး

လူဆော့သမီး

မာတိကာ

အခန်း (၁)
လူဆော့သမီးနှင့် တွေ့ဆုံခြင်း
အခန်း (၂)
မည်းနက်သောကြာကြမ္မာခရီးအစ
အခန်း (၃)
အတိတ်ပုံရိပ်ထဲက မေမေ
အခန်း (၄)
ကိုယ်ပွားရုပ်သွင်
အခန်း (၅)
အာဂျန္တာ၏ရတနာများ
အခန်း (၆)
စကြာနွယ်စဉ်ဂိုဏ်းသားများ၏ အန္တရာယ်
အခန်း (၇)
မြွေလမ္ဘာယ်ဘုရင်မဆာရာဒေဝီ
အခန်း (၈)
ပုခက်တင်မင်္ဂလာရှင်
အခန်း (၉)
ရွှေရောင်အနာဂတ်ခရီးဆီသို့

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## "လူသေ့သမီးနှင့် တွေ့ဆုံခြင်း"

မဖျိုမခရီးစဉ်သို့ စတင်သွားသည့်အချိန်ကား. . .။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ဖြစ်ပါသည်။

လူသေ့သမီးနှင့် တွေ့ဆုံပုံကား လွန်စွာ ထူးခြားဆန်းကြယ်လှပါသည်။ အကယ်၍သာ ကျွန်မသာ မဖျိုမခရီးစဉ်သို့ လိုက်ပါသွားခြင်းမရှိပါက ဤမျှထူးခြားဆန်းကြယ်သော လူသေ့သမီးနှင့် တွေ့ရလိမ့်မည်မဟုတ်ချေ။

သဘာဝတရားကား ပို၍ အံ့ဩဖွယ်ရာ ကောင်းလှပါသည်။

တွေ့ချိန်တန်လျှင် တွေ့ရမည်။

သိချိန်တန်လျှင် သိရမည်။

ဆိုသည့်အတိုင်း အိန္ဒိယနှင့် နီပေါနိုင်ငံရှိ မဖျိုမခရီးစဉ်သို့ ဘုရားဖူးသွားရာမှအစ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရှိခဲ့ရခြင်းဖြစ်ပါသည်။



BURMESE CLASSIC .com



ငွေနှင်းမှုန်များ တဖွဲဖွဲကျနေသည့် မှုန်ရီဝေနေသော ဒီဇင်ဘာ ဆောင်းနံနက်ခင်းတွင် ကျွန်မသည် မဖျိုမဘုရားဖူးခရီးသည်အဖြစ် ရန်ကုန်မှ ကာလကတ္တားသို့ လည်းကောင်း၊ ကာလကတ္တားမှ ဗုဒ္ဓဂယာသို့ လည်းကောင်း လေယာဉ်ခရီးဖြင့် စတင် ထွက်ခဲ့ပါသည်။

ဤသို့ဖြင့် ဂယာမြို့သို့ရောက်ပြီး မြတ်စွာဘုရားရှင် ပွင့်တော်မူရာ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ မဟာဗောဓိစေတီတော်နှင့် ဘုရားအဆူဆူ ပွင့်တော်မူရာ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ဖူးမျှော်ခဲ့ကြပါသည်။ ထိုမှ ရာဇဂြိုဟ်၊ နလန္ဒာ၊ သာဝတ္ထိ၊ လုမ္ဗိနီ၊ ကုသိနာရုံ၊ ဝေသာလီတို့အား လှည့်လည်ဖူးမျှော်ပြီးနောက် နောက်ဆုံးအနေဖြင့် မိဂဒါဝုန်သို့ သွားခဲ့ပါသည်။

မိဂဒါဝုန်သည် မြတ်စွာဘုရားရှင် တရားဦးဓမ္မစကြာ ဟောသည့် အစိဇပတိတနေရာဖြစ်သည့်အတွက် ထိုနေရာသို့ သွားရောက်ခဲ့ကြပါသည်။ ဒီဇင်ဘာဆောင်းနံနက်ခင်းဖြစ်၍ နိုက်နိုက်တုန်အောင် အေးချမ်းလှပါသည်။ ဟီးနိုးကားမှ တံခါးပေါက်အားလုံးကို ပိတ်ထားသည့်တိုင်အောင် ချမ်းလွန်းလှသဖြင့် ကားရပ်စဉ် အနီးရှိ ဆိုင်တစ်ဆိုင်မှ ခြုံစောင်ထူထူအကြီးစားတစ်ထည်ကို ဝယ်ကာ ထိုခြုံစောင်ကိုခြုံရင်း စီးနင်းလိုက်ပါလာခဲ့ပါသည်။

မိဂဒါဝုန်ဟုဆိုသော်လည်း မိဂဒါဝုန်သည် ဗာရာဏသီ



www.burmeseclassic.com

www.burmeseclassic.com



မြို့နှင့် ခြောက်မိုင်ခန့်သာ ကွာဝေးသည့်အတွက် စာရေးသူတို့ စီးနင်းလိုက်ပါလာသော ဟိုးနိုးကားကြီးမှာ ဇာရာဏသီသို့ ဦးတည်မောင်းနှင်လာခဲ့ပါသည်။ နံနက်ခင်းမှ စတင်ထွက်လာသည့် ကားကြီးသည် နေ့ခင်းအချိန်တွင် ခရီးတစ်ဝက်ခန့်သို့ ရောက်ရှိလာခဲ့ပါသည်။ ဘုရားဖူးအဖွဲ့မှ ထမင်းဆိုင်၌ ထမင်းကျွေးသဖြင့် ထမင်းစားခဲ့ပါသည်။ တစ်လမ်းလုံး ကားဆောင့်၍လားမသိထမင်းစားရသည်မှာ လွန်စွာ စားကောင်းလှပါသည်။ ထို့နောက် လက်ဖက်ရည်တစ်ခွက် မှာသောက်ရင်း အခြားစားပွဲကို အမှတ်မထင် ကြည့်လိုက်မိပါသည်။

ကျွန်မတို့နှင့် ကားအတူစီးသည့် ဘုရားဖူးခရီးသည်တစ်ဦးမှာ ဘာမှမစားဘဲ မျက်နှာမှာလည်း ရှုံ့မဲ့နေသည့်အတွက်. . .။

ကျွန်မမှာ မနေနိုင်တော့ဘဲ. . .။

''အစ်မ. . . ဘာဖြစ်လို့လဲ၊ မျက်နှာလဲ မကောင်းပါလား'' ဟု မေးလိုက်မိပါသည်။

''ဗိုက်အောင့်လို့ပါ''

''အစ်မ. . . ကျွန်မမှာ အဲယားအိပ်(စ်)ပါတယ်၊ သောက်မလား''

''ကျွန်မမှာ ဆေးအပြည့်အစုံပါပါတယ်၊ မကြာသေးခင်ကမှ ဗိုက်ခွဲထားလို့ပါ''





''အေးလေ. . . ဗိုက်ခွဲထားတာမကြာသေးဘူးဆိုတော့ ဗိုက်အောင့်မှာပေါ့''

ကျွန်မလည်း ထမင်းစားပြီးပြီဖြစ်၍ ထိုအမျိုးသမီးနှင့် စကားပြောနေမိပါသည်။ နာရီဝက်ခန့်အကြာတွင် အခြားသူများလည်း ထမင်းစားပြီးပြီဖြစ်၍ ခရီးဆက်ရန် ကားပေါ်တက်သူကတက် ရေသောက်သူက သောက်နှင့် အလုပ်ရှုပ်နေပါသည်။

ထိုစဉ် ကျွန်မမှ. . .။

''အစ်မ. . . ကားပေါ်တက်ရအောင်''

ဟု ပြောလိုက်ရာ ထိုအမျိုးသမီး၏ မျက်နှာမှာ ပို၍ ရှုံ့တွလာပြီး. . .။

''ညီမ. . . အစ်မတော့ ဘယ်လိုမှ မနေနိုင်တော့ဘူး၊ ဗိုက်အရမ်းအောင့်တယ်''

သူမ၏မျက်နှာတွင် ချွေးသီးချွေးပေါက်များ ပိုးပိုးပေါက်ပေါက်ကျလာပြီး မျက်နှာမှာလည်း လွန်စွာ ရှုံ့မဲ့လာပါသည်။ ဤတွင် ကျွန်မမှာ မနေနိုင်တော့ဘဲ အဖွဲ့ခေါင်းဆောင်ရှိရာ အပြေးသွားကာ. . .။

''ခရီးသည်တစ်ယောက် ဗိုက်တော်တော်အောင့်နေတယ်''

''ဟင်. . . ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင်အမျိုးသမီးမှာ ပျာပျာသလဲဖြစ်ကာ . . .။

''ဘယ်သူလဲ . . . ဘယ်နားမှာလဲ''

''ဟိုမှာ''

ကျွန်မက ပြောပြောဆိုဆို ခေါင်းဆောင်အမျိုးသမီးအား ဗိုက်အောင့်သူအမျိုးသမီး ထိုင်နေရာသို့ ခေါ်ဆောင်ခဲ့ပါသည်။

''ဟင် . . . ဒေါ်ကျင်ယုံပါလား။ ဘယ်လိုဖြစ်တာလဲ''

''ကျွန်မ . . . မခံနိုင်တော့ဘူး။ ဗိုက်အရမ်းအောင့်နေတယ်''

''ဒါဆိုရင် ဆေးခန်းပြမှ ဖြစ်မယ်''

ထိုနေရာလေးမှာ တောမြို့ကလေးဖြစ်သည့်အတွက် မည်သည့်ဆေးခန်းမျှ မရှိချေ။ ဒေါ်ကျင်ယုံအား တင်၍ ကားဖြင့် ဖြည်းဖြည်းမောင်းသွားရာ တစ်မိုင်ကျော်ခန့်၌ ဆေးခန်းတစ်ခန်းကို တွေ့ရှိရပါသည်။ ထိုဆေးခန်းမှာ နေ့လည်ခင်းဖြစ်၍ ဆရာဝန်မရှိပါ။ ကားပေါ်လိုက်ပါလာသည့် ဝေယျာဝစ္စ လုပ်ကိုင်ရန် ခေါ်လာသူ အိန္ဒိယအမျိုးသားကလေး ဂျင်မီအား ဆရာဝန်ခေါ်ခိုင်းရာ ထိုကောင်လေးမှ ဟိန္ဒူဘာသာစကားဖြင့် သူနာပြုဆရာမလေးကို ဆရာဝန် ခေါ်ခိုင်းခဲ့ပါသည်။

မကြာမီ ဆရာဝန်ကလေးသည် မော်တော်ဆိုင်ကယ်





နှင့် ရောက်ရှိလာခဲ့ပါသည်။ ဆရာဝန်ကလေးမှာ အသက်သုံးဆယ်ကျော်ခန့်ရှိပြီး အိန္ဒိယရုပ်ရှင်မင်းသား အမိတာဘဂျမ်းနှင့် ခပ်ဆင်ဆင်တူပါသည်။

ဆရာဝန်ကလေးမှာ ရောက်ရောက်ချင်း လူနာကို ချက်ချင်း ကြည့်ပေးပြီး ဆေးတစ်လုံး ထိုးပေးပါသည်။ လူနာမှာ မကြာမီ ဗိုက်အောင့်သက်သာကာ အိပ်ပျော်သွားပါသည်။

ထိုဆေးခန်း၌ တစ်နာရီခန့် နားပါဟုဆိုသဖြင့် ကျွန်မတို့ဘုရားဖူးတစ်သိုက် ထိုနေရာအနီး၌ ထိုင်စောင့်နေခဲ့ရပါသည်။ ဤတွင် ဘုရားဖူးအဖွဲ့ခေါင်းဆောင်နှင့် စကားစမြည် ပြောဖြစ်ခဲ့ပါသည်။

''ညီမရယ် . . . ကိုယ့်ဘုရားဖူးညေ့သည်အချင်းချင်း ဒီလိုဖြစ်တယ်ဆိုတော့ အစ်မ စိတ်ပူမိတယ်''

ကျွန်မက အရင်စတင်ပြီး ပြောလိုက်ပါသည်။

''ဒေါ်ကျင်ယုံက ဗိုက်ခွဲထားတာ မကြာသေးဘူးတဲ့၊ ကျွန်မကိုလဲ ဘာမှပြောမထားတော့ သတိမထားမိဘူးပေါ့၊ ဒါပေမယ့် အခုဆရာဝန်နဲ့ ဆေးထိုးလိုက်လို့ တော်တော်သက်သာသွားပါပြီ''

''ဗာရာဏသီကို ရောက်ဖို့ ဘယ်လောက်လိုသေးလဲ''

''သိပ်မလိုတော့ပါဘူး။ သုံးနာရီကျော်ကျော်လောက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းရင်ရပြီ"

"သြော်. . .အခုတစ်နာရီထိုးပြီ၊ တစ်နာရီစောင့်ရမယ်ဆိုရင်တော့ နှစ်နာရီလောက် စ,ထွက်လို့ရပြီပေါ့"

"ဟုတ်ပါတယ် အစ်မ"

"ညီမတို့ ခရီးသွားအဖွဲ့ခေါင်းဆောင်အနေနဲ့ ဒီလိုမျိုးအဖြစ်နဲ့ ကြုံတဲ့အခါမှာ စိတ်ညစ်မှာပေါ့နော်"

"စိတ်ညစ်တယ်လဲ မဟုတ်ပါဘူး အစ်မရယ်၊ ဘုရားဖူးအဖွဲ့ဆယ်ဖွဲ့မှာ တစ်ဦးတစ်လေ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ တစ်ချို့ကလည်း အရမ်းဖျားလို့ ဆေးခန်းပို့ပေးရတယ်၊ တစ်ချို့ကလည်း နလုံးရောဂါ၊ သွေးတိုးရောဂါတို့ကြောင့် ဆေးကုပေးရတယ်. . . ဒီထက်ဆိုးတာက တစ်ချို့က ကိုယ့်မှာ ရောဂါရှိမှန်းသိရက်နဲ့ ဘုရားရိပ်မှာ ခိုလှုံချင်တဲ့ဆန္ဒနဲ့ ဒီကိုလာကြတယ်၊ ဒီမှာ မမျှော်လင့်ဘဲ သေဆုံးသွားတာမျိုးလဲ ရှိခဲ့ဖူးတယ်"

"အဲဒီတော့ ညီမက ဘယ်လိုလုပ်ပေးရသလဲ"

"သက်ဆိုင်ရာကို အကြောင်းကြားပြီး သူတို့ကို မြေကျသင်္ဂြိုဟ်ပြီးစီးတဲ့အထိ တာဝန်ယူပြီး လုပ်ဆောင်ပေးခဲ့ရတယ်"

"သြော်. . .ညီမတို့အလုပ်ကလဲ တော်တော်တာဝန်ကြီးသားဘဲ"

"တစ်ချို့ကလဲ ရောဂါမရှိဘူးထင်ပြီး ဘုရားဖူးခရီးစဉ်





မှာ လိုက်ပါလာခဲ့ကြတယ်၊ သွားရင်းလာရင်းနဲ့ ကောက်ကာငင်ကာ သေဆုံးသွားတာလဲ ရှိခဲ့ဖူးပါတယ်. . . ဒီတော့လဲ ဘယ်တတ်နိုင်မလဲ၊ လုပ်သင့်တာ လုပ်ပေးရတာပေါ့"

"ဟုတ်ပါတယ်. . .ဘုရားဖူးရအောင်လဲ အကျိုးဆောင်တယ်၊ တစ်ခုခုဖြစ်ရင်လဲ ဆေးရုံဆေးခန်းကို ပို့ပေးတဲ့သူဆိုတော့ ညီမမှာ ကုသိုလ်တွေ အများကြီး ရနေပြီ"

"အစ်မရယ် ဘုရားရဟန္တာကလွဲလို့ လူသားတွေရဲ့ အနာဂတ်ကို ကြိုတင်မသိတဲ့ သာမန်လူသားတွေရဲ့ ဘဝမှာ ကိုယ့်ကံကြမ္မာဟာ ဘယ်နေ့ဘယ်အချိန်မှာ ဘာဖြစ်မယ်ဆိုတာ မသိကြဘူး မဟုတ်လား။ တကယ်တော့ အိမ်မှာပဲနေနေ၊ ခရီးပဲသွားသွား သေခြင်းတရားနဲ့ ရင်ဆိုင်ရမယ့်အချိန်ရောက်လာရင် သေဆုံးရမှာ ဓမ္မတာပါဘဲ"

"ဟုတ်ပါတယ် ညီမရယ်"

ထိုသို့စကားစမြည် ပြောနေစဉ် လူနာမှာ အတော်အတန်သက်သာလာသည့်အတွက် လူနာကို ကားပေါ်သို့ တင်ပေးခဲ့ပါသည်။ ခရီးဆက်ရမည်ဖြစ်၍ ကျွန်မတို့ နှစ်ဦးသား စကားလက်စဖြတ်သွားခဲ့ပါသည်။

ကျွန်မတို့ စီးနင်းလာသည့် ဟီးနိုးကားကြီး ပြန်ထွက်ခဲ့ပါပြီ။ လူနာပါသည့်အတွက် ခပ်ဖြည်းဖြည်း မောင်းလာခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်လိုနှင့်ပင် သုံးနာရီခရီးကို လေးနာရီခန့် မောင်းခဲ့ရာ ညနေခြောက်နာရီခန့်အချိန်တွင် ဗာရာဏသီမြို့သို့ ရောက်ခဲ့ပါသည်။

ဒေါ်ကျင်ယုံအား ဗာရာဏသီတွင် ဆေးဆက်ကုခဲ့ပါသည်။ နောက်ရက်တွင် ဒေါ်ကျင်ယုံမှာ အတော်ပင် အခြေအနေကောင်းလာသဖြင့် ကျွန်မတို့အုပ်စုမှာ ဝမ်းသာခဲ့ရပါသည်။ ကျွန်မတို့အုပ်စုသည် ဗာရာဏသီဘုန်းတော်ကြီးကျောင်း၌ ခေတ္တတည်းခိုခဲ့ကြပါသည်။

ထိုစဉ် အိန္ဒိယ၌ ရောက်နှင့်နေသော မြန်မာအမျိုးသမီးကလေးတစ်ဦးနှင့် တွေ့ဆုံခဲ့ပါသည်။ သူမနာမည်ကား ယမင်းလှိုင်။ သူမသည် အိန္ဒိယပြည်၌ ကွန်ပျူတာသင်တန်း လာရောက်တက်နေသူတစ်ဦး ဖြစ်သည်။ ကျွန်မသည် ယမင်းလှိုင်အား ဒေါ်ကျင်ယုံ၏အကြောင်းကို ပြောဖြစ်ခဲ့ပါသည်။ နောက်တစ်နေ့ ယမင်းလှိုင်နှင့် တွေ့သောအခါ. . .။

''အစ်မတို့ဆီက ခရီးသည်အစ်မကြီး နေကောင်းသွားပြီလား''

''တော်တော်ကောင်းသွားပါပြီ၊ တော်သေးတာပေါ့၊ လမ်းကဆရာဝန်က ကုပေးလိုက်လို့ သက်သာသွားတာ၊ နို့မို့ရင် မလွယ်ဘူး''





''ဟုတ်တာပေါ့ အစ်မရယ်. . . အဲဒီအစ်မကြီး ကံကောင်းတာပေါ့''

''ဟုတ်ပါတယ် ညီမရယ်''

''တစ်ချို့ကတော့ ကံကောင်းတယ်၊ တစ်ချို့ကတော့ ကံမကောင်းရှာဘူး''

ထိုမိန်းကလေးက အဝေးတစ်နေရာကို ကြည့်ရင်း ခပ်ဆေးကလေး ပြောနေပါသည်။ သူမ၏မျက်နှာပေါ်တွင် တစ်စုံတစ်ရာကို တွေးနေသကဲ့သို့ ထင်မိပါသည်။

''တစ်ချို့က ကံမကောင်းရှာဘူးဆိုတာ. . . ဘာကိုပြောတာလဲ ညီမ''

ကျွန်မက သူမအား မေးမိပါသည်။

''ဘာမှမဟုတ်ပါဘူး အစ်မရယ်. . . ညီမက ကံကြမ္မာအကြောင်း တွေးမိလို့ပါ''

ဆောင်းခိုငှက်ကလေးတွေဆိုရင် သူတို့ငှ ပြည်မှာဆောင်းတွေကျပြီး ရေတွေခဲနေတော့ သီပ်မအေးတဲ့ နေရာကိုသန်းပြီး ဆောင်းခိုကြတယ်။ ဒါပေမယ့် အဲဒီငှက်ကလေးတွေမှာ တစ်ချို့သောငှက်ကလေးတွေဟာ ဆောင်းခိုတဲ့ ဒေသမှာ ကျန်ရစ်ခဲ့တာ ရှိခဲ့ဖူးတယ်။ ဒီလိုပဲ ဆယ်လမွန်ငါးတွေလဲ အပြန်မှာ ကျန်ရစ်ခဲ့တာ ရှိခဲ့ဖူးတယ်. . . အမြဲတမ်း ဖြစ်ပျက်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေမယ့် ဒီလိုအဖြစ်မျိုးတွေဟာ တစ်ခါတစ်ရံမှာ ရှိခဲ့ဖူး တယ်. . . အဲဒါ အစ်မ ယုံလားဟင်''

''အင်း. . . ဒါတွေဟာ အမြဲတမ်းဖြစ်ပျက်တာ မဟုတ် ပေမယ့် ဖြစ်တတ်တဲ့သဘော ဖြစ်ခဲ့ဖူးတဲ့သဘောတော့ ရှိမှာပေါ့ အစ်မလဲ သိပ်ပြီးမသိပါဘူးကွယ်''

''အစ်မက စာရေးဆရာမလို့ ပြောတယ်. . . ဟုတ်လား ဟင်''

''ဟုတ်ပါတယ်''

ကျွန်မကလည်း ဟုတ်မှန်ကြောင်း ဝန်ခံခဲ့ပါသည်။

''အစ်မ. . လောကကြီးမှာ လူသားတွေရဲ့ စဉ်းစားညာ ထက် တကယ့်လက်တွေ့ဘဝမှာ ထူးခြားဆန်းကြယ်တဲ့ အဖြ အပျက်တွေရှိတယ်ဆိုတာရော အစ်မ ယုံလားဟင်''

''ဖြစ်နိုင်ပါတယ်. . . တကယ်တော့ စာရေးတယ်ဆိုတာ သဘာဝတရားပေါ်မှာ အခြေခံပြီး ဖြစ်နိုင်ချေရှိတဲ့သဘော ဆန်း ဆန်းကြယ်ကြယ်ဖြစ်တတ်တဲ့သဘောတွေကို ပေါင်းစပ်ပြီး ရေ ထားတာပါ၊ တစ်ခါတစ်လေ စာရေးသူတွေရဲ့ စဉ်းစားတဲ့ အတွေ အခေါ်ထက် လုံးဝ လိုက်မမီအောင် ဆန်းပြားတဲ့ အချက်တွေကို သဘာဝတရားက ဖန်တီးတတ်တယ်ဆိုတာ ယုံပါတယ်''

''အစ်မရယ်. . . ညီမကို တစ်ခု ကူညီပါ''





''ပြောပါ ညီမရယ်. . . အစ်မ ကူညီနိုင်တာဆိုရင် ကူညီ မယ်''

''ညီမရဲ့ အဘိုးဟာ အင်းစိန်ဟိုက်ပုတ်ထဲမှာ နေပါ တယ်၊ အဘိုးအတွက် ပစ္စည်းလေးတစ်ခု လူကြုံပေးချင်လို့ပါ အစ်မ''

''ပေးလိုက်ပါ ညီမ. . . အစ်မက မင်းရဲ့အဘိုးဆီအထိ သွားပို့ပေးပါ့မယ်''

''သူတစ်ပါးကို ကူညီတတ်တဲ့သူဟာ စေတနာရှောင် ဟုတ်ပါတယ် အစ်မ''

''ညီမ ဘာကိုဆိုလိုတာလဲ''

''တစ်နေ့ကျရင် အစ်မ သိမှာပါ''

သူမထံမှ မတင်မကျသော စကားကို စာရေးသူ ကြား ခဲ့ရပါသည်။ သို့သော် ထိုအချိန်က သူမ ဘာဆိုလိုမှန်း သိပါ။

တစ်ခုခုတော့ ဖြစ်လိမ့်မည်။ တစ်ချိန်ချိန်မှာ သူမ ပြော သည့်စကား၏ အဓိပ္ပါယ်ကို သိလိမ့်မည်ဟု ထင်မိပါသည်။ စားမရသည့်ကိစ္စကို မစဉ်းစားတော့ဘဲ ယမင်းလှိုင် လာပေး သည့် ပါဆယ်ဘူးကလေးကို သိမ်းထားခဲ့ပါသည်။

အိန္ဒိယပြည်၌ တစ်ဆယ့်ငါးရက်ခန့် နေပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်သို့ ပြန်ရောက်ခဲ့ပါသည်။

* * *

ကျွန်မ၏ကတိအတိုင်း အင်းစိန် ဟိုက်ပတ်ရှိ ယမင်းလှိုင်၏ အဘိုးရှိရာသို့ လာခဲ့ပါသည်။ ပါဆယ်ဘူးကလေးတွင်ပါသည့် လိပ်စာအတိုင်း လိုက်ရှာခဲ့ပါသည်။

ဟော. . . တွေ့ပါပြီ။

လိပ်စာအတိုင်း တွေ့လိုက်ရသည်မှာ ခြံကျယ်ကြီးတစ် အတွင်းရှိ ရှေးကျလှသည့် အိမ်အိုကြီးတစ်လုံး ဖြစ်ပါသည်။ ခြံရှေ့ရှိ ဘဲလ်ကို နှိပ်လိုက်ရာ မိန်းကလေးတစ်ဦး ပြေးထွက်လာ ပါသည်။

"ဒါဟာ ဦးထွန်းအောင်တို့အိမ် ဟုတ်ပါသလား"

"ဟုတ်ပါတယ် အစ်မ"

"အိန္ဒိယပြည်ကို ဘုရားဖူးသွားရင် ယမင်းလှိုင်က အဘိုး အတွက် လူကြုံပေးလိုက်လို့ လာပေးတာပါ"

"အိမ်ထဲဝင်ပါဦး အစ်မ"

ထိုမိန်းကလေးက ခေါ်သွားသဖြင့် ထိုအိမ်ကြီးထဲသို့ လိုက်ပါသွားခဲ့ပါသည်။ အိမ်ကြီး၏ ဧည့်ခန်းအတွင်းသို့ စာ





ရောက်ရှိသွားခဲ့ပါသည်။

"အစ်မ. . . ခဏထိုင်ပါဦး. . . အဘိုးကို သွားခေါ်ဦး မယ်"

ထိုအမျိုးသမီးက ဤသို့ပြောပြီး အခန်းထဲသို့ ဝင်သွားပါသည်။ အဘိုးဦးထွန်းအောင်အား သွားခေါ်နေပါသည်။ ကျွန်မလည်း ဧည့်ခန်းအတွင်း တစ်စေ့တစ်စောင်း ကြည့်မိပါသည်။

ခြံအပြင်က ကြည့်စဉ်တွင် အိမ်အိုကြီးဖြစ်ပြီး မသားနား ဟု ထင်ရသော်လည်း အိမ်အတွင်း၌ကား ခန့်ခန့်ညားညား ရှိလှပါသည်။ ဧည့်ခန်းအတွင်း၌ ရှေးဟောင်းဓါတ်ပုံကြီးများ ချိတ်ဆွဲထားပါသည်။

ဓါတ်ပုံကြီးများကား. . . ကျွန်မ၏စိတ်ကို ဆွဲဆောင်နိုင်စွမ်းလှပါသည်။ ပထမဦးဆုံး. . . ကျွန်မ ကြည့်မိသည့်. . ဓာတ်ပုံမှာ . . .။

ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကို နောက်ခံထားပြီး အမျိုးသားတစ်ဦး မတ်တပ်ရပ်နေပုံ ဖြစ်ပါသည်။

"အင်း. . . ဒီပုံဟာ အဘိုး ဦးထွန်းအောင်ရဲ့ပုံ ဖြစ်ယ်"

ကျွန်မ ဤကဲ့သို့ ထင်မှတ်ခဲ့မိပါသည်။

နောက်တစ်ပုံမှာ ဆာရီဝတ်ထားသည့် အိန္ဒိယအမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ဦး မြွေဟောက်ကြီးကိုနမ်းကာ မြွေလမ္ဘာယ်ကစားနေ ဖြစ်ပါသည်။

"မြွေလမ္ဘာယ်ကစားနေတဲ့သူက ဘယ်သူလဲ မသိဘူး"

ကျွန်မသည် ရှိုးရှိုးသားသား တွေးနေမိပါသည်။

နောက်တစ်ပုံကို ကြည့်လိုက်သည့်အခါ ဆာဒူးကြီးတစ်ယောက်သည် တွန့်လိမ်နေသော တောင်ဝှေ့တစ်ချောင်းကို ကိုင်ထား၍ မတ်တပ်ရပ်နေပါသည်။ လည်ပင်းတွင် စိတ်ပုတီးကြီးတစ်ကုံး ဆွဲထားပြီး ဦးခေါင်း၌ ဆံပင်များကို စုရုံးကာ ထုံးထားပါသည်။ ဆာဒူးကြီး၏မျက်နှာမှာ အရေးအစင်းကြောင်းများနှင့် ပြည့်နှက်လျက် လွန်စွာ အိုမင်းနေဟန်ရှိပါသည်။ သို့သော် ၎င်း၏မျက်လုံး နှစ်လုံးကား စူးရှလွန်းလှပါသည်။ ထိုဓာတ်ပုံအောက်ခြေတွင်. . .

ဆရာသခင် ကျေးဇူးရှင် ဆာဒူးကြီး "ဘာဘာဂျီ"

ဟူ၍ ရေးထိုးထားပါသည်။

ထိုပုံကို ကြည့်ရင်း အနည်းငယ် ထူးဆန်းသည်ဟု ထင်မိပါသည်။ အားလုံးကို ခြုံကြည့်ပါက အိန္ဒိယအငွေ့အသက်များ လွှမ်းခြုံနေသည့် ဓာတ်ပုံများဟု ကောက်ချက်ချမိပါသည်။ ထိုသို့ စိတ်ပါဝင်စားစွာ ကြည့်ရှုနေစဉ် အခန်းတွင်းမှ အဘိုးအို တစ်ဦး ထွက်လာပါသည်။

"အဘိုး ဦးထွန်းအောင်ပါလား ရှင်"



"ဟုတ်ပါတယ်"

"အိန္ဒိယမှာ ယမင်းလှိုင်နဲ့ တွေ့လို့ အဘိုးဆီကို ဒီပါဆယ်ဘူးကလေး လူကြုံပါးလိုက်လို့ လာပို့တာပါ"

"တကူးတကလာပို့တာ ကျေးဇူးတင်ပါတယ် မိန်းကလေးရယ် အအေးသောက်ပါဦး"

မိန်းကလေး ချပေးသည့် အအေးခွက်ကို လှမ်းပေးသည့်အတွက် ကျွန်မ သောက်လိုက်ပါသည်။

"မြေးလေး ယမင်းလှိုင်က အဘိုးဆီကို ဖုံးဆက်ထားတယ်၊ သမီးနဲ့ ပစ္စည်းတစ်ခု လူကြုံပါးလိုက်တယ်တဲ့၊ အဲဒီပစ္စည်းကတော့ တခြားမဟုတ်ပါဘူး၊ စိတ်ပုတီးကလေးတစ်ကုံးပါ၊ အဘိုး စိတ်ဖို့ ထည့်ပေးလိုက်တာတဲ့"

အဘိုးက ပြောပြောဆိုဆို ကျွန်မ ယူလာသည့် ပါဆယ်ဘူးကလေးကို ဖောက်လိုက်ရာ ပုတီးလေးတစ်ကုံး ထွက်လာပါသည်။ ကျွန်မ၏စိတ်၌. . .။

"ဪ. . . ပုတီးတစ်ကုံးဘဲ၊ ဒီအတိုင်း ပေးလိုက်လဲ ရရဲ့သားနဲ့"

ဤသို့တွေးမိစဉ် အဘိုးဦးထွန်းအောင်မှ. . .။

"မြေးလေးက ဆက်ပြောသေးတယ်၊ သမီးလာရင် သမီးအတွက် လက်ဆောင်တစ်ခု ပြန်ပေးလိုက်ပါလို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် အဘိုး ပြောစကားကြောင့် အံ့ဩသွာ
ကာ. . .။

"ရပါတယ် အဘိုး. . . သမီး ဘာလက်ဆောင်မှ မလ
ချင်ပါဘူး"

ဤသို့ပြောလိုက်ပါသည်။

"အဘိုးပေးမယ့်လက်ဆောင်က ဒီဓာတ်ပုံတွေနဲ့ ပတ်
သက်နေတဲ့ အကြောင်းတစ်ခုဘဲ"

"ရှင်"

"သမီး ဒီညေ့ခန်းမှာရှိတဲ့ ဓာတ်ပုံတွေကိုကြည့်ပြီး
စိတ်ဝင်စားမှုရှိသလား"

"ဟုတ်ကဲ့. . . သမီး တော်တော်စိတ်ဝင်စားပါတယ်"

"တကယ်တော့. . . မြေးလေး ယမင်းလှိုင်ဟာ ပါဆယ်
ဘူးလေး ပေးချင်လို့ ပေးလိုက်တာ မဟုတ်ဘူး၊ ပညာနဲ့ ပေး
လိုက်တာကွဲ၊ အဘိုး ဒီလိုပြောလို့ သမီး အံ့ဩသွားသလား
မအံ့ဩပါနဲ့ သမီးရယ်၊ အဘိုးနဲ့ သမီးကို တွေ့စေချင်လို့ ဒီဘူး
ကို ပေးလိုက်တာပါ"

"သမီး နားမရှင်းဘူး အဘိုး"

"အဘိုးတို့ မိသားစုမှာ အလွန် အံ့ဩဖွယ်ကောင်းတဲ့
အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးတယ်၊ ဒီဘက်ကပုံက ဗုဒ္ဓဂယာမှာ





အဘိုး ရိုက်ခဲ့တဲ့ပုံပေါ့၊ ဟိုဘက်ကပုံက မြွေလမ္ဘာယ်ပြနေတဲ့ပုံ၊
ဒီဘက်ဆုံးက အဘိုးတို့ရဲ့ ကျေးရူးရှင် ဆာဒူးကြီး ဘာဘာကို
ပုံဘဲ၊ ဒီပုံတွေဟာ အလွန် ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ အဘိုး
တို့ရဲ့ အဖြစ်အပျက်တစ်ခုနဲ့ ဆက်စပ်နေတဲ့ ပုံတွေပါ"

"ဩော်"

"မြေးလေး ယမင်းလှိုင်ဟာ သမီးကို ဒီဇာတ်လမ်း
အစအဆုံး ပြောပြချင်ပေမယ့် အဘိုးလို ကျကျနန မပြောတတ်
လို့ သမီးကို အဘိုးဆီကို လွှတ်လိုက်တာကွဲ့"

"ဩော်"

သည်တော့မှ ကျွန်မသည် ယမင်းလှိုင် ပြောလိုက်သည့်
စကားကို ပြန်လည်ကြားယောင်မိပါသည်။

"သူတစ်ပါးကို ကူညီတတ်တဲ့သူဟာ စေတနာရောင့်
ပြန်ဟပ်ပါတယ် အစ်မ"

"ညီမ ဘာကိုဆိုလိုတာလဲ"

"တစ်နေ့ကျရင် အစ်မ သိမှာပါ"

ထိုစကားအတိုင်းပင် ကျွန်မ သိခွင့်ရလိုက်ပါပြီ။

ဤတွင် အဘိုးဦးထွန်းအောင်က ဆက်ပြောပါသည်။

"သမီးက စာရေးဆရာမလား"

"ဟုတ်ပါတယ် အဘိုး"

အိုဖွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်. . . ဒီဓာတ်ပုံသုံးပုံနဲ့ ဆက်စပ်နေတဲ့ အဖြစ်အပျက်တစ်ခုကို သမီး သိချင်ပါသလား"

"သိချင်ပါတယ် အဘိုး"

"ဒါဆိုရင် သမီးအတွက် လက်ဆောင်အဖြစ် အဘိုးရဲ့ အဖြစ်အပျက်အားလုံးကို ဒီစာရွက်ထုပ်ထဲမှာ အားလုံး ရေးထားတယ်. . . ရော့ . . ယူပါ"

ကျွန်မလည်း အဘိုးဦးထွန်းအောင် ပေးသည့် စာအိပ်ဝါကြီးနှင့် ထုပ်ထားသည့် အထုပ်ကို လှမ်းယူလိုက်ပါသည်။ ထို့နောက် စာအိပ်ဝါကြီး၏ အလယ်တွင် စာလုံးကြီးကြီးနှင့် ရေးထားသည့် စာကို ဖတ်လိုက်သောအခါ. . .။

"လူသေ့သမီး"

ဟူသော စာတမ်းကို တွေ့လိုက်ရပါသည်။

"အဘိုး. . . ဒီခေါင်းစဉ်က 'လူသေ့သမီး' ဟုတ်လား အဘိုး"

ကျွန်မက အံ့သြစွာ မေးလိုက်ပါသည်။

"သမီးက အံ့သြသွားသလား သမီး၊ ဖတ်ကြည့်ရင် ဒီထက်အံ့သြစရာတွေ အများကြီး တွေ့ရလိမ့်မယ်"

ခေါင်းစဉ်ဆန်းဆန်းနှင့် ဤစာတမ်းကို တွေ့လိုက်ရသည့်အတွက် လွန်စွာ ဖတ်ချင်လှသဖြင့် အဘိုး ဦးထွန်းအောင်





ကို နှုတ်ဆက်ကာ စာထုပ်ကြီးကိုပိုက်၍ ကျွန်မ အိမ်သို့ ပြန်ခဲ့ပါသည်။

အိမ်သို့ ရောက်လျှင် ရောက်ချင်း "လူသေ့သမီး" ဟူသော စာမူကြီးကို ဖွင့်ဖတ်ကြည့်မိပါသည်။ ထိုအခါ. . .။

လွန်စွာ အံ့သြဖွယ်ရာ ထူးခြားဆန်းကြယ်သော အကြောင်းအရာများ. . .။

အသည်းတယားယား တုန်လှုပ်ဖွယ်ကောင်းသည့် အဖြစ်အပျက်များ. . .။

ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်များအပြင်. . .။

ကံကြမ္မာ၏ ရေစီးတစ်ခါ ရေသာတစ်လှည့် ဆိုသကဲ့သို့ ကံကြမ္မာဆိုးဝါးစွာ ခံစားရသူများနှင့် ကံကြမ္မာ မျက်နှာသာပေးခြင်းခံရသူများ၏ ဖြစ်ရပ်များ အားလုံးပေါင်းလိုက်သောအခါ ဤလူသေ့သမီးနှင့် ကျွန်မ သေသေချာချာ တွေ့ဆုံခဲ့ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## "မည်းနက်သော ကံကြမ္မာခရီးအစ"

အချိန်ကား. . . မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်လက်အောက်၌ ကျရောက်နေသည့် အချိန်. . .။

ရန်ကုန်ဂျက်တီခေါ် ရန်ကုန်ဆိပ်ကမ်းတွင် "လူဝီမိန်း" ဟု အမည်ရသည့် လူစီးသင်္ဘောကြီးတစ်စင်း ဆိုက်ကပ်ထားပါသည်။

ထိုသင်္ဘောကြီးသည် မြန်မာနိုင်ငံရှိ ရန်ကုန်မြို့နှင့် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ ပြေးဆွဲနေသည့် ပင်လယ်ကူးသင်္ဘောကြီးဖြစ်၍ လွန်စွာ ကြီးကျယ်ခန့်ငြားလှပါသည်။

ယနေ့ညနေ (၃)နာရီတွင် လူဝီမိန်း သင်္ဘောကြီး ထွက်မည်ဖြစ်၍ ဤဆိပ်ကမ်းတစ်လျှောက်၌ ကုန်တင်ကုန်ချ အလုပ်သမားများ ကုန်စည်ပစ္စည်းများနှင့် အိန္ဒိယသို့ လိုက်ပါမည့်ခရီးသည်များ လိုက်လံပို့ဆောင်သူများနှင့် ပျားပန်းခတ်မျှ ရှုပ်ထွေးနေပါသည်။



ထိုခရီးသွားမည့်သူများထဲတွင် မောင်ထွန်းအောင် တစ်ယောက်လည်း ပါဝင်ပါသည်။ မောင်ထွန်းအောင်သည် အိန္ဒိယနိုင်ငံ ကာလကတ္တားသို့ သွားရန် အကြောင်းဖန်ခဲ့ပါသည်။

မောင်ထွန်းအောင်၏ ဖခင်ကြီးမှာ အင်္ဂလိပ်စစ်တပ်မှ ဗိုလ်ကြီးအဆင့်ရှိသူ ဖြစ်ပါသည်။ မောင်ထွန်းအောင် အသက်(၅) နှစ်အရွယ်တွင် မိခင်ကြီး ကွယ်လွန်သွားသဖြင့် စစ်တပ်မှ အနားယူကာ ဖအေတစ်ခုသားတစ်ခု ဘဝဖြင့် နှစ်ပေါင်းတစ်ဆယ့်ခုနစ်နှစ်ကျော် နေလာခဲ့ပါသည်။

ယခုအခါ မောင်ထွန်းအောင်မှာ အသက်(၂၂)နှစ်အရွယ်သို့ ရောက်ရှိလာခဲ့ရာ ဖခင်ကြီးမှာလည်း စစ်တပ်မှ အနားယူကာတည်းကပင် အင်းစိန်တွင် ခြံကျယ်ကြီးနှင့် နေခဲ့ပါသည်။ မောင်ထွန်းအောင်မှာ စာအလွန်တော်ပြီး အင်္ဂလိပ်ကျောင်းတွင် ထူးချွန်စွာ အောင်မြင်သဖြင့် ကာလကတ္တားတက္ကသိုလ်တွင် ဥပဒေပညာ ဆက်လက်သင်ယူခွင့် ရရှိခဲ့ပါသည်။ မောင်ထွန်းအောင်မှာ ဖခင်ကြီးနှင့် မခွဲလိုသဖြင့်. . .။

"သား. . ဖေဖေနဲ့ခွဲပြီး ဘယ်ကိုမှ မသွားချင်ဘူး ဖေဖေ"

"သားဟာ အလကားသွားတာမှ မဟုတ်ဘဲ ပညာသင်ဖို့ သွားတာဆိုတော့ သား. . . သွားကိုသွားရမယ်"

အမျှော်အမြင်ကြီးမားသော ဖခင်ကြီး၏စကားကို

www.burmeseclassic.com

www.burmeseclassic.com



မလွန်ဆန်ဝံ့ချေ။

မောင်ထွန်းအောင်မှာ ဖခင်ကြီးစကားကြောင့် မျက်နှာညှိုးသွားပါသည်။ ဖခင်ကြီးသည် သားမျက်နှာညှိုးသွားသည်ကို မြင်သောအခါ. . .။

"သား. . . ဖေဖေနဲ့ ခွဲသွားရမှာမို့ စိတ်မကောင်းဖြစ်နေလား"

ဖခင်ကြီး၏အသံမှာ အကြင်နာလွှမ်းသည့်အသံ. . .။

မောင်ထွန်းအောင်မှာ မည်သို့မျှ ပြန်မပြောဖြစ်ခဲ့ပါ။

"ယောက်ျားဘဲကွာ. . . အားတင်းထားမှပေါ့"

"အားတင်းပါတယ် ဖေဖေ၊ ဒါပေမယ့် ဖေဖေ့ကို တစ်ယောက်တည်း ခွဲမသွားချင်သလို၊ မေမေ ခေါင်းချခဲ့တဲ့နေရာကို သွားရမှာဆိုတော့ မေမေ့ကို အရမ်းသတိရလို့ပါ ဖေဖေ"

ဖခင်ကြီးမှာ ငိုင်ကျသွားပြီး အဝေးတစ်နေရာသို့ ငေးမောကြည့်နေပါသည်။ အတန်ကြာမှ. . .။

"သားရယ်. . . ဒါတွေဟာ လူ့လောကမှာ တွေ့ကြုံရတဲ့ လောကဓံတရားတွေပါ၊ တကယ်တော့ လူ့ဘဝမှာ ချစ်သူခင်သူ ကြင်နာသူတွေနဲ့ ကြုံဆုံရသလို ခွဲခွာခြင်းဆိုတာနဲ့လဲ ကြုံတွေ့ရမှာဘဲ၊ အေး. . . အခု သားနဲ့ ဖေဖေရဲ့ ခွဲခွာခြင်းဟာ ခေတ္တခွဲခွာခြင်းပါ။ ဘွဲ့ထူးဂုဏ်ထူးရဖို့ သွားတာဆိုတော့ ကောင်းသော



ခွဲခွာခြင်းပါ သားရယ်"

"ဟုတ်ပါတယ် ဖေဖေ"

"ဝမ်းနည်းတယ်ဆိုတာ လူပျော့လူညံ့တွေရဲ့ အလုပ်ပါ သားရယ်၊ စိတ်ကိုတင်းပြီး သား သွားဖို့လုပ်ရမယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဤသို့ဖြင့် မောင်ထွန်းအောင် တစ်ယောက် ကာလကတ္တားသို့ သွားမည့်နေ့သို့ ရောက်ခဲ့ပါပြီ။ ခရီးသွားရန် ပစ္စည်းများ ထုပ်ပိုးပြီးနောက် ဖခင်ကြီးအား ထိုင်၍ကန်တော့ခဲ့ပါသည်။

"သား. . . ဖေဖေ့ကို ကန်တော့ခဲ့ပါတယ်"

"ငါ့သား ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့"

မောင်ထွန်းအောင်သည် အံကို တင်းတင်းကြိတ်ကာ တင်းထားသော်လည်း ခွဲရမည့်အရေးကြောင့် မျက်ရည်များ ရစ်ဝိုင်းနေပါသည်။

"ကဲ. . . သင်္ဘောချိန်နီးပြီ ဖေဖေတို့ သင်္ဘောဆိပ်ကို ဆင်းကြစို့"

မောင်ထွန်းအောင်တို့ သားအဖ နှစ်ဦးသည် လူစီမိန်း သင်္ဘောကြီး ရှိရာ ဆိပ်ကမ်းသို့ ရောက်ရှိလာပါသည်။ မောင်ထွန်းအောင်မှာ (First Class Cabin) ခေါ် ပထမတန်းအခန်း



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ကို ဝယ်ယူထားသည့်အတွက် ၎င်းအထုပ်အပိုးများကို အခန်းတွင်း၌ ထားပြီး သင်္ဘောကုန်းပတ်ဆီသို့ ထွက်လာခဲ့ပါသည်။

ဇောစံတားပေါ်တွင် ရပ်နေသည့် ဖခင်ကြီးကို လှမ်းကြည့်စဉ်တွင် ဖခင်ကြီးမှ . . .။

''သား. . . အနစ္စော အနတ္တ ငါးပါးကို မမေ့နဲ့၊ ကျန်းမာရေးကို ဂရုစိုက်''

''ဟုတ်ကဲ့ပါ ဖေဖေ''

ဖခင်ကြီး၏ အကြင်နာမေတ္တာတရားကို ပို၍ သိမြင်လာခဲ့ပါသည်။

''တူ. . . တူ. . . ဘော်. . . ဘော်''

ထိုစဉ် ပင်လယ်ကူးသင်္ဘောကြီးမှာ စတင် ခရီးထွက်ခွာရန် ဥသြဆွဲလိုက်ပါသည်။

ဖခင်ကြီးမှာ သားဖြစ်သူ မောင်ထွန်းအောင်ကို ငေးကြည့်နေပါသည်။ မကြာမီ သင်္ဘောကျောက်ဆူး နုတ်လိုက်ပါသည်။ သင်္ဘောကြီးမှာ ကမ်းမှခွာရန် ပြင်ဆင်နေလေပြီ။

မောင်ထွန်းအောင်မှာ ကုန်းပတ်လက်ရမ်းတွင် ရပ်နေဆဲ. . .။

သင်္ဘောကြီးမှာ စက်ရှိန်နှေးနှေးဖြင့် စတင် ထွက်ခွာလာ





ပါပြီ။ မောင်ထွန်းအောင်သည် ဖခင်ကြီးအား လက်ပြနှုတ်ဆက်လိုက်ပါသည်။

ဤတွင် ဖခင်ကြီးမှာ ပြုံး၍ ပြန်လည်လက်ပြ နှုတ်ဆက်လိုက်ပါသည်။

သင်္ဘောကြီးမှာ တဖြည်းဖြည်း ကမ်းနှင့် ဝေးလာပြီး ပျောက်လုလုအထိ ဖခင်ကြီးကို ငေးကြည့်နေမိပါသည်။

မည်သည့်အရာကိုမျှ မမြင်ရတော့မှ မောင်ထွန်းအောင်သည် အိပ်ခန်းတွင်းသို့ ပြန်လာခဲ့ပါသည်။

အိပ်ခန်းထဲတွင် အိပ်ယာ အသင့်ခင်းထားသည့်အတွက် အိပ်ယာပေါ်သို့ လှဲချလိုက်ပါသည်။

ထို့နောက် မောင်ထွန်းအောင်သည် နဖူးပေါ်လက်တင်၍ အိန္ဒိယတွင် ခေါင်းချခဲ့သော မေမေ့အကြောင်းကို တွေးနေမိပါသည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်ခန့်အခါက . . .။

ဗိုလ်စံမြင့်နှင့် မထွေးထွေးတို့ ဇနီးမောင်နှံတွင် သားဦးလေး မောင်ထွန်းအောင် တစ်ယောက် မွေးဖွားသန့်စင်ခဲ့ပါသည်။ သားဦးကလေး ရလာသဖြင့် ၎င်းတို့ဇနီးမောင်နှံမှာ ပျော်ရွှင်အောင် ဖြစ်နေပါသည်။ မေမေသည် ကလေးချီရင်း. . .။

''သားလေးက ဝဝတုတ်တုတ်ကလေး သိပ်ချစ်ဖို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာဘဲ အစ်ကိုရယ်''

ရိုးသားလှသည့် ဇမမေသည် ခင်ပွန်းသည်ကို ရှေးအခေ အခေါ်အတိုင်း အစ်ကိုဟုသာ ခေါ်ပါသည်။

''ဟုတ်တယ် ထွေး. . . သားလေးဟာ ချစ်ဖို့ကော သလို သားလေးရဲ့ အနာဂတ်မှာ ထွန်းထွန်းပေါက်ပေါ အောင်မြင်ရမယ်၊ ဒါကြောင့် သားလေးကို မောင်ထွန်းအော လို့ အမည်ပေးလိုက်မယ်''

''ကောင်းတယ်. . . ကောင်းတယ်၊ မောင်ထွန်းအော ဆိုတဲ့ နာမည် သိပ်ကောင်းတယ်''

သည်လိုနှင့် ဖခင်ကြီး ပေးခဲ့သော အမည်ဖြင့် မော ထွန်းအောင် တစ်ယောက် ကြီးပြင်းခဲ့ပါသည်။

ဖခင်ကြီး ဗိုလ်စံမြင့်မှာ မောင်ထွန်းအောင်လေး ငါး သားအရွယ်လောက်တွင် ဗိုလ်ကြီးအဆင့်သို့ ရာထူးတိုးမြှင့် ထားခြင်း ခံခဲ့ရပါသည်။

''ထွေးရေ. . . အစ်ကို ရာထူးတိုးသွားပြီ''

''ဟုတ်လား အစ်ကို. . . ဒါဆို အစ်ကိုက ဗိုလ်ကြီးဖြ သွားပြီပေါ့နော်''

''ဟုတ်တယ် ထွေး''

''ထွေးဖြင့် အရမ်းဝမ်းသာတာဘဲ အစ်ကိုရယ်''

''အစ်ကိုလည်း ရာထူးတိုးတော့ အရမ်းဝမ်းသာတာ ပေါ့''

ဗိုလ်ကြီးစံမြင့်တို့ ဇနီးမောင်နှံနှစ်ဦးမှာ ပျော်မဆုံးအောင် ဖြစ်နေပါသည်။ ထိုအချိန်က အင်္ဂလိပ်စစ်တပ်တွင် အမှုထမ်း သည့် မြန်မာစစ်ဗိုလ်များမှာ ရာထူးတိုးမြှင့်ရန် လွန်စွာ ခဲယဉ်း လှပါသည်။ များသောအားဖြင့် ကပြားစစ်ဗိုလ်များသာလျှင် ရာ ထူးတိုးမြန်ပါသည်။

သို့သော် ဗိုလ်စံမြင့်မှာ အင်္ဂလိပ်စကားပြော ကျွမ်းကျင် ခြင်း စည်းကမ်းနှင့်အညီ နေထိုင်ခဲ့ပါသည်။ ၎င်းတပ်ကို အုပ်ချုပ် သည့် ဗိုလ်မှူးကြီး ဂျွန်ဘရောင်းမှာ ဗိုလ်စံမြင့်ကို သဘောကျ သည်က တစ်ကြောင်းတို့ကြောင့် ယခုကဲ့သို့ ရာထူးတိုးခဲ့ခြင်း ဖြစ်ပါသည်။

''အစ်ကို ရာထူးတိုးသလို. . . ထွေးဗိုက်ထဲမှာလည်း ကလေးလေး ရှိနေပြီ အစ်ကိုရဲ့''

''ဟာ. . . ရာထူးလဲတိုး၊ သားသမီးရတနာလဲ တိုးဆို တော့ အစ်ကိုတို့လောက် ကံကောင်းတဲ့သူ မရှိဘူး''

''ဟုတ်တာပေါ့ အစ်ကိုရဲ့''

''အပြင်မှာ သားသားလေး ရှိပြီဆိုတော့. . . ဒီတစ်ခါ အစ်ကိုကို သမီးလေး မွေးပေးပါနော်''



www.burmeseclassic.com

www.burmeseclassic.com

"ဩော်. . . အစ်ကိုရယ်၊ ကိုယ်မွေးချင်တာ မွေးရ ရတယ်များ အောက်မေ့နေသလား မသိဘူး၊ မွေးချင်တာ မွေး လို့ရရင် သမီးလေး မွေးပေးမှာပေါ့ အစ်ကိုရယ်"

"အေးပါကွာ. . . သမီးလေးပဲဖြစ်ဖြစ်၊ သားလေးပဲဖြစ် ဖြစ် ချစ်ရမှာပဲ"

"သိပ်ဟုတ်တာပေါ့ အစ်ကိုရယ်"

ဗိုလ်ကြီးစံမြင့်တို့ ဇနီးမောင်နှံမှာ ရာထူးလည်းတက် သားသမီးရတနာလည်း ရသဖြင့် လွန်စွာ ပျော်ရွှင်နေပါသည်။

ထိုစဉ်က မြန်မာနိုင်ငံနှင့်အတူ အိန္ဒိယပြည်ပါ နယ်ချဲ့ အင်္ဂလိပ်တို့၏ လက်အောက်၌ ကျရောက်ခဲ့သည့် အချိန်ဖြစ် သည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံကို အုပ်ချုပ်သူ မှာ အင်္ဂလိပ်အစိုးရ ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာပြည်မှ အင်္ဂလိပ်စစ်တပ်သည် အရေး အကြောင်းရှိလျှင် အိန္ဒိယပြည်သို့ သွားရပါသည်။ ထို့အတူ အိန္ဒိယ ပြည်မှ အင်္ဂလိပ်စစ်တပ်များကလည်း အရေးကိစ္စရှိပါက မြန်မာ ပြည်သို့ လာရပါသည်။

ထိုသို့ဖြင့် ဗိုလ်ကြီးစံမြင့်မှာ အိန္ဒိယသို့ မကြာခဏ သွားရပါသည်။ သို့သော် တစ်ခါသွားလျှင် တစ်လခန့်သာ ကြာ မြင့်ပါသည်။ ရာထူးတိုးပြီး ငါးလခန့်အကြာတွင်. . .။





ဗိုလ်ကြီးစံမြင့်၏အခန်းသို့ ဒုတပ်ကြပ် တစ်ဦး ရောက်ရှိ လာပါသည်။ ဗိုလ်ကြီးစံမြင့်အား အလေးပြုပြီးနောက်. . .။

"ဗိုလ်ကြီးစံမြင့်ကို ဗိုလ်မှူးကြီး ဂျွန်ဘရောင်းက တွေ့ ချင်လို့တဲ့"

"အေး. . . ကောင်းပြီ"

ဗိုလ်ကြီးစံမြင့်လည်း ဗိုလ်မှူးကြီး ဂျွန်ဘရောင်းမှ ခေါ် သည်ဟုဆိုသဖြင့် ဗိုလ်မှူးကြီး ဂျွန်ဘရောင်းအခန်းသို့ သွားခဲ့ပါ သည်။ ထို့နောက် ဗိုလ်မှူးကြီး ဂျွန်ဘရောင်း ရှေ့သို့အရောက်တွင် ဂါတ်ဆွဲကာ ရပ်လိုက်ပါသည်။

"အိုး. . . ဗိုလ်ကြီးစံမြင့် ရောက်လာပြီကိုး"

"ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီး"

"ဗိုလ်ကြီးစံမြင့်တို့အဖွဲ့ အိန္ဒိယကို ရိက္ခာပို့တပ်နဲ့ လိုက် ရမယ်"

"ဟုတ်ကဲ့ပါ. . . ဗိုလ်မှူးကြီး"

"ဒီတစ်ခေါက်တော့ နည်းနည်းကြာလိမ့်မယ်၊ အိန္ဒိယ ဘက်မှာရှိတဲ့ တပ်က ဒီဘက်ကို လက်နက်ခဲယမ်းတွေပါ ပို့လိမ့် မယ်၊ အဲဒီတပ်နဲ့ အတူပြန်လာခဲ့ပါ"

"ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီး"

"ဗိုလ်ကြီးစံမြင့် ဘာပြောစရာရှိသေးလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာမရှိပါ ဗိုလ်မှူးကြီး"

"ကဲ. . . ဒါဆို သွားနိုင်ပြီ"

ဗိုလ်ကြီးစံမြင့်မှာ အလုပ်ဝတ္တရားကို ကျေပြွန်စွာ ဆော ရွက်သူဖြစ်၍ အထက်မှ အမိန့်ကျလာလျှင် တက်တက်ကြွ သွားသူဖြစ်ပါသည်။ ယခုခရီးတွင် စိတ်လေးနေသကဲ့သို့ ဖြစ် ပါသည်။

အဘယ့်ကြောင့်ဆိုသော် ထွေးထွေးမှာ ဆွေမရှိ မျိုးမ တစ်ကောင်ကြွက်ဖြစ်၍ အားကိုးရာမှာ ခင်ပွန်းသည် ဗိုလ်ကြ စံမြင့်သာ ရှိပါသည်။ ယခုမူ ကိုယ်ဝန်လေးငါးလ ဖြစ်နေ မိမိသွားရမည့်ခရီးစဉ်မှာလည်း ကြာမည်ဟု ပြောသည့်အတွ စိတ်မပျော်ရွှင်ဘဲ အိမ်သို့ ပြန်လာခဲ့ပါသည်။

အိမ်သို့ရောက်သောအခါ မျက်နှာမရွှင်မျသည့် ခင်ပွ သည် ဗိုလ်ကြီးစံမြင့်ကို တွေ့သောအခါ. . .။

"အစ်ကို. . . မျက်နှာလည်း မကောင်းပါလား၊ ဘာဖြ လာသလဲ"

"ဘာမှမဖြစ်ပါဘူး၊ ရိက္ခာပို့တဲ့တပ်နဲ့ အိန္ဒိယကို သွာ မယ်ဆိုတဲ့ အမိန့်ကျတယ်"

"အဲဒါ ဘာဖြစ်သလဲ အစ်ကိုရယ်. . . အစ်ကို သွား ကျဘဲ"





"အရင်ကသွားတာ သိပ်မကြာဘူး၊ ဒီတစ်ခါတော့ အိန္ဒိယ ဘက်က တပ်ကို စောင့်ရဦးမှာဆိုတော့. . . နည်းနည်းကြာမယ်"

"ဪ"

"အစ်ကိုက စိတ်ပူတာ၊ ထွေးမှာလည်း ကိုယ်ဝန်ကြီးနဲ့ အားခဲ့ရမှာဆိုတော့ အစ်ကို စိတ်မချဘူး"

"ကိစ္စမရှိပါဘူး. . . စိတ်မပူပါနဲ့ အစ်ကိုရယ်"

"စိတ်မပူဘဲ ဘယ်နေနိုင်မလဲ ထွေးရယ်. . . သားလေး မွေးတုန်းကလည်း ခက်ခက်ခဲခဲနဲ့ မနည်းမွေးရတာဆိုတော့ အစ်ကို ဘယ်စိတ်ချနိုင်မလဲ"

သားလေး မောင်ထွန်းအောင်ကို မွေးစဉ်တုန်းက အချင်း ရှေ့ရောက်ကာ တားဆီးသလိုဖြစ်နေ၍ ကလေးမှာ တော်တော်နှင့် မွေးဖွားနိုင်ဘဲ ,တစ်ရက်ကျော် ဗိုက်နာပြီးမှ မွေးရပါသည်။ မွေးပြီးသော်လည်း သွေးသွန်သဖြင့် တော်တော်ကုလိုက်ရပါ သည်။

"အစ်ကိုရယ် စိတ်ချပြီးသွားပါ"

"ယောက်ျားဖောင်စီး မိန်းမ မီးနေတဲ့၊ မိန်းမတွေရဲ့ မီးနေချိန်ဟာ အရေးကြီးတယ်၊ အရင် ကလေးမွေးတုန်းကလည်း မွေးရတာ ခက်တယ်၊ နောက်ပြီး ထွေးမှာ ဆွေမျိုးသားချင်းလ ရှိတော့ ဝိုင်းကူမယ့်သူလဲ မရှိဘူး၊ ဒီတော့ ထွေး မီးဖွားမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ အစ်ကို ရှိနေမှ ဖြစ်မှာပါ''

''ရပါတယ် အစ်ကိုရယ်၊ တပ်ထဲမှာ မိန်းမဖော်တွေ ရှိပါတယ်။ သူဟာသူ ဖြစ်သွားမှာပါ''

ထွေးက စိတ်မပူရန်ပြောသော်လည်း ဗိုလ်ကြီးစံမြင့်မှာ ထွေးအတွက် စိတ်ပူနေပါသည်။ ထွေးထွေးသည် အသားဖြူ ဝင်းနေပြီး မျက်နှာလေးမှာ လွန်စွာ ချောမောလှသဖြင့် ဗိုလ် ကြီးစံမြင့်မှာ ဇနီးချောကလေးကို မျက်စေ့အောက်မှ အပျောက် မခံနိုင်အောင် ချစ်သလို ခပ်အေးအေး နေတတ်သည့် ချစ်ဇနီး ကို စိတ်မချဖြစ်နေပါသည်။

ထွေးထွေးကလည်း ဗိုလ်ကြီးစံမြင့်အား စိတ်မပူရန် ပြော သာပြောရသည်။ သူမ၏ စိတ်ထဲမှာလည်း အားကိုးစရာဟူ၍ ဗိုလ်ကြီးစံမြင့်သာ ရှိသဖြင့် ၎င်းခရီးသွားစဉ် ကလေးမီးဖွားမည့် အရေးကို တွေး၍ ကြောက်မိပါသည်။

ထိုနေ့ညက တောင်တွေးမြောက်တွေး အတွေးမျိုးစုံ ကြောင့် တော်တော်နှင့် အိပ်မပျော်ချေ။ ညဉ့်(၁၂)နာရီကျော်မှ မှေးကနဲ အိပ်ပျော်သွားပါသည်။

ထွေးထွေး အိပ်ပျော်သွားစဉ် ထူးဆန်းသော အိပ်မက် တစ်ခု မြင်မက်ပါသည်။ ထိုအိပ်မက်ထဲတွင်. . .။

အဖြူရောင်ဆာရီ ဝတ်ထားသည့် အသက်သုံးဆယ်





ကျော်အရွယ် အိန္ဒိယမျိုးနွယ်ဖွား အမျိုးသမီးတစ်ယောက်သည် လေထဲတွင် ပျံဝဲလာပြီး ထွေးထွေး၏ရှေ့၌ သက်ဆင်းလိုက်ပါ သည်။

ထွေးထွေးလည်း လေထဲတွင် ပျံဝဲလာသည့် အမျိုးသမီး ကို တွေ့ရသဖြင့် အံ့သြစွာ ကြည့်နေစဉ် ထိုအိန္ဒိယနွယ်ဖွား အမျိုးသမီးမှ. . .။

''သမီး. . .နာတာရှိ အမိကို ဘာ့ကြောင့် စိုက်ကြည့် နေသနည်း''

''ကျွန်မနာမည် နာတာရှိ မဟုတ်. . .ထွေးထွေးပါ၊ အမိကို ကျွန်မ မသိပါ''

''သမီးဟာ မဖွံ့မကလာတဲ့သူဘဲ၊ မကြာခင်မှာ မဖွံ့မ ကို ပြန်လာခဲ့ရမယ်. . .သမီးနဲ့ အမိဟာ မကြာခင် ပြန်ဆုံတွေ့ရ တော့မယ်''

ပြောပြောဆိုဆို ထိုအမျိုးသမီးမှ ထွေးထွေးကို ဖက်ထား ရာ ထွေးထွေးကလည်း ၎င်း၏အသိတွင် မိခင်ဖြစ်ခဲ့ဖူးမှန်းသိ ကာ ပြန်ဖက်လိုက်ပါသည်။

အမိ၏ရင်ခွင်ကား နွေးထွေးလှပါသည်။ အမိသည် ထွေးထွေးအား ဖက်ထားရင်း. . .။

''သမီးဗိုက်ထဲက ကလေးဟာလဲ အမိတို့ မျိုးနွယ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်ဖြစ်တယ်၊ သူဟာ မဖို့မှာ အကြာကြီး နေရလိမ့်မယ်၊ သူ့ကို အမိရော သမီးပါ စောင့်ရှောက်ကြရမယ်''

ဟူ၍ အမိသည် မွေးလတ္တံသော ရင်သွေးငယ်လေး အကြောင်းကို ပြောပြနေပါသည်။ မိဘမဲ့ဘဝဖြင့် နှစ်ရှည်လများ နေလာခဲ့ရသော ထွေးထွေးသည် အမိနှင့် ယခုကဲ့သို့ နေရသော အခါ ရင်ဝယ် အေးချမ်းသွားပါသည်။

ထို့နောက် အမိသည် တဖြည်းဖြည်းချင်း မှုန်ဝါးကာ ပျောက်ကွယ်သွားပါသည်။

''အမိ. . . အမိ''

ထွေးထွေးသည် ပျောက်သွားသော အမိကို အော်ဟစ်ခေါ်နေမိသည်။ သို့သော် ကြည့်လေရာ နေရာတိုင်း၌ အမိကို မတွေ့ရပေ။ အားလုံး ဟင်းလင်းပြင်သာ ကျန်ရစ်ခဲ့ပါသည်။

''အမိ. . . အမိ''

ဤသို့ ထပ်ခေါ်စဉ် ထွေးထွေးတစ်ယောက် အိပ်ရာမှ လန့်နိုးလာခဲ့ပါသည်။ သည်တော့မှ အိပ်မက်မှန်း သိလိုက်ရပါသည်။ ဘာကြောင့်မှန်းမသိ အိပ်မက်ထဲကအမိကို လွမ်းသလိုလို တမ်းတမိသလိုလို အလွမ်းစိတ်ကလေး ကျန်ရစ်ခဲ့ပါသည်။

''ငါ့နှယ်. . အိပ်မက်ကလဲ ထူးထူးဆန်းဆန်း၊ ငါ့နာမည် နာတာရီတဲ့၊ နောက် မဖို့မကလာတာတဲ့၊ ဘာတွေမှန်း မသိပါဘူး''





အိပ်မက်က နိုးထလာပြီးကတည်းက ခေါင်းမကြည်ဘဲ မှုံနောက်နောက် ဖြစ်နေပါသည်။ တစ်နေ့ကုန် အိပ်မက်ကို သတိရနေမိသည်။ ထွေးထွေး စိတ်ထဲတွင် အမိဆိုသည့် အမျိုးသမီးကို မြင်ဖူးသလို သိသလို ဖြစ်နေမိသည်။

ထိုသို့ဖြင့် ညနေစောင်း အချိန်သို့ ရောက်လာခဲ့ပါသည်။ အလုပ်ဆင်းလာသော ဗိုလ်ကြီးစံမြင့်သည်. . .။

''ထွေး. . . ရေ. . . ထွေး''

ဟူ၍ အော်ခေါ်ရင်း အိမ်ထဲသို့ ဝင်လာခဲ့ပါသည်။

''အစ်ကို. . . ထွေး. . . ဒီမှာ''

ထွေးထွေးက မီးဖိုချောင်မှ အပြေး ထွက်လာပါသည်။

''ထွေးကို အစ်ကို သတင်းတစ်ခု. . . မြောမလို့''

''ဘာများလဲ အစ်ကိုရယ်. . . မထိတ်သာမလန့်သာ''

''ဝမ်းသာစရာသတင်းပါ ထွေးရဲ့''

''ပြောပါဦး အစ်ကိုရယ်''

''အစ်ကိုတို့တပ် အိန္ဒိယကို သဘက်ခါ သွားရမယ်၊ ဒီနေ့ အစ်ကိုက ဗိုလ်မှူးကြီးဆီဝင်ပြီး မိသားစုပါ ခေါ်ချင်တဲ့ အကြောင်း ပြောတော့. . . မိသားစုပါ လိုက်ခွင့်ပြုလိုက်တယ်၊ ဒါကြောင့် ထွေးရော သားလေးပါ အိန္ဒိယကို အတူတူလိုက်ရမယ်''



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ဆိုင်လိုက်တာ အစ်ကိုရယ်"

"ဘာတိုက်ဆိုင်တာလဲ ထွေး"

"ညက အိပ်မက်မက်လို့"

ထိုသို့ အစချီကာ ညက အိပ်မက်မက်သည့် အကြောင်းကို ခင်ပွန်းသည်အား ပြောပြလိုက်ပါသည်။

ဗိုလ်ကြီးစံမြင့်မှာ စစ်သားပီပီ နိမိတ် အတိတ်ကို မကောက်ဘဲ . . .။

"အိပ်မက်မက်တာ ကောင်းပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် အစ်ကိုနဲ့ အတူလိုက်ရတော့ အစ်ကိုက စောင့်ရှောက်နိုင်တာပေါ့"

"ဟုတ်ပါတယ် အစ်ကိုရယ် . . . ထွေးလဲ အစ်ကိုနဲ့အတူလိုက်ရမယ်ဆိုတော့ အားရှိတာပေါ့"

"ထွေးရော သားလေးပါ ပါတယ်ဆိုတော့ ဟိုမှာ ဘယ်လောက်ကြာကြာနေရနေရ ကိစ္စမရှိဘူး . . . မွေးချိန်ရောက်တဲ့အထိ မပြန်ရသေးလဲ ဟိုမှာ မွေးပေါ့၊ တကယ်လို့ သမီးမွေးရင် အမိနာလို့ မှည့်ရမယ်"

"အိုး . . . အစ်ကိုကလဲ"

"ဟုတ်တယ်လေ . . . အိန္ဒိယမှာ မွေးရင် အိန္ဒိယနာမည် မှည့်ရမှာပေါ့"

ဗိုလ်ကြီးစံမြင့်က ဟာသနှောကာ ပြောသဖြင့် ထွေးထွေး





မှ . . .။

"ဒါဆို . . . သားလေးမွေးရင်ရော"

"သားလေးမွေးရင် . . . မူတူးဆာမိလို့ မှည့်ရမှာပေါ့"

"ဟား . . . ဟား . . . ဟား"

မိသားစုပျော်ရွှင်စွာ ဟာသနှော၍ ပြောရင်း ရယ်မောခဲ့ကြပါသည်။

* * *

ဗိုလ်ကြီးစံမြင့်တို့ တပ်သည် ရိက္ခာတပ်နှင့်အတူ အိန္ဒိယနိုင်ငံဘုံဘေမြို့၌ စခန်းချခဲ့ပါသည်။ ဘုံဘေမြို့မှာ မြို့ကြီးဖြစ်သဖြင့် ဆိုင်ခန်းကြီးများ ရှိသကဲ့သို့ ခေါင်းရွက်ဗျက်ထိုး ဆိုင်ကလေးများလည်း များလှပေသည်။ လမ်းမကြီးများ၌ လူဆွဲလန်ချားများကလည်း များပြားလှပါဘိ၏။ ကလေးလူကြီးများနှင့် စည်ကားလှသည့် မြို့တစ်မြို့ ဖြစ်ပါသည်။

ဘုံဘေရှိ အင်္ဂလိပ်စစ်တပ်ဝန်းထဲရှိ ဖန်မလီဆောင် အခန်းတစ်ခန်း၌ ဗိုလ်ကြီးစံမြင့်တို့ ဇနီးမောင်နှံ နေထိုင်ခဲ့ရပါသည်။ ညနေစောင်းသို့ ရောက်သောအခါ ဖန်မလီလိုင်းမှ မိသားစုများသည် ဂျူဟုရပ်ကွက်အနီးရှိ ပင်လယ်ဆိပ်ကမ်းသို့



www.burmeseclassic.com

www.burmeseclassic.com



လေညှင်းခံ ထွက်လျှော့ရှိသည်။

စရောက်ကာစက အနည်းငယ် စိမ်းနေသော အိန္ဒိယမိသားစုများသည် တဖြည်းဖြည်း ရင်းနှီးသွားခဲ့ပါသည်။ ညနေစောင်းသို့ ရောက်သည့်အခါ ထွေးထွေးတို့ သားအမိကို ပင်လယ်ဆိပ်ကမ်းသို့ သွားရန် လာခေါ်ခဲ့ပါသည်။

ထွေးထွေးမှာ ရန်ကုန်၌ နေစဉ်ကပင် ဟိန္ဒူစကားကို ကောင်းစွာ နားလည်ပြီး အတော်အတန် ပြောတတ်ပါသည်။ ဗိုလ်ကြီးစံမြင့် တာဝန်ထမ်းဆောင်နေသော တပ်မှာ အင်္ဂလိပ်ဟုသာ ဆိုသော်လည်း အိန္ဒိယစစ်သား အများအပြား ရှိသည်။ ထိုတပ်ထဲတွင် နှစ်ပေါင်းများစွာ အနေကြာလာသောအခါ ဟိန္ဒူစကားကို ကောင်းစွာ တတ်ကျွမ်းခဲ့ပါသည်။ ထို့ကြောင့် အိန္ဒိယသို့ ရောက်ချိန်တွင် ဘာသာစကား အခက်အခဲမရှိ ပြောနိုင်ခဲ့သည်။

ဗိုလ်ကြီးစံမြင့်တို့ မိသားစုမှာ ဤညနေတွင် ဂျူဟုရပ်ကွက်အနီးရှိ ပင်လယ်ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။ ထိုဆိပ်ကမ်းတွင် အိန္ဒိယလူမျိုး များစွာကို တွေ့ရှိရပါသည်။

''အစ်ကို. . . ဆိပ်ကမ်းမှာ လူတွေအများကြီးပဲနော်၊ ဘာလုပ်နေကြတာလဲ ဟင်''

''လေရှူနေကြတာလေ၊ သူတို့ လူမျိုးတွေဟာ လေရှူ





ရင် အသက်ရှည်တယ်လို့ အယူရှိတယ်၊ ဒါ့ကြောင့် ''အာဝါဟာသာ''လို့ ခေါ်တဲ့ လေရှူဖို့အတွက် ဒီဆိပ်ကမ်းကို လာခဲ့ကြတာဘဲ''

''ဩော်''

''တကယ်တော့ ပင်လယ်လေဟာ သန့်စင်ပြီး ဓာတ်ပါတဲ့လေဖြစ်လို့ အသက်ရှည်တယ်ဆိုတာ ဖြစ်နိုင်ပါတယ်၊ ထွေးမှာလဲ ကိုယ်ဝန်နဲ့ဆိုတော့ ဒီလိုသန့်စင်တဲ့ လေကို ရှူသင့်တယ်၊ အစ်ကို ပြန်မရောက်သေးလဲ ဒီမှာလာပြီး ညနေတိုင်း လေရှူနော်''

''ဟုတ်ကဲ့ အစ်ကို''

ထွေးထွေးတစ်ယောက် ပင်လယ်ကမ်းခြေ၌ ညနေတိုင်း သားကလေးကို လက်ဆွဲကာ လမ်းလျှောက်ဖြစ်ခဲ့ပါသည်။ ထိုနေရာတွင် ဆာရီအဖြူဝတ် အိန္ဒိယအမျိုးသမီးများကို မြင်ရသောအခါ အိပ်မက်ထဲက 'အမိ'ကို သတိရမိသည်။

''ဩော်. . . မမျှော်မှန်းဘဲနဲ့ အမိတို့ တိုင်းပြည်ကို ရောက်လာခဲ့ပြီ၊ ရှေ့ဆက် ဘာတွေဖြစ်ဦးမလဲ မသိဘူး''

ဤသို့ တိုးတိုးကလေး ရေရွတ်မိပါသည်။

ဘုံဘေမြို့သို့ ရောက်ခဲ့သည်မှာ နှစ်လခန့် ရှိချေပြီ။ သူတစ်ပါးတိုင်းပြည်ဖြစ်၍ အနေကြာလာသည်နှင့်အမျှ ပျင်းလာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြန်မာပြည်သို့ ခြန်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာပါသည်။

ထိုနေ့က ဒီပါဝတီပွဲတော်နေ့ ဖြစ်ပါသည်။

ဘုံဘေတစ်မြို့လုံး မီးများထွန်းကာ ဗျောက်အိုးများ ဖောက်ကြပါသည်။ သားကလေး မောင်ထွန်းအောင်မှာ ဗျောက်အိုးများ ဖောက်နေသည့်အတွက် လွန်စွာ ပျော်ရွှင်နေပါသည်။

"မေမေ. . သားသားလဲ ဗျောက်အိုး ဖောက်ချင်တယ်"

"အေးအေး. . . မေမေ ဝယ်ပေးမယ်"

ထွေးထွေးသည် ဗျောက်အိုးများကို ဝယ်ပြီး ပြန်လာခဲ့ပါသည်။ စစ်တပ်အပြင်ဘက်ရှိ လမ်းမပေါ်တွင် မောင်ထွန်းအောင်ကလေးမှာ ဗျောက်အိုး ဖောက်နေပါသည်။

"မေမေ. . . သား ဗျောက်အိုး ဖောက်ရတာ အရမ်းပျော်တာဘဲ"

"အေးပါ သားရယ်၊ ပျော်စရာပေါ့"

"မေမေ. . . သားကို မီးထွန်းထားတဲ့ နေရာကို သွားကြည့်ချင်တယ်"

"သွားလေ. . . မေမေ လိုက်ပို့မယ်"

တစ်လမ်းလုံး မီးထွန်းထားသဖြင့် လင်းထိန်နေပါသည်။ ပွဲတော်အခါရက် ဖြစ်၍ လူများစွာ လမ်းပေါ်၌ လျှောက်နေကြ





သည်။ ထွေးထွေးသည် သားကလေးကို လက်ဆွဲကာ ထိုလမ်းတွင်း လျှောက်ကြည့်စဉ် လမ်းထောင့်ချိုးနေရာသို့ အရောက် မတ်တတ်ရပ်နေသော ဆာဒူးကြီးတစ်ဦးကို အမှတ်မထင် တွေ့လိုက်ရပါသည်။

အိန္ဒိယတွင် ဆာဒူးများမှာ မရေမတွက်နိုင်အောင် များလှကား ဤဆာဒူးကို တွေ့ရသည်မှာ များစွာ မဆန်းလှပေ။ ကော ရှေ့မှ ဖြတ်လျှောက်သွားရာ. . .။

"မဖွဲ့မက မိန်းကလေး ဒီကို ရောက်နေပြီကိုး"

ဟူသော စကားကို ပီပီသသကြီး ကြားလိုက်ရသဖြင့် ထွေး အံ့သြသွားပါသည်။ ထို့ကြောင့် ဆာဒူးကြီး လက်ထဲ ရှုပ်းငွေ အနည်းငယ် လှူလိုက်ပါသည်။

ထိုအခါ ဆာဒူးကြီးမှ. . .။

"မည်းနက်တဲ့ ကံကြမ္မာကို တွေ့နေရတယ်၊ ကျွန်ုပ် တက်သာ ကယ်တင်နိုင်မယ်"

ထိုသို့ပြောပြီး မည်သည့်စကားမျှ ဆက်မပြောဘဲ ရပ်နေသည်။ ထိုအခါ ထွေးထွေးလည်း မည်သည့်အဓိပ္ပါယ်မှန်း သဖြင့်. . .။

"အရှင်ဆာဒူးကြီး. . . ဘာကိုဆိုလိုတာလဲ"

ဟု မေးသော်လည်း ဆာဒူးကြီးမှာ မည်သည့်စကားမျှ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မပြောတော့ချေ။ ထိုသို့ ဆာဒူးကြီး၏ ရှေ့၌ ရပ်နေစဉ်...ည်။ မိန်းမနှင့် ကလေးပျောက်သွားသဖြင့် ဗိုလ်ကြီးစံမြင့်မှာ လိုက်ရှာ... ရင်း ထိုနေရာသို့ ရောက်ရှိလာခဲ့ပါသည်။

"ထွေး. . . ဘယ်သွားနေတာလဲ၊ မင်းတို့သားအမိ...ပျောက်သွားလို့ စိတ်ပူလိုက်ရတာ"

"သားလေးက မီးထွန်းတာ ကြည့်ချင်တယ်ဆိုလို့ လိုက်...ပြနေတာပါ"

"လာ. . . လာ. . . ပြန်မယ်"

ဗိုလ်ကြီးစံမြင့်သည် ထွေးထွေး၏လက်ကိုဆွဲကာ ...သွားသဖြင့် လိုက်ပါသွားခဲ့ရပါသည်။ အိမ်သို့ရောက်သောအခါ... ဆာဒူးကြီး ပြောသည့်စကားကို ခင်ပွန်းသည်သို့ ပြောပြရာ. . .

"ဘာမှ စိတ်ထဲမထားပါနဲ့ ထွေးထွေးရယ်၊ ဆာဒူး... တွေကတော့ သူတို့အမြင်နဲ့ သူပြောတာ နေမှာပေါ့၊ ကိုယ်... ဆိုင်ချင်မှ ဆိုင်မှာပါ၊ သူတို့ရဲ့ ဘာသာရေးစကားတွေလဲ ... ချင်ဖြစ်နေမှာ. . . ဘာမှ စဉ်းစားမနေနဲ့နော်"

"အင်းပါ. . . ထွေးစိတ်ထဲမှာ ဘာမှမထားပါဘူး"

ထွေးထွေးသည် ခင်ပွန်းသည် စိတ်ကျေနပ်အောင်... ပြောလိုက်ရသော်လည်း ဆာဒူးကြီး ပြောသည့်စကားအဓိပ္ပါယ်... သဲကွဲစွာ မစဉ်းစားနိုင်၍ စိတ်ထဲတွင် စိုးရိမ်သလိုလို ခံစား...

"အင်း. . . မည်းနက်တဲ့ ကံကြမ္မာဆိုတာ ဘာကိုဆိုလို...လဲ၊ တစ်ဝက်ဘဲ ကယ်တင်နိုင်မယ်ဆိုတာရော. . . ဘာလဲ...ဝမှာ ပဟေဠိတွေများလိုက်တာ၊ နဂိုကမှ ငါက အတွေး...များ၊ အခု ရှေ့ဆက် ဘာတွေဖြစ်ဦးမလဲ မသိဘူး"

ထိုအတွေးဖြင့် တစ်ညလုံး အိပ်မပျော်ချေ။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## "အတိတ်ပုံရိပ်ထဲက မေမေ"

ဒီပါဝလီပွဲတော်အပြီးတွင် ဗိုလ်ကြီးစံမြင့်တို့တပ်သည် ရာဇဂြိုဟ်သို့ ခေတ္တတပ်ကူးသွားခဲ့ရပါသည်။ ရာဇဂြိုဟ်သည် ရှေ့ယခင်က မင်းနေပြည်တော် ဖြစ်ခဲ့ဖူးပါသည်။ ယခုအခါတွ ရာဇဂြိုဟ်သည် မြို့မကျ တောမကျသော အရပ်ဖြစ်ပြီး များ မကျယ်ဝန်းလှချေ။

ဘုံဘေက လူရှုပ်သလောက် ရာဇဂြိုဟ်က အေးချမ်း ပါသည်။ ဘုံဘေတွင် နေရစဉ်က ပျင်းရိသလောက် ရာဇဂြိုဟ် ရောက်သောအခါ ထွေးထွေး စိတ်မှာ ပျော်လာပါသည်။ အဘ ကြောင့်ဆိုသော ရာဇဂြိုဟ်တွင် ဗုဒ္ဓဘာသာဝင်များ၏ အထွ အမြတ်ထားရာ မြတ်စွာဘုရားရှင်၏ သီတင်းသုံးရာ နေရာမျ နှင့် အခြားသော ဘာသာရေးဆိုင်ရာနေရာ များစွာရှိသည်

ရာဇဂြိုဟ်တွင် မြန်မာပြည်၌ နေခဲ့ဖူးသော ရာဂျူးအမျ ရှိ ဗုဒ္ဓဘာသာဝင် အိန္ဒိယအမျိုးသားနှင့် တွေ့ဆုံခဲ့ပါသည





ရာဇဂြိုဟ်တွင် အနေကြာသဖြင့် ထိုဒေသအကြောင်းကို ဂဃနဏ သိသူဖြစ်ပါသည်။ ဗိုလ်ကြီးစံမြင့် အားလပ်သည့်အချိန်တွင် ရာဇဂြိုဟ်မြို့ပတ်ဝန်းကျင်သို့ ထွေးထွေးကို လိုက်ပို့ခဲ့ပါသည်။ ထိုနေရာ၌ ပတ်သက်သည့် သမိုင်းကြောင်းများကို ရာဂျူးက ရှင်းပြပါသည်။

"ရာဇဂြိုဟ်မှာ ဗိမ္ဗိသာရမင်းကြီး အုပ်ချုပ်မင်းလုပ်ခဲ့ တယ်။ တောင်ညာစံဒေဝီကတော့ ပသေနဒီ ကောသလမင်းကြီး ရဲ့ နှမတော် ဝေဒေဟီ မိဖုရား ဖြစ်ပါတယ်။ ဘုရားအလောင်း တော် တောထွက်လာတဲ့အခါ ဗိမ္ဗိသာရမင်းကြီးနဲ့ အရင်ဆုံး တွေ့တယ်၊ မင်းစည်းစိမ်တစ်ဝက် ခွဲပေးပါ့မယ်၊ တောမထွက်ပါ နဲ့လို့ တောင်းပန်ခဲ့တယ်၊ မြတ်စွာဘုရားအလောင်းတော်ဟာ လက်မခံတဲ့အတွက် ဘုရားဖြစ်ပါက ရာဇဂြိုဟ်ကို ပထမဆုံး ကြွလာဖို့ ကတိတောင်းခဲ့တယ်၊ မြတ်စွာဘုရားကလဲ ဘုရားရှင် ဖြစ်တဲ့အခါမှာ ရာဇဂြိုဟ်ကို ကြွလာခဲ့တယ်၊ မင်းကြီးက ဝေဠုဝန် ကျောင်းကို ဆောက်လုပ် လှူဒါန်းပေးခဲ့တယ်"

ထိုသို့ ပြောဆိုပြီး ဝေဠုဝန် ကျောင်းတော်ရာကို လိုက် ပြသခဲ့ပါသည်။

"ဒါဟာ . . မြတ်စွာဘုရားလက်ထက်က ဝေဠုဝန်ကျောင်း တော်ရာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝေဠုဝန်ကျောင်းတော်ရာ နေရာကား ဝါးပင်များ
ပေါက်ရောက်နေပြီး ထိုနေရာသို့ ဝင်လိုက်သည့် တစ်ပြိုင်န
အေးစိမ့်သွားပါသည်။

ထိုမှဆက်သွားသောအခါ ရေကန်ကျယ်ကြီးတစ်ကန်
ရောက်ရှိသွားပါသည်။

"ဒီနေရာက ဘုရားရှင်လက်ထက်က ရှဉ့်နက်က
တွေကို အစာကျွေးတဲ့နေရာပါ"

ထိုနေရာကလေး၌ ခေတ္တနားခဲ့ကြပါသည်။

ရေကန်ကျယ်ကြီးကား သစ်ပင်ကြီးများ ပေါက်နေသ
အရိပ်များစွာရကာ အေးချမ်းလှပါသည်။

"ဒီနေရာကလေးက အရမ်းအေးချမ်းတာဘဲ"

"ဟုတ်ပါတယ်၊ ဒီနေရာကပြီးရင် ရာဇဂြိုဟ်မြို့ဟော
နဲ့ မြို့သစ်ကို သွားပါမယ်"

ရာဂျူး ဦးဆောင်မှုဖြင့် ရာဇဂြိုဟ်တွင်းသို့ လျှောက်လ
ကြပါသည်။

"ရာဇဂြိုဟ်ဆိုတာ ရာဇဂဟမှ ဆင်းသက်လာတာ
ရာဇကမင်းပါ ဂဟဆိုတာ အိမ်ပါ "မင်းစံအိမ်" ဆိုတဲ့ အဓိပ္
ပါ။ ရာဇဂြိုဟ်ဟာ ထူးခြားတဲ့အချက်ကတော့ တောင်ငါးလုံး
နဲ့ ရာဇဂြိုဟ်လို့ အဆိုရှိပါတယ်။ အဲဒီတောင်ငါးလုံးက





ဝေဘာရ၊ ဝေပုလ္လ၊ ပဏ္ဍဝ၊ ဣသိဂိလိတောင်နဲ့ ဂိဇ္ဈကုဋ်တောင်
တို့ ဖြစ်ပါတယ်"

"ဂိဇ္ဈကုဋ်တောင်ပေါ်မှာ မြတ်စွာဘုရားရှင် သီတင်းသုံးခဲ့
တဲ့ ကျောင်းတော်ရာ ရှိပါတယ်၊ အစ်မက ကိုယ်ဝန်ကြီးနဲ့ဆိုတော့
တောင်ပေါ်မတက်ပါနဲ့တော့၊ တောင်အောက်ကဘဲ မှန်းပြီးဖူးပါ"

"အင်းပါ ရာဂျူးရယ်"

ထိုနေရာမှ အပြန်တွင် ဗိမ္ဗိသာရအကျဉ်းထောင်သို့ ဝင်
ခဲ့ကြပါသည်။

"အဇာတသတ်မင်းက ဖခင်ကြီးကို အကျဉ်းချထားတဲ့
နေရာပေါ့. . ဗိမ္ဗိသာရမင်းကြီးဟာ ဒီနေရာကနေပြီး မြတ်စွာ
ဘုရားရှင် ရှိရာ ဂိဇ္ဈကုဋ်တောင်သို့ မှန်းပြီးကန်တော့ခဲ့တယ်လို့
အဆိုရှိပါတယ်"

ထွေးထွေးသည် ဤနေရာသို့ ရောက်သောအခါ ဖခင်
တစ်ယောက်၏ မေတ္တာကို သိလိုက်ရသဖြင့် စိတ်ထဲ၌ တနင့်နင့်
ခံစားခဲ့ရပါသည်။

ထိုနေ့က ဆက်မသွားတော့ဘဲ အိမ်သို့ပြန်ခဲ့ပါသည်။

နောက်တစ်နေ့တွင် ရာဇဂြိုဟ်အနီးရှိ ဇီဝကဆေးဥယျာဉ်
သို့ သွားခဲ့ကြပါသည်။

"ဗိုလ်ကြီး. . . ဒီနေရာဟာ သမားတော်ကြီး ဇီဝကရဲ့



www.burmeseclassic.com

www.burmeseclassic.com



သရက်ဥယျာဉ်လို့ခေါ်တဲ့ ဆေးဥယျာဉ်ဖြစ်ပါတယ်၊ အခုတော ဆီးပင်တွေ ပေါက်နေပါတယ်''

ရာဂျူးပြောသည့်အတိုင်းပင် ဆီးပင်များစွာ ပေါ ရောက်နေပါသည်။

''တစ်ချို့ကလဲ ဒီဆီးပင်တွေမှာ ဆေးစွမ်းအာနိသ ရှိတယ်ဆိုပြီး ဆီးရွက်ကလေးတွေကို ခူးစားကြပါတယ်''

''ဟုတ်မှာပေါ့. . . ရှေးတုန်းက ဒီနေရာက အစွမ်းထ တဲ့ဆေးပင်တွေ ရှိခဲ့တာဆိုတော့ ဆေးစွမ်းတယ်လို့ ပြောကြတ နေမှာ''

''ဟုတ်ပါတယ် ဗိုလ်ကြီး''

ထိုမှတဖန် ဗိမ္ဗိသာရမင်း၏ ဘဏ္ဍာတော်များထား ဆွန်နားဘဏ္ဍာလိုဏ်ဂူသို့ သွားခဲ့ပါသည်။

''ဒီလိုဏ်ဂူထဲမှာ ဘဏ္ဍာတော်တွေ အများကြီး ထား တဲ့နေရာဘဲ''

ဗိုလ်ကြီးစံမြင့်နှင့် ထွေးထွေးတို့သည် လိုဏ်ဂူကြီးထဲ ဝင်ရောက်ကြည့်ရှုခဲ့ပါသည်။ ထိုမှဆက်၍ အဇာတသတ်၏ ဓာ တော်တိုက်သို့ သွားခဲ့ပါသည်။

''အဇာတသတ် ဓာတ်တော်တိုက်က ထူးခြားတယ ဗိုလ်ကြီး. . . အဇာတသတ်မင်းဟာ မြတ်စွာဘုရားရှင်ရဲ့ ဓာ





တော်တွေကို သူများယူမှာစိုးလို့ စကြောမအတတ်ပညာနဲ့ သံလျက် ထမ်းတဲ့ စကြောမဘီလူးရုပ်ကို စီမံထည့်ထားပြီး ဓာတ်တော်တိုက် ကို အဆင့်ဆင့် ပိတ်ထားခဲ့တယ်၊ အာသောကမင်းကြီး လက် ဆက်ရောက်မှ စကြောမပညာရှင်တစ်ဦးရဲ့ အကူအညီနဲ့ ဒီဓာတ် တော်ကို ဖွင့်ခဲ့ရတယ်၊ အိန္ဒိယပြည်မှာ စကြောမပညာရှင် ရှိမှန်း သိတဲ့အခါမှာ အနောက်နိုင်ငံမှာရှိတဲ့ စကြောမပညာရှင်ကြီးတွေ က မကျေနပ်လို့ အာသောကမင်းကြီးထံကို သေတ္တာပုံကြီး ပို့ပေး လိုက်တယ်၊ အာသောကမင်းကြီးက အိန္ဒိယစကြောမပညာရှင် ကြီးကို ဖွင့်ခိုင်းလိုက်တယ်၊ အိန္ဒိယစကြောမပညာရှင်ဟာ သူ့ ခေါင်းကို ဖြတ်မယ့် သေတ္တာပါလို့ ပြောတာကို ဘုရင်ကြီးက မယုံဘဲ အတင်းဖွင့်ခိုင်းခဲ့တဲ့အတွက် သေတ္တာကို ဖွင့်လိုက်တဲ့ အခါ သေတ္တာထဲက ဘီလူးရုပ်ထွက်လာပြီး အိန္ဒိယစကြောမ ပညာရှင်ရဲ့ ဦးခေါင်းကို ဖြတ်လိုက်တယ်၊ အဲဒီတော့မှ အာသောက ဘုရင်ကြီးလဲ တော်တော်စိတ်မကောင်းဖြစ်သွားပါတယ်''

''ခြော်. . . ရှေးကအဖြစ်အပျက်တွေကလဲ စိတ်မကောင်း စရာဘဲပေါ့နော်''

ထိုမှဆက်၍ မလုမ်းမကမ်းရှိ ရေပူစမ်းရှိရာသို့ သွားခဲ့ ကြပါသည်။

''ဒါဟာ ဝေဘာရတောင်ခြေမှာရှိတဲ့ ရေပူစမ်းပေါ့ ရေ



www.burmeseclassic.com

www.burmeseclassic.com



ပွစမ်းကရေကို ချိုးရင် ကျန်းမာစေတယ်၊ ရောဂါရှိရင်လဲ ရောဂါပျောက်စေတယ်''

ရေပူစမ်းတွင် အိန္ဒိယလူမျိုး တော်တော်များများ ရေချိုးနေပါသည်။

ထိုနေရာ၌ အိန္ဒိယလူမျိုးများ အဆင့်သုံးဆင့်ခွဲ၍ ရေချိုးနေသည်ကို တွေ့သဖြင့် ရာဂျူးအား မေးကြည့်ရာ. . .။

''သူတို့က ဘာဖြစ်လို့ နေရာသုံးခုခွဲပြီး ရေချိုးကြတာလဲ''

''အိန္ဒိယလူမျိုးတွေဟာ ဇာတ်မြင့်၊ ဇာတ်နိမ့် ခွဲထားပါတယ်၊ ဒါကြောင့် ရေချိုးတဲ့သူတွေကို အမြင့်၊ အလတ်၊ အနိမ့် ဆိုပြီး ရေချိုးတဲ့နေရာကို သုံးမျိုး ခွဲထားတာပါ၊ ဇာတ်မြင့်တဲ့သူက အထက်ပိုင်းမှာ ချိုးရပါတယ်၊ ဇာတ်သိပ်မမြင့်လူတွေက အလယ်မှာချိုးပြီး၊ ဇာတ်နိမ့်တဲ့သူတွေကျတော့ အောက်ဆုံးမှာ ရေချိုးရတယ်''

''ဒါဆိုရင် ငါတို့ ရေချိုးရင်ကော ဘယ်နားမှာ ချိုးရမှာလဲ''

''အောက်ဆုံးမှာဘဲ ချိုးရမှာ''

''ဟုတ်တယ် ရာဂျူး. . . သူတို့မှာ ဇာတ်ခွဲခြားတဲ့ လူမျိုးရေးစနစ် ရှိတယ်''





ရေပူစမ်း၌ ခေတ္တနားပြီးနောက် အိမ်သို့ ပြန်ခဲ့ကြပါသည်။

ရာဇဂြိုဟ်တွင် ကြည့်ရှုရန်နေရာ များပြားလှသည့်အလျောက် ဗိုလ်ကြီးစံမြင့် အားလပ်ချိန်တိုင်း လျှောက်လည်ကြပါသည်။ ဤသို့ဖြင့် ရာဇဂြိုဟ်တွင် တစ်လကျော်ကျော် နေထိုင်ခဲ့ပါသည်။

ထိုစဉ် ရာဇဂြိုဟ်ရှိ မိတ်ဆွေများက. . .။

''ထွေးထွေးရယ် ရာဇဂြိုဟ်ရောက်တုန်း ဗုဒ္ဓဂယာကို သွားပါလား၊ အဲဒီမှာ ဘုရားပွင့်တဲ့ ညောင်ပင်ကြီး ရှိတယ်၊ မဟာဗောဓိစေတီတော်ကြီးလဲ ရှိတယ်၊ နောက်ပြီး မင်းတုန်းမင်းကြီးရဲ့ ဇရပ်တော်လဲ ရှိတယ်၊ သုဇာတာ နွားနို့ဃနာ့ကျွေးတဲ့ နေရဥ္စရာမြစ်လဲ ရှိတယ်၊ နောက် ဘုရားရှင် ဒုက္ကရစရိယာ ကျင့်ရာ လိုဏ်ဂူတော်လဲ ရှိတယ်''

''ဟုတ်လား''

''ရာဇဂြိုဟ်နဲ့ ဗုဒ္ဓဂယာဟာ မိုင်(၆၀)ကျော်ဘဲဝေးတာဆိုတော့ သိပ်မဝေးပါဘူး။ ကားကြုံရှိရင် နေ့ဝက်ခရီးဘဲ''

''ထွေးထွေး သွားချင်လိုက်တာ''

ထွေးထွေးသည် ကြုံတုန်းကြုံခိုက် မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ လွန်စွာ သွားလိုသောဆန္ဒများဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာပါသည်။

ထို့ကြောင့် ခင်ပွန်းသည် ဗိုလ်ကြီးစံမြင့်အား ပြောခဲ့ပါသည်။

"အစ်ကို. . . ကျွန်မ ဗုဒ္ဓဂယာကို သွားချင်တယ်"

"ဒီနေရာနဲ့ တော်တော်ဝေးသေးတယ်၊ နောက်ပြီး မင်းမှာလဲ မပေါ့မပါးနဲ့၊ ခရီးကလဲ ကြမ်းတယ်"

"အစ်ကိုရယ်. . . ထွေး မီးဖွားပြီးရင် သွားနိုင်မှာ မဟုတ်ဘူး၊ အခုလို ကြုံတုန်းကြုံခိုက် ထွေးကို လိုက်ပို့ပါနော်"

"အေးပါကွာ"

ဗိုလ်ကြီးစံမြင့်မှာ လိုက်မပို့ချင်သော်လည်း ထွေးထွေးကို ချစ်သည့်ဇောဖြင့် လိုက်ပို့မည်ဟု ပြောခဲ့ပါသည်။

မကြာမီရက်အတွင်း ဂယာရွာသို့ ခရီးကြုံသွားမည့်ကားရှိသဖြင့် ဗိုလ်ကြီးစံမြင့်တို့ မိသားစုသုံးဦးမှာ ကားကြုံနှင့် လိုက်ခဲ့ပါသည်။

ထိုစဉ် ဂယာမှာ ရွာအဆင့်သာရှိပြီး လူနေအိမ်ခြေနည်းပါးလှပါသည်။

ဗိုလ်ကြီးစံမြင့်တို့ ကားကြုံမှာ ရှေးဟောင်းဂျစ်ကားတစ်စီးဖြစ်ပြီး လွန်စွာ စုတ်ချာလှသဖြင့် မကြာခဏ ရပ်လိုက်ဆက်သွားလိုက် ဖြစ်နေပါသည်။





ထို့ကြောင့် ခရီးသွားရသည်မှာ အဆင်မပြေလှချေ။ ေ ဘရွာများကို ဖြတ်သန်းသွားရကာ နံနက်စာထမင်းကို ကားပေါ်၌ စားရပါသည်။ ထိုစဉ်က အိန္ဒိယလူမျိုးများမှာ ဇတ်နိမ့်ဇတ်မြင့် လွန်စွာ ခွဲခြားသောခေတ်ဖြစ်၍ လူစိမ်းဆိုလျှင် ရေတစ်ခွက်မျှပင် သောက်ရန် မပေးပေ။

ထိုသို့သွားရင်း ဂယာသို့ရောက်ရန် (၃)မိုင်ခန့်အလိုတွင် ဂျစ်ကားကလေးမှာ စက်ချို့ယွင်းပြီး ရပ်သွားပါတော့သည်။

"ဂျစ်ကားက ဘာဖြစ်လို့ ရပ်သွားတာလဲ"

"စက်ချို့ယွင်းပြီး ရပ်သွားတာဖြစ်မယ်"

"ဒါဆို. . . ဘယ်လိုလုပ်ကြမလဲ"

"ဘာဖြစ်တယ်ဆိုတာ စက်ဖွင့်ကြည့်မှဖြစ်မယ်"

"ဟာ. . . ဒုက္ခပါဘဲ"

"စက်ပြင်တာ သိပ်မကြာဘူးမို့လား"

"မပြောနိုင်ဘူး၊ စက်ဖွင့်ကြည့်မှဖြစ်မယ်"

"ဒါဆို. . . ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ဒီနားမှာ နွားလှည်းငှားကြည့်ပါလား၊ သုံးမိုင်လောက်ဘဲလိုတော့တာဆိုတော့ သိပ်မဝေးရပါဘူး"

"ဒါဆိုလဲ နွားလှည်းငှားသွားကြတာပေါ့"

ဗိုလ်ကြီးစံမြင့်တို့မိသားစုသုံးယောက်မှာ ထိုရွာကလေး



www.burmeseclassic.com

www.burmeseclassic.com



မှ နွားလှည်းငှားကာ ဇယ်ယာသို့ ခရီးဆက်ခဲ့ပါသည်။

ကားလမ်းမှာ ချိုင့်များပေါများပြီး မညီမညာသည့်လမ်းဖြစ်၍ နွားလှည်းဖြင့် ဖြည်းဖြည်းသွားသည့်တိုင်အောင် ချိုင့်ထဲကျသည့်အတွက် လှည်းဆောင့်ခြင်းဒဏ်ကို ထွေးထွေးတစ်ယောက် ရှုံ့မဲ့စွာ ခံစားနေရပါသည်။

ဤတွင် ဗိုလ်ကြီးစံမြင့်မှ. . .။

"ထွေး. . . လှည်းစီးရတာ သိပ်ဆောင့်နေသလား၊ နေသာရဲ့လား"

"ရပါတယ် အစ်ကို"

"အေး. . . အေး၊ ရောက်ခါနီးပြီလို့ အစ်ကို ထင်တယ်"

စေတီတော်ဆီသို့ ရောက်ခါနီးတွင် သဲမြေများ ခင်းသောလမ်းဖြစ်၍ လမ်းပြေပါသည်။ နွားလှည်းကြီးသည် တအိအိမောင်းသွားရာ မဟာဗောဓိစေတီတော်အနီးသို့ ရောက်လာခဲ့ပါပြီ။

ဗိုလ်ကြီးစံမြင့်သည် လှည်းမောင်းသူအား ကျသင့်ငွေရှင်းပေးပြီးနောက် ထွေးထွေး၏ လက်မောင်းကလေးကို ဖေးမကိုင်ကာ မဟာဗောဓိစေတီတော် ရှိရာသို့ သွားခဲ့ပါသည်။

ထွေးထွေးလည်း တဖြည်းဖြည်းချင်း လျှောက်လာခဲ့ရာ မကြာမီ ဗောဓိညောင်ပင်ကြီးဆီသို့ ရောက်ရှိလာခဲ့ပါသည်။





ဗောဓိညောင်ပင်ကြီးနှင့် ယင်းညောင်ပင်ကြီး၏ နံဘေးတွင် အပရာဇိတပလ္လင်တော် ရှိခဲ့ဖူးသည့် အထိမ်းအမှတ်နေရာကို တွေ့ရှိခဲ့ပါသည်။

ထွေးထွေးသည် သူမ လွန်စွာ ရောက်ဖူးချင်သည့် မြတ်စွာဘုရားရှင် ပွင့်တော်မူရာ နေရာသို့ ရောက်လာသည့်အတွက် ထူးကဲသော ပီတိစိတ်တို့ဖြင့် ဖူးမျှော်ကန်တော့ခဲ့ပါသည်။

ဗိုလ်ကြီးစံမြင့်နှင့် သားကလေး မောင်ထွန်းအောင်မှာလည်း ထွေးထွေးနှင့်အတူ ကြည်ညိုစွာ ကန်တော့ခဲ့ပါသည်။ မဟာဗောဓိပင်ရှေ့တွင် အတန်ကြာအောင် ထိုင်နေပြီးနောက် မဟာဗောဓိစေတီတော်အတွင်းရှိ မြတ်စွာဘုရားရှင် ရုပ်ပွားတော်ကို ရှိခိုးကန်တော့ခဲ့ပါသည်။

မဟာဗောဓိစေတီတော်အတွင်းရှိ ရုပ်ပွားတော်မှာ လွန်စွာသပ္ပါယ်လှပေသည်။ ရုပ်ပွားတော်ကြီးကို ဖူးမျှော်လိုက်သည့်တစ်ပြိုင်နက် အေးချမ်းသော ပီတိအဟုန်တို့ ဖြစ်ပွားခဲ့ပါသည်။ ထွေးထွေးလည်း ရုပ်ပွားတော်ကြီးကို အတန်ကြာအောင် ဖူးမျှော်ခဲ့ပါသည်။

ထို့နောက် နေလည်းအတော်စောင်းပြီဖြစ်၍ ထိုညအတွက် တည်းခိုရန် ဂယာရွာဆီသို့ သွားခဲ့ပါသည်။ စေတီတော်နှင့် ဂယာရွာမှာ အတော်အတန် လှမ်းပါသည်။ ထိုနေရာသို့ သွားရာလမ်း



www.burmeseclassic.com

www.burmeseclassic.com



တွင် အိမ်ခြေများ မရှိဘဲ သစ်ပင်ကြီးငယ်များသာရှိသည့် တောလမ်းကလေးသာ ရှိပါသည်။

ဗိုလ်ကြီးစံမြင့်သည် အထုပ်အပိုးများကို လက်တစ်ဖက်မှ သားကလေးကိုဆွဲပြီး တောလမ်းအတိုင်း လာခဲ့ကြပါသည်။ ထွေးထွေးသည် တဖြည်းဖြည်း လျှောက်လာရင်း ဗိုက်မှာ ထိုးအောင့်သကဲ့သို့ နာကျင်လှပါသည်။ ပထမတွင် အိန္ဒြေဆောင်ကာ နာကျင်မှုကို ဖုံးကွယ်ကာ ဆက်လျှောက်လာခဲ့ပါသည်။ သို့သော် ကားဆောင့်သည့်ဒဏ်၊ လှည်းဆောင့်သည့် ဒဏ်များကို တစ်လမ်းလုံး ခံစားလာရသည့်အတွက် ဗိုက်အတွင်းရှိ သန္ဓေသားမှာ လှုပ်ရှားလာကာ တစတစ ပိုပိုတိုး၍ နာကျင်လာပါသည်။

''ကျွတ်. . . ကျွတ်. . . နာလိုက်တာ''

ထွေးထွေးမှာ မနေနိုင်တော့ဘဲ ဗိုက်ကလေးကို ထောက်ကာ ရှုံ့မဲ့လျက် ဤသို့ ညည်းညူမိပါသည်။

''ထွေး. . . ထွေး ဘာဖြစ်လို့လဲ''

ဗိုလ်ကြီးစံမြင့်မှာ ထွေးထွေး၏ ရှုံ့မဲ့နေသော မျက်နှာထားကြောင့် ပျာပျာသလဲ မေးလိုက်ပါသည်။

''ဗိုက်ထဲက ထိုးအောင့်ပြီး နာနေတယ်''

''ဒုက္ခဘဲ. . . ကလေးများ မီးဖွားချင်လို့လား မသိဘူး''

''မီးဖွားဖို့ရက်ကတော့ နည်းနည်းလိုသေးတယ်''





''ဒါဆို. . . ကားစောင့်၊ လှည်းစောင့်လို့များ ဗိုက်အောင့်
[...]ား မသိဘူး''

''အစ်ကိုရေ. . . တော်တော်အောင့်လာပြီ ထွေး၊ ဒီသစ်
[...]အောက်မှာ ခဏနားချင်တယ်''

''နားပါ ထွေးရယ်''

ထိုသို့ဖြင့် မိသားစုသုံးဦးသား သစ်ပင်ကြီးအောက်တွင်
[...]ထိုင်ကာ နားလိုက်ပါသည်။ ထိုစဉ် ထွေးထွေးမှာ ကမ္ဘာလေ
[...]ရှားလာပြီး လွန်စွာ နာကျင်လာပါတော့သည်။

''အစ်ကိုရေ. . . ဗိုက်အရမ်းနာလာတယ်၊ ကလေးမီး
[...]ချင်ပြီထင်တယ်''

''ဒါဆို. . ဂယာရွာထဲမှာ မီးဖွားတတ်တဲ့သူ တစ်ယောက်
[...]ဘက်ကို သွားခေါ်မှဘဲ''

''ဟုတ်ကဲ့ အစ်ကို''

ထွေးထွေးမှာ နဂိုကပင် သားအိမ်မကောင်း [...]အထဲ
[...]ကားဆောင့်သည့်ဒဏ်၊ လှည်းဆောင့်သည့်ဒဏ်တို့ကြောင့်
[...]သွားများဆင်းကာ ဗိုက်အရမ်းနာလာသည့်အတွက် ပါလာသည့်
[...]ဘက်ကလေးကို ခေါင်းအုံးကာ သစ်ပင်ကြီး၏ ခြေရင်းတွင်
[...]လျောင်းနေခဲ့ပါသည်။

''အမေရေ. . . ဗိုက်နာလိုက်တာ၊ သမီးကို ကယ်[...]ဦး



www.burmeseclassic.com

www.burmeseclassic.com



အမေ''

ထွေးထွေးသည်၄် မိခင်ကြီးအား တ,ကာ ဗိုက်နာခြင် ဒဏ်ကို အလူးအလဲ ခံနေရပါသည်။ မောင်ထွန်းအောင်ကလေ မှာလည်း ဘာမှမလုပ်တတ်သဖြင့် မိခင်၏လက်မောင်းအား ကို ရင်း ငိုကျွေးနေပါသည်။

''မေမေ. . .မေမေ. . .ဟီး. . .ဖီး''

ထွေးထွေးမှာလည်း သားကလေးကို ပြန်ဖက်ထားရင် ဗိုက်နာသည့် ဒဏ်ကို အလူးအလဲ ခံနေရပါသည်။ ထိုသို့ဖြ တစတစ မိုးချုပ်လာပါသည်။ လေစိမ်းများလည်း တဟူးဟူ တိုက်ခတ်နေပါသည်။ ထိုတောလမ်းကလေးတွင် လူသွားလူလာ ရှင်းကာ သားအမိနှစ်ယောက်သာ ကျန်ပါတော့သည်။

ထိုစဉ်. . .ထွေးထွေး၌ သွေးများ အလွန်အမင်း ဆင် ကာ အားအင် ချိနဲ့လာပါသည်။

ဗိုလ်ကြီးစံမြင့်မှာ ထိုတောရွာတွင် ဆရာဝန် လိုက် ရာ မရသဖြင့် စိတ်ပျက်နေစဉ် ကျန်းမာရေးမှူး အဆင့်ရှိ တစ်ဦး ရှိကြောင်း သိရသဖြင့် ထိုအိမ်သို့ သွားရာ. . .။

''ဟိုဘက်ရွာမှာ ဆေးသွားကုနေပါတယ်၊ မကြာခ ပြန်လာပါမယ်. . .ခဏစောင့်ပါ''

ဟု ဆိုသဖြင့် ခေတ္တစောင့်ဆိုင်းနေရပါသည်။





ထိုအချိန်တွင် ညနေခြောက်နာရီခန့် ရှိပြီဖြစ်၍ တဖြည်း ဖြည်း မှောင်လာပါသည်။ လေကလည်း တဟူးဟူး တိုက်နေပါ သည်။

မောင်ထွန်းအောင်ကလေးမှာ အမှောင်ကြီးစိုးလာသည့် အတွက် ကြောက်စိတ်များ ဝင်လာကာ. . .။

''မေမေ. . .ကြောက်တယ်. . .ကြောက်တယ်''

ထွေးထွေးမှာ သွေးအလွန်အမင်း ဆင်းသည့်ဒဏ်ကြောင့် သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေပါသည်။ ထွေးထွေး၏ အောက်ပိုင်းတစ်ခုလုံး သွေးများဖြင့် ရွှဲနေသလို မျက်နှာတွင် လည်း ချွေးသီးချွေးပေါက်များ ပေါ်ထွက်လာပါသည်။ သစ်ပင် ခြေရင်းတွင် နာကျင်မှုဒဏ်ကို အလူးအလဲခံရင် သားကလေးကို လက်တစ်ဖက်မှ ကိုင်ထားပါသည်။

မောင်ထွန်းအောင်သည် မိခင်ကြီး၏ ဖြစ်အင်ကို ကြည့် ရင်း ရင်ထဲတွင် နာကျင်လာပါသည်။

ထိုစဉ်. . .။

''ထွေးရေ. . .ထွေး. . .အစ်ကို ပြန်လာပြီ''

ဗိုလ်ကြီးစံမြင့်သည် ကျန်းမာရေးမှူးနှင့်အတူ ထွေးဆီသို့ ပြန်ရောက်လာခဲ့ပါသည်။ ကျန်းမာရေးမှူးသည် ထွေးထွေး၏ အောက်ကောက်ဝတ်မှ သွေးခုန်နှုန်းကို စမ်းလိုက်ရာ သွေးတိုးနှုန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ လွန်စွာ နေးနေမြီး သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသဖြင့် ခေါင်းတခါခါနှင့် ပြောလိုက်ပါသည်။

"မိတ်ဆွေရဲ့ ဇနီးဟာ အခြေအနေ မကောင်းတော့ဘူး"

"ဗျာ"

"ဟုတ်ပါတယ်၊ သွေးအလွန်အမင်း ဆင်းပြီး သွေးပေါင်အရမ်းကျနေပြီ၊ ဘယ်လိုမှ မကောင်းတော့ဘူး"

"ကျန်းမာရေးမှူးကြီးရယ်. . . ကျွန်တော့်ဇနီးရဲ့ အသက်ကို ကယ်ပေးပါ၊ ရှုပီးအများကြီး ပေးပါ့မယ်"

"ကျွန်တော်လဲ ကယ်ပေးချင်ပါတယ်၊ ဒီလိုကေ့(စ်)မျိုးဟာ မြို့ပေါ်က ဆေးရုံတောင် ကုသဖို့ ခက်ပါတယ်၊ ကျွန်တော်တို့ တောမှာ ဆေးဝါးမစုံတော့ ပိုပြီး ကုသရန်ခက်ပါတယ်"

ထိုသို့ပြောနေစဉ် ထွေးထွေးမှာ သတိတစ်ချက် ပြန်လည်လာပြီး. . .။

"အစ်ကို. . . အစ်ကို"

"ပြောပါ ထွေး. . . အစ်ကို အနားမှာရှိတယ်"

"ထွေး မနေရတော့ဘူး အစ်ကို၊ ဗိုက်ထဲက ကွဲထွက်မလောက် အရမ်းနာတာဘဲ၊ ထွေးမရှိရင် သားလေးကို ဂရုစိုက်ပါ အစ်ကို"





"နိမိတ်မရှိတဲ့စကားတွေ မပြောပါနဲ့ ထွေးရယ်၊ အားတင်းထားပါ၊ ဆေးမှူးကြီး ကုပေးပါ့မယ်"

"မရတော့ဘူး အစ်ကို၊ ထွေး အားတင်းလို့ မရတော့ဘူး"

ထိုစဉ်. . . ထွေးထွေးမျက်နှာပြင်တစ်ခုလုံး ချွေးလုံးကြီးများ ထွက်လာပါသည်။ ရင်ဘတ်တစ်ခုလုံးမှာလည်း အသက်ရှူသိက်တိုင်း ဖားဗိုကြီးတစ်ခုနှယ် နိမ့်လိုက်မြင့်လိုက်ဖြစ်ပြီး မောနေပါသည်။

"အစ်ကို. . . အရမ်းမောတယ်"

"ထွေး အမောပြေသွားအောင် အစ်ကို ဆေးတိုက်ပေးမယ်"

ကျန်းမာရေးမှူး လှမ်းပေးသည့် ဆေးပြားကလေးကို တိုက်လိုက်ပါသည်။

ထိုသို့ပြောနေစဉ် အဝါရောင် ဝတ်ဆင်ထားသည့် ဆာဒူးကြီးတစ်ပါးသည် ဤနေရာသို့ ရောက်လာပြီး နှုတ်မှလည်း အစ်ုတစ်ခုကို ရွတ်ဆိုနေပါသည်။ ဤတွင် ကျန်းမာရေးမှူးက. . .။

"ဆာဒူးကြီးက လာပြီးဆုတောင်းပေးနေတာ"

ဗိုလ်ကြီးစံမြင့်သည် ဆာဒူးကြီးအား ကြည့်လိုက်ရာ ယခုသော်ရှိစဉ် ဒီပါဝတီ မီးထွန်းညက ထွေးထွေးနှင့် စကားပြော



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ဆာဒူးကြီးမှန်း သိလိုက်ပါသည်။ ထွေးထွေးသည်...

ဆာဒူးကြီးအား မော့ကြည့်ကာ လက်အုပ်ချီလိုက်ပါသည်။

ထိုစဉ် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာပြီး ... တစ်ချက်ထိုးကာ ချီထားသည့် လက်ကလေးနှစ်ဖက်မှာ အော... သို့ ပြုတ်ကျသွားပါတော့သည်။

ထိုနေရာ၌ နားနေသော ငှက်တစ်အုပ်မှာလည်း ရုတ်ခြည်း... ထပျံသွားပါတော့သည်။ ဗိုလ်ကြီးစံမြင့်လည်း ထွေးထွေး၏ လ... ကလေးကို လှမ်းကိုင်လိုက်ပါသည်။ ကျန်းမာရေးမှူးမှ ထွေး... ၏ အခြားသော လက်တစ်ဖက်မှ လက်ကောက်ဝတ်ကို ကိုင်... ပြီး သွေးစမ်းပြီးနောက်. . .။

"မိတ်ဆွေ. . .မိတ်ဆွေရဲ့ အမျိုးသမီး ဆုံးပြီ"

"ဟင်. . . ထွေး ဆုံးပြီဟုတ်လား. . . မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး"

ဗိုလ်ကြီးစံမြင့်သည် အရူးတစ်ယောက်လို အော်ဟ... လိုက်ပါသည်။

"မိတ်ဆွေ. . . မယုံမရှိပါနဲ့၊ တကယ်ဆုံးပြီ"

ကျန်းမာရေးမှူးက ဤသို့ ထပ်ပြောလိုက်ပါသည်။

ကျန်းမာရေးမှူး ပြောလိုက်သည့် စကားသံသည် ဗိုလ်ကြီး... စံမြင့်၏ နားထဲသို့ သံပူရည်များနှင့် လောင်းလိုက်သကဲ့သို့ ဖြစ်... ...သည့် ဝေဒနာကို ခံစားလိုက်ရပါသည်။

"ဖြစ်မှဖြစ်ရလေ ထွေးရယ်၊ အစ်ကို ဘယ်လိုဖြေရမလဲ"

ဗိုလ်ကြီးစံမြင့်လည်း မမျှော်လင့်ဘဲ ထွေးထွေး ဆုံးသွား...သည့်အတွက် လွန်စွာ ဝမ်းနည်းကြေကွဲခဲ့ရပါသည်။

ဤတွင် ကျန်းမာရေးမှူးအား ဗိုလ်ကြီးစံမြင့်မှ. . .။

"ဆရာ. . ဒီမှာ ကျွန်တော့်ကို ကားငှားပေးပါ၊ ကျွန်တော့် ...အလောင်းကို ရာဇဝင်ကို ပြန်သယ်မယ်"

"ဟာ. . . ဆရာ၊ အဲဒီလိုလုပ်လို့ မရပါဘူး၊ ကျွန်တော် ...မှာ ထုံးစံရှိပါတယ်၊ လူသေတယ်နော် သေတဲ့နေရာမှာ ချက် ...ချရမယ်၊ ရွာတွေကို ဖြတ်ယူသွားတယ်နော်၊ ဘယ်ရွာကမှ ...ဖြတ်မခံဘူး. . . ရွာနာတတ်တယ်"

"ဒါဆို. . . ဘယ်လိုလုပ်ရမလဲ"

"ဒီကနေ နှစ်မိုင်လောက် ရှိတဲ့နေရာမှာ သုသာန်တစ်ခု ...တယ်၊ အဲဒီမှာ ဒီအလောင်းကို သွားချရမယ်"

"ဖြစ်မှဖြစ်ရလေ ထွေးရယ်"

ထိုအချိန်တွင် ညခုနစ်နာရီခန့် ရှိချေပြီ။ ကျန်းမာရေးမှူး ...ဆောင်လာသည့် လက်ဆွဲမှန်အိမ်၏ အလင်းသာရှိသည်။ ...ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပါသည်။

ဗိုလ်ကြီးစံမြင့်၏ မျက်နှာမှာ အံကို တင်းတင်းကြိတ်ထား





www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို လွန်စွာ ထိန်းရပါသည်။ ဗိုလ်ကြီးစံမြင့်သည် တစ်သ
နှင့် တစ်ကိုယ် ဤမျှ ဝမ်းနည်းကြေကွဲခြင်း မဖြစ်ခဲ့ဖူးပါ။
နိုင်လျှင် အော်ဟစ်ကာ ငိုကြွေးပစ်လိုက်ချင်သည်။ ယောက်
သားဖြစ်၍ အိန္ဒြေကို ထိန်းနေရပါသည်။

ထိုစဉ် မောင်ထွန်းအောင်ကလေးမှာ မိမိရှေ့တွင် ေ
ရဲရဲသံရဲရဲနှင့် သေဆုံးသွားသည့် မိခင်အား ကြည့်ရင်း ကြေ
လန့်ကာ ချက်ချင်း အဖျားတက်လာပြီး. . .။

"ဖေဖေ. . . ကြောက်တယ်. . . ကြောက်တယ်"

ဟု ပြောပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ေ
သည်။

ဤတွင် ကျန်းမာရေးမှူးမှာ. . .။

"ကလေးက အရမ်းကြောက်လန့်ပြီး. . . ရှော့(ခ်)ဖြစ်
နေပြီ၊ ဖျားလဲဖျားနေတယ်"

"ကလေးကို ကြည့်ပေးပါဦး"

"ကလေးချီပြီး ကျွန်တော့်အိမ်ကို လိုက်ခဲ့ပါ"

"ဒါဆို. . . ကျွန်တော့်ပိန်းမကို ဘယ်လိုလုပ်ရမလ

"အသက်ရှင်နေသေးတဲ့ ကလေးကို ဆေးကုမလား
သေဆုံးသွားတဲ့လူကို အချိန်ပေးမလား ပြောပါ"

"ကျွန်တော့်သားကလေးကိုသာ ဆေးကုပေးပါ"





ဤတွင် မလှမ်းမကမ်း၌ ထိုင်နေသော ဆာဒူးကြီးမှ. . .။

"ဒီမိန်းကလေးကို ရွာထဲက လူတွေရဲ့ အကူအညီနဲ့
ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးပါ့မယ်"

ဟု ပြောလိုက်ပါသည်။ ကျန်းမာရေးမှူးကလည်း. . .။

"ဒီဆာဒူးကြီးဟာ အကျင့်သိက္ခာနဲ့ ပြည့်စုံပါတယ်၊
ဒီနယ်တစ်ဝိုက်မှာ တရားကျင့်နေတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်၊
အသုဘကိစ္စတွေမှာလည်း ကူညီပေးလေ့ရှိပါတယ်"

"ကောင်းပါပြီ၊ ဒါဆို သင်္ဂြိုဟ်စရိတ် ကျွန်တော် ပေး
လိုက်ပါမယ်၊ ဒီကလေး နေကောင်းသွားရင် ကျွန်တော်ရဲ့ဇနီး
မြေပုံကို လာကြည့်ပါမယ်၊ ကောင်းကောင်း သင်္ဂြိုဟ်ပေးပါ"

ထိုသို့ဖြင့် ကိုစံမြင့်သည် ဇနီးသည် ထွေးထွေး အလောင်း
အား ဤနေရာ၌ ထားခဲ့ကာ လက်ဆွဲမီးအိမ်ကြီး ဆွဲကိုင်ကာ
ရှေ့မှာသွားနေသော ကျန်းမာရေးမှူးနောက်သို့ သားကလေးအား
ထမ်း၍ လိုက်ခဲ့ပါတော့သည်။

သားဖောကြောင့် ထွေးထွေး၏ လည်ပင်း၌ ဆွဲထား
သော ဆွဲကြိုးကလေးကိုပင် မဖြုတ်မိပေ။ ထိုဆွဲကြိုးကလေး
၏ လော့ကတ်သီးအတွင်း၌ ထွေးထွေး၏ ဓာတ်ပုံကတစ်ဖက်
ဗိုလ်ကြီးစံမြင့်ဓာတ်ပုံကတစ်ဖက် ထည့်သွင်းထားပါသည်။
ထွေးထွေး အမြတ်တနိုး ဆွဲထားသည့် ဆွဲကြိုးကလေးပင် ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဗိုလ်ကြီးစံမြင့်မှာ သားအတွက် ရတက်ဝေနေပါသည်။ မောင်ထွန်းအောင်ကလေးကို ကျန်းမာရေးမှူးအိမ်သို့ ခေါ်သွားပြီး ဆေးကုပေးပါသည်။

သို့သော် မောင်ထွန်းအောင်ကလေးမှာ လုံးဝ အဖျားမကျဘဲ အခြေအနေမှာ ဆိုးသထက် ဆိုးဝါးလာသည်။ ဗိုလ်ကြီးစံမြင့်လည်း လွန်စွာ စိုးရိမ်ရကား. . . မအိပ်ဘဲ ထိုင်စောင့်နေခဲ့ပါသည်။ ထိုသို့ဖြင့် နံနက်လေးနာရီ ထိုးခဲ့လေပြီ။ ထိုအချိန်တွင် ဂယာမှ ရာဖဂြိုဟ်သို့ သွားမည့် ဂျစ်ကားတစ်စီး ရောက်လာပါသည်။

''မိတ်ဆွေ. . . ကျွန်တော်တို့ရွာမှာ ဆေးဝါးကလဲ မပြည့်စုံဘူး။ ဒီကလေးကို ဆေးကုဖို့ ဒီကားနဲ့ လိုက်သွားမှ ဖြစ်မယ်''

''ဆရာ ကောင်းသလိုသာ စီစဉ်ပါ''

ဗိုလ်ကြီးစံမြင့်မှာ မိမိကိုယ်ကို စစ်ဗိုလ်ဟု ပြောမထားဘဲ သာမန် အရပ်သားတစ်ဦးအဖြစ်သာ ပြောထားပါသည်။ အကြောင်းမှာ ထိုစဉ်က အိန္ဒိယတစ်နိုင်ငံလုံး အင်္ဂလိပ်အစိုးရကို မကျေနပ်သဖြင့် ကြိတ်၍ ဆူပူရန်ကြံစည်နေသောအချိန် ဖြစ်ပါသည်။ အင်္ဂလိပ်စစ်တပ်မှ စစ်ဗိုလ်ဟုသိလျှင် တော်လှန်ရေးတပ်သားများ၏ ဖမ်းဆီးခြင်းကို ခံရမည်စိုးသဖြင့် ဗိုလ်ကြီးစံမြင့်





မှာ သာမန်အရပ်သား ဟန်ဆောင်နေပါသည်။

ဂျစ်ကားကလေးသည် ဗိုလ်ကြီးစံမြင့်တို့ သားအဖနှင့် ကျန်းမာရေးမှူးကို တင်ဆောင်ကာ ထွက်လာခဲ့ပါသည်။

ထိုသို့သွားရင်း မကြာမီ အင်ဂျန်ဟုခေါ်သည့် ရွာကြီးတစ်ရွာသို့ ရောက်ခဲ့ပါသည်။

''ကားဆရာ. . . ရှေ့ကအိမ်ရှေ့မှာ ကားရပ်ပေးပါ''

ကျန်းမာရေးမှူးက ပြောသဖြင့် အိမ်ကြီးတစ်အိမ်ရှေ့တွင် ကားရပ်ပေးပါသည်။ ကျန်းမာရေးမှူးသည် ထိုအိမ်ရှေ့သို့ သွားပြီး ဤသို့ အော်ပြောလိုက်ပါသည်။

''ဆေးမှူး အာနန် ရှိပါသလား''

မကြာမီ အိမ်တွင်းမှ ခပ်ဝဝ အိန္ဒိယအမျိုးသားတစ်ဦး ထွက်လာပြီး ဂယာမှ ကျန်းမာရေးမှူးအား လှမ်းဖက်ကာ. . .။

''သူငယ်ချင်း မင်္ဂလာပါလား''

ဟု ပြောလိုက်ပါသည်။ ဤတွင် မောင်ထွန်းအောင်အကြောင်းပြောကာ ထိုဆေးမှူးအိမ်၌ ဝင်ရောက်ခဲ့ပါသည်။

''သူငယ်ချင်း. . . ဒီကလေးကို ကြည့်ပေးစမ်းပါ၊ ငါ့မှာ ဆေးဝါးလုံလုံလောက်လောက် မရှိတော့ ကောင်းကောင်းမကုနိုင်ဘူး''

''အေးပါကွာ. . . ဒီမှာက ရွာကြီးဆိုတော့ မင်းတို့ရွာ



www.burmeseclassic.com

www.burmeseclassic.com



ထက် ဆေးဝါးထောက်ပံ့မှု ပိုပြီး ပြည့်စုံတော့ ဆေးဝါးစုံပါတယ်။ ငါ အတတ်နိုင်ဆုံး ကုသပေးပါ့မယ်''

မောင်ထွန်းအောင်အား လူနာကုတင်ပေါ်တင်ကာ စမ်းသပ်စစ်ဆေးခဲ့ပါသည်။ ထို့နောက် ဆေးတစ်လုံး ထိုးပေးပြီး ခေတ္တစောင့်ကြည့်နေလိုက်ပါသည်။ မောင်ထွန်းအောင်ကလေးမှာ ဆေးထိုးလိုက်သည့်အတွက် အနည်းငယ် သက်သာလာပါသည်။

ထို့နောက် ဆေးပြားများ ထပ်မံ တိုက်ကျွေးပါသည်။

''သူငယ်ချင်း. . . မင်ဂျာ ဒီနေ့ညတစ်ည ဒီမှာအိပ်ပါ။ ငါ ကောင်းကောင်းကုပေးပါ့မယ်၊ မနက်အစောကြီးမှာ ရာဇဂြိုဟ်ကို ထွက်မယ့်ကားတွေ ရှိတယ်၊ အဲဒီကားနဲ့ လိုက်သွားပါ။ ဒါဆိုရင် ကလေးအသက်ကို ကယ်နိုင်လိမ့်မယ်''

''ကောင်းပါပြီ၊ ဒီညတစ်ည ဒီမှာအိပ်ပါ့မယ်''

ထိုညတွင် မောင်ထွန်းအောင်ကလေးကို ကျန်းမာရေးမှူးနှစ်ဦး ဝိုင်း၍ ကုသပေးခဲ့ပါသည်။ အင်ဂျန်ရွာမှာ ရွာကြီးဖြစ်ပြီး စီးပွားရေးကောင်းမွန်သည့် ရွာတစ်ရွာ ဖြစ်ပါသည်။ ရွာကြီးများကို အိန္ဒိယအစိုးရမှ ဆေးများ ထောက်ပံ့သကဲ့သို့ ရွာလူထုကလည်း သူတို့၏ အစီအစဉ်ဖြင့် ဤဆေးခန်း၌ ဆေးဝါးအပြည့်အစုံ ထားပေးသည့်အတွက် မောင်ထွန်းအောင်ကလေးကို ကောင်းစွာ ဆေးကုသနိုင်ခဲ့ပါသည်။





စေတနာမေတ္တာပါသည့် ဆေးမှူးနှစ်ဦး၏ ကြိုးစားကုသမှုကြောင့် မောင်ထွန်းအောင်ကလေး၏ အခြေအနေမှာ အတော်အတန် သက်သာလာခဲ့ပါသည်။ သို့သော် အဖျားကား တက်လိုက်ကျလိုက် ရှိနေသေးပါသည်။

မောင်ထွန်းအောင်ကလေးအား သေလူအဖြစ် ထားရာမှ အတော်အတန် သက်လာလာသဖြင့် ထိုကျန်းမာရေးမှူးနှစ်ဦး၏ အကူအညီဖြင့် ရာဇဂြိုဟ်သို့ ပြန်လာခဲ့ပါသည်။

ဗိုလ်ကြီးစံမြင့်၏စိတ်တွင် နောက်ဆုံးအနေဖြင့် ချစ်ဇနီး ထွေးထွေး၏ မျက်နှာကလေးကို အဝကြည့်လိုသည်။ ကံကြမ္မာက ရက်စက်လွန်းလှပါသည်။ ချစ်ဇနီး၏ မျက်နှာကလေးကိုမျှ အောင်မကြည့်လိုက်ရသလို ကောင်းမွန်စွာပင် မသင်္ဂြိုဟ်နိုင်ခဲ့ပေ။

ထွေးထွေးအား သွားရောက်သင်္ဂြိုဟ်နေမည်ဆိုပါက သားကလေး မောင်ထွန်းအောင်၏အသက်ကိုပင် ကယ်နိုင်မည် မဟုတ်ချေ။

အသက်ဝိညာဉ် ကင်းမဲ့သူ၏ အရေးထက် အသက်ရှိသေးသူ သားကလေး အသက်ပြန်ရှင်ရေးက အရေးကြီးပါသည်။ သားကလေး နေကောင်းလျှင် ဂယာသို့ တစ်ခေါက်ပြန်၍ ထွေးထွေး၏ မြေပုံကို ပြန်ကြည့်မည်ဟု စိတ်ကူးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် စစ်တပ်သို့ ပြန်အရောက်တွင် စစ်ဆရာဝန်နှင့် ဆက်လက်ကုသပေးခဲ့ရာ မောင်ထွန်းအောင်ကလေးမှာ အဖျား ကျသွားခဲ့ပါသည်။ ထိုစဉ် ဘုံဘေရှိ စစ်ရုံးချုပ်မှ အမိန့်တစ်ရပ် ရောက်ရှိလာခဲ့ပါသည်။ ဤသည်မှာ. . .။

ရာဇဂြိုဟ်၌ ရောက်ရှိနေသော ဘုံဘေတပ်ခွဲများ ယခု အမိန့်စာရလျှင်ရခြင်း ရုံးချုပ်သို့ အမြန်ပြန်ရမည်။

ပုံ

ဗိုလ်မှူးကြီးဂျွန်ဘရောင်း

စစ်ရေးစစ်ရာကား. . . အရေးကြီးပုံရပါသည်။ အမိန့်နှင့် အတူ စစ်ကားများ တန်းစီထားပါသည်။ စစ်မိန့်ဖြစ်၍ အထုပ် အပိုးများကို ချက်ချင်း ထုတ်ပိုးကာ စစ်ကားကြီးပေါ်သို့ တက်ရ ရပါသည်။ စစ်ကားတန်းကြီးသည် ချက်ချင်းပင် ဘုံဘေမြို့သို့ ရှေ့ရှုကာ ထွက်ခွာလာခဲ့ပါသည်။

ဗိုလ်ကြီးစံမြင့်၏စိတ်တွင် စစ်ရေးစစ်ရာ အခြေအနေ အပြောင်းအလဲတစ်ခုခု ရှိလိမ့်မည်ဟု မှန်းဆထားပါသည်။ လမ်း တစ်လျှောက်လုံး ရင်ခုန်စွာဖြင့် လိုက်ပါလာခဲ့ရပါသည်။

"ဒီလောက် အရေးတကြီး ခေါ်ပုံထောက်ရင် တစ်ခုခု





တော့ ထူးခြားနေပြီနဲ့တူတယ်"

စစ်ကားတန်းကြီးမှာ ဘုံဘေမြို့ရှိ စစ်ရုံးချုပ်သို့ ရောက် ရှိလာခဲ့ပါသည်။ ရောက်လျှင်ရောက်ချင်း ဗိုလ်မှူးကြီးဂျွန်ဘရောင်း ဆီသို့ အပြေးအလွှားသွားကာ ၎င်း၏ရှေ့တွင် သတိဆွဲကာ မတ်တပ်ရပ်ရင်း. . .။

"ကျွန်ုပ် ဗိုလ်ကြီးစံမြင့် ရောက်ရှိလာပြီ" ဟု အစီရင်ခံ ရသည့် အင်္ဂလိပ်စကားဖြင့် ပြောကြားလိုက်ပါသည်။

ဤတွင်၊ ဗိုလ်မှူးကြီးဂျွန်ဘရောင်းမှ. . .။

"ဗိုလ်ကြီးစံမြင့်. . . မြန်မာပြည်မှာ စစ်ရေးအခြေအနေ မကောင်းပါ၊ မြန်မာပြည်အတွင်းသို့ ဂျပန်စစ်တပ်များ မကြာမီ ဝင်ရောက်ရန် အခြေအနေရှိတယ်လို့ သတင်းရရှိတယ်၊ ဒါ့ကြောင့် ကျွန်ုပ် အပါအဝင် မြန်မာပြည်ကလာတဲ့ စစ်တပ်ဟာ မြန်မာ ပြည်ကို အမြန်ဆုံး ပြန်ရမယ်၊ အခုချက်ချင်း အသင့်ပြင်ပါ"

"ရက်(စ်)ဆာ"

ဗိုလ်ကြီးစံမြင့်မှာ ဗိုလ်မှူးကြီး ဂျွန်ဘရောင်းအား မိမိ၏ အဖြစ်ကို တင်ပြမည်ဟု စိတ်တွင် ကြံရွယ်ထားသော်လည်း ယခုမူ လူမှုရေးထက် စစ်ရေးမှာ အရေးကြီးနေသဖြင့် မည်သို့မျှ မပြောသာတော့ဘဲ ၎င်း၏ အမိန့်အရ မြန်မာပြည်သို့ပြန်ရန် အမြန်ဆုံး ပြင်ဆင်ခဲ့ရပါသည်။

''ထွေးရယ်. . .အစ်ကို ဘယ်လိုဖြေလို့မှ မပြေနိုင်ဘူး။ ထွေးဆီကို တစ်ခေါက်တောင် မရောက်နိုင်တော့ဘူး၊ အစ်ကို့ကို ခွင့်လွှတ်ပါ ထွေးရယ်''

ဗိုလ်ကြီးစံမြင့်သည် ချစ်လှစွာသော ချစ်ဇနီးထွေးထွေးကို အိန္ဒိယ၌ ထားရစ်ခဲ့ကာ မြန်မာပြည်သို့ ပြန်လာခဲ့ရပါသည်။ ဗိုလ်မှူးကြီးဂွန်ဘရောင်း ပြောသကဲ့သို့ပင် မြန်မာပြည်သို့ ပြန်ရောက်ပြီး မကြာမီ နေမျိုးနွယ်များ ဖြစ်ကြသည့် ဂျပန်စစ်တပ်များ မြန်မာပြည်ထဲသို့ ဝင်ရောက်လာခဲ့ပါသည်။

မြန်မာပြည်တွင် ဂျပန်စစ်တပ်နှင့် အင်္ဂလိပ်စစ်တပ်များ တိုက်ခိုက်ကာ စစ်ပွဲများ အကြီးအကျယ် ဖြစ်ပွားခဲ့ပါတော့သည်။ ထိုစစ်ပွဲတွင် အင်္ဂလိပ်များ အရေးနိမ့်ကာ အိန္ဒိယပြည်ဘက်သို့ ထွက်ပြေးခဲ့ရပါသည်။ ထိုအင်္ဂလိပ်တပ်များထဲတွင် ဗိုလ်မှူးကြီး ဂွန်ဘရောင်းတို့ စစ်တပ်လည်း ပါဝင်ပါသည်။

ဗိုလ်မှူးကြီးဂွန်ဘရောင်းသည် ဗိုလ်ကြီးစံမြင့်အား. . .။

''ကျွန်ုပ်တို့စစ်တပ်. . .အိန္ဒိယဘက်ကို ရှောင်တိမ်းရမယ် ဗိုလ်ကြီးစံမြင့်''

''ကျွန်တော် တစ်ခု တောင်းဆိုချင်ပါတယ်''

''ပြောပါ''

''ကျွန်တော် အိန္ဒိယဘက်ကို ပြန်မသွားလိုတော့ပါ။ အဟောင်းလဲ အသစ်မဖြစ်ချင်တော့ပါ။ ဒါကြောင့် ကျွန်တော့်အား စစ်တပ်မှ ထွက်ခွင့်ပြုပါ''

''ဗိုလ်ကြီးစံမြင့် စစ်တပ်ကထွက်မယ်ဆိုရင် ထွက်စာ တင်ပါ. . . ကျုပ်တို့မှာ အချိန်မရှိဘူး၊ အိန္ဒိယကို အမြန်ဆုံး သွားရမယ်''

''ရက်(စ်)ဆာ''

ဤသို့ဖြင့် ဗိုလ်ကြီးစံမြင့် တစ်ယောက် အင်္ဂလိပ်စစ်တပ်မှ ထွက်စာတင်ကာ အနားယူခဲ့ပါသည်။ ဤအချိန်မှစ၍ ဗိုလ်ကြီး စံမြင့်နှင့် မောင်ထွန်းအောင်တို့သားအဖသည် အဖေတစ်ခု သား တစ်ခုဘဝဖြင့် နေလာခဲ့ရာ ယခုအချိန်အထိ ဖြစ်ပါသည်။

မောင်ထွန်းအောင်သည် လှူဝီမိန်း သင်္ဘောကြီးကို စီး နင်း အတိတ်ပုံရိပ်ထဲမှ မေမေ့၏ ရုပ်သွင်ကို မှန်းကာ လွမ်းဆွတ် နေသမိပါသည်။ မောင်ထွန်းအောင်၏ အတွေးပုံရိပ်ထဲတွင် မီးဖွား ကာနီး မချိသောဝေဒနာကို ခံစားရင်းကပင် သားကလေး ကြောက် ညည်းမိ၍ ဖက်ထားခဲ့သည့် မေမေ၊ သွေးသံရဲရဲ ချွေးရွှဲရွှဲနှင့် ဝေဒနာ အလူးအလဲ ခံစားနေရသော မေမေ့၏ရုပ်သွင်ကို တရေးရေး ပြန်လည်မြင်ယောင်လာမိပါသည်။

ခါးသီးခဲ့သော အတိတ်ကို မတွေးချင်သော်လည်း အတွေးထဲသို့ ရောက်လာခဲ့ပါသည်။ မေမေ ခေါင်းချခဲ့သော







www.burmeseclassic.com

www.burmeseclassic.com



သည်နေရာတွင် သားကလေး မောင်ထွန်းအောင်အတွက် မည်သို့သော် ဆန်းကြယ်မှုများနှင့် ကြုံတွေ့ရလေမည်နည်းဟု တွေးတောရင်း လူဝီမိန်းသဘောကြီးနှင့် လိုက်ပါလာခဲ့ရပါတော့သည်။





အခန်း (၄)

“ကိုယ်ပွားရုပ်သွင်”

လူဝီမိန်းသဘောကြီးသည် ရန်ကုန်မှ ထွက်ပြီး တတိယ ... ဟူဂလီမြစ်ကမ်းရှိ ကာလကတ္တားမြို့သို့ ဆိုက်ရောက်လာ ...သည်။ ဖခင်ကြီး၏ မိတ်ဆွေဖြစ်သည့် မစ္စတာဒစ်ရှစ်က ...ပြီး ၎င်း၏အိမ်၌ ခေတ္တနေခဲ့ပါသည်။ ထို့နောက် ကာလကတ္တား ...တီတွင် ကျောင်းတက်ရန် အပ်ခဲ့ပါသည်။

ထိုအချိန်မှစ၍ ကိုထွန်းအောင်တစ်ယောက် ကာလကတ္တား ...တီ၏ ကျောင်းအိပ်ကျောင်းစား ဥပဒေကျောင်းသားတစ်ဦး ...သည်။ ကိုထွန်းအောင်သည် အားလပ်ရက်များတွင် ...ကတ္တားမြို့သို့ လျှောက်ကြည့်ခဲ့ပါသည်။

ကာလကတ္တားမြို့ကလေးသည် လူဦးရေ များပြားပြီး ...တွင် ရထားလုံးများ၊ လူဆွဲလန်ချားများ၊ ကားများဖြင့် ...ကြပါသည်။ အထူးသဖြင့် မြို့လည်ခေါင်တွင် ဓာတ် ... သွားလာနေသဖြင့် လူစည်ကားလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာလကတ္တားတွင် ချမ်းသာသူနှင့် ဆင်းရဲသူ နှိုင်း… လျှင် ဆင်းရဲသား များပါသည်။ အထူးသဖြင့် နေ့ဘက်… အလုပ်ကြမ်းလုပ်ရသူများသည် အိမ်ခြေယာခြေမဲ့များ ဖြစ်… ညဘက်တွင် လမ်းဘေး၌ ဖျာစုတ်ကလေးခင်းကာ အိပ်စက်… ရပါသည်။ တစ်ချို့မှာမူကာ ဂုံနီအိတ်ကို အမိုးလုပ်ကာ … ကျဉ်းကြပ်ကြပ်ထဲတွင် မိသားစု ဖြစ်သလို အိပ်ကြရပါသ… လူဦးရေကို ခြုံကြည့်ပါက ဆင်းရဲသားဦးရေ အလွန်ပေါမျာ… သည်။

ဆင်းရဲသားများလေလေ ညစ်ပတ်လေလေဆိုသ… စကားအတိုင်း အိမ်သာမရှိဘဲ လမ်းဘေးတွင် အညစ်အ… စွန့်ကြသည့်အတွက် လွန်စွာ ညစ်ပတ်လှပါသည်။ နံနက်… ဈေးသို့ စောစောသွားလျှင် မစင်ပုံများကို အထူးရှောင်ကွင်း… ရသည်မှာ တစ်ဒုက္ခပင်။

ဆင်းရဲသားအများစုမှာ တစ်နေကုန် လန်ချားဆွဲ… သည်။ ညနေရောက်သောအခါ အရက်မူးအောင် သောက်… လမ်းဘေး၌ ထိုးအိပ်ကြရသည့် ဆင်းရဲသား လူတန်းစားများ… မြင်ပြီး တရားကျမိသည်။ ထိုသူများ သေသောအခါ တိ… တစ်ကောင်ပမာ မြူနီစပါယ်က ကပ်နှင့်ထမ်းကာ သုသာန်… ပို့ပေးခဲ့သည်။ ဤသည်မှာ ကာလကတ္တားမှ ဆင်းရဲသားတ…





…ပင်။

ကာလကတ္တားတွင် မသွားမဖြစ် သွားရောက်ရမည့် …နေရာကား . . .။

Victorial memorail ခေါ် ဝိတိုရိယ ဘုရင်မကြီး အောက် …ဘွယ် အဆောက်အဦးကြီး ဖြစ်ပါသည်။

ထိုအဆောက်အဦး၏ရှေ့တွင် ဝိတိုရိယဘုရင်မကြီး ထိုင် …သည့်ပုံသဏ္ဍာန် ရုပ်လုံးကြီးကို တွေ့ရှိရပါသည်။ ထိုအဆောက် …ဦးထဲတွင် ဘုရင်မကြီး၏ အသုံးအဆောင်နှင့် နေထိုင်သည့် …ည်းများကို ပြခန်းသဖွယ် ပြသထားပါသည်။

ကာလကတ္တား ယူနီဗာစတီတွင် ဥပဒေပညာသင်ဖော် …င်ဖက် အတန်းဖော် ဆန်ဂျေးဆိုသူနှင့် ကိုထွန်းအောင် ရင်းနှီး …ပါသည်။

အားလပ်သောရက်တစ်ရက်တွင် ဆန်ဂျေးက ဤသို့ …ပြောခဲ့ပါသည်။

"မင်းကို တို့ကာလကတ္တားရဲ့ အံ့ဩဘွယ်ရာ ရက္ခဗေဒ …ဉယျာဉ်ကို လိုက်ပြမယ်"

"အံ့ဩဘွယ်ရာ ရက္ခဗေဒဉယျာဉ် ဟုတ်လား၊ လိုက် …ာပေါ့ကွာ"

ကိုထွန်းအောင်သည် ဆန်ဂျေးနှင့်အတူ ဟူဂလီမြစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်း၌ ရှိသော ဟောင်ရာဘက်သို့ ခရီးထွက်ခဲ့ပါသည်
မကြာမီ ဟောင်ရာတံတားပေါ်သို့ ဖြတ်သန်းခဲ့ပါသည်။

ဤတွင် ဆန်ဂျေးမှ. . .။

''ဒီဟောင်ရာကြိုးတံတားကြီးဟာ အရှေ့အာရှတိုက်
ကြီးမားတဲ့ တံတားတစ်ခုပါဘဲ၊ ဟောင်ရာမြို့ဟာ စက်မှုထွ
ကားတဲ့ နေရာတစ်ခုဘဲ''

ဆန်ဂျေးက ရှာခံလူဖြစ်သဖြင့် သူသိသမျှ ရှင်းပြ
သည်။

ထိုသို့သွားရင် မကြာမီ၌ Botanical Garden ဟု ဆို
ဘုတ်ရေးသားထားသည့် ရုက္ခဗေဒဥယျာဉ်ကြီးဆီသို့ ရောက်
သည်။ ထိုဥယျာဉ်ကြီးထဲသို့ ဝင်လိုက်သည်နှင့် စိမ်းစိုသေ
မြက်ခင်းများနှင့် ကြီးမားကျယ်ဝန်းလှသည့် ဥယျာဉ်ကြီး
ကြောင်း တွေ့ရှိရပါသည်။

''ထွန်းအောင်. . . မင်းကို နှစ်ပေါင်းငါးရာကျော်
ညောင်ပင်ကြီးဆီကို လိုက်ပြမယ်''

''အေး. . . အေး''

ဤကဲ့သို့ ပြောပြီး ညောင်ပင်ကြီးဆီသို့ ခေါ်သွားခဲ့
သည်။

''ဟာ. . . ညောင်ပင်ကြီးက တော်တော်ကြီးတာဘဲ''





ညောင်ပင်ကြီး၏သက်တမ်းမှာ နှစ်ပေါင်းများစွာ ကြာ
ပြီဖြစ်၍ အပင်ပွားများ ညောင်ထောက်ကိုင်းများနှင့် များစွာ
ပေါက်နေသဖြင့် ဘယ်ဟာပင်မ ဘယ်ဟာပင်ပွားဟူ၍ပင် မပြော
နိုင်အောင် ညောင်ပင်များစွာ တစ်ပင်နှင့်တစ်ပင် နွယ်ယှက်နေ
ပါသည်။ ထိုညောင်ပင်ကြီးများ၊ ညောင်ထောက်ကိုင်းများနှင့်
ညောင်မှတ်ဆိတ်များ ရှိသည့်ဧရိယာမှာ တစ်မိုင်နီးပါးခန့် ကျယ်ပြန့်
ပါသည်။

ထိုမှဆက်သွားရာ ဥယျာဉ်ကြီး၏ အလယ်တွင် ရေကန်
တစ်ကန် ရှိပါသည်။

''ထွန်းအောင်. . . ရေကန်ထဲကို လှမ်းကြည့်လိုက်စမ်း
ပါ''

''ဟာ. . . ကြာရွက်ကြီးတွေကလဲ အကြီးကြီးပါလား။
ဒီလောက်ကြီးတာ တစ်ခါမှ မမြင်ဖူးဘူး''

ကြာရွက်ကြီးများမှာ ဇကောထက် ကြီးမားပြီး ဘေးအနား
မှာ ဇကောကဲ့သို့ အနားလန်နေသည့် ပုံသဏ္ဍာန် ဖြစ်ပါသည်။

''ဆန်ဂျေး. . . မင်းတို့ ကြာတွေက တယ်ကြီးပါလား''

''ဟုတ်တယ်. . . ဒီကြာကို မဟာပဒုမ္မာကြာလို့ ခေါ်
တယ်၊ ကြာလင်ပန်းလို့လဲ ခေါ်တယ်၊ ဟောဟိုမှာ ကြာပန်းတွေ
ပွင့်နေတာ တွေ့လား''



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ်. . . ကြာပွင့်ကြီးတွေကလဲ ကြီးလိုက်တာ"

မှန်ပါသည်။ ကြာပွင့်တစ်ပွင့်မှာ ထမင်းစားပန်းကန်ထက်ပင် ကြီးလှပါသည်။ ကိုထွန်းအောင်သည် ထိုကြာပွင့်များကို မှတ်တမ်းတင်ရန် ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။

ထိုစဉ် ထိုကန်အနီးသို့ ဆာရီဝတ်အိန္ဒိယအမျိုးသမီးနှစ်ဦး ဖြတ်လျှောက်လာပါသည်။ တစ်ဦးက အဝါနုရောင်ဆာရီကို ဝတ်ဆင်ထားပြီး ၎င်းအဖော် အမျိုးသမီးမှာ အနီရောင်ဆာရီကို ဝတ်ဆင်ထားပါသည်။

ကိုထွန်းအောင်၏ ကင်မရာရိုက်ကွင်းအတွင်းသို့ တဖြည်းဖြည်း လှမ်းလျှောက်လာသည့် အိန္ဒိယပျိုဖြူနှစ်ဦး ဝင်လာသည်ကို တွေ့လိုက်ရပါသည်။

သူတို့နှစ်ဦးအနက် အဝါရောင်ဆာရီဝတ်စုံရှင်ကလေး၏ မျက်နှာမှာ လွန်စွာ လှပကြောင်း သတိထားလိုက်မိပါသည်။ သူမသည် ကိုထွန်းအောင်တို့ရှေ့မှ အိန္ဒြေရစွာ လျှောက်လာသည်။ ကိုထွန်းအောင်သည် ကင်မရာကြည့်ပေါက်မှ မခွာနိုင်အောင် ငေးစိုက်ကြည့်မိပါသည်။

ထိုစဉ် ဆန်ဂျေးမှ. . .။

"ဟေး. . . ရှာမီလာ"

ဟူ၍ လှမ်းခေါ်လိုက်ရာ ထိုမိန်းကလေးမှာ လမ်း





လျှောက်ရာမှ အသံလာရာဆီသို့ လှမ်းကြည့်ပြီး အပြုံးကလေးတစ်ချက်ဝင့်ကာ. . .။

"ဪ. . . ဆန်ဂျေးတို့ပါလား၊ အပန်းဖြေထွက်လာတာလား"

"ဟုတ်ပါတယ်၊ သူငယ်ချင်းက မရောက်ဖူးလို့ လိုက်ပြတာပါ"

"ရှာမီလာရော. . . အပန်းဖြေလာတာလား"

"မဟုတ်ပါဘူး. . . အလုပ်ကိစ္စလေး ရှိလို့ လာတာပါ"

"ဪ. . ဒါနဲ့ မိတ်ဆက်ပေးဦးမယ်၊ ဒီက သူငယ်ချင်းက မြန်မာပြည်က ဥပဒေပညာ လာသင်တဲ့ မစ္စတာထွန်းအောင်ပါ၊ သူကလည်း ဥပဒေကျောင်းသူ မစ္စရှာမီလာပါ"

ဆန်ဂျေးက နှစ်ယောက်စလုံးနှင့် မိတ်ဆက်ပေးလိုက်သည့်အတွက်. . .။

"တွေ့ရတာ ဝမ်းသာပါတယ်. . .မစ္စရှာမီလာ"

"တွေ့ရတာ ဝမ်းသာပါတယ်. . . မစ္စတာထွန်းအောင်"

ရှာမီလာနှင့် ကိုထွန်းအောင်တို့ နှစ်ဦးမှာ သိကျွမ်းမှုအထိမ်းအမှတ်အဖြစ် လက်ဆွဲနှုတ်ဆက်ခဲ့ပါသည်။

ထို့နောက် ၎င်းတို့လေးဦးသည် ရက္ခဗေဒဥယျာဉ်အတွင်းရှိ ခုံတန်းကလေး၌ ထိုင်ရင်း စကားစမြည် ပြောခဲ့ကြပါသည်။

www.burmeseclassic.com



"မစ္စရှာမီလာ. . . ဘယ်အခန်းမှာတက်တာလဲ"

"ကျွန်မက အေဘီဆောင်ဘက်မှာ တက်ပါတယ်"

"ကျွန်တော်တို့နှစ်ယောက်က အေစီဆောင်ဘက်မှာ အတက်များပါတယ်၊ ဒါကြောင့် ကျောင်းမှာ မတွေ့ဖြစ်ဘူးလို့ ထင်ပါတယ်"

"ကျွန်မကတော့ ကျောင်းမှာ ရှင့်ကို တွေ့ဖူးပါတယ် ဘာကြောင့်လဲဆိုတော့ တခြားကျောင်းသားတွေနဲ့ မတူဘဲ မြန်မာ ကျောင်းသား ဖြစ်နေလို့ပါဘဲ"

ကာလကတ္တား ယူနီဗာစတီတွင် အတန်းတူသော်လည်း ဥပဒေစာသင်ခန်း လေးငါးခန်းလောက်ရှိပြီး မိမိကြိုက်နှစ်သက်ရာ ကလပ်(စ်)ကို တက်ရောက်နိုင်ပါသည်။ ကိုထွန်းအောင်မှာ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း ယောကျ်ားပီသသည် ရုပ်ရည်ရှိသည့်အတွက် အိန္ဒိယအမျိုးသားများထဲ တမူထူးခြားကာ ထင်ပေါ်နေပါသည်။ အိန္ဒိယပျိုဖြူများမှာ ဆာရီဝတ်ထားသဖြင့် ဖြုန်းကနဲ ကြည့်လျှင် မည်သူမည်ဝါဟူ၍ မသဲကွဲချေ အားလုံး အတူတူလိုပင် ထင်ရပါသည်။

အပြန်တွင် ရှာမီလာတို့ပါ လိုက်ပါလာပြီး ဟောင်ရာ မြို့သို့အရောက်တွင် . . .။

"ကျွန်မတို့ ဒီနားမှာ ဆင်းပါမယ်. . . ကျေးဇူးတင်ပါ





တယ်"

ချိုအေးသော အသံလေးဖြင့် နှုတ်ဆက်ကာ ဆင်းသွား ပါသည်။

ကိုထွန်းအောင်မှာ ရှာမီလာ ဆင်းသွားသည့် နိမ့်လျော လမ်းကလေးကို လှမ်း၍ကြည့်နေမိပါသည်။ ဤတွင် ဆွန်ဂျေးမှ. . .။

"ဘယ်လိုလဲ. . . ခင်ဗျားရဲ့ အသည်းနှလုံးတွေ ရှာမီလာ ဆီ ပါသွားပြီနဲ့တူတယ်"

ဟူ၍ လှမ်းနောက်လိုက်ပါသည်။

ကိုထွန်းအောင်မှာ ပြုံးလျက်. . .၊

"ဖြစ်နိုင်ပါတယ်. . . အိန္ဒိယကကောင်မလေးတွေ ချော တယ်ဆိုတာ ရှာမီလာနဲ့တွေ့မှ ယုံတော့တယ်"

"ဟုတ်တယ်. . . ခင်ဗျားကသာ မသိတာ၊ ရှာမီလာကို ကျောင်းသားတွေက၊ အလှဘုရင်မဘွဲ့ ပေးထားတာ"

"သြော်. . . ဒီလိုလား၊ ဒါကြောင့် တော်တော်ချောတာ ကိုး"

"ရှာမီလာက ချောလည်းချောတယ်၊ အိန္ဒြေလည်း ရှိ တယ်၊ သူ့ကို ပိုးပန်းကြတဲ့ ယောကျ်ားလေးတွေကို တစ်ယောက် မှ ချစ်ခွင့်မပေးသေးဘူး"

"ဒါဆို. . . အဲဒီယောကျ်ားလေးတွေထဲမှာ ဆွန်ဂျေးရော



www.burmeseclassic.com

www.burmeseclassic.com



ပါသေးလား''

''မပါပါဘူး. . . ရှေ့ဆုံးကပါဆိုသလို ဖြစ်နေပြီပေါ့ဗျာ''

''ဟား. . . ဟား. . . ဟား''

ပျော်ရွှင်စွာ ရယ်မောခဲ့ပါသည်။

ထို့နောက် ကိုထွန်းအောင်အား အဆောင်သို့ ပြန်ပို့ပေးခဲ့ပါသည်။ ကိုထွန်းအောင်သည် အဆောင်ရှိ ကုတင်ပေါ်သို့ လှဲချလိုက်ပါသည်။ ဇာခြင်ထောင် ဖြူဖြူဖွေးဖွေးတွင် ရာမီလာ၏ မျက်နှာကလေး ပေါ်လာပါသည်။ ကိုထွန်းအောင်၏ ရင်တွင် အကြိမ်ကြိမ် ရင်ခုန်သွားပါသည်။ စိတ်ထဲတွင် နွမ်းလျသွားသကဲ့သို့ ခံစားရပါသည်။

သူမ၏ မျက်နှာကလေးမှာ အရယ်အပြုံး မရှိဘဲ တည်ကြည်လှပေသည်။ သူမကို ဆန်ဂျေးက အိန္ဒြေရှိသည်ဟု ဆိုသည်။ ကိုထွန်းအောင်၏အမြင်၌ သူမ၏မျက်နှာကလေးတွင် အဆွေးရိပ်ကလေးတစ်ခု ယှက်သန်းနေသည်ဟု ထင်မိသည်။

နံနက်စောစော ဆန်ဂျေး တစ်ယောက် ရောက်လာခဲ့ပါသည်။

''ထွန်းအောင်ရေ. . . ဒီနေ့တော့ အောဘီကာလပ်(စ်)ကိုဘဲ တက်မယ်''

''ရာမီလာနဲ့ တွေ့ချင်လို့ မဟုတ်လား''





''သိပ်ဟုတ်တာပေါ့ကွာ''

ထွန်းအောင်နှင့် ဆန်ဂျေးတို့နှစ်ဦးသား အောဘီကာလပ်(စ်)၏ နောက်ဆုံးတန်း၌ ဝင်ထိုင်ခဲ့ကြပါသည်။ ဘဲ(လ်)မတီးခင် ရာမီလာတစ်ယောက် ရွှေ့ရွှေ့ကလေး လှမ်းလာခဲ့သည်။

ထို့နောက် လွတ်နေသော ရှေ့တန်းထိုင်ခုံတွင် ဝင်ထိုင်ခဲ့သည်။

မကြာမီ ဆရာ ရောက်လာပြီး စာသင်သည်။

သည်နေ့အဖို့ စိတ်လှုပ်ရှားနေ၍လားမသိ။ ဆရာစာသင်သည်ကို စိတ်မဝင်စားနိုင်အောင် ဖြစ်ခဲ့ရပါသည်။ စာသင်ချိန်ပြီးသောအခါ ဆန်ဂျေးက ရာမီလာကို သွား၍နှုတ်ဆက်လိုက်ပါသည်။

''ရာမီလာ''

''ဆန်ဂျေးပါလား''

''ဟုတ်တယ်. . ထွန်းအောင်လဲ ပါတယ်၊ ငါတို့ကင်တင်းသွားရအောင်''

၎င်းတို့သုံးဦးသား ကင်တင်း၌ လက်ဖက်ရည်အတူသောက်ဖြစ်ခဲ့ပါသည်။

''မစ္စတာထွန်းအောင်က မြန်မာပြည်ကနော်''

''ဟုတ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မမိဘနှစ်ပါးက မြန်မာပြည်ကို ရောက်ဖူးတယ်၊ အလွန်သာယာတယ်လို့ ပြောဖူးတယ်''

''ဟုတ်ပါတယ်. . . မြန်မာပြည်မှာ လှပတဲ့ ရှုခင်းတွေ ပေါသလို သာယာလှပပါတယ်၊ အခုရော မိဘတွေနဲ့အတူ နေတာလား''

''မဟုတ်ပါဘူး. . . မိဘနှစ်ပါးစလုံး ကွယ်လွန်သွားပါပြီ''

''မေးမိတာ စိတ်မကောင်းပါဘူး ရှာမီလာ''

''ရပါတယ်. . . ကိစ္စမရှိပါဘူး မစ္စတာထွန်းအောင်''

ထိုသို့ဖြင့် ရှာမီလာနှင့် ရင်းနှီးခဲ့ပါသည်။

ရှာမီလာမှာ ကျောင်းစာကို လွန်စွာ ကြိုးစားသူတစ်ဦး ဖြစ်ပြီး စာအလွန်တော်ပါသည်။

ထိုနေ့က. . .။

ဆန်ဂျေး ကျောင်းမတက်သဖြင့် ၎င်းတို့နှစ်ဦး ကင်တင်းတွင် လက်ဖက်ရည်သောက်ရင်း စကားပြောဖြစ်ခဲ့ပါသည်။

''ရှာမီလာဟာ စာကို တော်တော်ကြိုးစားတယ်နော်''

''မကြိုးစားလို့ မဖြစ်ဘူး၊ ကျွန်မ ဥပဒေပညာရှင်ဖြစ်မှ ဖြစ်မယ်''

''အကြောင်းတစ်ခုခု ရှိလို့လား''





''ဟုတ်ပါတယ်. . . ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ...ပါ၊ တစ်နေ့ကျရင် ကျွန်မ ပြောခွင့်ကြုံမှာပါ. . . ဩော် ...့ မစ္စတာထွန်းအောင်ဟာ ရှေးဟောင်းပြတိုက်ကြီးကို ရောက် ...ပြီလား''

သူမက စကားလမ်းကြောင်း လွှဲလိုက်ပါသည်။

ကိုထွန်းအောင်မှာ ရှေးဟောင်းပြတိုက်ကြီးသို့ တစ်ခါမျှ ...ောက်ဖူးသည့်အတွက်. . .။

''ကျွန်တော်. . . ရှေးဟောင်းပြတိုက်ကြီးကို မရောက်ဖူး ...ဘူး''

''ဒါဆိုရင်. . . ကျွန်မ လိုက်ပို့ပေးပါ့မယ်၊ အဲဒီရောက် ...ရှင် အံ့သြသွားလိမ့်မယ်''

''ကောင်းပါပြီ''

ကိုထွန်းအောင်နှင့် ရှာမီလာတို့နှစ်ဦးသား ထိုပြတိုက် ...သို့ သွားရောက်ခဲ့ပါသည်။

မကြာမီ ရှေးဟောင်းပြတိုက်ကြီးဆီသို့ ရောက်ရှိခဲ့ပါ ...။ ထိုပြတိုက်ကြီးကား ခန့်ညားထည်ဝါလှပါသည်။

ထိုပြတိုက်ကြီးထဲသို့ ရောက်သောအခါ. . .။

ကိုထွန်းအောင် တစ်ယောက် လွန်စွာ အံ့သြခဲ့ပါသည်။ အဘယ့်ကြောင့် အံ့သြခြင်းကြီးစွာဖြစ်ရသနည်းဆိုရသော်

www.burmeseclassic.com

မှု…။

ကိုထွန်းအောင်…ပြတိုက်တွင် တွေ့ရသည့် အရာများမှာ…။

ပထမဦးစွာ မြန်မာပြည်မှ ပြုလုပ်သည့် ယွန်းထမင်းအုပ်ကြီးများပင် ဖြစ်ပါသည်။

"ဟင်…ဒါ ငါတို့မြန်မာပြည်က ယွန်းထမင်းအုပ်ကြီးတွေဘဲ"

"ဟုတ်တယ်…ထမင်းအုပ်တွေ့လို့ ရှင် အံ့သြသွားသလား၊ ရှေ့ကိုဆက်ကြည့်ပါဦး"

ကိုထွန်းအောင်သည် ရှေ့သို့ဆက်၍ ကြည့်လိုက်ရာ…

သီပေါမင်း၏ အသုံးအဆောင်များဟု စာတမ်းထိုးထားသည့် ပစ္စည်းများ ဖြစ်ပါသည်။

"ဟင်…သီပေါမင်းရဲ့ အသုံးအဆောင်တွေပါလား"

ထို့အပြင် မြန်မာနန်းတွင်ဝတ်စုံများ၊ မှူးကြီးမတ်ကြီးတို့၏ ဝတ်စုံများကို တွေ့ရသောအခါ စိတ်ထဲတွင် ဝမ်းနည်းသလိုလို ဖြစ်မိပါသည်။

"ဒါတွေဟာ တို့မြန်မာတွေရဲ့ ပစ္စည်းတွေဘဲ၊ တကယ်တော့ ဒီပစ္စည်းတွေဟာ မြန်မာပြည်မှာဘဲ ရှိရမယ့် ပစ္စည်းတွေဘဲ၊ ဒါပေမယ့် တို့မြန်မာတွေဟာ နယ်ချဲ့ရဲ့ လက်အောက်ကို





ကျရောက်ခဲ့ရပြီဆိုတော့ သူတို့လိုချင်တာ ယူတာ မဆန်းပါဘူး"

"ရှင် စိတ်မကောင်း ဖြစ်သွားလား၊ မြန်မာတွေနဲ့ ပတ်သက်တဲ့ ပစ္စည်းမို့ တစ်မျိုးတော့ ဖြစ်မိတယ်"

"ရှင့်ကို ပြစရာရှိသေးတယ်၊ ဒီပြတိုက်ကြီးရဲ့ အောက်ထပ်ကို သွားရအောင်"

"သွားကြမယ်"

ကိုထွန်းအောင်နှင့် ရှာမီလာတို့နှစ်ဦး ရှေးဟောင်းပြတိုက်ကြီး၏ အောက်ဆုံးထပ်သို့ ဆင်းလာခဲ့ကြပါသည်။

အောက်ဆုံးထပ်တွင် တွေ့လိုက်ရသည့် အရာကား ပို၍ အံ့သြသွားပါသည်။

"ဟာ…အီဂျစ်က မံမီရုပ်အလောင်းကောင်ကြီးပါလား"

"ဟုတ်ပါတယ်…ဒီရုပ်အလောင်းကောင်ဟာ အီဂျစ်က ယူဆောင်လာခဲ့တာ ဖြစ်တယ်"

ကိုထွန်းအောင်သည် ထိုမံမီရုပ်အလောင်းကို သေချာစွာ ကြည့်မိပါသည်။ မပုပ်မသိုးဘဲ ပကတိ အိပ်ပျော်နေသည့်နှယ် တွေ့ရပါသည်။

"ဒါဟာ လွန်ခဲ့တဲ့ ရှေးနှစ်ပေါင်း (၃၀၀၀)ကျော်က သေးစိမ်ထားတဲ့ မံမီရုပ်အလောင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အီဂျစ်ပြည်ကနေ ဘယ်လိုများ ယူဆောင်လာသ
မပြောတတ်ဘူး"

ကိုထွန်းအောင်က မံမီရုပ်အလောင်းကို ကြည့်ရင်
၍သို့ပြောလိုက်မိပါသည်။

"ဟုတ်ပါတယ်း . . လူ့ဘဝဆိုတာ ဆန်းကြယ်တယ်
နော်၊ အီဂျစ်မှာသေပြီး ခန္ဓာကိုယ်က အိန္ဒိယမှာ ရောက်နေတယ်
သူ့ရဲ့ဝိညာဉ်က ဘယ်ရောက်နေလဲ မသိဘူးနော်"

"ဟုတ်တာပေါ့. . . ကျွန်တော်တို့လဲ သေပြီးနောက်ဘ
ကို ဘယ်ပြောနိုင်မလဲ"

"တကယ်တော့ ကျွန်မရဲ့ မိခင်လဲ ဒီမံမီရုပ်လိုဘဲ အိန္ဒိ
မှာ ကြီးပြင်းခဲ့တဲ့ အိန္ဒိယနွယ်ဖွားတစ်ဦး ဖြစ်ပေမယ့် နီပေါနိုင်ငံ
ခေတ္တသွားရင်း ဟိုမှာ ကွယ်လွန်ခဲ့တယ်"

ရှာမီလာက ခပ်ဆွေးဆွေးကလေး ပြောပြပါသည်။

ရှာမီလာ၏စကားကို ကြားရသောအခါ ကိုထွန်းအော
ကလည်း သူ၏မိခင်ကြီးအကြောင်းကို ပြောပြလိုက်ချင်သည်
သို့သော် ရှာမီလာ၏ ရီဝေနေသော ပုံရိပ်ကြောင့် သူ့အတွေးနှ
သူ ရှိပါစေတော့ဟု အောက်မေ့ကာ မပြောဖြစ်ခဲ့ပေ။

သို့သော်လည်း အကြောင်းတိုက်ဆိုင်လာသည့်အတွ
ငှင်း၏ မေမေ့ကို သတိရမိသည်။ ရှာမီလာကိုလည်း. . .။



"ခင်ဗျားအမေတောင် ဒီလိုအဖြစ်အပျက်မျိုး ဖြစ်ခဲ့တာ
ဟုတ်ပါဘူး၊ ကျွန်တော့်အမေလည်း မြန်မာပြည်မှာမွေးပြီး ဒီ
အိန္ဒိယမှာ ခေါင်းချခဲ့တာဗျ"

ဟူ၍ ပြောလိုက်ချင်ပါသည်။ သို့သော်လည်း ထိုစကား
အပြင်သို့ထွက်မလာပဲ ပျောက်ကွယ်သွားခဲ့ပါသည်။ ရှာမီလာ
ရော ကိုထွန်းအောင်ပါ အတွေးကိုယ်စီဖြင့် စကားမပြောဘဲ
ဆိုနေရာ၌ အတန်ကြာအောင် ရပ်နေမိပါသည်။

ပထမဦးဆုံး သတိရလာသူက ရှာမီလာ. . .။

"မစ္စတာထွန်းအောင် ဘာတွေတွေးနေတာလဲ"

"ဘာမှမဟုတ်ပါဘူး"

"အီဂျစ်ရဲ့ ဆေးရည်စိမ်အဆင့်အတန်းကို ဘယ်သူမှ
လိုက်နိုင်သေးဘူးနော်၊ ကမ္ဘာပေါ်မှာ သူဟာ ပထမပါဘဲ"

"ဟုတ်ပါတယ် ရှာမီလာ. . . ကျွန်တော့်အမြင်ကိုပြော
ရင် ကွယ်လွန်သွားတဲ့သူတွေကို အေးချမ်းစွာ အိပ်စက်အနား
ယူစေချင်တယ်၊ ဒီလိုပြတိုက်မှာထားပြီး သူတို့ကို မအေးချမ်းမှု
တွေကို မပေးချင်ဘူး"

"မစ္စတာထွန်းအောင် ပြောသလိုဘဲ ရှာမီလာလဲ သေ
ဆုံးသွားတဲ့လူတွေကို အေးချမ်းမှုဘဲ ပေးချင်ပါတယ်၊ အနှောင့်
အယှက် မဖြစ်စေချင်ဘူး၊ ဒီလိုဘဲ တစ်ချို့မံမီရုပ်တွေမှာလဲ



www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ်တဲ့ အကြောင်းပေါင်းနဲ့ ပြည့်နှက်နေတယ် ယက်ပုရောဟိတ်မရဲ့ မံမီရုပ်ဟာ ကျိန်စာတိုက်ခဲ့တဲ့ မံမီရုပ်လို့ တောင် ပြောကြတယ်၊ သူ့မံမီရုပ်ကို ဓာတ်ပုံရိုက်တဲ့အခါမှာ အပြင်ကတွေ့ရတဲ့ မံမီရုပ်နဲ့ မတူဘဲ အလွန်စိတ်ဆိုးနေတဲ့ ထွက်လာတယ်၊ အလောင်းသယ်တဲ့လူတွေလဲ ရောဂါဖြစ်တဲ့သူက ဖြစ်၊ ဒဏ်ရာရတဲ့သူက ဒဏ်ရာရတယ်၊ သူ့မျက်နှာကြည့်မိတဲ့ လူတစ်ချို့ အသက်ဆုံးပါးကြတယ်၊ အဲဒါကို တိုက်ဆိုင်မှုလို့ ခေါ်ရမလား၊ ကျိန်စာသင့်တယ်လို့ ခေါ်ရမလား မပြောတတ် ဘူး''

''ဟုတ်ပါတယ်. . . ရှေးဟောင်းက လူတွေရဲ့ ပညာရပ် ကို ကျွန်တော်တို့ အခုအထိ လိုက်မမှီတဲ့အရာတွေ အများကြီး ရှိတယ်''

''ကဲ. . . တော်တော်လဲ အချိန်ကြာသွားပြီ၊ ကျွန်မတို့ ပြန်ကြပါစို့''

''ကောင်းပါပြီ''

ထိုမှ အပြန်တွင် ပန်းခြံတစ်ခုသို့ ရောက်ခဲ့ပါသည်။ ထိုပန်းခြံထဲတွင် မြန်မာတို့၏ အသွင်အပြင်ဖြင့် ဇရပ်ကဲ့သို့သော အဆောင်လေးတစ်ခုကို တွေ့လိုက်ရပါသည်။

မြန်မာ့အနုပညာဇရပ်ဆောင်ကလေးကို တွေ့ရသဖြင့်





ကိုထွန်းအောင်မှာ ဝပ်၍ အံ့ဩမိပါသည်။

''မစ္စတာထွန်းအောင်၊ မြန်မာ့ဇရပ်ဆောင်လေးကို တွေ့ ရို့ အံ့ဩသွားလား၊ ရှေးခေတ်က မြန်မာတွေလာတဲ့အခါမှာ ဒီမှာ တည်းခိုတယ်လို့ ပြောတယ်၊ သီပေါမင်းကို ဖမ်းလာတုန်း လည်း ဒီမှာ ခေတ္တတည်းဖူးတယ်လို့ ပြောကြတယ်၊ ဒါ့ကြောင့် ထိမ်းအမှတ် ဇရပ်ကလေး ဆောက်ထားတယ်လို့ လူကြီးတွေ ပြောစကား မှတ်သားရဖူးတယ်''

''အင်းပေါ့လေ. . . ကျွန်တော်တို့မြန်မာတွေရဲ့ အငွေ့ သက်ကို တွေ့ရတာ စိတ်ထဲမှာ ချမ်းမြေ့ပါတယ်''

(မှတ်ချက်။ ။ ယခုအခါ ထိုဇရပ်ကလေးကို ပြန် င်ထားပါသည်။ ထိုပန်းခြံကို အိဒင်ပန်းခြံဟုခေါ်ပြီး မြန်မာမှု က်ရာများဖြင့် လှပစွာ ပြန်လည်ပြုပြင်ထားပါသည်။)

ထိုနေရာမှ ကိုထွန်းအောင်တို့နှစ်ဦး လမ်းခွဲပြန်ခဲ့ကြပါသည်။

''ဩော်. . . ပဟေဠိဆန်တဲ့ မိန်းကလေးတစ်ဦးပါလား''

ကိုထွန်းအောင်သည် ရှာမီလာကို ခင်မင်မိသည်။ ထို့ နောက် သူမ၏ဘဝကို စိတ်ဝင်စားမိပါသည်။ လျှို့ဝှက်နိုင်လွန်း သည့် သူမဘဝ၌ တစ်ခုခုသော နာကျင်မှုများစွာ ရှိနေလိမ့်မည် ဟု ထင်ခဲ့မိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ရှာမီလာနှင့် ခင်မင့်ရင်းနှီးစွာနေရင်း စာသ
နှစ်တစ်နှစ်ပြည့်ကာ ပထမနှစ်စာမေးပွဲကို ဖြေဆိုခဲ့ရပါသည်
စာကြိုးစားကြသည့် သူငယ်ချင်းသုံးဦးစလုံး ကောင်းစွာ ဖြေဆို
ခဲ့ပါသည်။ စာမေးပွဲဖြေပြီးနောက် နွေကျောင်းပိတ်ရက်အခြ
ကျောင်းများ ခေတ္တပိတ်ခဲ့ပါသည်။

ကိုထွန်းအောင်သည် မြန်မာပြည်တွင်း အခြေအနေ
ရှုပ်ထွေးနေသည့်အချိန်ဖြစ်၍ ကျောင်းပိတ်ရက်အတွင်း အိန္ဒိယ
သာ နေလိုက်ပါသည်။ ထိုအချိန်တွင် အဆောင်များလည်း ပိတ်
ထားသဖြင့် သူငယ်ချင်းဖြစ်သူ ဆန်ဂျေး၏အိမ်၌ လိုက်နေခဲ့
သည်။

ဆန်ဂျေး၏အိမ်သည် ဆင်းရဲသားရပ်ကွက်ရှိ လမ်းတ
လမ်း၌ တည်ရှိပြီး နှစ်ထပ်အိမ်အမျိုးအစား ဖြစ်ပါသည်။ ထို
ရာတွင် နှစ်ထပ်အိမ် ဆယ်လုံးခန့် တန်းစီဆောက်ထားပြီး ကျ
အိမ်များမှာ တစ်ထပ်အိမ်ကလေးများ၊ တဲသာသာအိမ်ကလေ
များဖြင့် စုပေါင်းနေကြပါသည်။

ဤရပ်ကွက်ကလေးမှာ ဆင်းရဲသားရပ်ကွက်ပီပီ မိုး
ကလေးများသည် နံနက်မိုးလင်းလာသည်နှင့် တစ်ပြိုင်နက် နွား
ချေးများကို လက်ဖြင့် အပြားသဏ္ဍာန်ပြုလုပ်ပြီး အိမ်နံရံများတွ
လိုက်၍ကပ်ရပါသည်။ ကိုထွန်းအောင်၏စိတ်ကွင် နွားချေးပြာ





နွားကို ဘာလုပ်သနည်းဟု သိချင်သဖြင့်...။

''ဆန်ဂျေး...ဒီနွားချေးပြားတွေက ဘာလုပ်ဖို့လဲ''

''ဩော်...ဒါလား၊ နွားချေးပြားတွေက လောင်စာ
အတွက် အသုံးပြုတာလေ၊ ဒါတွေက မိုးတွင်းအတွက်ပါ လုပ်
ထားတာပါ''

ကိုထွန်းအောင်သည် ဆင်းရဲသားရပ်ကွက်အတွင်းရှိ
လူများကို လိုက်ကြည့်မိသည်။ အားလုံး အလုပ်ရှုပ်နေကြပါသည်။
အလုပ်နှင့်လက် ပြတ်သည်ဟူ၍ မရှိပေ။ အမျိုးသမီးများကလည်း
ကလေးတစ်ဖက်နှင့် မောင်းထောင်းဆန်ပြာသူပြာ၊ အဝတ်လျှော်
သူလျှော် စသည်ဖြင့် ထိုရပ်ကွက်အတွင်း အလုပ်ရှုပ်နေသည်ကို
တွေ့ရှိရပါသည်။

နံနက်လေးနာရီလောက်ကတည်းက ဆူညံနေပါသည်။
လန်ခြားဆွဲသူများလည်း စတင် လန်ခြားဆွဲသလို၊ ဈေးသည်များ
လည်း ဈေးရောင်းဖို့ ပြင်ဆင်နေသဖြင့် ကားသံလူသံတို့ဖြင့်
ပွက်ပွက်ညံနေပါသည်။

အမှန်တော့ လူနေမှုအဆင့်နိမ့်သည့် ရပ်ကွက်တွင်
ဆန်ဂျေးတို့အိမ်မှာ အကောင်းစားဖြစ်ပြီး ဆန်ဂျေး၏ မိဘများက
ဈေးထဲတွင် ကုန်စုံဆိုင်ကြီး ဖွင့်ထားသဖြင့် လူကုံထံ အဆင့်ရှိ
ပါသည်။ အိမ်နှင့်ဈေးမှာ မဝေးလှသည့်အလျောက် ဈေးသွား



www.burmeseclassic.com

www.burmeseclassic.com



ဈေးပြန်များက သည့်လမ်းမှ သွားကြသဖြင့် အိမ်ရှေ့လမ်း အမြဲစည်ကားလျက်ရှိပါသည်။

နံနက်(၇)နာရီခန့်တွင် ကိုထွန်းအောင်နှင့် ဆန်ဂျေး ဈေးသွားကာ လက်ဖက်ရည်သောက်နေကျ။

ယနေ့နံနက်တွင် လက်ဖက်ရည်သောက်ရန် အိမ်မှ အတူတူထွက်လာစဉ် ဆန်ဂျေးမှ. . .။

''ဟာ. . .ငါ့သော့ကျန်ခဲ့ပြီ''

''သော့ကျန်ရင် ပြန်ယူပေါ့ကွာ''

''အေး. . .ဒါဆို မင်း ဒီနားမှာ ခဏစောင့်၊ ငါ သော့ ပြန်ယူလိုက်ဦးမယ်''

''အေး. . .ဒီနားက စောင့်မယ်''

ပြောပြောဆိုဆို ဆန်ဂျေးမှာ အိမ်သို့ ပြန်သွားပါသည်။ အိမ်နှင့် ထိုနေရာမှာ မဝေးလှသဖြင့် လမ်းဘေးရှိ သစ်ပင်ကြီး ကို မှီလျက် ကိုထွန်းအောင် စောင့်နေခဲ့ပါသည်။

ဈေးသွားဈေးလာများသည် ကိုထွန်းအောင်၏ရှေ့မှ ဥဒဟို ဖြတ်သန်းသွားလာနေကြပါသည်။ ကိုထွန်းအောင်ကလည်း အမှတ်မထင် ငေးမိငေးရာ ငေးကြည့်နေမိပါသည်။

ထိုစဉ် ဆံရှည်ပြောင်ပြောင်လက်လက် ဝတ်ဆင်ထားပြီး မျက်နှာတွင် အစွမ်းကုန်လိမ်းချယ်ထားသည့် အမျိုးသမီးတစ်ဦး





သည် ဟန်နှင့်ပန်နှင့် လမ်းလျှောက်လာသည်ကို တွေ့ရပါသည်။ သူမကိုကြည့်ရသည်မှာ ကချေသည်နှင့် တူသည်ဟု စိတ်တွင် ထင်မှတ်မိပါသည်။ ကိုထွန်းအောင်သာ မဟုတ် အခြား လမ်းသွား လမ်းလာလူများကလည်း သူမကို ငေးကြည့်နေကြပါသည်။ တစ်ချို့ကလည်း သူမကို ကြည့်ပြီး တီးတိုးစကား ပြောနေကြ ပါသည်။

ကိုထွန်းအောင်လည်း အများနည်းတူ ထိုအမျိုးသမီးကို မသိမသာ ကြည့်လိုက်ပါသည်။ ထိုအမျိုးသမီးမှာ အခြားသူများ က ဝိုင်းကြည့်နေသဖြင့် ပို၍ ဟန်လုပ်ကာ လျှောက်နေပါသည်။

အမှုပိုသည့် အမျိုးသမီးဖြစ်၍ မကြည့်ချင်သဖြင့် မျက်နှာ လွှဲ၍ နောက်ဖက်သို့ ကြည့်လိုက်မိပါသည်။ ကြည့်စဉ်က အမှတ် တမဲ့. . .။

ရည်ရွယ်ချက်မဲ့အကြည့်ဖြင့် ကြည့်စဉ် ဘာရီအဖြူ ခပ် နွမ်းနွမ်းကလေး ဝတ်ဆင်ထားပြီး ခေါင်းမြီးမဖြီးထားသော ကောင်မလေးတစ်ယောက်ကို တွေ့ရှိရပါသည်။ သူမ၏ ဆံပင် များကို ဖြန့်ချထားရာ ဆံပင်ရှည်များမှာ ခြေသလုံးနားထိအောင် ရောက်နေပါသည်။ ဆံကေသာကောင်းခြင်းနှင့် ပြည့်စုံလှပေ သည်။ ထိုမိန်းကလေး၏ မျက်နှာကလေးကို အမှတ်မထင် ကြည့် လိုက်ရာ ကမ္ဘာကြီးတစ်ခုလုံး ပတ်ချာလည်သကဲ့သို့ ခံသားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။

"ဘုရား . . . ဘုရား . . . ငါ့အမေမျှားလား"

ကိုထွန်းအောင်၏ အမေနှင့် လွန်စွာတူသည့် ရုပ်ရည် ဖြစ်နေသဖြင့် ကိုထွန်းအောင်တစ်ယောက် လွန်စွာ အံ့သြသွား ပါသည်။ ချက်ချင်း စဉ်းစားမိပါသည်။

"ဟယ် . . . မဖြစ်နိုင်ပါဘူး၊ ငါ့အမေ သေတာဘဲ ဆယ့် ရှစ်နှစ် ကျော်ပြီ၊ သူက ငယ်ငယ်ကလေးဘဲ ရှိသေးတာ"

ထိုသို့တွေးနေစဉ် ထိုကောင်မလေးက သူ့ကို ကျော်ဖြတ် သွားသည်။ ကိုထွန်းအောင်သည် ထိုကောင်မလေးသွားရာဆီသို့ ငေးမောကြည့်နေစဉ် . . .။

"ဟေ့လူ . . . ဘာတွေငေးနေတာလဲ"

ဟူ၍ ပြောပြောဆိုဆို ပုခုံးကို ပုတ်လိုက်ရာ ကိုထွန်း အောင်ပင် လန့်သွားပါသည်။

"ဘာမှမဟုတ်ပါဘူး . . . မင်း မလာသေးလို့ စောင့်ရင်း ကြည့်မိကြည့်ရာ ကြည့်နေတာပါ"

"ကဲပါ . . . ကြည့်မနေပါနဲ့၊ လက်ဖက်ရည်သောက်ဖို့ တောင် နောက်ကျနေပြီ . . . သွားကြစို့"

ဆန်ဂျေးနှင့် စကားပြောပြီးနောက် ထိုကောင်မလေးကို လှမ်းကြည့်ရာ လူအုပ်ထဲသို့ဝင်ကာ ပျောက်သွားပါသည်။ ဆန်ဂျေး





က ကိုထွန်းအောင်၏ ပုခုံးကိုဖက်ကာ ဈေးထိပ်ရှိ လက်ဖက်ရည် ဆိုင်သို့ အတူသွားခဲ့ကြပါသည်။ လက်ဖက်ရည်ဆိုင်သို့ ရောက် သောအခါ အမြင်တွင်ခင်းထားသည့် ထိုင်ခုံတွင် ဝင်ထိုင်ရင်း လက်ဖက်ရည် မှာသောက်ခဲ့ကြပါသည်။

ကိုထွန်းအောင်မှာ ဆာရီခပ်နွမ်းနွမ်း ဝတ်ထားသည့် ကောင်မလေးကို ထပ်မံတွေ့ချင်သည့်အလျှောက် လက်ဖက်ရည် ခွက်ကိုပင် စိတ်မဝင်စားတော့ဘဲ လမ်းမကိုသာ ကြည့်နေပါ သည်။ ကိုထွန်းအောင်၏ အသိစိတ်တွင် ထိုကောင်မလေးကို ထပ်၍ တွေ့ချင်သည်။ သူ့၏အမေနှင့် မည်မျှတူသည်ကို ထပ်မံ ၍ ကြည့်ချင်လှပါသည်။

၎င်း၏စိတ်အတွေးကြောင့် ဆန်ဂျေးကို စကားမပြောနိုင် ဘဲ လမ်းမကို ကြည့်နေသည့်အတွက် . . .။

"ထွန်းအောင် . . . မင်း ဘာဖြစ်နေတာလဲ၊ စကားလဲ မပြောဘဲနဲ့ ငေးတိငေးမှိုင်နဲ့"

"ဘာမှမဖြစ်ပါဘူးကွာ"

"မင်း ငါ့ကို မညာပါနဲ့ သူငယ်ချင်းရာ၊ မင်းစိတ်ထဲမှာ တစ်ခုခုတွေးနေတာ ငါသိပါတယ်၊ ဘာလဲ ငါတို့က ဆင်းရဲလို့ ငါတို့နဲ့နေရတာ စိတ်ပျက်နေတာလား"

"ဟာ . . . မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ ငါ့အမေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငါပါ''

''မဟုတ်ပါဘူး. . . မင်း တစ်ခုခု ပြောပါကွာ၊ မပြောရင် ငါ စိတ်မကောင်းဘူး''

''မင်း စိတ်မကောင်းရင် ငါ ပြောပါ့မယ်ကွာ''

''လွန်ခဲ့တဲ့ ဆယ်ရှစ်နှစ်လောက်က ငါ့ရဲ့အမေဟာ ဂယာရွာကလေးနားက တောစပ်မှာ သေဆုံးခဲ့တယ်''

''ဟာ. . . စိတ်မကောင်းစရာဘဲကွာ၊ ငါ မေးမိတာ မှားပြီ သူငယ်ချင်း''

''ငါ ဆက်ပြောမယ်ကွာ၊ အဲဒီအချိန်မှာ ငါ့အမေဟာ ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့. . . တိုတိုပြောရရင် ကလေးမီးမဖွားနိုင်လို့ ငါ့အမေ သေဆုံးခဲ့ရတယ်၊ အဲ့ဒီအချိန်မှာ ငါက 'အရမ်းဖျားလာလို့ အမေ့အလောင်းကိုတောင် အဖေဟာ ကိုယ်တိုင် မသင်္ဂြိုဟ်နိုင်ခဲ့ဘူး၊ အဲဒီရွာကလူတွေကို ပိုက်ဆံပေးပြီး သင်္ဂြိုဟ်နိုင်းလိုက်ရတယ်''

''ဩော်. . . မင်းအမေရဲ့ အဖြစ်ကလဲ ဆိုးလိုက်တာ''

''အခု. . . ငါက မင်းအလာကို စောင့်နေတဲ့အချိန်မှာ ငါ့အမေနဲ့ တော်တော်တူတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရတယ်၊ ငါ့စိတ်ထဲမှာ ငါ့အမေလို့တောင် ထင်မိတယ်၊ ဒါပေမယ့် ငါ့အမေသေတာ ဆယ့်ရှစ်နှစ်ကျော်ပြီဆိုတော့ ငါ့





အမေတော့ မဖြစ်နိုင်ဘူးလို့ တွေးနေတုန်း မင်း ရောက်လာပြီး မှုန်းပုတ်လိုက်တော့ ငါ့အတွေးစ ပြတ်သွားတယ်၊ မင်းကို လှည့်ကြည့်ပြီး စကားပြောပြီးလို့ ကောင်မလေးကို ပြန်ကြည့်လိုက်တော့ ကောင်မလေး မရှိတော့ဘူး၊ ဘယ်ပျောက်သွားမှန်း မသိတော့ဘူး''

''ဒါဆို. . . မင်းအမေရဲ့ ဝိညာဉ်ကများ ကိုယ်ရောင်ပြတာလား မသိဘူး''

''မဖြစ်နိုင်ပါဘူးကွာ၊ နေ့ခင်းကြောင်တောင်ကြီး ဘယ်ဝိညာဉ်က လာရဲမှာလဲ''

''ဒါဆို ဘာဖြစ်မလဲ''

''ငါလဲ ဘာလို့ ပြောရမှန်းတောင် မသိပါဘူးကွာ''

''အေးကွာ. . . ဒါဆို နာမည်တူမရှား၊ လူတူမရှား ဖြစ်မှာပါကွာ''

''ဘာပဲဖြစ်ဖြစ် ငါ အမေ့ကို အရမ်းသတိရတယ်ကွာ၊ ဒါကြောင့် ဒီကောင်မလေးကို ထပ်တွေ့ချင်တဲ့စိတ်နဲ့ ငါ စောင့်ကြည့်နေတာ''

''မင်း အဖြစ်ကလဲ မလွယ်ပါလားကွာ''

ကိုထွန်းအောင်မှာ မည်သို့မျှ မပြောဘဲ လမ်းကိုသာ ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးကို တွေ့ချင်သည့်စိတ်က စိုးမိုးနေသည်။ အမေနှင့် ဘယ်လောက်တူသနည်းဆိုသည်ကို ထပ်မံတွေ့ချင်နေသေးသည်။

စောင့်ရင်းစောင့်ရင်း မွန်းတည့် (၁၂)နာရီအချိန်သို့ရောက်ခဲ့လေပြီ။ လူသွားလူလာလည်း တဖြည်းဖြည်း စဲလာခဲ့လေပြီ။ သည်တော့ ဆန်ဂျေးကို အားနာလာသည်။

"ကဲ. . . ဆန်ဂျေး ပြန်ကြစို့ကွာ"

ကိုထွန်းအောင်က အားနာစွာ ပြောလိုက်သည်။

"ဟိုကောင်မလေးကို မစောင့်တော့ဘူးလား"

"မစောင့်တော့ဘူးကွာ၊ ဒီဘက်လမ်းက မသွားဘဲ တခြားလမ်းက ပြန်သွားပြီနဲ့တူတယ်"

"အေးလေ. . . ဒါဆို ပြန်ကြစို့၊ ငါ့အမေက ထမင်းစားဖို့ စောင့်နေတော့မယ်"

"အေး. . . ပြန်ကြစို့"

ကိုထွန်းအောင်လည်း မထချင်ထချင်နှင့် ထကာ ဆန်ဂျေးနှင့်အတူ ပြန်လာခဲ့ပါသည်။

ဆန်ဂျေး ပြောသည့်အတိုင်းပင် ဆန်ဂျေး၏အမေမှာ ၎င်းတို့နှစ်ယောက်ကို အိမ်ဝမှ ထွက်စောင့်နေပါသည်။

"သားတို့ နောက်ကျနေလို့ အမေ စိတ်ပူပြီး စောင့်နေ





တာ"

"အမေရယ် သားတို့က ကလေးတွေမှ မဟုတ်ဘဲ"

"မဟုတ်လို့ စိတ်ပူရတာပေါ့. . . လူငယ်တွေဆိုတော့ ရန်ဖြစ်မှာစိုးတာပေါ့ သားရယ်"

ဆန်ဂျေးအမေ၏ ဂရုဏာတရားကို တွေ့လိုက်ရသည့်အတွက် အမေ့ကိုပိုပြီး တမ်းတမိသည်။

"အမေရယ် အသားအရောင်အမျိုးမျိုး၊ လူမျိုးအမျိုးမျိုး ကွဲပြားချင်ကွဲပြားမယ်၊ အမေတစ်ယောက်ရဲ့ မေတ္တာအကြင်နာတရားဟာ သားသမီးအပေါ်မှာ အမြဲစီဆင်းလျှက်ဆိုတာ ကျွန်တော် နားလည်ခဲ့ပြီ အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## "အာဂန္တုအာဂန္တု၏ ရတနာများ"

ထိုနေ့မှစ၍ ကိုထွန်းအောင်၏ ပုံစံမှာ ယခင်ကလို သွက်သွက်လက်လက် မရှိတော့ပေ။ သောက်နေကျ လက်ဖက်ရည်ဆိုင်တွင် နံနက်စောစော ရောက်ရှိပြီး ဈေးသွားဈေးလာကို ငေးကြည့်တတ်သည့်အကျင့် ရလာပါသည်။

ကိုထွန်းအောင်ကို ကြည့်ရင်း ဆန်ဂျေးမှာ စိတ်မချမ်းသာ ဖြစ်ခဲ့သည်။

"ထွန်းအောင်. . . မင်းကိုကြည့်ရတာ အရင်ကလို ပျော်ပျော်ရွှင်ရွှင်လဲ မရှိတော့ဘူး၊ ငေးတိငေးမှိုင် မနေပါနဲ့ကွာ၊ ပြဿနာရှိရင် အဖြေရှိပါတယ်"

"အေးကွာ. . . ငါကိုယ်တိုင် ဘယ်လိုဖြစ်နေတယ်ဆိုတာတောင် ငါ မပြောနိုင်ဘူး၊ အရင်ကလို စိတ်မကြည်တာတော့ အမှန်ဘဲ"

"ဒါဆိုရင် မင်းကို ငါ အကြံတစ်ခု ပေးမယ်"





"ဘာအကြံပေးချင်သလဲ. . . ပြောကွာ"

"မင်းအမေအတွက် ဒွိဟဖြစ်နေတယ် မဟုတ်လား"

"ဘယ်လိုပြောရမလဲကွာ၊ စိတ်ထဲမှာ တစ်မျိုးကြီးဘဲ"

"မင်းပြောလို့ ငါ သိရတာတော့ မင်းအမေကို မင်းတို့ . . .ားစုက ကိုယ်တိုင်လဲ မသင်္ဂြိုဟ်ရဘူး၊ တစ်ခေါက်တစ်ခါလဲ . . .လာပြီး မကြည့်နိုင်ခဲ့ဘူး မဟုတ်လား"

"ဟုတ်ကယ်"

"အခု မင်းရောက်နေတာ အိန္ဒိယပြည်လေကွာ၊ မင်း . . .မေက မြန်မာပြည်ရောက်နေလို့ ပြန်မသွားနိုင်တဲ့နေရာကို . . . သွားပြီး စုံစမ်းပါလား"

"အင်း. . . စုံစမ်းတာက ဟုတ်ပါတယ်၊ ဒါပေမယ့် နှစ် . . .ပေါင်းဆယ့်ရှစ်နှစ်လောက် ရှိသွားပြီဆိုတော့ စုံစမ်းလို့မှ ရပါ့မ . . .ား"

"အဲဒါကို မင်း မပူနဲ့၊ စုံစမ်းလို့မရရင် အရင်းဘဲ၊ . . .မ်းလို့ ရခဲ့ရင် အမြတ်ဘဲ. . . ဒီတော့ ကျောင်းပိတ်ရက်အတွင်း . . . 'ဂယာ'ကို သွားကြမယ်၊ ဘယ်နှယ့်လဲ"

"အေးလေ. . . ဒီမှာထိုင်စောင့်နေမယ့်အစား သွားကြ . . .ာပေါ့"

ဆန်ဂျေး၏စကားအတိုင်း ဂယာမြို့သို့သွားရန် စိတ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ခဲ့ပါသည်။

လူငယ်များပီပီ ဆုံးဖြတ်ချက်အတိုင်း ဂယာသို့ ထွက်ခဲ့ပါသည်။

ဂယာရွာကလေးကား လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်နှင့် မတူတော့ပါ။ အိမ်ခြေများလာခဲ့ပါသည်။ အမေ့၏ နောက်ဆုံး အချိန် လဲလျောင်းခဲ့သည့် သစ်ပင်ကြီးအား အရင်ဆုံး သွား ကြည့်သည်။ ထိုသစ်ပင်ကြီးကား ထီးထီးကြီး ရှိနေဆဲ။

ကိုထွန်းအောင်တစ်ယောက် သစ်ပင်ကြီးအောက်သို့ ရောက်ခဲ့ပါပြီ။ ခါးသီးခဲ့သော အတိတ်ပုံရိပ်များကို တရေးရေး ပြန်လည်မြင်ယောင်လာမိသည်။

လေစိမ်းများ တဟူးဟူး တိုက်နေဆဲကာလတွင် ချွေးသီး ချွေးပေါက်များကျကာ အလူးအလဲ ခံစားနေရသော အမေ့ မျက်နှာကို ယခုဖြစ်နေသည့်အလား မြင်ယောင်လာပါသည်။

အံကိုတင်းတင်းကြိတ်ထားသော်လည်း အမေ့ကို လွမ်း လိုက်သည့် အလွမ်းကြောင့် မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝိုင်းလာပါသည်။ ကိုထွန်းအောင်၏ဖြစ်အင်ကို မကြည့်ရက် နိုင်သဖြင့် ဆန်ရှေးမှာ ခပ်လှမ်းလှမ်း၌ သွားထိုင်နေပါသည်။

"အမေ. . . သားရောက်လာပြီ. . . အမေ့ရဲ့ ခါးသီးခဲ့တဲ့ အတိတ်ပုံရိပ်တွေကို သားကို သိခွင့်ပေးပါ အမေ"





ကိုထွန်းအောင်သည် အမေ့ကို ရည်မှန်းကာ လက်အုပ် ချီ၍ တိုင်တည်ခဲ့ပါသည်။ ၎င်း၏အဖေသည် အတိတ်၏ လွမ်း ဆွေးဖွယ်တို့ကို မတူးဖော်စေချင်၍လား မသိ။ အိန္ဒိယသို့ ပညာ သင်သွားမည့်သားကို မိခင်ရှိရာနေရာသို့ တစ်ခေါက်တစ်ခါ သွား ပါဟု မပြောခဲ့ပေ။

ခါးသီးသည့် အတိတ်ဖြစ်စဉ်ကို အသစ်တစ်ဖန် ပြန် ဖြစ်စေလိုသည့်သဘောပင် ဖြစ်ပေမည်။ ကိုထွန်းအောင်၏ ခင်ကြီး၏ ရင်ထဲတွင် ဖိနှိပ်ထားသည်ကို မဖော်ပြနိုင်အောင် လွမ်း သူပေမည်။ သို့သော်လည်း သူ၏အလွမ်းကို သူ့ရင်၌သာ သိမ်း ဆည်းထားပြီး မလွမ်းလေဟန် နေခဲ့ပါသည်။

အမှန်မှာမူ သားကလေးကို အလွမ်းအဆွေးဝေဒနာ သူ မပေးလိုခဲ့ပေ။

ကိုထွန်းအောင်ကမူကား အတိတ်၏ပုံရိပ်ကို တူးဖော် ဓမ်း ယနေ့ ဤနေရာသို့ ရောက်ရှိခဲ့လေပြီ။ ဤနေရာ၌ အတန် ကြာအောင် နေပြီးနောက် ဆန်ရှေးမှာ မနေနိုင်တော့ဘဲ. . .။

"သူငယ်ချင်း. . . ထွန်းအောင် ရွာထဲကို သွားကြစို့"

ဟု ပြောလိုက်ပါသည်။ သည်တော့မှ စီးစီးလာသည့် မျက်ရည်စကို သုတ်လိုက်ပါသည်။

"အေး. . . သွားကြတာပေါ့ သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး ကျိန်နေရာမှ ထွက်ခွာသွားပြီး ရွာထဲသို့ သွားခဲ့ကြပါသည်။ ရွာမှာလည်း ယခင်ကဲ့သို့ မဟုတ်တော့ လူနေ အိမ်ခြေ များစွာ ရှိပါသည်။ ထိုသို့ဖြစ်၍ ကျန်းမာရေးမှူးအိမ်သို့ မေးစမ်းကာ သွားခဲ့ရာ ထိုအိမ်သို့ ရောက်ရှိသွားပါသည်။

''ဆေးမှူးမင်ဂျာနဲ့ တွေ့ချင်လို့ပါ''

''လာပါ. . . ထိုင်ပါဦး''

အိမ်ရှင်အမျိုးသားက ဖိတ်ခေါ်သဖြင့် အိမ်ထဲသို့ ဝင်ထိုင် ခဲ့ကြပါသည်။ ထို့နောက် အိမ်ရှင်အမျိုးသားမှ. . .။

''ဆေးမှူးမင်ဂျာ မရှိတော့ပါဘူး။ ကွယ်လွန်ခဲ့တာ ဆယ် နှစ်ကျော် ရှိသွားပါပြီ''

''ဩော်. . . ဟုတ်လား''

ဆေးမှူးမင်ဂျာ မရှိတော့ဟု သိလိုက်ရသည့်အတွက် လွန်စွာ စိတ်ပျက်သွားပါသည်။

''ဆေးမှူးမင်ဂျာ မရှိပေမယ့် ကျွန်တော်ဟာ သူ့ရဲ့သား 'ဂိုပါ' ဖြစ်ပါတယ်၊ ကျွန်တော်လဲ ဆေးမှူးတစ်ဦးပါ။ ဘာကူညီ ရပါမလဲ''

ကိုထွန်းအောင်သည် ဆေးမှူး ဂိုပါ၏ စကားကို ကြား သောအခါ. . .။

လွန်ခဲ့သော ဆယ့်ရှစ်နှစ်ခန့်က သူ၏မိခင်မှာ မီးမဖွား





၍ သေဆုံးသွားကြောင်း ဆာဒူးကြီးအား သင်္ဂြိုဟ်ခိုင်းကြောင်း သည့် အဖြစ်အပျက်များကို အစအဆုံး ပြောပြပါသည်။

''အခု. . . ကျွန်တော်ဟာ အိန္ဒိယနိုင်ငံကို ရောက်နေ တုန်း အမေ့ကို ဂါရဝပြုချင်လို့ ဆေးမှူးမင်ဂျာဆီကို လာခဲ့တာ ပါ''

''ဒါဆို. . . ကျွန်တော်လဲ မသိဘူး။ လွန်ခဲ့တဲ့ ဆယ့်ရှစ် နှစ်က ကျွန်တော့်အသက် ဆယ်နှစ်လောက်ဘဲ ရှိဦးမယ်''

''ဒါဆိုရင် ခင်ဗျားအဖေများ အဲဒီအကြောင်းကို ပြော ပြတာ ရှိသလား''

''ကျွန်တော်က ငယ်တော့ အဖေကလည်း ကျွန်တော့် ကို ဘာမှမပြောဘူး''

''ဒါဆို. . . ခင်ဗျား အမေရော သိနိုင်မလား''

''ကျွန်တော့်အမေက အဖေ့ထက် တစ်နှစ်စောပြီး ဆုံး သွားပါတယ်''

''ဒါဆိုရင်. . . အမေ့ကို သင်္ဂြိုဟ်စဉ်မှာ လိုက်ပါဆောင် ရွက်ခဲ့တဲ့လူတွေများ ရှိဦးမလား မသိဘူး''

''ဒါလဲ ကျွန်တော် မသိဘူး''

ကိုထွန်းအောင်၏ အမေ့ရှာပုံတော်ခရီးမှာ ကောက်ရိုးပုံ ထဲတွင် အပ်ပျောက်ရှာရသည့်အလုပ်ကမှ လွယ်ပေဦးမည်။ အစ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေသည့် ကြိုးတစ်မျှင်နှယ် ဆွဲယူရန် ခက်ပါဘိဆိုသည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

"ဒါဆိုရင် ဆာဒူးကြီးရော ရှိသေးသလား"

"ဆာဒူးတွေကလဲ အများကြီးဘဲ၊ နောက်ပြီး ဆာဒူး[illegible] တွေက နေရာအတည်တကျ မရှိဘူး။ သွားချင်တဲ့နေရာကို သွား[illegible] နေကြတာ၊ အခု ဘုံဘေမှာ ရှိနေပေမယ့် နောက်တစ်နေ့[illegible] ဂယာမှာ ရှိချင်ရှိနေတတ်တယ်၊ ဒါမှမဟုတ် သာဝတ္ထိမှာ ရော[illegible] ချင်လဲ ရောက်နေတတ်တယ်၊ အထူးသဖြင့် အခုချိန်မှာ ဆာဒူး တော်တော်များများ သာဝတ္ထိမှာ ရှိလိမ့်မယ်"

ကိုထွန်းအောင်မှာ ခဲလေသမျှ သဲရေကျရပြီ။ အ[illegible] အကြောင်း စုံစမ်းလျှင် သိနိုင်မည်ဟု ထင်ထားသော်လည်း ဆယ့်ရှစ်နှစ်တည်းဟူသော အချိန်သည် အားလုံးလိုလို ပြောင်းလဲခဲ့သည့်အတွက် သိခွင့်မရခဲ့ပေ။

ဆန်ဂျေးမှာ ကိုထွန်းအောင် ထင်တာထက် ပို၍စိတ်ရှည်သည်။ အစကိုပင် ဆွဲမရ၍ စိတ်ပျက်နေသော ကိုထွန်းအောင်ကို အားပေးခဲ့ပါသည်။

"သူငယ်ချင်း... ငါတို့ သာဝတ္ထိကို သွားကြမယ်၊ ဆာဒူးကြီးတွေနဲ့ စကားပြောကြည့်မယ်၊ ဘာပဲဖြစ်ဖြစ် စိတ်ရှည်ရှည်ထားပါ၊ ဘဝဆိုတာ ဖြစ်သန်းခြင်းတစ်ခုပါဘဲ၊ စိတ်ညစ်စရာ





[illegible] ဖြစ်သန်းပြီးရင်း စိတ်ချမ်းသာစရာတွေ ရှိလာမှာပါ"

"အေးပါ ဆန်ဂျေးရာ... ငါ စိတ်မလျှော့ပါဘူး။ သာဝတ္ထိ[illegible]မယ်ဆိုလဲ သွားကြတာပေါ့"

ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့သည် သာဝတ္ထိမြို့သို့ [illegible]ဆက်ခဲ့ကြပါသည်။

နောက်တစ်နေ့ နံနက်တွင် သာဝတ္ထိမြို့သို့ ရောက်ခဲ့ပါသည်။ သာဝတ္ထိမြို့သည် အစိရဝတီမြစ်ကမ်းပါး၌ တည်ရှိပြီး [illegible]န္တာတောင်ခြေနှင့် မိုင်(၄၀)မျှသာ ကွာဝေးသဖြင့် နွေအခါ [illegible]ဖြစ်သော်လည်း အပူချိန်ရော့နည်းနေပါသည်။

အထူးသဖြင့် အခြားမြို့များလောက် မပူသဖြင့် နေရသည်မှာ အဆင်ပြေပါသည်။ သာဝတ္ထိမြို့သည် နီပေါနိုင်ငံနှင့် [illegible]လွန်နီးကပ်နေသည့် မြို့တစ်မြို့ဖြစ်၍ ထိုမြို့အတွင်း နီပေါ[illegible]မျိုးများစွာကို တွေ့ရှိရပါသည်။

သာဝတ္ထိမြို့ဟုသာ ဆိုရသော်လည်း အိမ်ကြီးအိမ်ကောင်း[illegible]ကို မတွေ့ရဘဲ ရွာကြီးကဲ့သို့သာ တွေ့ရှိရပါသည်။

သာဝတ္ထိကား သမိုင်းဝင် မြို့တစ်မြို့ဖြစ်ပါသည်။ ဘုရား[illegible]လက်ထက်တော်က ကောသလတိုင်း၏ မြို့တော်ဖြစ်ခဲ့ပြီး [illegible]သုံးစုံရှိသောမြို့ဟု အဓိပ္ပါယ်ရပါသည်။ ထိုမြို့တော်ကို [illegible]သေနဒီကောသလမင်းကြီး အုပ်ချုပ်ခဲ့ပါသည်။ ဘုရားရှင်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တော်တိုင် နှစ်မြိုက်ပျော်မွေ့သဖြင့် (၂၅)ဝါကာလပတ်လုံး သီတင်း
နေထိုင်တော်မူခဲ့သည်။

သာဝတ္ထိ၌ အနာထပိဏ်သူဌေးကြီးမှ ဇေတမင်းသား ဥယျာဉ်တော်ကို (၁၈)ကုဋေဖြင့် ဝယ်ယူပြီး နောက်ထပ် (၁၈)ကုဋေ ခန့် အကုန်အကျခံကာ ဇေတဝန်ကျောင်းတော်ကြီးကို ဆော လုပ်လှူဒါန်းတော်မူခဲ့ပါသည်။

မှတ်ချက်။ ။ ဇေတဝန်ကျောင်းတော်ရာ 'ဆဟက်'ဟု ခေါ်ပြီး သာဝတ္ထိမြို့နေရာကို 'မဟက်'ဟု ခေါ် ပါသည်။ ယခုအခါ သာဝတ္ထိကို ဘာသာစကားဖြင့် 'သျှရဗစ ဟု ခေါ်ပါသည်။

ထိုစဉ် လူအုပ်ကြီးများသည် တစ်အုပ်ပြီးတစ်အ အစိရဝတီ မြစ်ကမ်းဘက်သို့ သွားနေကြသဖြင့် ဆန်ဂျေ မေးလိုက်ရာ. . .။

''မြစ်ကမ်းဆီကို ဘာသွားလုပ်ကြတာလဲ''

''ဒီနေ့ 'ရပတိ'မြစ်ထဲမှာ ဆာဒူးကြီးတွေ ရေစိမ် တယ်''

မှတ်ချက်။ ။ ယခုအခါ အစိရဝတီမြစ်အ 'ရပတိမြစ်'ဟု ပြောင်းလဲခေါ်ဝေါ်ကြပါသည်။

''သြော်. . ဒါကြောင့် မြစ်ဆိပ်ကမ်းကို သွားနေကြတာကိ





ဆန်ဂျေးသည် ဆေးမှူးမင်ဂျာ၏သား ပြောသည့်စကား ကို ယခုမှပင် သဘောပေါက်ပါတော့သည်။ ဆာဒူးများ ရေစိမ် သည့်ပွဲဆိုသည်မှာ ဟိန္ဒူများ အထွတ်အထိပ်ထားရာပွဲဖြစ်၍ ဟိန္ဒူဘာသာဝင်များ သွားရောက်ပူဇော်ခဲ့ကြပါသည်။

''ဟော့ကောင် ထွန်းအောင်. . . တို့ 'ရပတိမြစ်'ကမ်းကို သွားကြည့်ကြစို့''

''အေး. . . သွားမယ်''

ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့ နှစ်ဦးသား စိတ်တူကိုယ် တူ မြစ်ဆိပ်ကမ်းသို့ လာခဲ့ပါသည်။

ကမ်းလုံးညွတ်မျှသော လူအုပ်ကြီးကို မြစ်ဆိပ်ကမ်း တစ်လျှောက်၌ တွေ့ရပါသည်။ ဆာဒူးကြီးများကို ဟိန္ဒူအမျိုး သား အမျိုးသမီးများက အမွှေးခံကလေးများကို မီးရှို့ထားသည့် မြေပန်းကန်ကလေးများကို ကိုင်ကာ ပူဇော်နေပါသည်။

(ဆာဒူးကြီးများကို ၎င်းတို့အုပ်စုမှ သူတော်စင်များဟု ခေါ်ဆိုကြပါသည်။)

''ဆာဒူးကြီးတွေက ဘာ့ကြောင့် ရေစိမ်ရတာလဲ''

''သူတော်စင်ကြီးတွေဟာ သူတို့ကိုယ်က ကာမဂုဏ် အညစ်အကြေးတွေ ကင်းစင်အောင် ရေစိမ်ပွဲလုပ်ကြတယ်''

''သြော်. . . ဒီလိုလား''



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းအောင်သည် ရေစိမ်နေသော ဆာဒူးကြီးများအား အမျိုးသား၊ အမျိုးသမီးများက ရေလောင်းပေးနေသည်ကို တွေ့ရပါသည်။

''ဘာဖြစ်လို့ ရေလောင်းပေးနေတာလဲ''

''အဲဒါ. . . ကုသိုလ်ပြုနေတာပေါ့''

''ဩော်''

ဆန်ဂျေးက ဟိန္ဒူဘာသာဝင်ဖြစ်၍ သူတို့ဘာသာ အကြောင်းကို ရှင်းပြခဲ့ပါသည်။ ထို့နောက် ကမ်းစပ်၌ထိုင်ရင်း အစိရဝတီခေါ် ရပတီမြစ် အကြောင်းကိုလည်း သူသိသလောက် ပြောပြခဲ့ပါသည်။

''ဒီ ရပတီမြစ်ဟာ အရင်တုန်းက အစိရတီမြစ်လို့ ခေါ်တယ်၊ ဒီမြစ်ဟာ ရှေးအခါက သမိုင်းကြောင်း ရှိခဲ့ဖူးတယ်၊ ငါတို့အဘိုး ပြောပြလို့ ဒီမြစ်အကြောင်း သိခဲ့ရတယ်၊ အဲဒါကတော့ မင်းတို့ ဗုဒ္ဓဘာသာတွေနဲ့ ဆိုင်တယ်၊ ပဋာစာရီ သူဌေးသမီးဟာ သူ့ယောကျ်ားမြွေကိုက်သေတဲ့အတွက် ကလေးနှစ်ယောက်နဲ့အတူ မြို့ကိုပြန်အလာမှာ ဒီမြစ်ကို ဖြတ်ကူးခဲ့တယ်၊ သားကြီး ရေနစ်ပြီး သားငယ် စွန်ချီခံခဲ့ရတဲ့ မြစ်ပေါ့''

''ဩော်''

''ဒါ့အပြင် သာကီဝင်မင်းတစ်မျိုးလုံးကို လိုက်သတ်ခဲ့တဲ့





ဝိဋူဍဘမင်းသားနဲ့ စစ်တပ်ဟာ ဒီမြစ်ကမ်းနံဘေးမှာ တစ်ညတာ တပ်စခန်းချထားစဉ် ရေလွှမ်းမိုးပြီး အသက်ဆုံးရှုံးခဲ့တဲ့ မြစ်လဲ ဖြစ်တယ်''

''အေးလေ. . . သာကီဝင်မင်းတွေ ထွက်ပြေးလို့ တို့ မြန်မာပြည်ထဲကို ရောက်ခဲ့ကြတာ''

''အေးလေ. . . ဝိဋူဍဘမင်းသားက သာကီဝင်မင်းတွေကို စိတ်ဆိုးမှာပေါ့ကွာ၊ သာကီဝင်မင်းကြီးဆီကို ပသေနဒီ ကောသလမင်းကြီးက မိဖုရားမြှောက်ဖို့ မင်းသမီးတစ်ပါး ပို့ပါလို့ တောင်းတဲ့အခါမှာ သာကီဝင်မင်းက မင်းသမီးအစစ်ကို မပို့ဘဲ 'အနိုင်းအစေ ကျွန်မ' တစ်ဦးကို မင်းသမီးလို့ လိမ်ညာပြီး ပို့ခဲ့တာက စ,တာဘဲ၊ အဲဒီမိဖုရားက ဝိဋူဍဘမင်းသားကို မွေးခဲ့တယ်။

အရွယ်ရောက်လို့ အဘိုးသာကီဝင်မင်းကြီးထံ သွားလည်တဲ့အခါမှာ သာကီဝင်အနွယ်တွေရဲ့ မတူမတန် ဆက်ဆံခြင်းကို ခံခဲ့ရတယ်။ ဒါနဲ့ သူ့မိခင်ကို မေးကြည့်မှ အကြောင်းစုံသိရပြီး သာကီဝင်မျိုးတွေကို စိတ်နာနာနဲ့ သွားသတ်လို့ သေတဲ့လူကသေ၊ ထွက်ပြေးတဲ့လူက ထွက်ပြေးရင်း သာကီဝင်တစ်ချို့ဟာ မြန်မာပြည်ထဲကို ရောက်ခဲ့ကြတယ်''

ထိုသို့ဖြင့် ရေစိမ်ပွဲနှင့် ခပ်လှမ်းလှမ်းနေရာ၌ရှိသော



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်းစပ်၌ ထိုင်၍ တွေရာလေးပါး ပြောနေကြပါသည်။

ထိုစဉ် . . . သူတော်စင်ဆာဒူးကြီးများအား အမျိုးသာ

အမျိုးသမီးအုပ်စုများက ဝိုင်း၍ ရေလောင်းပေးနေပါသည်။ စကား

ပြောရင်း အမှတ်တမဲ့ ကိုထွန်းအောင် လှမ်းကြည့်လိုက်ရာ. . .

"ဟာ. . . တွေ့ပြီ. . . တွေ့ပြီ" ဟူ၍ ဝမ်းသာအား

အော်ဟစ်လိုက်ပါသည်။ ဤတွင် ဆန်ဂျေးမှ. . .။

"ဘာတွေ့တာတုန်း"

"ငါ့အမေနဲ့တူတဲ့ ကောင်မလေးလို့ ထင်တာဘဲ"

ပြောရင်းဆိုရင်း မတ်တပ်ရပ်ကာ ထိုနေရာသို့ သွားမည်

အပြုတွင်. . .။

ဆန်ဂျေးက လှမ်းဆွဲလိုက်ပြီး. . .။

"ထွန်းအောင် သတိထား. . . ဒါ သူတို့ရဲ့ ဘာသာရေး

ပွဲတော်လေ၊ ငါတောင် လူစိမ်းဖြစ်နေလို့ သူတို့နား မကပ်ဘူး"

"ဘာပဲဖြစ်ဖြစ်. . . အဲဒီကောင်မလေး ဟုတ်မဟုတ်

သွားကြည့်မလို့"

"မဖြစ်ဘူး. . . ဒါဟာ တို့နယ်မြေ မဟုတ်ဘူး၊ ငါတို့က

တစိမ်းတွေဘဲ၊ တော်ကြာ သူတို့ပွဲတော်ကို ဖျက်တဲ့သူလို့ ထင်

ပြီး ဝိုင်းရိုက်နေဦးမယ်"

"မင်း. . . ပြောတာလဲ ဟုတ်ပါတယ်၊ ငါ စိတ်စောသွား





တယ် သူငယ်ချင်း"

"အေး. . . အဲဒီကောင်မလေးကို မင်း ကြည့်နေပါ၊ ပြီးမှ

ဒီ သွားပြီး မိတ်ဆက်မယ်"

"အေးပါ"

ထိုသို့ ကြည့်နေစဉ် အမျိုးသား၊ အမျိုးသမီးတစ်အုပ်ပြီး

တစ်အုပ် ဝိုင်း၍ ရေလောင်းကြပါသည်၊ အိန္ဒိယအမျိုးသား အမျိုး

သမီးများမှာ ဆာရီခြုံထားပြီး၊ အဖြူအနီအဝါ စသည့် အရောင်

များသာ ကွာပါသည်။ ခေါင်းမြီးခြုံထားပါက အတူတူကဲ့သို့သာ

ထင်ရပါသည်။

ထို့ကြောင့် လူအုပ်များကြားထဲတွင် အမှတ်မထင် တွေ့

လိုက်ရသည့် ကောင်မလေးမှာ ကြည့်ရင်းကြည့်ရင်း လူအုပ်နှင့်

ရောကာ ပျောက်ကွယ်သွားပါတော့သည်။

"ဟော့ကောင် ဆန်ဂျေး. . . ဟိုကောင်မလေး လူအုပ်နဲ့

ရောပြီး ပျောက်သွားပြီ"

"အဲဒီကောင်မလေးဆိုတာရော သေချာရဲ့လား"

"သဲသဲကွဲကွဲတော့ မဟုတ်ပါဘူး. . . ငါထင်တာဘဲ"

"ဒါဆို. . . ကမ်းပေါ်တက်လာတဲ့ လူအုပ်တွေ လိုက်

ကြည့်ကွာ၊ အဲဒီကောင်မလေးဆိုတာ သေချာရင် တွေ့မှာဘဲ"

"အေး. . . ငါ လိုက်ကြည့်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ကြည့်ရ… မသိမသာ ကြည့်ပါကွာ''

''အေးပါကွ''

ထိုသို့ဖြင့် ရေလောင်းပြီး ကမ်းပေါ်သို့ တက်လာသည့် အမျိုးသမီးအုပ်စုများကို မသိမသာ ကြည့်ရင်း ထိုကောင်မလေးကို ရှာဖွေမိပါသည်။

ရှာသည်. . .။ ရှာသည်. . .။ ဒေါင်းတောက်အောင် ရှာသည်။ မတွေ့ပါ။ တဖြည်းဖြည်းနှင့် နေမွန်းတည့်အချိန်သို့ ရောက်ခဲ့ပါသည်။ တစတစ လူအုပ်ကြီးများမှာ အသီးသီး ထွက်ခွာသွားကြသဖြင့် လူအလွန်ကျဲသွားပါတော့သည်။ သည်ကောင်မလေး မည်သည့်လူအုပ်နှင့် ပါသွားသည် မသိချေ။

ကိုထွန်းအောင်မှာ မမျှော်လင့်သည့် နေရာတွင် တွေ့ပြီး မမျှော်လင့်သည့် နေရာတွင် ပျောက်. . . ပျောက်သွားသည့်အတွက် ၎င်း၏ စိတ်တွင် မချင့်မရဲ ဖြစ်နေပါတော့သည်။

''ငါတော့ကွာ. . . စိတ်မရှည်ချင်တော့ဘူး၊ အခု တွေ့လိုက်၊ အခုပျောက်လိုက်နဲ့''

''သူငယ်ချင်းရာ စိတ်ရှည်ရှည် ထားစမ်းပါ၊ ဘာပဲဖြစ်ဖြစ် ခုနက တွေ့လိုက်တဲ့ ကောင်မလေးဟာ မင်း ရှာနေတဲ့ ကောင်မလေးဖြစ်ရင် ဒီသာဝတ္ထိတစ်ဝိုက်မှာဘဲ ရှိဦးမယ်. . . အရင်ကထက်စာရင် လမ်းစပွင့်လာတဲ့ သဘောပဲ''





ဆန်ဂျေးကား မိတ်ဆွေကောင်းတစ်ယောက်ပီပီ ကိုထွန်းအောင်ကို အားပေးစကားဖြင့် နှစ်သိမ့်ခဲ့ပါသည်။

''အေးကွာ. . . ငါ စိတ်ရှည်ရှည်ထားပြီး ရှာပါ့မယ်၊ မင်း အားပေးသလို အရင်ကထက်စာရင် နည်းနည်း နီးလာတဲ့ သဘောပါဘဲ''

''ကဲ. . . လူလဲတစတစ ကျဲလာပြီ၊ တို့ သာဝတ္ထိမြို့ထဲနဲ့ မြို့ဟောင်းမှာ သွားရှာကြစို့''

ဆန်ဂျေးနှင့် ကိုထွန်းအောင်တို့နှစ်ဦးမှာ သာဝတ္ထိမြို့ထဲသို့ သွားခဲ့ကြပါသည်။ ထိုလမ်းမပေါ်၌ သွားလာနေသူများထဲမှ ထိုကောင်မလေးကို ရှာခဲ့ပါသည်။

၎င်းတို့နှစ်ဦးသည် ဆက်သွားရင်း ဇေတဝန်ကျောင်းတော်ရာဘက်သို့ ရောက်ခဲ့ပါသည်။

''ဆန်ဂျေးရေ. . . ဇေတဝန်ကျောင်းတော်ရာ ရောက်တုန်း ဘုရားဖူးလိုက်ဦးမယ်''

''အေး. . . အေး''

ဘာသာချင်း မတူသော်လည်း ဆန်ဂျေးပါ လိုက်ခဲ့ပါသည်။ ထိုနေရာ၌ရှိသော အစောင့် အိန္ဒိယအမျိုးသားက ရှင်းပြပါသည်။

''ဒါကတော့ မြတ်စွာဘုရား ရှိစဉ်က သီတင်းသုံးခဲ့တဲ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဇေတဝန်ကျောင်းပါ''

''ဟုတ်ကဲ့''

မြင့်မြတ်သော နေရာသို့ ရောက်ရှိသည့်အတွက် ကိုထွန်းအောင်သည် ဦးချကန်တော့ခဲ့ပါသည်။ ထို့နောက် မြတ်စွာဘုရားရှင် ကိုယ်စားထားရာ အာနန္ဒာဗောဓိနှင့် ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်က ခြေဆေးရာ ရေတွင်းကြီးကို လိုက်ပြသဖြင့် တွေ့ခဲ့ရပါသည်။

ထိုနေရာရှိ အိန္ဒိယအစောင့်က ဆက်ပြောပါသည်။

''သာဝတ္ထိက ထူးခြားမှုတွေ အများကြီး ရှိတယ်၊ စိဥ္စမာနနဲ့ ဒေဝဒတ် မြေမြို့တဲ့နေရာလဲ ရှိတယ်၊ မြတ်စွာဘုရားရှင် တန်ခိုးပြာဋိဟာ ပြပြီး နတ်ပြည်ကိုတက်သွားတဲ့ သရက်ဖြူပင်ကုန်းလဲ ရှိတယ်၊ လိုက်ပို့ရမလား''

ကိုထွန်းအောင်တို့မှာ အိန္ဒိယကောင်မလေးအား ရှာရန်ရှိသဖြင့်. . .။

''အဲဒီနေရာတွေကိုတော့ သွားချင်ပါတယ်၊ ဒါပေမယ့် အချိန်မရလို့ နောက်အေးအေးဆေးဆေး လာမှဘဲ သွားပါတော့မယ်. . . ကျေးဇူးတင်ပါတယ်''

ထိုသို့ပြောဆိုပြီး ရူပီးငွေအနည်းငယ် ပေးလိုက်ရာ ထိုအိန္ဒိယအမျိုးသားကြီးမှာ ဆလံအကြိမ်ကြိမ်ပေးရင်း ကျန်ခဲ့ပါ





သည်။

ဇေတဝန်ကျောင်းမှအထွက် ဟိန္ဒူထမင်းဆိုင်တစ်ဆိုင် တွေ့ရှိရပါသည်။ အပြင်အဆင်မှာလည်း ညံ့ဖျင်းလှပါသည်။ ဆိုင်ကလေးမှာ လက်ဖက်ရည်နှင့် တွဲရောင်းသည့် ဆိုင်ကလေး ပါသည်။

ကိုထွန်းအောင်တို့မှာ လက်ဖက်ရည် သောက်ချင်သည် စ်ကြောင်း မွန်းလွဲနှစ်နာရီခန့် ရှိပြီဖြစ်၍ ထမင်းစားချင်သည် တစ်ကြောင်း တို့ကြောင့် ထိုခပ်ညံ့ညံ့ ဆိုင်လေးအတွင်းသို့ ဆိုင်လိုက်ကြပါသည်။

ဆန်ဂျေးက ထမင်းမှာပြီး ထိုင်စောင့်နေစဉ် ထိုဆိုင် င်းသို့ မိုက်ကန်းကန်း ပုံစံရှိသည့် အန္ဒိယအမျိုးသား သုံး က် ဝင်လာပါသည်။

ထိုအမျိုးသား သုံးယောက်မှာ ကိုထွန်းအောင်တို့စားပွဲ အရှေ့ရှိ စားပွဲတွင် ဝင်ထိုင်ပါသည်။

၎င်းတို့မှာ ဝင်လာကာစက စကားကို ကျယ်ကျယ်ပြော လည်း နောက်ပိုင်းတွင် တစ်စုံတစ်ခုကို တိုင်ပင်သကဲ့သို့ တီးတိုး ပြောနေပါသည်။

ကိုထွန်းအောင် ရှေ့စားပွဲမှ ကုလားအုပ်စုကို မသင်္ကာ ပါသည်။ ထို့ကြောင့် ဆန်ဂျေးအား တီးတိုးပြောလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရှေ့စားပွဲက လူတွေဟာ လူကောင်းတွေမှ ဟုတ်
လား မသိဘူး"

"ငါ့စိတ်ထင်တော့ 'စကြာနွယ်စဉ်' ဂိုဏ်းသားတွေ
တူတယ်"

"စကြာနွယ်စဉ်ဂိုဏ်းဆိုတာ ဘာလဲ"

"ကြီးကျယ်တဲ့လူဆိုးဂိုဏ်းတစ်ခုပဲ. . သူဌေးအိမ်တွေ
လက်ထောက်ချပေးသလို သူများက ဌားရင်လဲ ကြေးစားသ
ပေးတယ်၊ နောက်ပြီး ရတနာသိုက်ရှိတဲ့ နေရာတွေကို ရှာ
ပြီး လိုက်တူးတယ်၊ မကောင်းတာ အကုန်လုပ်တဲ့ ဂိုဏ်းပေ"

"ဒါဆိုရင် သူတို့ကို ပုလိပ်က မဖမ်းဘူးလား"

"လက်ဆုပ်လက်ကိုင် မိရင်တော့ ဖမ်းတာပေါ့"

ထိုသို့ဖြင့် နှစ်ယောက်သား ထမင်းစားရင်း စကားပြော
နေစဉ်. . .။

လည်ပင်းတွင် ကြီးစွာသော ပုတီးကြီးကို ဆွဲပြီး ဝေ
ဝေတစ်ချောင်းကို ကိုင်ထားသည့် အဝတ်ဖလာနှင့် ပုဂ္ဂိုလ်တစ်
ကို တွေ့လိုက်ရပါသည်။

ရင်းတောင်ဝေ့တွင် သက်န်းစကဲ့သို့သော အဝါရောင်
ပိတ်စကို ချည်နှောင်ထားပါသည်။ အချို့လူများက ထိုပုဂ္ဂိုလ်





အား ရှုပ်ငွေများကို လှူဒါန်းကြပါသည်။

ကိုထွန်းအောင်မှ အဝတ်ဖလာနှင့် ဘုန်းကြီးလိုလို လူ
တစ်ယောက်ကို တွေ့ရသဖြင့် အံ့သြသွားပြီး ဆန်ဂျေးကို မေး
လိုက်ပါသည်။

"အဲဒီပုဂ္ဂိုလ်က ဘာပုဂ္ဂိုလ်လဲ"

"အဲဒါ ဂျိန်းဘုန်းကြီးတွေပေါ့၊ သူတို့က ရှေးနိဂဏ္ဍဂိုဏ်း
နွယ်စဉ်အရ အဝတ်မဝတ်ဘူး၊ ဗုဒ္ဓဘာသာတွေကတော့ သူတို့
ကို 'တတ္ထိ'လို့ ခေါ်တယ်"

"ဩော်. . .ဂျိန်းဂိုဏ်းက အခုထိ ရှိတုန်းပဲကို"

"သူတို့ရဲ့ သောဘဏဂျိန်းကျောင်းဟာ အခုအထိ ကော
သလမင်းနန်းတော်ရာအနီးမှာ ရှိတုန်းဘဲ၊ သာဝတ္ထိက တစ်ချို့
သူတွေဟာ အခုအထိ ဂျိန်းဘာသာကို ကိုးကွယ်တုန်းဘဲ"

ထိုဂျိန်းဘုန်းကြီးကို ကြည့်ပြီး ကိုထွန်းအောင်မှ. . .။

"ဩော်. . .လူသားတွေဟာ ကိုယ့်ရဲ့ ယုံကြည်မှု၊ ကိုး
ကွယ်မှုအသီးသီးနဲ့ ရှင်သန်နေကြတာဘဲ"

ထိုသို့ဖြင့် ဂျိန်းဘုန်းကြီး အကြောင်း ပြောဆိုနေစဉ်
ရှေ့စားပွဲမှ ကုလားသုံးဦး၏ တီးတိုးစကားတွင် 'အန္တဝန်တော'
ဟု ပြောသည့်စကားသံကို ကြားလိုက်ရပါသည်။ ထိုတောကြီး
အား သာဝတ္ထိမြို့၏ အနောက်တောင်ဘက်ရှိ တောနက်ကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ခု ဖြစ်ပါသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်က ရဟ
များ၊ ဘိက္ခုနီများ တရားအားထုတ်ရာ တောနက်ကြီးဖြစ်
သည်။

ယခုအခါတွင် ထိုတောစပ်၌ လက်ဖက်ရည်ဆိုင်
အရက်ဆိုင် ရှိပါသည်။

အထူးသဖြင့် ထိုတောကြီးအတွင်း၌ သူခိုးဓားပြမျာ
ပုန်းအောင်းရာဌာန ဖြစ်သည်။ ရွာနီးချုပ်စပ်က လူအမျာ
ထိုတောတွင် အမဲလိုက်ကြပါသည်။ တောနက်ပြီး လျှိုမြောင်မျာ
တောင်ကုန်းများ အနိမ့်အမြင့် မညီသောကြောင့် တောကောင်မျာ
ဖြစ်သည့် သမင်၊ ဒရယ်၊ ချေယ်၊ စိုင်ဆတ်တို့ ခိုအောင်း
နေရာကြီး ဖြစ်ပါသည်။

ထိုသို့ပြောပြီး ကုလားသုံးယောက် ထွက်သွားကြပါသည
ဤတွင် ဆန်ဂျေးမှ . . .။

"ဒီကောင်သုံးယောက်ကို ငါတော့ သိပ်ပြီး မသင
ဘူး"

"အေး . . . ဟုတ်တယ်၊ သူတို့ကြည့်ရတာ ရာဇဝတ်
တစ်ခုခုကို လုပ်မယ့်ပုံဘဲ"

"အေးလေ . . . ငါတို့က ဥပဒေကျောင်းသားဆိုတေ
ဘာပဲဖြစ်ဖြစ် စောင့်ကြည့်ဖို့တော့ လိုအပ်တယ်"





"ပြောနေတာကြားတယ်၊ သူတို့နောက်ကို မယောင်
သည်နဲ့ နောက်ယောင်ခံလိုက်ရင် မကောင်းဘူးလား"

"အေးပါကွာ . . . ကိုယ်ရှာစဲ့သူမှ မတွေ့တာ၊ တွေ့တဲ့
နောက် လိုက်ကြည့်ကြတာပေါ့"

ထိုသို့ဖြင့် ထိုကုလားအုပ်စု သွားရာ နောက်သို့ ခပ်ခွာ
ကလေး လိုက်ခဲ့ကြပါသည်။ သူတို့ ဦးတည်သွားနေသော
နေရာကား သာဝတ္ထိမြို့ဟောင်း ဖြစ်သည့် ကောသလနန်းတော်
မြို့ရိုးဆီသို့ ဦးတည်သွားနေပါသည်။

ကောသလနန်းတော်ရာ မြို့ရိုးရှိသည့်နေရာကား လူ
တိတ်သည့်နေရာဖြစ်ပြီး ယခုကဲ့သို့ ညနေစောင်းအချိန်တွင် ပို၍
ပြတ်လှပါသည်။

ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့ နှစ်ဦးသားမှာ ကောသ
မင်းကြီး၏ နန်းတော်ရာ မြို့ရိုးအတိုင်း ဝင်လာခဲ့ပါသည်။
ဤတွင် ထိုဝန်းအတွင်း ဆိတ်ကျောင်းနေသည့် ရွာခံယောကျ်ား
လေးများသည် ဆိတ်များကို မောင်းကာ အိမ်သို့ ပြန်လာကြ
သည်။

ထိုကလေးအုပ်စုသည် တစ်စုံတစ်ခုကို မြင်ခဲ့သည့်အ
ား ကိုထွန်းအောင်တို့နှစ်ဦးကို ကြောက်ကြောက်လန့်လန့်
ကြည့်ပြီး ဆိတ်များကို အမြန်ဆုံး မောင်းသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဆိတ်ကျောင်းတဲ့ ကလေးတွေပုံစံ ကြည့်ရတာ တစ်မျိုး ဘဲ''

''ဟုတ်တယ်. . . ဆိတ်တွေကို ဒုံးစိုင်းမောင်းသွားတယ်''

''ဘာပဲဖြစ်ဖြစ် ဒီနားရောက်တုန်း ပြစရာကတော့ ဟိုက တွေ့တဲ့ အဆောက်အဦးဟာ သောဘနဂျိန်းတွေရဲ့ ကျောင်းပေါ့''

''သြော်. . . ဒါဆို အဝတ်မဝတ်တဲ့ ဘုန်းကြီးတွေက ဒီမှာနေတာပေါ့''

''ဟုတ်တယ်''

ထိုသို့ဖြင့် ထိုနေရာမှ ဆက်လျှောက်ခဲ့ရာ ကုန်းမို့မို့တွင် စေတီပျက်သဏ္ဌာန် အုတ်ပုံမြင့်မြင့်ကို တွေ့ရှိရပါသည်။

''ဒါက. . . အင်္ဂုလိမာရဲ့ စေတီပေါ့''

''အင်္ဂုလိမာလ စေတီပေါ့နော်''

''ဟုတ်တယ်. . . ငါတို့ အခေါ်ကတော့ အင်္ဂုလိမာရဲ့ ပေါ့၊ မင်းတို့ အခေါ်ကျတော့ အင်္ဂုလိမာလစေတီပေါ့''

''တက်ကြည့်ရအောင်''

ပေ(၂၀)ခန့် အမြင့်လောက်ရှိသဖြင့် ထိုစေတီကော်ပတ် ဝန်းကျင်သို့ တက်ကြည့်ရာ. . .။

ထိုစေတီအနောက်ဘက်နေရာတွင် အိန္ဒိယအမျိုးသား သုံးဦးမှ ဆာရီဝတ် မိန်းကလေးတစ်ဦးအား ဆွဲလားရမ်းလား





လုပ်နေသည်ကို တွေ့ရှိရပါသည်။ ဆာရီဝတ် မိန်းကလေးက ကြောက်အားလန့်အားဖြင့် ရုန်းကန်နေပါသည်။

ထိုအမျိုးသား သုံးဦးမှာ မကြာသေးမီက လက်ဖက်ရည် ဆိုင်တွင် တွေ့ရှိရသည့် လူသုံးဦးဖြစ်ကြောင်း သိလိုက်ရပါသည်။

''ဟိုမှာ. . . ကောင်မလေးတစ်ယောက်ကို ဆွဲလားရမ်း လား လုပ်နေတယ်''

ကိုထွန်းအောင်က ဆန်ဂျေးကို ပြောလိုက်ရာ. . .။

''မိန်းကလေးတစ်ယောက်ကို အနိုင်အထက်ပြုနေတာ ကောင်းပါဘူး. . . ဒါဟာ ရာဇဝတ်မှုဘဲ၊ တို့ ဝင်ကယ်ရင် ကောင်းမယ်''

ထိုသို့ပြောပြီး ထိုနေရာဆီသို့ ပြေးသွားမည်ပြုစဉ်. . .။

ထိုနေရာသို့ မြင်းလှည်းတစ်စီး ရောက်လာပြီး ထိုမိန်း ကလေးကို မြင်းလှည်းပေါ် ပွေ့တင်ကာ အရှိန်ပြင်းစွာ မောင်းနှင် သွားပါတော့သည်။ ကိုထွန်းအောင်တို့နှစ်ဦးသားမှာ ထိုမြင်းလှည်း နောက်သို့ ပြေးသွားသောအခါတွင် ထိုမိန်းကလေးအား စောင် ခြုံအုပ်ကာ ခေါ်ဆောင်သွားသဖြင့် မည်သို့မျှ လိုက်မမီတော့ ပေ။

''အဲဒီမိန်းကလေးက ဘယ်သူမှန်းလဲ မသိ၊ ဘယ်က မှန်းလဲ မသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဂျေးက ဤသို့ ပြောလိုက်ပါသည်။ ဤတွ
ကိုထွန်းအောင်မှ. . .။

"ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်ကို အလိုမတ
ဘဲ ခေါ်သွားတာ ရာဇဝတ်မှုဘဲ၊ ငါတို့ ဥပဒေကျောင်းသားတွေ
ရဲ့ ရှေ့မှာ ဥပဒေကို ချိုးဖောက်တာ အဖြစ်မခံနိုင်ဘူး၊ အထူး
သဖြင့် အားနွဲ့တဲ့ မိန်းမသားတွေရဲ့ ဘဝကို ဖျက်ဆီးမယ့်
အကောင်တွေ. . . တို့ လိုက်ရအောင်ကွာ"

"ငါတော့ ဒီလိုလုပ်ချင်တယ်. . . သူတို့ပြောနေတဲ့ စကား
ထဲမှာ 'အန္တဝန်တော'ဆိုတာ ပါတယ်ဆိုတော့ အနီးဆုံးကတ
ဒီတောဘဲ ရှိတာ၊ ဒီတော့ ဒီက ပုလိပ်တွေကို အကြောင်းကြား
ပြီးမှ လိုက်မယ်"

"အေး. . . အဲဒါ. . . ကောင်းတယ်"

ကိုထွန်းအောင်တို့ နှစ်ဦးသားမှာ ပုလိပ်စခန်းသို့ သွား
ရောက်ကာ ဖြစ်သမျှ အလုံးစုံ ရှင်းပြပြီး၊ ပုလိပ်များနှင့်အတူ
အန္တဝန်တောကြီးဆီသို့ အမြန်ဆုံး လိုက်လာခဲ့ပါသည်။

မကြာမီ အန္တဝန်တောစပ်ကြီးဆီသို့ ရောက်ခဲ့ပါသည်။
ထိုတောစပ်၌ ရှိသော လက်ဖက်ရည်ဆိုင်ရှင်အား ပုလိပ်အရာရှိ
က မေးလိုက်ပါသည်။

"ဒီတောထဲကို မြင်းလှည်းတစ်စီး မောင်းဝင်သွားတယ်





မဟုတ်လား"

"ကျွန်တော်တို့ မမြင်ပါ"

"ဘာမမြင်ရမှာလဲ. . . ဒီကလူတွေက မြင်တယ် ပြော
ပြီး လာတိုင်တယ်၊ မင်းတို့ မလိမ်နဲ့၊ လိမ်တာနဲ့ အချုပ်ထောင်
ထဲ သွင်းပစ်မယ်"

"ဟုတ်ပါတယ် ဆရာ. . . မြင်းလှည်းတစ်စီး ဝင်သွား
ပါတယ်၊ သူတို့က လူဆိုးအဖွဲ့က လူတွေမို့ ကျွန်တော်တို့က
ကြောက်လို့ အမှန်အတိုင်း မပြောတာပါ"

"အမှန်အတိုင်း ပြောရမှာပေါ့. . . အဲဒီမြင်းလှည်းမှာ
မြင်းလှည်းမောင်းတဲ့သူပါ၊ပါရင် အမျိုးသားလေးယောက် မဟုတ်
လား"

"ဟုတ်ပါတယ် ဆရာ"

"ကောင်းပြီ. . . ဒါဆို ကျုပ်တို့ တောထဲဝင်မယ်"

ထိုသို့ပြောဆိုပြီး သစ်ပင်များကို အကာအကွယ်ပြုကာ
တောတွင်းသို့ ဝင်ခဲ့ရာ မကြာမီအချိန်တွင် တဲတစ်လုံးကို တွေ့
ရပြီး တဲ၏ရှေ့၌ မြင်းလှည်းတစ်စီး ရပ်ထားသည်ကို တွေ့လိုက်
ရပါသည်။

ပုလိပ်တပ်ဖွဲ့ဝင် (၁၀)ဦးခန့်မှာ တဲကလေး၏ ပတ်ပတ်
လည်တွင် အသီးသီး နေရာယူလိုက်ပြီးနောက် ပုလိပ်အရာရှိ



www.burmeseclassic.com

www.burmeseclassic.com



မှ . . .။

''ဟေ့ကောင်တွေ . . . မင်းတို့အားလုံးကို ငါတို့ ဝိုင်းထားပြီ၊ လက်နက်ချ''

ဟူ၍ အော်ပြောလိုက်ပါသည်။ သို့သော် တဲကလေးထဲမှ လူများမှာ တုတ်တုတ်မျှ မလှုပ်ချေ။

''ဟေ့ကောင်တွေ . . . တစ်ကနေ ငါးအထိ ရေမယ်၊ မထွက်ရင် ပစ်မယ်''

''တစ် . . . နှစ် . . . သုံး''

ဟူ၍ ရေတွက်နေစဉ် . . .။

''ဒိုင်း'' ''ဒိုင်း'' ''ဒိုင်း''

သေနတ်သံများ တဲအတွင်းမှ ထွက်ပေါ်လာပါသည်။

''ငါတို့ကို အံတုတဲ့အကောင်တွေ . . . ရဲဘော်တို့ပစ်''

''ဒိုင်း'' ''ဒိုင်း'' ''ဒိုင်း''

အပြန်အလှန် သေနတ်သံများ ဆူညံသွားပါသည်။ တခဏအကြာတွင် တဲအတွင်းမှ သေနတ်သံများ ရပ်သွားပါသည်။ လူဆိုးများတွင် ကျည်ဆန် ကုန်သွားမှန်း ပုလိပ်အရာရှိမှ သိသဖြင့် . . .။

''ဟေ့ကောင်တွေ . . . မသေချင်ရင် လက်မြှောက်ပြီး အပြင်ထွက်ခဲ့''





''တစ် . . . နှစ် . . . သုံး''

ထိုသို့ အော်ပြောလိုက်ရာ တဲအပြင်ဘက်သို့ လူတစ်ဦး အရင်ဆုံး ထွက်လာပါသည်။ သူကား . . . ဆာရီဝတ်အမျိုးသမီး တစ်ဦး . . .။

ထိုအမျိုးသမီးအား အကာအကွယ်ယူကာ နောက်မှ လိုက်လာသည့် လူဆိုးများ . . .။ အားလုံးပေါင်း ငါးယောက်တိတိ . . .။

ဆာရီဝတ် အမျိုးသမီးကလေးမှ . . .။

''ကျွန်မ လူဆိုးမဟုတ်ပါဘူး၊ ကျွန်မကို မတရားဖမ်းသွားလို့ပါ''

ဟူ၍ အော်ဟစ်ပြောဆိုပါတော့သည်။

ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့နှစ်ဦးမှာ . . .။

''ဒီအသံကို ကြားဖူးသလိုဘဲ ဆန်ဂျေး''

''အေး . . . ဟုတ်တယ်''

ထိုသို့ဖြင့် ဒွိဟဖြစ်နေရိုက် တဲအတွင်းမှ ထွက်လာသဖြင့် တဖြည်းဖြည်း အနီးသို့ရောက်လာသောအခါ ဆာရီဝတ်မိန်းကလေးကို ကြည့်လိုက်ရာ ၎င်းတို့နှစ်ဦးစလုံး လွန်စွာ အံ့အားသင့်သွားပါတော့သည်။

ဤတွင် ဆန်ဂျေးမှ . . .။



www.burmeseclassic.com

www.burmeseclassic.com



"ရှာမီလာ"

ဟူသော အာမေဋိတ်သံဖြင့် ခေါ်လိုက်ပါသည်။

ကိုထွန်းအောင်မှာလည်း ဒီလိုနေရာမျိုးတွင် ရှာမီလာကို တွေ့လိုက်ရသည့်အတွက် အံ့သြစွာငေးကြည့်နေပါသည်။

ပုလိပ်ရဲအရာရှိများက လူဆိုးများကို သေနတ်ဖြင့်ချိန်ရင်း အနီးသို့သွားစဉ် ဆန်ဂျေးမှာ ၎င်းတို့နှင့်အတူ ပြေးသွားပြီး ရှာမီလာကို လှမ်းဆွဲကာ. . .။

"ဖြစ်မှဖြစ်ရလေ. . . ရှာမီလာရယ်"

ဟူ၍ စိတ်မကောင်းစွာပြောလိုက်ပါသည်။ ဤတွင် ကိုအောင်ထွန်းကလည်း. . .။

"တော်သေးတာပေါ့ ရှာမီလာရယ်"

ရှာမီလာမှာ ဝမ်းနည်း၍ တရှုံ့ရှုံ့ငိုရင်း. . .။

"ရှင်တို့နှစ်ယောက်ဟာ ကျွန်မရဲ့ ကျေးဇူးရှင်တွေပါဘဲ ကျွန်မဘဝပျက်ကာနီးမှာ အချိန်မီ ကယ်တင်နိုင်ခဲ့လို့ ဒုက္ခမရောက်တာ အလွန်ဘဲ ကျေးဇူးတင်ပါတယ်ရှင်"

ဟူ၍ သူတို့ထုံးစံအရ လက်အုပ်ကလေးချီကာ ပြောပါသည်။

"ကြုံကြိုက်လို့ ကူညီရတာပါ"

ကိုထွန်းအောင်မှာ အလိုက်သင့်ပြောရင်း ၎င်းတို့၏အနီး





တွင် ခေါ်ထားခဲ့ပါသည်။

ပုလိပ်တပ်ဖွဲ့ဝင်များသည် လူဆိုးများကို လက်ထိပ်ခတ်ကာ ဖမ်းခေါ်သွားပါသည်။

ကိုထွန်းအောင်တို့ နှစ်ဦးသားသည် ရှာမီလာနှင့်အတူ ပုလိပ်တပ်ဖွဲ့သို့သွားရာ လမ်းခုလတ်တွင် ဆန်ဂျေးမှ. . .

"ဘယ်လိုဖြစ်တာလဲ ရှာမီလာရယ်"

"ပုလိပ်တပ်ဖွဲ့မှာ အစစ်ခံတော့မှ နားထောင်ပါတော့ သူငယ်ချင်းရယ်"

ဆန်ဂျေးနှင့် ရှာမီလာမှာ နဂိုကပင် ရင်းနှီးပြီးသား ဖြစ်သည့်အတွက် ကိုထွန်းအောင်မှာ သူတို့နှစ်ဦး၏ ပြောစကားကိုသာ နားထောင်နေပါသည်။

လူဆိုးများမှာ လက်ပူးလက်ကြပ် မိနေသည့်အတွက် ချုပ်နှောင်ထားပါသည်။ ရှာမီလာမှာ ဖမ်းဆီးခံရသူ မိန်းကလေး တစ်ဦး ဖြစ်နေသဖြင့် သူမ၏ တိုင်ချက်အရ အမှုဖွင့်စစ်ဆေးချက်များ ယူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

## "စကြာနွယ်စဉ်ဂိုဏ်းသားများ၏ အန္တရာယ်"

ရှာမိလာ၏စစ်ချက်ထဲတွင် ထူးဆန်းသော ဖြစ်စဉ်များ ပါဝင်ခဲ့သည့်အတွက် ကိုထွန်းအောင်တို့နှစ်ဦးမှာ အံ့သြခဲ့ပါသည်။ ထို့ကြောင့် သူမ၏အကြောင်းကို မေးမြန်းခဲ့ရာမှ သူမ၏ ကိုယ်ရေးရာဇဝင်ကို သိခဲ့ရပါတော့သည်။

သူမအကြောင်းနှင့် ထူးထူးခြားခြား ဆက်နွယ်နေသည်မှာ အာဂျန္တာရတနာသိုက်ပင် ဖြစ်ပါသည်။ ထိုရတနာသိုက်အကြောင်းကို အိန္ဒိယမှ လူတော်တော်များများ သိပါသည်။

အာဂျန္တာရတနာသိုက်ဆိုသည်မှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀)ကျော်က အုပ်စိုးခဲ့သည့် ဘုရင်ကြီး အာဂျန္တာပိုင်သည့် ရတနာများကို မြှုပ်နှံထားရာ နေရာကို ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ၎င်းတို့အဆိုအရ ထိုရတနာသိုက်မှာ အန္တဝန်တောကြီးအတွင်း၌ ရှိသည်ဟု ဆိုပါသည်။

အာဂျန္တာရတနာသိုက်မှာ ဘုရင်ကြီး ပိုင်ဆိုင်သည့်





ရတနာသိုက်ဖြစ်သည့်အလျောက် မြောက်များလှစွာသော ရွှေဒင်္ဂါးများ ရတနာစိန်ကျောက်၊ ပုလဲ၊ ပတ္တမြားတို့ဖြင့် အထူးထူး စီချယ်ထားသည့် လက်ဝတ်တန်ဆာရတနာများမှာ မရေတွက်နိုင်အောင် ရှိခဲ့ပါသည်။

ထိုရတနာသိုက်ကြီးအား "Argana's Mines"ဟူ၍ ခေါ်ဆိုပါသည်။ ၎င်းရတနာသိုက်နှင့် စပ်လျဉ်းသော အဖြစ်အပျက်မှာ. . .။

ထိုအန္တဝန်တောကြီးအနီးရှိ သာဝတ္ထိ၌ ဇရမားနှင့် ဘာနူတို့ ဇနီးမောင်နှံ နှစ်ဦးရှိပြီး သားသမီးမရနိုင်၍ သားဆုပန်ခဲ့ရာ တစ်နေ့သောအခါ၌ ဘာနူ အိပ်မက်မက်ပါသည်။

ဆာရီအစိမ်းရောင်ဝတ်ထားသော လှပ်ရှားစွာ ချောမောလှပသည့် မိန်းကလေးတစ်ဦးသည် အန္တဝန်တောကြီးအတွင်းမှ ထွက်လာပြီး ဘာနူ၏အနီးသို့ ရောက်ရှိလာခဲ့ပါသည်။

"အမိဟာ သားသမီးလိုချင်လို့ နတ်ဘုရားထံမှာ ဆုတောင်းခဲ့တယ် မဟုတ်လား"

"အမိ ဆုတောင်းခဲ့ပါတယ်"

"ကျွန်မဟာ ဒီတောကြီးထဲက အာဂျန္တာရတနာသိုက်က လာတာပါ. . . အမိတို့နဲ့ အတူနေချင်လို့ လာခဲ့တာပါ၊ အတူနေပါရစေ အမိရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . သမီးလေးက အရမ်းချော အရမ်းလှတာဘဲ၊ အမိတို့သမီးလေးအဖြစ် လက်ခံပါတယ်၊ အမိတို့နဲ့အတူ နေခွင့်ပြုပါတယ်"

ထိုသို့ဖြင့် ဘာနူသည် ဝမ်းသာစွာ လက်ခံလိုက်စဉ် အစိမ်းရောင်ဆာရီဝတ် မိန်းကလေးမှာလည်း ဝမ်းသာလွန်း၍ ဘာနူ၏ လက်ကလေးကို ဆွဲကာ သူမ၏ရင်ခွင်တွင်းသို့ တိုးဝင်လိုက်ပါသည်။

ဤတွင် ဘာနူ လန့်နိုးလာပါသည်။

ဘာနူသည် အိပ်မက်မှ လန့်နိုးသော်လည်း စိတ်မကြည်မလင် မဖြစ်ဘဲ စိတ်တွင် အေးချမ်းနေပါသည်။ ထိုအိပ်မက် မက်ပြီး များမကြာမီ ဘာနူ၌ ကိုယ်ဝန်ရှိခဲ့ပါသည်။

ထိုအချိန်မှစ၍ ဗာရမား၏ ဈေးဆိုင်လေးမှာ လက်မလည်အောင် ရောင်းချရသဖြင့် စီးပွားရေး ကောင်းမွန်လာပါသည်။ ကလေးမီးဖွားချိန်တွင် ဆိုင်လေးမှတစ်ဆင့် ဆိုင်ကြီးဖြစ်လာသဖြင့် ငွေကြေး အသင့်အတင့် သုံးစွဲနိုင်ပါသည်။

ဘာနူတို့ နေထိုင်သည့် ရပ်ကွက်မှာ လူဦးရေ ထူထပ်ပြီး ဆင်းရဲသားများသည့် ရပ်ကွက်ဖြစ်၍ တစ်အိမ်၏ကိစ္စကို တစ်အိမ်က အလုံးစုံသိပါသည်။

ဘာနူကလည်း ရိုးသားသူပီပီ သူမ၏ အိပ်မက်အကြောင်း





ကို ပြောပြရာ တစ်ရပ်ကွက်လုံး သိရှိခဲ့ပါသည်။

"ရှင်တို့ မယုံရင် ကြည့်နေ. . . ကျွန်မမွေးရင် မိန်းကလေး ဖြစ်မှာ၊ အာဂျန္တာသိုက်က လာတာရှင့်"

ဘာနူက သူမ၏ယုံကြည်ချက်အတိုင်း အိပ်မက်အကြောင်းကို မမွေးမီကပင် ပြောပြရာ ယခုကဲ့သို့ မိန်းကလေး မွေးသောအခါ. . .။

"ဘာနူ ပြောတာ သိပ်မှန်တာဘဲ. . . သမီးလေးဘဲ မွေးတယ်ဟေ့"

ဘာနူ၏ အပြောကြောင့် ရှာမီလာကို အာဂျန္တာသိုက်မှ လာသည်ဟု ပတ်ဝန်းကျင်ရှိ မိတ်ဆွေများက ယုံကြည်ကြပါသည်။ ထိုသို့ဖြင့် ရှာမီလာ ဆယ်နှစ်သမီးအရွယ်သို့ ရောက်ချိန်တွင် စကြာနွယ်စဉ် ဂိုဏ်းသားများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပါသည်။

ထိုဂိုဏ်းသားများသည် ရှာမီလာကို အနွဝန်တောကြီးအတွင်းသို့ ခေါ်သွားခဲ့ပါသည်။ ၎င်းတို့သည် ရှာမီလာအား ကြိုးဖြင့် တောင်ပို့ကြီးတစ်ခုရှေ့တွင် ဒူးထောက်လျက် ထားရှိပြီး မန္တန်များ ရွတ်နေပါသည်။ ထိုတောင်ပို့ကြီးရှေ့တွင် ဖယောင်းတိုင်၊ အမွှေးတိုင်များကို ထွန်းညှိထားပါသည်။

ထို့နောက် ရှာမီလာ၏ မျက်နှာတွင် အဝတ်မည်းစည်း



www.burmeseclassic.com

www.burmeseclassic.com



ကာ. . .။

"ကဲ. . . ရှာမီလာ၊ အာဂုန္တာရတနာများ ရှိတဲ့နေရာ[ကို] သွားလေ့"

ဟု ပြောကာ ရှေ့မှ သွားခိုင်းပါသည်။

ထိုစဉ် ရှာမီလာ၏ ဖခင်ကြီးမှာ ပုလိပ်အဖွဲ့အား တို[င်] ပြီး ထိုတောကြီးအတွင်းသို့ ရောက်ရှိလာခါ လူဆိုးအဖွဲ့ကြီးအာ[း] ဖမ်းဆီးနိုင်ခဲ့ပါသည်။

ထိုလူဆိုးဂိုဏ်းကြီးသည် ရှေးယခင်က လူများ မြေမြှ[ုပ်] နှံ့ သိမ်းဆည်းထားသည့် ရတနာများကို လိုက်လံရှာဖွေ [...] သောက်ခဲ့ကြပါသည်။ ၎င်းတို့၏ အစွဲအလမ်း ယုံကြည်မှု[...] ရတနာများ ရှာဖွေရာတွင် ထိုရတနာသိုက်နှင့် ပတ်သက်သည် ဟု ယူဆသည့် ကလေးငယ်များကို ဂါထာမန္တာန် ရွတ်ဆိုကာ ရှာဖွေခိုင်းပါသည်။ မတွေ့ပါက ထိုကလေးငယ်များ၏ လည် ချောင်းသွေးဖြင့် ပူဇော်ကာ ရတနာများကို ရှာဖွေတတ်ပါသည်။

ထို့ကြောင့် ထိုဂိုဏ်းမှ ဖမ်းဆီးခြင်းခံရသော ကလေးများ မှာ အသတ်ခံခြင်း၌ အဆုံးသတ်လေ့ရှိပါသည်။

ယခု ရှာမီလာကို ဖမ်းသွားသော ကိစ္စမှာလည်း ပထ[မ] အဆင့်၌သာ ပြုလုပ်ရသည့်အဆင့်၌ ရှိသဖြင့် အသက်ချမ်းသာ ရာ ရခဲ့ပါသည်။ သို့သော်လည်း လူဆိုးဂိုဏ်းမှာ အလွန်လူများ





[...]ည် ဂိုဏ်းဖြစ်၍ ကျန်ဂိုဏ်းသားများက အမျိုးမျိုး ဒုက္ခပေး [...] ရှာမီလာတို့မိဘနှစ်ပါးမှာ ရှာမီလာကို ခေါ်၍ ကာလကတ္တား ပြောင်းရွှေ့ခဲ့ပါသည်။

ပထမတွင် ကာလကတ္တားဈေးထဲ၌ လူအသုံးအဆောင် [...]ည့်အရောင်းဆိုင်ကလေး ဖွင့်ထားပါသည်။ ထိုဆိုင်ကလေး [...] တစတစ ဈေးဝယ်သူ များပြားလာကာ ဆိုင်အသေးမှ [...] ဖြစ်လာခဲ့ပါသည်။ ထိုနေရာသို့ စကြာနွယ်စဉ် ဂိုဏ်းသား [...] ရောက်ရှိလာသဖြင့် ၎င်းတို့မိသားစု နီပေါဘက်သို့ ထွက် [...]ခဲ့ရပါသည်။

နီပေါတွင် ရှာမီလာ၏ မိခင်ကြီး ဘာနူသည် ရုတ်တရက် [...]ယ်လွန်ခဲ့ပါသည်။

ဖခင်ကြီး ဗာရမားသည် ရှာမီလာကို လက်ဆွဲကာ [...]င်ရာအရပ်၌ ဇတ်မြှုပ်နေရင်း ဖခင်ကြီး ဗာရမားသည် [...]ကြီးဘာနူအား လွမ်းဆွတ်စိတ်ဖြင့် ဟောင်ရာ၌ ကွယ်လွန် [...]သည်။

ရှာမီလာသည် ဦးလေးတော်သူ မိသားစုနှင့်အတူ နေ [...] ဥပဒေပညာရပ်ကို လေ့လာသင်ကြားခဲ့ပါသည်။ သူမ [...] ဟောင်းနွမ်းသော အတွေးအခေါ်များကို တိုက်ဖျက်လို [...]ာ တစ်ကြောင်း၊ ထိုလူဆိုးဂိုဏ်းများ၏ ရန်ကို ဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအရ ကာကွယ်လိုသည်ကတစ်ကြောင်း တို့ကြောင့် ဉာဏ
ပညာရပ်ကို သင်ကြားခဲ့ခြင်း ဖြစ်ပါသည်။

အခင်းဖြစ်ပွားမည့်နေ့က သာဝတ္ထိတွင် သူတော်
ဆာဒူးကြီးများ ရေစိမ်ပွဲရှိသဖြင့် ဇာတိမြေဖြစ်သော သာ
ရေစိမ်ပွဲသို့ လာခဲ့ပါသည်။

ရှာမီလာအား နောက်ယောင်ခံလိုက်နေသော စကြာနွယ်
ဂိုဏ်းသားများသည် ရှာမီလာအား ဖမ်းဆီးကာ အနွှဝန်
ကြီးထံသို့ ဖမ်းခေါ်လာစဉ် ကိုထွန်းအောင်နှင့် ဆန်ဂျေး အပါအ
ပုလိပ်တပ်ဖွဲ့၏ ကြိုးပမ်းမှုကြောင့် ယခုကဲ့သို့ လူဆိုးလက်
လွတ်မြောက်လာခဲ့ခြင်း ဖြစ်ပါသည်။

ရှာမီလာကို ဟောင်ရာရှိ သူမ၏ ဦးလေးအိမ်အ
လိုက်လံပို့ဆောင်ပေးခဲ့ပါသည်။ သူမ၏ ဦးလေးမိသားစုကလ
ကိုထွန်းအောင်တို့နှစ်ဦးကို ကျေးဇူးအထူးတင်ခဲ့ကြပါသည်။

၎င်းတို့နှစ်ဦးလည်း အိမ်သို့ပြန်ခဲ့ကြပါသည်။

အိမ်ပြန်ရောက်သောအခါ ခြေပျစ်လက်ပျစ် လှဲချလို
ပါတော့သည်။

ဆန်ဂျေးက ညည်းညည်းညူညူ ပြောလိုက်ပါသည်

''မောတော့မောတာပေါ့ကွာ. . . ရှာတဲ့သူမတွေ့! ရှ
တဲ့သူတွေ့ ဆိုသလို ဖြစ်နေပြီ''





''အေးကွာ. . . မရှာတဲ့သူတွေ့ ဆိုပေမယ့် ရှာမီလာကို
ယ်တင်နိုင်ခဲ့တာ အမြတ်ဘဲ''

''ဟုတ်ပါတယ်ကွာ. . . ရှာမီလာကလေးကို ကယ်တင်
ခဲ့တာ တကယ့်ကို ဝမ်းသာပါတယ်ကွာ၊ ဒါပေမယ့် ငါ တွေ့ချင်
တဲ့ ကောင်မလေးကို မတွေ့ရသေးတော့ ဘဝင်ကတော့ သိပ်
ကျဘူးကွာ. . . ဆက်ရှာရဦးမှာဘဲ''

''ရှာပါကွာ. . . မင်းလဲ အိန္ဒိယမှာ ဆက်နေရဦးမှာဘဲ၊
ဖို့အချိန်တွေ အများကြီးရပါတယ်''

ကျောင်းပိတ်ရက်အတွင်း ဆန်ဂျေးနှင့် အတူနေကာ
မိခင်နှင့်တူသည့် မိန်းကလေးကို ရှာဖွေခဲ့ပါသည်။ လူဦးရေ
န်းနှင့်ချီ၍ နေထိုင်သည့် အိန္ဒိယပြည်သူ ပြည်သားများထဲက
စ်ဦးတည်းသော အနှီမိန်းကလေးကို ရှာရန်မှာ ကောက်ရိုးပုံ
မှ အပ်တစ်စင်းကို ရှာသည့်နှယ် တွေ့ရန်ခက်ခဲလှပါသည်။

* * *

သည်လိုနှင့်ပင် ကျောင်းပိတ်ရက်ကုန်ဆုံးကာ ဒုတိယ
စ်သို့ ရောက်ခဲ့ပါပြီ။ ထိုနှစ်တွင် ကိုထွန်းအောင်တို့နှစ်ဦးနှင့်
ရှာမီလာမှာ အထူးခင်မင်သည့် မိတ်ဆွေအရင်းအချာများ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ပါသည်။

တစ်နေ့သောအခါတွင် ရှာမီလာသည် ကျောင်းအ[illegible]
၌. . .။

''မစ္စတာထွန်းအောင်နဲ့ မစ္စတာ ဆန်ဂျေးအတွက် ဖိတ်[illegible]

ဟု ပြောကာ ဖိတ်စာ စာအိတ်ကလေး ကမ်း[illegible]သည်။ ဆန်ဂျေးမှာ ရှာမီလာကို ခင်မင်နေသူပီပီ ရှာမီ[illegible] ကမ်းပေးသော ဖိတ်စာ စာအိတ်ကလေးကို လှမ်းယူရင်း စ,[illegible] ပါသည်။

''ဘယ်တုန်းက စေ့စပ်လိုက်တာလဲ''

ဟု မေးမြန်းလိုက်ရာ ရှာမီလာမှ. . .။

''အိုး. . . နိုး. . . နိုး၊ လက်ထပ်ဖိတ်စာ မဟုတ်ပါ[illegible] ရှာမီလာတို့ မိရိုးဖလာ မြွေနတ်သမီး ပူဇော်ပွဲ ရှိတယ်. . .[illegible] အိမ်မှာ အလှူအတန်းလုပ်မှာမို့ သူငယ်ချင်းတို့ကို ဖိတ်တာ[illegible]

ဟု ရှက်စနိုးဖြင့် ပြန်ဖြေလိုက်ပါသည်။

ဤတွင် ကိုထွန်းအောင်မှ ရှာမီလာ အရှက်ပြေစေရန်. . .

''မြွေနတ်သမီး ပူဇော်ပွဲက ဘယ်နေ့လဲ''

''အခုလာမယ့် တနင်္ဂနွေနေ့ပါ. . . နှစ်ယောက်စ[illegible] ဆက်ဆက်လာခဲ့ပါ''

ရှာမီလာ၏ စကားကို ကြားရသောအခါ နဂိုက[illegible]





အိမ်မှမနေချင်သည့် ဆန်ဂျေးအတွက် အကွက်ရသွားပါတော့သည်။

''တနင်္ဂနွေနေ့မှာ တို့နှစ်ယောက် ဆက်ဆက်လာခဲ့မယ်''

''အေး. . . အေး''

ရှာမီလာသည် ဖိတ်စာပေးပြီးနောက် ပြန်သွားခဲ့ပါသည်။

ကိုထွန်းအောင်မှာ မြွေနတ်သမီး ပူဇော်ပွဲကို ကြည့်ချင်နေသူပီပီ တနင်္ဂနွေနေ့ မြန်မြန်ရောက်ချင်လှပါသည်။ ကြားရက်ကလေးများကိုပင် အချိန်ကြာသည်ဟု စိတ်ဝယ်ထင်နေပါသည်။

ဆန်ဂျေး မျှော်လင့်နေသည့် တနင်္ဂနွေနေ့. . .။

နံနက်စောစောကတည်းက ဟောင်ရာသို့ သွားရန် တက်ကြွနေပါသည်။ နံနက်ကိုးနာရီခန့်တွင် ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့ နှစ်ဦးသား ဟောင်ရာမြို့သို့ ထွက်ခွာခဲ့ပါသည်။ ဟောင်ရာမြို့မှာ ကာလကတ္တားနှင့် များစွာ မဝေးလှပေ။

မကြာမီ ဟောင်ရာမြို့ရှိ ရှာမီလာ၏အိမ်သို့ ရောက်ရှိခဲ့ပါသည်။ ရှာမီလာကလည်း ကိုထွန်းအောင်တို့ကို စောင့်မျှော်နေစဉ် ရောက်လာသည့်အတွက်. . .။

''မစ္စတာထွန်းအောင်နဲ့ မစ္စတာဆန်ဂျေးတို့ကို စောင့်နေတာ. . . လာပါ. . . လာပါ. . . အိမ်ထဲကိုကြွပါ''

ဟူ၍ ခရီးဦးကြိုပြုပြီးနောက် အိမ်[illegible]သို့ ခေါ်ဆောင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထို့နောက်. . .။

''မစ္စတာထွန်းအောင်နဲ့ မစ္စတာဆန်ဂျေးတို့ သုံးဆော
ပါရှင်''

ထိုသို့ပြောဆိုပြီး ဆမိုင်ကဲ့သို့သော မုန့်အချိုအရည်များ
အချိုမုန့်များ၊ လက်ဖက်ရည် စသည့် အရည်မျိုးစုံ၊ မုန့်မျိုး
ချကျွေးခဲ့ပါသည်။

မကြာမီ ဗုံသံ၊ တာပလာသံများ၊ ပူးသီးခြောက်ကဲ့သို့
သော ပုလွေများမှုတ်သံ ကြားရပါသည်။ ထိုလူစုမှာ သူမ
အိမ်ရှေ့ရှိ ကွက်လပ်ကျယ်ကြီးအတွင်း ရောင်စုံပိုးဖဲများဖြင့် တ
ဆာဆင်အပ်သော မဏ္ဍာပ်ကြီးထဲမှ ဖြစ်ပါသည်။

ထိုမဏ္ဍာပ်ထဲတွင်လည်း လူတစ်စု ရောက်ရှိကာ ခင်
ထားသည့် ထိုင်ခုံများ၌ ထိုင်နေကြပါသည်။

တဖြည်းဖြည်း ဗုံသံများ၊ ပုလွေသံများ ပိုမိုဆူညံလာ
ချိန်တွင် ရှာမီလာမှ. . .။

''မစ္စတာထွန်းအောင်နဲ့ မစ္စတာဆန်ဂျေးတို့ မဏ္ဍာပ်ထဲ
ကို ကြွပါ''

''ကောင်းပါပြီ''

ရှာမီလာ ခေါ်ဆောင်ရာသို့ လိုက်သွားခဲ့ပါသည်။ ၎င်း
တို့နှစ်ဦးအား မဏ္ဍာပ်ထဲရှိ ရှေ့ဆုံးခုံများတွင် နေရာပေးခဲ့ပါသည်။





ထိုနေရာမှ လှမ်းကြည့်ရာ မလှမ်းမကမ်းတွင် ချပြထည့်ထားသည့်
ပခြုပ်များ တန်းစီချထားသည်ကို တွေ့လိုက်ရပါသည်။

သို့သော်လည်း ကိုထွန်းအောင်၏စိတ်တွင် အမှတ်တမဲ့
သာ နေလိုက်ပါသည်။

မကြာမီအချိန်တွင် ပြောင်ပြောင်လက်လက် ဝတ်ဆင်
ထားသည့် ကချေသည်တစ်ဦးသည် တူရိယာသံစဉ်အတိုင်း က
မြိုင်း ညှိသည်များ ရှေ့သို့ ထွက်လာခဲ့ပါသည်။

အိန္ဒိယကချေသည်များ၏ အကအတိုင်း ခန္ဓာကိုယ်ကို
လှုပ်ကာ ကနေသည့်အတွက် မွေပွဲလာပရိသတ်များက လွန်စွာ
ကြိုက်နှစ်သက်သဖြင့် လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် ဩဘာ
ပေးနေပါသည်။

ဤတွင် စက်ဝန်းသဏ္ဍာန် စီတန်းထားသည့် ပခြုပ်များ
၏ အဖုံးကို တစ်ခုချင်း ဖွင့်လိုက်ရာ ဗုံသံအလိုက် ထိုပခြုပ်ထဲ
မှ မြွေများ ကိုယ်တစ်ဝက်ခန့် ထွက်လာပါတော့သည်။

''ဟာ. . . မြွေတွေပါလား''

ကိုထွန်းအောင်နှင့်အတူ အခြားပရိသတ်များပါ လှုပ်လှုပ်
ရှားရှား ဖြစ်သွားပါသည်။ မြွေများကား အသည်းယားဖွယ်
ရာ. . .။

ပခြုပ်ပေါက်မှ ကိုယ်တစ်ဝက်ခန့် ထွက်ကာ ပါးပြင်းခွက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခန္ဓာကိုယ်ကြီးများမှာ ပုံသံနှင့်အတူ လှုပ်ယမ်းနေပါတော့သည်။

သူမက သီချင်းလေးဆိုရင်း မြွေကဲ့သို့ တွန့်လိမ်ကာ အသုံးတော်ခံနေပါသည်။ သူမကို ကိုထွန်းအောင် ကောင်းစွာ မှတ်မိလိုက်ပါသည်။ ဆန်ဈေးတို့အိမ်တွင် ခေတ္တနေစဉ်က ဈေးသို့သွားရာလမ်း၌ ဆာရီပြောင်ပြောင်လက်လက် ဝတ်ထားပြီး မျက်နှာတွင် အလွန်အမင်း လိမ်းချယ်ထားသည့် ကချေသည်နှင့် တူသည့် အမျိုးသမီး ဖြစ်နေပါသည်။

ထိုစဉ် တူရိယာဝိုင်းမှ ပလွေသံမှာ ပို၍ ကျယ်လောင်လာပါသည်။

မြွေများသည် ပခြုပ်ထဲမှ မြေကြီးပေါ်သို့ လျှောဆင်းလာသည်မှာ အသည်းတယားယား ပြကွက်ဆန်း ဖြစ်ပါသည်။

မြွေအားလုံး ရေတွက်ကြည့်သော် အကောင်ငါးဆယ်ကျော်ခန့် ရှိပေမည်။ ထိုအမျိုးသမီး ရှိရာသို့ လာကာ သူမကို ဝိုင်းထားပြီး စည်းချက်ညီညီ ကနေပါသည်။

ထိုသို့ကနေစဉ် သူမသည် နောက်ဆုတ်နောက်ဆုတ်ကရင်း မြွေဝိုင်းထဲမှ ထွက်သွားရာ နောက်ထပ် မြွေကချေသည်တစ်ဦး ထိုဝိုင်းအတွင်းသို့ က,ရင်း က,ရင်း ဝင်လာပါသည်။

ထို့နောက် စည်းချက်နှင့် အလိုက်သင့် က,ရင်း မြွေများ





အလယ်တွင် ထိုင်ချလိုက်ပါသည်။ သို့သော် ခန္ဓာကိုယ်က ယိမ်းနွဲ့ကာ က,နေပါသည်။ ပါးပြင်းထောင်ထားသည့် မြွေများသည် ထိုမိန်းကလေးဆီသို့ တစတစ တိုးလာပါသည်။

ထိုမိန်းကလေးမှာ ကိုယ်ကနေလေးကို ယို့ကာ လက်နှစ်ဖက်ကို ရှေ့သို့ ထောက်လိုက်ပြီး မျက်စေ့ကလေးကို မှေးထားစဉ် အဆိပ်ပြင်းထန်သော မြွေကြီးများသည် သူမ၏ နှုတ်ခမ်းကို နမ်းလိုက်ပါသည်။

"ဟာ. . . မြွေကြီးတွေက ကောင်မလေးကို နမ်းနေပြီ"

ကောင်မလေးမှာ မျက်စေ့ မှိတ်ထားဆဲ၊ ထိုမိန်းကလေးကို မြွေကြီးများက တစ်ကောင်ပြီးတစ်ကောင် နမ်းကာ ပခြုပ်ထဲသို့ ဝင်သွားပါသည်။

ထိုကောင်မလေးကလည်း မြွေလမွှာယ်ကချေသည်ပီပီ ပြိုးပြိုးပျက်ပျက် အဝတ်အစားများကို ဝတ်ဆင်ပြီး မျက်နှာတွင် မျက်နှာချေ(ရှေးယခင်က မျက်နှာတွင် ဖြူဖွေးအောင်လိမ်းသည့် အလုပြင်ပစ္စည်း)များ လိမ်းထားပါသည်။ မျက်လုံးတွင် ကာချယ်ခေါ် အမည်းရောင်ကို ဆိုးထားပြီး ဆာရီကို ခေါင်းမြီးခြုံထားပါသည်။

ထို့ကြောင့် ဖြုံးကနဲ ကြည့်ပါက သူမ၏ မူလရုပ်ရည်ကို မသိနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ မျက်စေ့ကလေး ဖေးထားသဖြင့် သူမ၏ မျက်နှာကို သေသေချာချာ ကြည့်လိုက်စဉ်. . . ။

"ဟာ. . . ဒီကောင်မလေးဟာ ငါရှာနေတဲ့ ကောင်မလေးဘဲ"

သည်တော့မှ ကောင်မလေး၏ မူလရုပ်ရည်ကို မှန်းဆမိပါတော့သည်။

ကိုထွန်းအောင်သည် ၎င်း၏စိတ်မှ သိလျှင်သိချင်း ဆန်ဂျေးကို လက်တို့ကာ တိုးတိုးလေး ပြောလိုက်ပါတော့သည်။

"ဟေ့ကောင်. . . ဆန်ဂျေး ငါရှာတဲ့ကောင်မလေး တွေ့ပြီ"

"ဘယ်မှာလဲ. . . လှူအုပ်ထဲမှာလား"

"မဟုတ်ဘူး. . . မြွေလမ္ဘာယ်ကနေတဲ့ ကောင်မလေးဘဲ"

"ဟေ. . . ဟုတ်လား"

"ဟုတ်တယ်"

"မင်း အသာနေ. . . ဒီကောင်မလေးဆိုရင် ငါ ကြည့်ပြီး လုပ်ရှာပေးမယ်"

ဆန်ဂျေး၏စကားကြောင့် ကိုထွန်းအောင်မှာ အသာကြည့်နေရပါသည်။ နောက်ထပ် မြွေလမ္ဘာယ်ဆရာ၊ ဆရာမ





အမျိုးမျိုး ပြကွက်ဆန်းများပြကာ မြွေနတ်သမီးအား ပူဇော်နေပါသည်။

ကိုထွန်းအောင်မှာ တာဝန်အရသာ ကြည့်နေရသော်လည်း ၎င်း၏စိတ်မှာမူကား မြွေလမ္ဘာယ်မလေး ရှိရာသို့သာ စိတ်ရောက်နေပါသည်။

တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပူဇော်ပြီးနောက် အလျှိုလျှို ပြန်သွားကြပါသည်။ ၎င်းတို့၏ ရိုးရာပူဇော်ပွဲဖြစ်၍ ယဉ်ကျေးမှုအရ မည်သို့မျှ မမေးတော့ဘဲ နှုတ်ဆက်ကာ ပြန်ခဲ့ပါသည်။

ကိုထွန်းအောင်လည်း အဆောင်သို့ မပြန်သေးဘဲ ဆန်ဂျေးအိမ်တွင် ခေတ္တနားရင်း ကောင်းမလေးအကြောင်း ပြောနေမိပါသည်။

ဤတွင် ကိုထွန်းအောင်မှ အားမလိုအားမရ ဖြစ်ကာ ဆန်ဂျေးအား ပြောလိုက်ပါသည်။

"ငါကွာ. . . ဟိုကောင်မလေးကို တွေ့ရက်နဲ့ ရာမီလာကို ဘာမှ မပြောလိုက်ရဘူး"

"နေပါဦး. . . ငါ မရှင်းလို့ မေးရဦးမယ်၊ အဲဒီကောင်မလေး က,နေတာကြာပြီ၊ မင်းက ဘယ်အချိန်ကျမှ သိတာလဲ"

"သူက မျက်နှာလဲ လိမ်းချယ်ထားပြီး ခေါင်းမီးမြှိုထားတော့ ငါလဲ ဘယ်မှတ်မိမှာလဲ၊ နောက်တော့ မြွေတွေနမ်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြကွက်ကျမှ သူမျက်နှာကလေးကို သေသေချာချာ မြင်ရမှ ငါလဲ မှတ်မိသွားတော့တယ်''

''မင်းရှာတဲ့ ကောင်မလေးဆိုတာရော သေချာရဲ့လား''

''ငါတော့ သေချာတယ်လို့ ထင်တာဘဲ''

''ဟင်. . . မင်းဟာက မရေမရာနဲ့''

''ငါလဲ အဲဒီကောင်မလေးအကြောင်း သိချင်တယ်''

''ဘာပဲဖြစ်ဖြစ်ကွာ ဒီလောက် အစကလေးရမှတော့ ဆန်ဂျေးတို့က အဲဒီအစကလေးကို ဆွဲထုတ်လိုက်ရုံပေါ့. . . လွယ်ပါတယ် သူငယ်ချင်း''

''အေးပါကွာ. . . မင်းကိုဘဲ အားကိုးနေရတာ၊ ကူညီပါ သူငယ်ချင်း''

''အေးပါ. . . ဒီကိစ္စလောက်တော့ ငါတာဝန်ထား။ ငါက စုံစမ်းစစ်ဆေးရေးလုပ်ရမှာလဲ ဝါသနာပါတယ်''

ကိုထွန်းအောင်လည်း ရှာမီလာကို ကျေးဇူးတင်မိသည်။ ရှာမီလာ၏ အရှက်နှင့်သိက္ခာကို စွန်းစွန်းတမံ ကယ်တင်ခဲ့သည့် စေတနာကား ရောင်ပြန်ဟပ်ခဲ့လေပြီ။ မည်သို့ပင် ဖြစ်စေကာမူ ကိုထွန်းအောင်၏စိတ်တွင် အေးချမ်းသော ပီတိအဟုန်တို့ ဖြစ်ပေါ် နေပါသည်။

''ဘာပဲဖြစ်ဖြစ် အရင်ကထက်စာရင် ငါမှာ မျှော်လင့်





ချက်ရောင်ခြည် ပွင့်ပြီ''

''ဆန်ဂျေးနဲ့ ရှာမီလာတို့နှစ်ယောက်ရဲ့ အကူအညီကို ယူပြီး ဒီကိစ္စကို စုံစမ်းရမယ်''

အဆောင်ရောက်သည့်တိုင်အောင် ဤအကြောင်းကို ဗိုလ်ကျူးကာ တော်တော်နှင့် အိပ်မပျော်ခဲ့ပေ။ သူမအကြောင်းကို ဆက်၍ တွေးနေမိသည်။

''ဒီကောင်မလေးကို ဘာလို့များ တမ်းတမ်းစွဲ တွေ့ချင်နေရပါလိမ့်''

''ဒီကောင်မလေးနဲ့ တွေ့ရင်ကော ငါ့ဘဝမှာ ဘာတွေ အပြောင်းအလဲ ဖြစ်သွားမှာလဲ''

''ဘာပဲဖြစ်ဖြစ် သူ့ကို မြင်တာနဲ့ ငါ့စိတ်မှာ အေးချမ်းသွားတယ်''

ကိုထွန်းအောင်၏ အတွေးအိမ်ထဲတွင် မရေရာသော အတွေးများဖြင့် ယောက်ယက်ခတ်နေခဲ့သည်။

နောက်တစ်နေ့နံနက်. . .။

ကိုထွန်းအောင်တစ်ယောက် ကျောင်းသို့ စောစော ရောက်နေပါသည်။ မကြာမီ ဆန်ဂျေးနှင့် ရှာမီလာတို့ ရှေ့ဆင့် နောက်ဆင့်ဆိုသလို ရောက်လာခဲ့ပါသည်။

ကလပ်(စ်)မတက်မီ သုံးဦးသား အတူတူ လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



သောက်ခဲ့ကြပါသည်။

ဤတွင် ကိုထွန်းအောင်မှ ရှာမိလာအား. . .။

"ရှာမိလာ. . . ဒီနေ့ကလပ်(စ်)ပြီးရင် မပြန်နဲ့ဦး၊ ပြော စရာရှိလို့"

ရှာမိလာက ကိုထွန်းအောင်၏စကားကြောင့် မျက်နှာ ကလေး လှန်ကြည့်လိုက်သည်။ သူမ၏ မျက်ဝန်းတွင် မျှော်လင့် ခြင်း အရိပ်အယောင်များ ပါနေသည်။ သူမ၏ အကြည့်ကို ကြည့်ရုံနှင့် ကိုထွန်းအောင်အပေါ် စိတ်ဝင်စားနေမှန်း သိသာ သည်။

ဆန်နီဂျေးကလဲ သူမ၏ အကြည့်ကို သိလိုက်ပါသည်။

သူတို့သုံးဦးသည် သူငယ်ချင်းသံယောဇဉ်ဖြင့် ထုံမွှမ်း သောအချစ်တို့ဖြင့် ရစ်ပတ်နေပါသည်။ ပထမတွင် ကိုထွန်းအောင် မှာ ရှာမိလာကို စိတ်ဝင်စားသလိုလို ဖြစ်မိသော်လည်း အချိန် ကြာစွာ ပေါင်းလာသောအခါ သူမကို သူငယ်ချင်း သံယောဇဉ် သာ ရှိကြောင်း သေချာစွာ သိလိုက်ပါသည်။

ကလပ်(စ်)ပြီးချိန်တွင် ရှာမိလာသည် ကိုထွန်းအောင် ရှိရာသို့ လာခဲ့ပါသည်။

"ရှာမိလာ. . . တို့သောက်နေကျ လက်ဖက်ရည်ဆိုင် သွားရအောင်"





လက်ဖက်ရည်ဆိုင် သွားမည်ဟုဆိုသဖြင့် ရှာမိလာ မျက်နှာကလေးမှာ မျှော်လင့်ချက်မဲ့သွားသလို ညှိုးငယ်သွားပါ သည်။ ထိုစဉ် ဆန်နီဂျေး ရောက်လာပြီး သုံးဦးသား လက်ဖက် ရည်ဆိုင်သို့ အတူတူ သွားခဲ့ကြပါသည်။

"ရှာမိလာ. . . မနေ့က မြွေလမ်းမှာယ်ကတဲ့ ပထမအဖွဲ့ ဘယ်မှာနေသလဲဆိုတာ သိလား"

ရှာမိလာသည် ကိုထွန်းအောင်၏ မမျှော်လင့်သော မေး ခွန်းကြောင့် ကြောင်အမ်းအမ်းဖြစ်သွားပြီး. . .။

"ဘာဖြစ်လို့လဲ. . . တစ်ခုခု အဆင်မပြေတာများ ရှိလို့ လား၊ ရှိရင် ကျွန်မကို ပြောပါ. . . သူတို့ကို ပြဿနာမရှာပါနဲ့"

ဟူ၍ ပျာပျာသလဲ ပြောလိုက်ပါသည်။

"မဟုတ်ပါဘူး. . . အဆင်မပြေတာလဲ မရှိပါဘူး၊ သူတို့ နှစ်ယောက်နဲ့ သိချင်လို့ပါ"

"ဪ. . . ဒါလား၊ ကျွန်မမှာဖြင့် တစ်ခုခု မှားယွင်း တာ ရှိသလားဆိုပြီး လန့်သွားတာဘဲ၊ ဒါပေမယ့် ကျွန်မ တစ်ခု မေးချင်ပါတယ်"

"မေးပါ"

"အဲဒီမြွေလမ်းမှာယ်ဆရာ၊ ဆရာမတွေဟာ အထူးသဖြင့် အိန္ဒိယမှာရှိတဲ့ မြို့ရွာတွေမှာ လှည့်ပြီး မြွေလမ်းမှာယ် ပြကြ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်. . . ဖတ်အားဖြင့် ပြောမယ်ဆိုရင် ဖော်နိုင်ပါတယ်၊ ကျွန်[illegible]
တို့ဟာ မြေနုတ်သမီး ပူဇော်တဲ့အချိန်ကျမှသာ သူတို့ကို မြေ[illegible]
ပူဇော်နိုင်းတာပါ. . . အဲဒီတော့ သူတို့နဲ့ ဘာလို့ သိကျွမ်း[illegible] သတင်းရတယ်''
တာလဲ''

ရှာမီလာက အချက်ကျကျ မေးလိုက်သောအခါ ကိုထွန်း[illegible]
အောင်မှာ မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွားပါသည်။

''ရှာမီလာရယ် ဘာပဲဖြစ်ဖြစ် သူတို့နဲ့ သိကျွမ်းရအော[illegible]
ကူညီပေးပါ. . . ဘာ့ကြောင့် သိကျွမ်းချင်တယ်ဆိုတာကို[illegible]သေးသလဲ''
နောက်မှ ရှင်းပြမယ်''

''သူငယ်ချင်းအရင်းကိုတောင် ရှင်းမပြနိုင်အောင် လျှို့[illegible]
နိုင်လွန်းပေမယ့် ကျွန်မကတော့ ရှင့်ကို ကူညီပါ့မယ်. . . သူ[illegible]
ဟာ နေရာအတည်တကျ မရှိတဲ့သူတွေမို့ သူတို့ ဘယ်နေရာ[illegible]ပါမယ်''
ရှိမယ်ဆိုတာ အရင်စုံစမ်းပြီး ရှင်နဲ့ မိတ်ဆွေဖွဲ့ပေးပါ့မယ်''

ထိုသို့ပြောပြီး ညှိုးနွမ်းသော မျက်နှာကလေးဖြင့် ပြန်သွား[illegible]
ပါသည်။ သုံးရက်မြောက်သောနေ့တွင်. . .။

ရှာမီလာသည် ကိုထွန်းအောင် ရှိရာသို့ ရောက်လာ[illegible]
ပြီး. . .။

''မစ္စတာထွန်းအောင် တွေ့ချင်တဲ့ 'မြေလမွာယ်ဘုရင်[illegible]
ဆာရာဒေဝီ' တို့အဖွဲ့ ရှိမယ့်နေရာကို စုံစမ်းလို့ရပါပြီ''

''ဟုတ်လား. . . သူတို့ ဘယ်နေရာမှာ ရှိမလဲ''

''ဒီတနင်္ဂနွေနေ့မှာ သူတို့အဖွဲ့ 'ဘဒ္ဒဝမ်မြို့'မှာ ရှိမယ်
သတင်းရတယ်''

''ဒါဆိုအတော်ဘဲ. . . ရှာမီလာ မင်းပါ လိုက်ခဲ့ပါ၊ မင်း
တို့အဖွဲ့ရဲ့ ခေါင်းဆောင်ပေါ့''

''လိုက်ခဲ့ပါမယ်''

''ဒါနဲ့. . . ကာလကတ္တားနဲ့ ဘဒ္ဒဝမ်မြို့ ဘယ်လောက်
[illegible]''

''မိုင်ရှစ်ဆယ်လောက် ဝေးပါတယ်''

''မိုင်ရှစ်ဆယ်ဝေးလဲ ရောက်အောင်သွားရမှာဘဲ''

''အေးလေ. . . သူတို့ရှိတဲ့နေရာကို ရောက်အောင်ပို့ပေး





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## "မြွေလမ္ဘာယ်ဘုရင်မ ဆာရာဒေဝီ"

ဆန်ဂျေးကို ကိုထွန်းအောင် များစွာ ကျေးဇူးတင်
သည်။ အဘယ့်ကြောင့်ဆိုသော် တနင်္ဂနွေနေ့ နံနက်စော
တွင် ကားငှားလာသည့် ဆန်ဂျေး ရောက်ရှိလာသည်။ ဘဒ္ဒ
သက်သက်သာသာသွားရန် ကားငှားပြီး ကိုယ်တိုင် မောင်း
သည်။

"သူငယ်ချင်း ထွန်းအောင်. . . အသင့်ဖြစ်ရင် သွား
ကို့"

"အေး. . . လာပြီ. . . လာပြီ"

ထိုသို့ပြောကာ ကားပေါ်တွင် ဝင်ထိုင်လိုက်ပါသ
ကားကလေးကို ဟောင်ရာဘက်သို့ ဆန်ဂျေး မောင်း
သည်။

မကြာမီ ရှာမီလာ၏ အိမ်သို့ ရောက်ရှိလာပါသ
အသင့်စောင့်ဆိုင်းနေသော ရှာမီလာကို ခေါ်ကာ ဘဒ္ဒဝ





သို့ မောင်းနှင်လာခဲ့ပါသည်။

လမ်းခုလတ်တွင် ရှာမီလာမှ ကိုထွန်းအောင်ကို စကား
ဆင်ပြောပါသည်။

"မစ္စတာထွန်းအောင်ကို ကျွန်မ သတိပေးစရာအကြောင်း
ရှိတယ်၊ ရှင်က ဆာရာဒေဝီနဲ့ တွေ့ချင်တယ်ဆိုလို့သာ လိုက်ပို့
ရတာဖြစ်ပေမယ့် ဒီအမျိုးသမီးဟာ အကျင့်စာရိတ္တပိုင်းမှာ နာမည်
ဆိုး ရှိတယ်. . . ယောကျ်ားတွေကို အရူးအမူးဖြစ်အောင် လုပ်
တယ်၊ ယောကျ်ားတွေဆီက စည်းစိမ်ကိုလည်း မာယာနဲ့ ယူတတ်
တယ်. . . ဒါကြောင့် သူငယ်ချင်းတစ်ယောက်အနေနဲ့ သတိပေး
တာပါ"

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်. . . ကိုယ်
က အဲဒီမာယာထဲက လွတ်အောင် ရုန်းနိုင်မှာပါ"

"မစ္စတာထွန်းအောင်အတွက် အန္တရာယ်ခရီး မဖြစ်ပါ
စေနဲ့လို့ ကျွန်မ ဆုတောင်းပါတယ်"

"အခုလို စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ရှာမီလာသည် လိုက်သာလာရသော်လည်း သူမမျက်ဝန်း
တွင် စိုးရိမ်စိတ်များ ပြည့်နှက်နေမှန်း သိသာလှပါသည်။ လမ်း
တွင် လက်ဖက်ရည်သောက်၊ မုန့်စားပြီး ဆက်လက်ထွက်ခွာ
ရာ နံနက်(၁၁)နာရီခန့်တွင် ဘဒ္ဒဝမ်မြို့သို့ ရောက်ရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒူဝမ်မြို့ကလေးကား. . . များစွာ မစည်ကားလှပေဘောမြို့သာသာ ရှိပါသည်။ မြွေဘုရင်မ ဆာရာဒေဝီတို့ မည်သည့်နေရာတွင် ရှိသည်ကို များစွာ မစုံစမ်းရပေ။ ဈေးအနီး ကွက်လပ်ကျယ်ကြီးတွင် ရှိကြောင်း သိရှိရပါသည်။

ကိုထွန်းအောင်တို့ ရောက်သွားချိန်တွင် ဆာရာဒေဝီ၏ အဖွဲ့ ကပြနေဆဲ ဖြစ်ပါသည်။ မွန်းတည့်ဆယ့်နှစ်နာရီခန့်တွင် မြွေလမ္ဘာယ်ကပွဲ ပြီးမည်ဆိုသဖြင့် ကိုထွန်းအောင်တို့အုပ်စု စောင့်ဆိုင်းနေကြပါသည်။

၎င်းတို့ ကပွဲပြီးချိန်တွင် ရှာမိလာမှ ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့ နှစ်ဦးအား ဆာရာဒေဝီထံသို့ ခေါ်သွားပါသည်။

"ဆာရာ"

ရှာမိလာက ဆာရာအား ခေါ်လိုက်ပါသည်။

"အို. . . အစ်မရှာမိလာပါလား. . . ဘယ်ကနေ ဒီကို ရောက်နေပါသလဲ"

"ခရီးသွားရင်း ဆာရာတို့ ကနေတာတွေ့လို့ ဝင်လာတာပါ"

"ကျွန်မကို အစ်မရှာမိလာတို့ သခင်အုပ်စုက မြှောက်စားတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဆာရာမှာ ဆင်းရဲပြီး အဆင့်အတန်းနိမ့်သူဖြစ်၍ အဆင့်မြင့်





တက္ကသိုလ်ကျောင်းသူ ရှာမိလာက အခေါ်အပြောရှိသဖြင့် ဝမ်းသာလှပါသည်။

ထို့နောက် ရှာမိလာက ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့အား မိတ်ဆက်ပေးပါသည်။

"သူက ရှာမိလာတို့ကျောင်းက သူငယ်ချင်း မစ္စတာထွန်းအောင်ဘဲ"

"တွေ့ရတာ ဝမ်းသာပါတယ်"

"သူကလဲ အစ်မရှာမိလာနဲ့ တစ်တန်းတည်း သူငယ်ချင်း မစ္စတာဆန်ဂျေးဘဲ"

"တွေ့ရတာ ဝမ်းသာပါတယ်"

သူတို့၏ ထုံးစံအရ လက်အုပ်ချီကာ နှုတ်ဆက်ခဲ့ပါသည်။

ကိုထွန်းအောင်က သူ တွေ့လိုသည့် ကောင်မလေးကို တစေ့တစောင်း ကြည့်လိုက်မိပါသည်။

သူမသည် မြွေဘုရင်မ ဆာရာဒေဝီလိုပင် ပြောင်ပြောင်လက်လက် အဝတ်အစားများဖြင့် မြွေပခြုပ်များဘေးတွင် ထိုင်နေပါသည်။ သူမ ကြည့်ရသည်မှာ ပျော်ရွှင်ပုံမရပေ။ တာဝန်အရသာ လုပ်နေပုံ ရပါသည်။

ဤတွင် ကိုထွန်းအောင်မှာ ဆာရာဒေဝီအား. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဟာ မြွေလမ္ဘာယ် ဘုရင်မဆိုတဲ့ ဘွဲ့နဲ့ ထိုက်တန်အောင် မြွေလမ္ဘာယ်အရာမှာ ကျွမ်းကျင်စွာ ကနိုင်ပါပေတယ်"

ဟူ၍ ချီးကျူးစကား ပြောကြားလိုက်ပါသည်။

ထိုအခါ ဆရာဒေဝီလည်း မျက်နှာပြုံးရွှင်သွားပြီး...။

"ကျွန်မကို အခုလို အရေးတယူ မြှောက်စားတာ ကျေးဇူးတင်ပါတယ်"

"ဒါနဲ့...အမြဲနေတော့ ဘယ်မှာနေတာလဲ"

"ကာလကတ္တား ဟောင်ရာတံတားအနီးက ရပ်ကွက်မှာ နေပါတယ်...ဒါပေမယ့် မြွေလမ္ဘာယ်ပြရင်း မြို့အများကြီးကို ရောက်နေတဲ့အတွက် ကာလကတ္တားမှာရှိတဲ့အချိန် နည်းပါတယ်"

"ကာလကတ္တားမှာ ရှိတဲ့အချိန်မှာ မိတ်ဖြစ်ဆွေဖြစ် ကျွန်တော်တို့ လာလည်ပါ့မယ်"

"လာလည်ပါ...ရှေ့လမှာတော့ ကာလကတ္တားကို ပြန်ရောက်မယ်၊ အဲဒီအခါမှာ အစ်မရှာမီလာကို ဆက်သွယ်ပါ့မယ်"

"ဒါနဲ့ စကားမစပ်...ဆရာဒေဝီနဲ့အတူ ကတဲ့ ဟောဟိုက မိန်းကလေးဟာ ဆရာရဲ့ ညီမအရင်းလား"

"အို...နိုး...နိုး ညီအစ်မအရင်း မဟုတ်ပါ၊ ကျွန်မတို့ အခပေးခိုင်းထားတဲ့ မိန်းကလေးပါ၊ တစ်နည်းပြောရရင် မွေးစားညီမပေါ့"

ဆရာဒေဝီက သူထက်နိမ့်ကျကြောင်း ပျာပျာသလဲ ပြောလိုက်ပါသည်။

"ဒါနဲ့...အဲဒီမိန်းကလေးရဲ့ နာမည်က ဘယ်လိုခေါ်သလဲ"

"သူ့နာမည်က 'ပွတ်စပါးဒေဝီ'ပါ"

ဆရာက မိတ်ဆက်မပေးဘဲ လက်ညှိုးညွှန်ကာ ပြောလိုက်ပါသည်။ ထို့နောက် သူမက ဆက်ပြောပါသည်။

"ပွတ်စပါးဒေဝီဆိုတာ စံပယ်ပန်းလို့ အမည်ပေးထားပေမယ့် သူ့ဘဝဟာ စံပယ်ပန်းလို မမွှေးဘဲ အမြဲတမ်းလိုလို ကံဆိုးနေသူတစ်ယောက်ပါ...အခု အဖေရော အမေရော မရှိတော့ဘူး။ ကျွန်မတောင် သူ့ မြွေထိန်းတာတော်လို့ ခေါ်ထားတာ"

"ဩော်...ဩော်...သူကလဲ အကတော်တာဘဲ"

"ဟုတ်ပါတယ်...သူ့အကတော်တာ မြွေနမ်းကကွက်ပါ။ မြွေချော့တဲ့ ကကွက်ကိုတော့ ကျွန်မကို မမှီပါဘူး"

ပွတ်စပါးဒေဝီကို ရှေ့ထားကာ ဆရာဒေဝီက နှိမ့်ချစွာ ပြောနေပါသည်။ ပွတ်စပါးဒေဝီမှာ သူမအား ပြောသည်ဟု သဘောမထားဘဲ တစ်နေရာဆီသို့ ခပ်ငေးငေးကလေး ကြည့်နေပါသည်။







www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ နိုင့်ချသည့်အကြည့်နှင့် ကြည့်ကာ ပြောဆိုနေမှန်း သိရက်နှင့် မသိဟန်ဆောင်နေသော ပွတ်စပါးဒေဝီကို ကြည့်ကာ လွန်စွာ သနားလာပါသည်။

ထို့နောက် ဆာရာဒေဝီသည် ရှာမီလာအား ပြုံးလျက် တစ်မျိုး၊ မဲ့ရွဲ့လျက်တစ်ဖုံ ဟန်မူယာအမျိုးမျိုးဖြင့် ခပ်တိုးတိုး ပြောနေပါသည်။

ထိုသို့ဖြင့် ဆာရာဒေဝီနှင့် သိကျွမ်းရုံနှင့်ပင် စိတ်ကျေနပ်ကာ ပြန်ခဲ့ရပါသည်။ လမ်းတွင် ရှာမီလာက ပြောပြပါသည်။

"ဆာရာဒေဝီက သူ့အကကို ဂုဏ်သရေရှိ လူကြီးများက ကြိုက်နှစ်သက်ပြီး လာရောက်မိတ်ဆက်လို့ ကျေးဇူးတင် ဂုဏ်ယူဝမ်းသာတဲ့ အကြောင်း ပြောပါတယ်. . . ဒါပေမယ့် သူ့ရဲ့ မွေးစားကောင်မလေးဟာ ဆွေမရှိမျိုးမရှိ ရေမျှောကမ်းတင် ကောင်မလေးမို့ အဲဒီကောင်မလေးနဲ့ မပတ်သက်စေချင်ဘူးလို့ ပြောပါတယ်"

"ဪ"

ကိုထွန်းအောင်က ဪတစ်လုံးသာ ပြောလိုက်ပါသည်။ အမှန်ပြောရလျှင် ကိုထွန်းအောင်သည် မြွေလမွှာယ်ဘုရင်မကို စိတ်မဝင်စားပါ။ သူ စိတ်ဝင်စားသူကား. . . ပွတ်စပါးဒေဝီပင် ဖြစ်ပါသည်။





ပွတ်စပါးဒေဝီသည် ကခုန်သူဖြစ်ဖြစ်၊ မွေးစားသည်ဖြစ်ဖြစ် ကိုထွန်းအောင် ဂရုမစိုက်ပါ။ သူမ၏ ဇာတ်ကြောင်းကိုသာ သိချင်ပါသည်။ ယခုကဲ့သို့ဆိုလျှင် ပွတ်စပါးဒေဝီနှင့် စကားပြောဖို့ပင် မလွယ်ကူချေ။

သို့သော် ဤအဆင့်ရောက်မှတော့ ကျန်အပိုင်းကို ကြိုးစားရပေမည်။

ထိုသို့တွေးရင်း အားလုံးကို စကားမပြောဘဲ လိုက်လာခဲ့ပါသည်။ ဤတွင် ရှာမီလာမှ. . .။

"မစ္စတာထွန်းအောင်. . . ဘာစကားမှလဲ မပြောပါလား။ အသည်းနှလုံးရော ပါးစပ်ပါ ဆာရာဒေဝီဆီမှာလား. . . . . ပွတ်စပါးဒေဝီဆီမှာလား. . . ကျန်ခဲ့ပြီထင်တယ်"

"အိုး. . . နိုး. . . နိုး"

ကိုထွန်းအောင်က သူမတို့ ပြောသကဲ့သို့ "အိုး. . . နိုး . . . နိုး" ဟု ပြောလိုက်သည့်အတွက် ရှာမီလာမှာ ပြုံးတုံးတုံး ဖြစ်သွားပြီး. . .။

"မစ္စတာထွန်းအောင်. . . ဒီဇာတ်လမ်းက ဘယ်လိုလဲ၊ ဒီမှာတင် ရပ်မလား၊ ရှေ့ဆက် ဆောင်ရွက်ပေးရမှာလား"

"ရှာမီလာရယ်. . . ခုမှ အစရှိသေးတယ်၊ ရှေ့ဆက်ရမယ့် ခရီးမှာ သူတို့နဲ့ ပြန်တွေ့စရာတွေ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ကျွန်မ ပြောတာပေါ့. . . ရှင့်ရဲ့ အသည်းနှလုံးတွေ ကျန်ရစ်ခဲ့ပါပြီလို့"

သည်တစ်ခါ ကိုထွန်းအောင် မရှင်းတော့ပါ။ လမ်းစဖော်ပေးခဲ့သည့်အတွက် ရှာမီလာကို လွန်စွာ ကျေးဇူးတင်သဖြင့် ပြုံးပြုံးကြီး လိုက်ပါလာခဲ့ပါသည်။

* * *

တစ်လခန့်အကြာတွင်. . .။

ရှာမီလာသည် ကိုထွန်းအောင်အား ပြုံးရွှင်သော မျက်နှာထားဖြင့် စကားဆိုလာပါသည်။

"မစ္စတာထွန်းအောင်. . . ဝမ်းသာစရာစကား ပါတယ်၊ မုန့်ကျွေးမှာလား"

"မုန့်လဲကျွေးမယ်. . . လက်ဖက်ရည်လဲ တိုက်မယ် ပြောပါ"

"ဆာရာဒေဝီတို့ ပြန်ရောက်နေပြီ. . . မနေ့ညနေက ကျွန်မကို အကြောင်းကြားတယ်"

"ဟာ. . . ဟုတ်လား"

"စနေနေ့ လာခဲ့မယ်လို့ ပြောထားတယ်၊ ဘယ်လိုလဲ





စနေနေ့ လာခဲ့မယ် မဟုတ်လား"

"လာခဲ့မှာပေါ့ဗျာ. . . ဆန်ဂျေးလဲ ခေါ်လာခဲ့မယ်"

"ကောင်းပါပြီ. . . တစ်ခုတော့ မှာချင်ပါတယ်"

"ပြောပါ"

"အဲဒီရပ်ကွက်က ဆင်းရဲသားရပ်ကွက်မို့ အကျီဘောင်းဘီ ကောင်းကောင်းတွေ ဝတ်မလာပါနဲ့. . . ဖြစ်နိုင်ရင် အိမ်နေရင်း အဝတ်အစားလောက်နဲ့ပဲ လာပါ"

"ကောင်းပါပြီ"

ထိုသို့ပြောပြီး ရှာမီလာ ပြန်သွားပါသည်။

မကြာမီ စနေနေ့သို့ ရောက်ရှိလာခဲ့ပါသည်။ ကိုထွန်းအောင်သည် ဆာရာဒေဝီနှင့် ပွတ်စပါးဒေဝီတို့အတွက် အဝတ်အစားများ၊ စားသောက်ဖွယ်ရာများကို ယူဆောင်ကာ ဆန်ဂျေး၊ ရှာမီလာတို့နှင့်အတူ သွားရောက်ခဲ့ပါသည်။

ရှာမီလာမှာ ၎င်းအိမ်သို့ ပို့ဆောင်ပေးပြီးနောက် အိမ်သို့ ပြန်သွားပါသည်။ ရှာမီလာသည် မျိုးရိုးနိမ့်ကျသည့် ဆာရာဒေဝီကို ကြိုက်နှစ်သက်သည်ဟု အထင်ရှိ၍ များစွာ စိတ်မကောင်းဖြစ်ခဲ့ပါသည်။ ဆာရာဒေဝီတို့မှာ ဇာတ်နိမ့်သည့်အတွက် ရှာမီလာမှာ ကြာကြာမနေဘဲ ပြန်သွားခဲ့ပါသည်။

အသားအရည် ဖြူဝင်းပြီး အရပ်ထောင်ထောင်မောင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်း ယောက်ျားပီသစွာ ချောမောလှသည့် ကိုထွန်းအောင်ကို များစွာ ချစ်ခင်နှစ်သက်မိပါသည်။ ကိုထွန်းအောင်သည် သူမနှင့် အရင်တွေ့ဆုံကာ ကာလကတ္တားမြို့ထဲသို့ အတူသွားခဲ့ဖူးသည်။ ရှာမီလာလည်း ချောမောလှပြီး ပညာတတ်မိန်းကလေးဖြစ်၍ ကိုထွန်းအောင်သည် တစ်နေ့နေ့၌ သူမကို ပြန်လည်ချစ်လာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ယခုမူ မျှော်လင့်ချက်နှင့် ဝေးကွာသွားသည့်အတွက် မျက်ရည်စက်လက်နှင့် အိမ်ပြန်ခဲ့ရပါသည်။ ရှာမီလာသည် အမှန်အတိုင်း ဝန်ခံရပါမူ ကိုထွန်းအောင်ကို ဆာရာဒေဝီနှင့် ပေးမတွေ့လိုပါ။

သို့သော် မိမိချစ်ရသူကို စိတ်ချမ်းသာစေချင်သည့် ဆန္ဒဖြင့် သူ့အလိုသို့ လိုက်ကာ ဆာရာဒေဝီနှင့် တွေ့ဆုံပေးခဲ့ခြင်းဖြစ်ပါသည်။

''တကယ်တော့ ကျွန်မတို့ မိန်းမသားတွေရဲ့ ဘဝဟာ ဘယ်လောက်ပဲချစ်ချစ် ဖွင့်ဟဝန်ခံလို့ မရတဲ့ တိတ်တခိုးချစ်သူရဲ့ ဘဝမျိုးပါ. . . ဒါပေမယ့် ကျွန်မကတော့ ချစ်သူ စိတ်ချမ်းသာဖို့ မျက်ရည်နဲ့ လမ်းခင်းပေးလိုက်ပါပြီ''

ရှာမီလာတစ်ယောက် ဤသို့ တမ်းတမ်းတတ ရေရွတ်ရင်း အိမ်သို့ ပြန်လာခဲ့ပါသည်။





ကိုထွန်းအောင်ကမူ ကိုယ့်အတွေးနှင့်ကိုယ် လက်ဆောင်များ တပွေ့တပိုက်ပေးကာ ဆာရာဒေဝီနှင့် စကားပြောနေပါသည်။

''ဆာရာ့ကို ဒီလိုတန်ဘိုးကြီးတဲ့ ပစ္စည်းတွေရယ်၊ စားစရာတွေရယ် ပေးတဲ့အတွက် မစ္စတာထွန်းအောင်ကို အရမ်းပဲ ကျေးဇူးတင်ပါတယ်''

ထိုသို့ပြောဆိုကာ အိန္ဒိယမုန့်များကို ကျွေးမွေးပါသည်။

''မစ္စတာထွန်းအောင်နဲ့ မစ္စတာဆန်ဂျေးတို့ နားနားနေနေ အနားယူပါ''

ဟု ပြောကာ မုန့်တစ်မျိုးပြီးတစ်မျိုးကို ပွတ်စပါးဒေဝီက လာချပေးပါသည်။

''အစ်ကိုကြီးတို့ သုံးဆောင်ပါ''

မပွင့်တပွင့် အသံကလေးဖြင့် ညှိခံခဲ့ပါသည်။

ပွတ်စပါးဒေဝီကို ကိုထွန်းအောင် မသိမသာ အကဲခတ်နေပါသည်။ ပွတ်စပါးဒေဝီမှာ အိမ်နေရင်း ဖြစ်၍ ဆာရီကလေးက ခပ်နွမ်းနွမ်း. . .။

ဆံပင်ကလေးမှာ ကပိုကရို. . .။

မျက်နှာမှာလည်း ဘာမှ လိမ်းခြယ်ထားခြင်း မရှိ. . .။

အားလုံး ပကတိ အလှချည်းသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုနေ စိုပြည့်နေသော မဖီးမလိမ်း မချယ်သဘဲ ရှ...
သည့် ပွတ်စပါး၏ မျက်နှာကလေးကို လှမ်းကြည့်လိုက်စဉ်...

''အမေမှ . . . အမေပါဘဲ''

ကိုထွန်းအောင် ဤသို့ တိုးတိုးကလေး ရေရွတ်မိ...
သည်။

အချို့သော ကလေးများမှာ ငါးနှစ်အရွယ်မှ ဖြစ်ရပ်မျာ...
ကို မှတ်မိချင်မှ မှတ်မိပေမည်။ ကိုထွန်းအောင်မှာကား...
ခါးသီးသော အဖြစ်အပျက်များကို ခံစားခဲ့ရသဖြင့် အမေ...
၏ ရုပ်ပုံကို စွဲထင်နေအောင် အမှတ်ရသည်။ ထို့အပြင် ကိုထွန်း...
အောင်တို့ အိမ်၌ အမေ့၏ ဓာတ်ပုံများ အစီအရီ ချိတ်ဆွဲထား...
သဖြင့် အမေ့ရုပ်ပုံကို ဘယ်လိုမှ မမေ့နိုင်အောင် မှတ်မိနေ...
သည်။

သိချင်သည်က ထိုကောင်မလေးအကြောင်း. . .။

ကြားနေရသည်က ဆရာဒေဝီ၏အကြောင်း. . .။

ထိုနေ့က ညနေစောင်းမှ ပြန်ခဲ့ကြပါသည်။

ထို့သို့ဖြင့် ဆရာဒေဝီတို့ အလုပ်နားခိုက် သူမ၏ အိမ်
သို့ ချောင်းပေါက်မတတ် ရောက်ခဲ့ပါသည်။ ဆရာဒေဝီတွင်
ဖခင်ကြီး သေဆုံးသွားပြီး မိခင်ကြီးသာ ရှိပါသည်။

သူမ၏ မိဘမျိုးရိုးမှာ မြွေလမ္ဘာယ်မျိုးရိုး ဖြစ်သဖြင့်





အရွယ်ရောက်လာကတည်းကပင် မြွေလမ္ဘာယ်ကပြခဲ့သည်မှာ
ယခုထက်တိုင် ရှိခဲ့ပါပြီ။ မိခင်ကြီးမှာ အသက်ကြီးလာသဖြင့်
အိမ်စောင့်အဖြစ် နေကာ ဆရာဒေဝီမှ လုပ်ကိုင်ကျွေးမွေးနေ
ခြင်း ဖြစ်ပါသည်။

ဆရာဒေဝီသည် တောဆန်ဆန်ချောသည့် မိန်းကလေး
တစ်ဦး ဖြစ်ပြီး အရပ်တကာ လှည့်၍ ကပြသည့်အတွက်
ကာလသားများက ပိုးကြေးပန်းကြေး ပေးကြပါသည်။ သူမက
လည်း ပေးနိုင်ကမ်းနိုင်သည့် အမျိုးသားများနှင့် ခပ်ရှုပ်ရှုပ်နေ
သည်။

ယခုလည်း ကိုထွန်းအောင်ကို ထိုကဲ့သို့သော ငှင်းကို
ကြိုက်နှစ်သက်သည့် ယောကျ်ားစားမျိုးဟု ထင်ပါသည်။ သူမကို
နှစ်သက်သည့် ယောကျ်ားထဲတွင် ဆန်ဂျေးနှင့် ကိုထွန်းအောင်
ကဲ့သို့ ပညာတတ်သည့်သူများ မပါဝင်ချေ။

ဤကဲ့သို့သော တက္ကသိုလ်ကျောင်းသားတစ်ဦးမှ သူမ
ကို ချစ်ခင်သည်ဟု အထင်ရှိသဖြင့် ဝမ်းသာမဆုံးအောင် ရှိခဲ့
ပါသည်။

ကိုထွန်းအောင်နှင့် ဆန်ဂျေးမှာ တနင်္ဂနွေနေ့တိုင်းလိုလို
ဆရာဒေဝီဆီသို့ ရောက်ခဲ့ပါသည်။ ဆရာဒေဝီသည် ငှင်းတို့
နှစ်ဦးနှင့် ပွတ်စပါးဒေဝီကို သေသေချာချာ စကားပြောခွင့်မပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ချေ။ ကိုထွန်းအောင်တို့နှစ်ဦးမှာ တနင်္ဂနွေနေ့အစား စနေနေ့တွင် သွားရောက်ခဲ့ပါသည်။ ဆာရာဒေဝီသည် ကိုထွန်းအောင်တို့ လာမည်မထင်သဖြင့် အခြားရွာတစ်ရွာသို့ သွားနေပါသည်။

ကိုထွန်းအောင်တို့ မမျှော်လင့်ဘဲ ရောက်လာသဖြင့် ပွတ်စပါးဒေဝီမှာ အံ့သြသွားပါသည်။ သူမ၏ အရှင်သခင် မရှိသည့်အတွက် သူမက ဖော်ရွေစွာ ဧည့်ခံခဲ့ပါသည်။

''အစ်ကိုတို့ မနက်ဖြန်မှ လာမယ်ထင်လို့ အစ်မဆာရာက ဟိုဘက်ရွာကို ထွက်သွားတယ်''

''ဟုတ်တယ်. . . မနက်ဖြန် မအားလို့ ဒီနေ့ဘဲ လာလိုက်တာ''

''အစ်ကိုတို့ မုန့်စားပါဦး''

ပြောပြောဆိုဆို မုန့်ပန်းကန်များကို ၎င်းတို့နှစ်ဦးရှေ့ချရန် ကုန်းလိုက်စဉ် သူမ၏ လည်တိုင်၌ ဆွဲထားသည့် ရွှေဆွဲကြိုးကလေးမှာ လျှပ်ယမ်းသွားပါသည်။ ကိုထွန်းအောင်သည် လျှပ်ယမ်းသွားသော ရွှေဆွဲကြိုးကလေးအား လှမ်းကြည့်စဉ် လွန်စွာ အံ့သြသွားပါသည်။

အဘယ့်ကြောင့်ဆိုသော် သူမ၏ ဆွဲကြိုးမှာ အိန္ဒိယလက်ရာမဟုတ်ဘဲ မြန်မာလက်ရာဖြစ်ပြီး လော့ကတ်သီးနှင့် ဆွဲကြိုးကလေး ဖြစ်နေပါသည်။





''အမေ့. . . ဆွဲကြိုးကလေးနဲ့ တူလိုက်တာ''

ကိုထွန်းအောင်က ဤသို့ စိတ်ထဲမှ ရေရွတ်လိုက်မိပါသည်။ အံ့သြစိတ်ကို မမြင်အောင် ဖုံးကွယ်ကာ. . .။

''ညီမ. . . ရိုင်းတယ်လို့ မထင်ပါနဲ့ အဲဒီဆွဲကြိုးကလေးကို ခဏပြပါ''

''ဆွဲကြိုးလေးကို ကြည့်ချင်လို့လား။ ကြည့်ပါရှင်''

ထိုသို့ပြောဆိုကာ ဆွဲကြိုးလေးကို ချွတ်ပေးလိုက်ပါသည်။

ကိုထွန်းအောင်သည် ဆွဲကြိုးကလေးကို လှမ်းယူစဉ်၎င်း၏စိတ်မှာ လှုပ်ရှားနေသဖြင့် သူ၏လက်မှာ တုန်ယင်နေပါသည်။ ၎င်းသည် တည်ငြိမ်အောင် ကြိုးစားရင်း လော့ကတ်သီးကလေးအား ဖွင့်လိုက်ရာ. . .။

''ထောက်''

ဟူသည့် မြည်သံနှင့်အတူ လော့ကက်သီး၏ တစ်ဖက်တွင် ကိုထွန်းအောင်၏ ဖခင်ကြီး ဗိုလ်ကြီးစံမြင့်၏ဓာတ်ပုံနှင့် အခြားတစ်ဖက်တွင် သူ၏မိခင် ဒေါ်ထွေးထွေး၏ ဓာတ်ပုံကို တွေ့လိုက်ရပါတော့သည်။

ကိုထွန်းအောင်သည် ဓာတ်ပုံများကို မြင်သောအခါ တစ်ကိုယ်လုံး အိုးထိန်းစက်ပမာ ချာချာလည်သွားသကဲ့သို့ ခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါသည်။

"ဒီ. . . ဒီဆွဲကြိုးကလေး ဘယ်ကရတာလဲ"

ကိုထွန်းအောင်သည် တုန်ရီစွာ မေးလိုက်ပါသည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"ဒီဆွဲကြိုး ဘယ်ကရသလဲဆိုတာသာ မြန်မြန်ပြော

ဤသို့ ပြောလိုက်သဖြင့် ပွတ်စပါးဒေဝီလည်း လန့်

ဖျန့်ဖျန့်ဖြစ်ကာ. . .။

"ဒါ. . . ကျွန်မအမေရဲ့ ဆွဲကြိုးလေးပါ၊ ကျွန်မ

သူ့ဆီကမှ မခိုးပါဘူး"

"ဟင်. . . မင်းအမေရဲ့ ဆွဲကြိုး ဟုတ်လား၊

မင်းအမေရော"

"ကျွန်မအမေ မရှိတော့ဘူး. . . ကျွန်မကို မွေး

တည်းက သေသွားတာ"

"ဒါဖြင့်. . . မင်းကို ဆာရာတို့ အမေက မွေးစား

လား"

"မဟုတ်ပါဘူး. . . ကျွန်မကို မွေးစားခဲ့တာ သူ

စင် 'ဘာဘာဂျီ'ပါ၊ ဘာဖြစ်လို့လဲ အစ်ကို"

"အစ်ကို ဘာပြောရမှန်းတောင် မသိအောင် ဆန်း

လွန်းပါတယ်၊ ညီမရဲ့ လော့ကတ်ထဲက ညီမအမေဟာ

မေဘဲ"

"ဟင်. . . ဘာတွေဖြစ်ကုန်ပြီလဲ၊ ဒါဆိုရင် အစ်ကိုဟာ

ကျွန်မရဲ့ အစ်ကိုပေါ့. . . ဟုတ်လား"

ပွတ်စပါးဒေဝီက အံ့ဩဝမ်းသာစွာ ပြောလိုက်ပါသည်။

"အစ်ကို့ညီမလို့ အစ်ကို ဘယ်လိုယုံရမလဲ၊ အမေဟာ

လေးမမွေးနိုင်လို့ အစ်ကို့ရှေ့မှာတင် သေဆုံးသွားခဲ့တယ်"

ကိုထွန်းအောင်က ဤသို့ပြောရာ တစ်ချိန်လုံး နားထောင်

သော ဆန်ရေးက. . .။

"ဒါဆိုရင်. . . ဘာဘာဂျီကတော့ အားလုံးသိနေလိမ့်

ယ်၊ ဘာဘာဂျီကို သွားမေးကြည့်ရင် မကောင်းဘူးလား"

ဟု အကြံပေးခဲ့ပါသည်။

"ဟုတ်တယ်. . . ဟုတ်တယ်၊ ဆန်ရေးပြောတဲ့အကြံ

ကောင်းတယ်"

ကိုထွန်းအောင်က ထောက်ခံလိုက်ပါသည်။

ဤတွင် ပွတ်စပါးဒေဝီမှာ. . .။

"အစ်ကိုရယ် ကျွန်မဟာ ဘဝတစ်လျှောက်လုံး ကံဆိုး

ခဲ့တယ်၊ ကျွန်မအကြောင်းကို ဘာဘာဂျီ အစအဆုံး သိပါ

တယ်၊ မနက်ဖြန် ဘာဘာဂျီ ရှိတဲ့နေရာကို ကျွန်မ လိုက်ပို့ပါ့

မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာဂျီဆိုတာ ဟိုးလွန်ခဲ့တဲ့ သုံးလေးလက သာဝတ္ထိ မှာ ရေစိမ်ပွဲလုပ်တုန်းက မြစ်ထဲမှာ ရေလောင်းခံတဲ့ ဆာဒူးတွေ ထဲမှာ ပါတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . .အစ်ကို ဘယ်လိုလုပ်ပြီး သိသလဲ"

"အဲဒီတုန်းက. . . ညီမလဲ သာဝတ္ထိကို ရောက်ခဲ့သေး တယ် မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"ဒါကြောင့် ညီမကို သာဝတ္ထိမှာ ဖြုတ်ကနဲ တွေ့လိုက် တာ"

"ဪ. . ."

ဤဆွဲကြိုးကလေးကို အကြောင်းပြု၍. . .။ ကိုထွန်း အောင်မှာ ပွတ်စပါးဒေဝီနှင့် တခဏချင်း ရင်းနှီးခင်မင်သွားပါ သည်။ ဆွဲကြိုးကလေးမှ စခဲ့သည့် ပဟေဠိကို ဖြေရှင်းရန် 'မားချုန်း' တောင်ခြေရှိ ခေတ္တ တရားကျင့်လျှက်ရှိသော ဘာ ဘာဂျီထံသို့ နောက်တစ်နေ့တွင် သွားရန် သူမနှင့် ချိန်းဆိုလိုက် ပါသည်။

တနင်္ဂနွေနေ့ နံနက်ခင်း. . .။

ပွတ်စပါးဒေဝီသည် ဆာရာဒေဝီအား ဘာဘာဂျီထံ ဂါရဝပြုရန် သွားမည်ဟု အကြောင်းပြကာ ကိုထွန်းအောင်တို့ ခုံဦးအား လမ်းဆုံက စောင့်နေခဲ့ပါသည်။

မကြာမီ ချိန်းဆိုထားသည့်အတိုင်း ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့ ရောက်ရှိလာပြီး သူမကို ခေါ်ကာ ဘာဘာဂျီ ရှိရာ မားချုန်းတောင်ဆီသို့ သွားရောက်ခဲ့ကြပါသည်။

နံနက်(၁၀)နာရီခန့်တွင် ဘာဘာဂျီရှိရာ မားချုန်းတောင် ခြေသို့ ရောက်ရှိလာခဲ့ပါသည်။

"အစ်ကို. . . ဟိုဟိုက လိုဏ်ဂူထဲမှာ ဘာဘာဂျီ ရှိ တယ်"

ပွတ်စပါးဒေဝီက ဤသို့ပြောဆိုကာ ရှေ့မှ လမ်းပြခဲ့ပါ သည်။ ၎င်းတို့သုံးဦးသည် ဘာဘာဂျီ တရားကျင့်ရာ လိုဏ်ဂူထဲ သို့ ဝင်လိုက်ရာ. . .။

ဘာဘာဂျီသည် လိုဏ်ဂူအလယ်ခန်းတွင် တရားကျင့် နေသည်ကို တွေ့ရှိရပါသည်။ ပွတ်စပါးဒေဝီသည် သူမ ယူဆောင် လာသည့် လှူဖွယ်သစ်သီးများကို ဘာဘာဂျီရှေ့ရှိ လင်ပန်းထဲ တွင် ထည့်ကာ ဘာဘာဂျီကို ဦးချခဲ့ပါသည်။

ဘာဘာဂျီကား တရားကျင့်နေဆဲ. . .။

ကိုထွန်းအောင်သည် ဘာဘာဂျီကို စူးစိုက်ပြီး ကြည့် လိုက်ပါသည်။

သူငယ်စဉ်က အမေ့အလောင်းနားတွင် ရှိသော ဆာဒူး

www.burmeseclassic.com

ကြီးလေလား. . .။

ပုံဖော်၍ ကြည့်မိသည်။ သို့သော် အိုမင်းနေသော ဘာဘာဂျီ၏ပုံကို မည်သို့မျှ ပုံဖမ်းမရခဲ့ချေ။

မကြာမီ ဘာဘာဂျီ တရားဖြုတ်လိုက်ပါသည်။ မှိတ်ထားသော မျက်လုံးကို အသာအယာ ဖွင့်လိုက်ပါသည်။ ဤတွင် ပွတ်စပါးဒေဝီမှ. . .။

''ဘာဘာဂျီ. . . သမီး ပွတ်စပါ၊ ဘာဘာဂျီထံ ရောက်နေပါပြီ''

ဟု လက်အုပ်ချီမိုးကာ ပြောလိုက်ပါသည်။

''အိမ်း. . . အရေးပေါ်လာပြီ ဟုတ်စ''

''မှန်ပါတယ် ဘာဘာဂျီ''

''တစ်နေ့မှာ. . . သမီးရဲ့ ဆွေမျိုးတွေနဲ့ ပြန်တွေ့ပြီး ချမ်းချမ်းသာသာ နေရလိမ့်မယ်လို့ ပြောခဲ့ဖူးတာ မှတ်မိရဲ့ မဟုတ်လား''

ဆာဒူးကြီး ဘာဘာဂျီက ဤသို့ ပြောလိုက်သည့်အတွက် ကိုထွန်းအောင် အံ့ဩသွားပါသည်။ ဆာဒူးကြီး ဘာဘာဂျီ၏ မှေးနေသော မျက်လုံးများသည် တဖြည်းဖြည်း ပြူးကျယ်လာပြီး. . .။

ကိုထွန်းအောင်အား စူးစူးစိုက်စိုက် ကြည့်လိုက်ရာ. . .။





ဆာဒူးကြီး၏ အကြည့်မှာ ကိုထွန်းအောင်၏ အသည်းနှလုံးထဲသို့ ထိုးဖောက်သွားသည့်အလား တုန်ယင်စွာ ခံစားလိုက်ရပါသည်။

''လူကလေး. . . အံ့ဩသွားသလား. . . မအံ့ဩပါနှင့်၊ သင်ဟာ ဘယ်သူဖြစ်တယ်၊ ပွတ်စပါးဒေဝီနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ ကျွန်ုပ် ဘာဘာဂျီရဲ့ တတိယမျက်လုံးထဲတွင် ထင်ရှားစွာ တွေ့မြင်နေရပြီ''

''အို. . . လူကလေး၊ သင်၏အတိတ်ကို ကျွန်ုပ်က မြင်သည့်အတိုင်းဆိုအံ့။ မွေးကာနီး ကိုယ်ဝန်ဆောင်တစ်ယောက်ရဲ့ အနားမှာ ငိုကြွေးနေတဲ့ ကောင်ကလေးတစ်ယောက်. . .''

သေဆုံးသွားတဲ့ ကိုယ်ဝန်ဆောင်ကို ထားခဲ့ပြီး ကလေးကို ထမ်းပြန်သွားတဲ့ အမျိုးသားတစ်ယောက်ရဲ့ ပုံရိပ်ကိုလည်း ကျွန်ုပ် တွေ့သည်။ ဤပုံရိပ်သည် လူကလေး၏ အတိတ်ဖြစ်ကြောင်း လူကလေး ဝန်ခံပါ၏လော. . . ဖြေလော့''

ဆာဒူးကြီး ဘာဘာဂျီသည် တည်ကြည်လေးနက်သော အသံဖြင့် တစ်လုံးချင်း ပြောလိုက်ပါသည်။ ဆာဒူးကြီး ပြောသည့်စကားမှာ လွန်စွာ မှန်ကန်နေသဖြင့်. . .။

''ဘာဘာဂျီ ပြောတဲ့အတိုင်း ကျွန်တော့်ရဲ့ အတိတ်ပုံရိပ်အမှန်ဆိုတာ ဝန်ခံပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ပွတ်စပါးနဲ့ ပတ်သက်တဲ့အကြောင်းကို သိချင်လို့ လိုက်လာတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"လူကလေး. . . နားထောင်ပါလော့"



## အခန်း (၈)

## "ပုခက်တင်မင်္ဂလာရှင်"

အချိန်ကား. . . နေဝင်ရီတရောအချိန်. . .။

အနောက်တောင်ထောင့် အရပ်ဆီမှ လေတဟူးဟူး တိုက်နေသည်။

သစ်ပင်ကြီးငယ်တို့မှာ လေတိုက်နှုန်း မြင့်မားသည့်အတွက် ယိမ်းထိုးလှုပ်ရှားနေပါသည်။ ထိုအချိန်တွင် ဆာဒူးကြီးတစ်ပါးသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်၌ တရားကျင့်ပြီးနောက် ဂယာရွာကလေးဆီသို့ ဦးတည်ကာ တောလမ်းကလေးအတိုင်း လျှောက်လာခဲ့ပါသည်။ ထိုဆာဒူးကြီးမှာ ကျွန်ုပ် ဘာဘာဂျီပင် ဖြစ်ပါသည်။

သစ်ပင်များ အစီအရီ ပေါက်နေသည့် တောတန်းကြီးတစ်လျှောက်မှ ဖြတ်သွားစဉ် ယိမ်းထိုးနေသော သစ်ပင်ကြီးတစ်ပင်အောက်တွင် လဲလျောင်းနေသော အမျိုးသမီးတစ်ဦးကို လှမ်းတွေ့လိုက်ပါသည်။ သူမ၏ဘေးနားတွင် ကလေးတစ်ဦးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကြီးနေပြီး . . .။

လှမ်းကြည့်ရုံနှင့် ဒုက္ခရောက်နေသော လူတစ်စုမှန်း သိလိုက်ပါသည်။ ကျွန်ုပ်ကား ထိုလူစုကို တွေ့သောအခါ . . .။

"ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အေးချမ်းကြပါစေ"

ဤသို့ မေတ္တာပို့ပြီး လျှောက်လာခဲ့ပါသည်။ အမှန်မှာ ဂယာရွာထဲသို့ ဆက်သွားရန်ဖြစ်သော်လည်း ကျွန်ုပ်၏ ဆဋ္ဌမ အာရုံတွင် . . .။

"မဖွံ့မကလာတဲ့ မိန်းကလေး"

"မည်းနက်တဲ့ ကံကြမ္မာ"

"ကံကြမ္မာတစ်ဝက်ကို ကယ်တင်ပါ"

ဤသို့ ပေါ်လာသည့်အတွက် ဘုံဘေတွင် တွေ့ရှိခဲ့ရသည့် မိန်းကလေးမှန်း မှတ်မိလိုက်ပါသည်။ ထိုမိန်းကလေးကို ဘုံဘေတွင် တွေ့စဉ်ကလည်း ဤသို့ အာရုံပေါ်လာသည့်အတိုင်း ထိုမိန်းကလေးကို ဤအတိုင်း ပြောခဲ့ဖူးပါသည်။

ကံကြမ္မာတစ်ဝက်ဟု ထင်မြင်သည့်အတွက် ကျွန်ုပ် ဘာဘာဂျီမှာ ရှေ့ဆက်မသွားတော့ဘဲ ထိုနေရာတွင် ခေတ္တ ထိုင်ကာ ဆုတောင်းစာများ ရွတ်ဆိုပေးခဲ့ပါသည်။

ကံကြမ္မာတစ်ဝက်ဟု ဆိုသည့်အတွက် သူမ၏ကံကြမ္မာ





ကို ကယ်တင်နိုင်လိမ့်မည် မဟုတ်မှန်း ကျွန်ုပ် နားလည်လိုက်ပါသည်။ ထို့ကြောင့် ကျွန်ုပ် ဤသို့ ဆုတောင်းလိုက်ပါသည်။

"ကျွန်ုပ်၏ အာရုံတွင် ထင်မြင်သော ကံကြမ္မာတစ်ဝက်ဆိုသည် သူမ၏ ဝမ်းကြာတိုက်မှ ကလေးဖြစ်ပါမူ ထိုကလေးကို ကယ်တင်နိုင်ရပါစေသား"

ထိုသို့ ဆုတောင်းရင်း ကျွန်ုပ်သည် ရှေ့သို့ ခရီးမဆက်နိုင်ဘဲ ဤအရပ်၌ ထိုင်စောင့်နေခဲ့ပါသည်။

မကြာမီ ကိုယ်ဝန်ဆောင် မိန်းကလေး သေဆုံးသွားခဲ့ပါသည်။

၎င်းတို့၏ သားလေးမှာ အနိဋ္ဌာရုံများကြောင့် ကြောက်လန့်ကာ ဖျားပါတော့သည်။ ထို့ကြောင့် ထိုကလေး၏ အသက်ကို ကယ်တင်ရန်အတွက် အချိန်မီ ဆေးကုရမည်ဖြစ်၍ ဤသေဆုံးသွားသော မိန်းကလေးအား သင်္ဂြိုဟ်ပေးရန် တာဝန်ယူလိုက်ရပါသည်။

ရွာသားများ အကူအညီဖြင့် ထိုအလောင်းကို ကပ်နှင့်သုသာန်သို့ ထမ်းသွားပြီး မီးသင်္ဂြိုဟ်ရန် ထင်းလုံးများပေါ်သို့ တင်ရန် မ,လိုက်စဉ် ထိုအမျိုးသမီး၏ ဝမ်းဗိုက်မှာ လှုပ်ရှားသွားပြီး ကပ်ပေါ်သို့ ကလေးငယ်တစ်ဦး ထွက်လာခဲ့ပါသည်။

"ဟာ. . . ကလေးမလေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩဖွယ်ရာ တစ်သောင်းမှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက်ဆိုသလို အံ့ဖွယ်ဘနန်းပါတကား"

"ငါတို့ကပ်နဲ့ ထမ်းပြီး မြန်မြန်ပြေးသွားလို့ ဗိုက်ထဲက ကလေးကို တိုးထွက်လာအောင် အားပေးသလိုများ ဖြစ်သွားသလား မသိဘူး"

ဤသို့ တစ်ယောက်တစ်ပေါက် ထင်ကြေးအမျိုးမျိုး ပြောကြသည်။ ထိုစဉ် ကျွန်ုပ်မှာ ထိုလူများကို. . .။

"အသင်တို့ ဘာကြောင့် စကား ဆူပွက်စွာ ပြောသနည်း၊ ဤကလေးကို အမြန်ဆုံး ကောက်ယူ၍ အဝတ်တန်ဆာများနှင့် ထွေးလော့"

ဟု ခပ်မာမာ ပြောလိုက်မှ ထိုလူများ သတိရသွားပြီး ထိုကလေးကို ကောက်ယူကာ အနီးဆုံးအိမ်၌ သန့်ရှင်းမှုပြုခဲ့လေပြီ။

ကျွန်ုပ်၏စိတ်တွင်. . .။

ကျွန်ုပ် အာရုံတွင် ထင်ခဲ့သော ဆုတောင်းပြည့်သည်ဟု ယုံမှတ်ခဲ့ပါသည်။ ထို့ကြောင့် ဤကလေးနှင့် ကျွန်ုပ် ရှေးကုသိုလ် အထုံရေစက်ကြောင့်ဟု အောက်မေ့ကာ ကျွန်ုပ်၏ သမီးအဖြစ် မွေးစားခဲ့ပါသည်။

သို့သော် ကျွန်ုပ်သည် တရားကျင့်နေသူတစ်ဦး ဖြစ်၍





ဂေယာရွာမှ ကျွန်ုပ်၏ တပည့် ဆာမိဖနီးမောင်နှံထံ၌ အပ်နှံကာ ကောင်းမွန်စွာ စောင့်ရှောက်စေခဲ့ပါသည်။

ထိုသမီးငယ်ကလေးကို 'ပွတ်စပါးဒေဝီ' ဟု ကျွန်ုပ် အမည်ပေးခဲ့သည်။

ဤသို့နှင့်ပင် သမီးငယ် ပွတ်စပါးဒေဝီကလေး ငါးနှစ်အရွယ်သို့ ရောက်ခဲ့လေပြီ။

သူမ၏ ထူးခြားမှုကား ဤအချိန်က စတင်ခဲ့လေပြီ။

ပွတ်စပါးဒေဝီကလေးသည် ကလေးတို့ ထုံးစံအတိုင်း သစ်ပင်ရိပ်အောက်ရှိ မြက်ခင်းပြင်၌ ကစားနေစဉ်. . .။

မြွေဟောက်မည်းကြီးတစ်ကောင်သည် သူမနားသို့ ရောက်လာပြီး ပါးပြင်းခွက်ထားပါသည်။ ကလေးကလည်း မြွေဟောက်ကို ကြောက်စရာ အန္တရာယ်ကောင်မှန်း မသိ၍ ခေါင်းက တရမ်းရမ်းဖြင့် ကစားနေသည်ကို မွေးစားမိဘနှစ်ပါးမှ တွေ့၍ အလန့်တကြား ဖြစ်သွားပါသည်။

ရှင်းတို့ အော်လိုက်သည့် တစ်ပြိုင်နက် မြွေမည်းကြီးက ပေါက်ပေတော့မည်၊ မည်သို့လုပ်ရမှန်း မသိအောင် စိတ်ပူနေစဉ်. . .။

ဆွတ်ဆွတ်ဖြူနေသော မြွေတစ်ကောင်သည် ကလေးငယ်၏ ရှေ့၌ ဖြူးကနဲ ရောက်လာပြီး မြွေမည်းကြီး၏ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လိုက်ရာ မြွေမည်းကြီးမှ ပါးပြင်းကို လျော့လိုက်ပြီး မြ
တောထဲသို့ လျောကနဲ တိုးဝင်သွားပါတော့သည်။

မြွေဖြူကြီးလည်း မြွေမည်းနောက်သို့ လိုက်ကာ မြ
တောထဲမှာပင် တိုးဝင်ပျောက်ကွယ်သွားပါသည်။

ကလေးထိန်း ဖနီးမောင်နှံလည်း ထိုဖြစ်ရပ်ကို ကျွ
ထံ လာရောက်ပြောကြားခဲ့ပါသည်။ ထိုကလေးအား မြွေအန္တရာ
မှ ကင်းရှင်းစေရန် သူမ၏ ညာလက်ဖဝါးတွင် မြွေဆိပ်နိုင်သ
မန္တာန်များ ရွတ်ပေးခဲ့ပါသည်။

ထိုအချိန်မှစ၍ မည်သည့်မြွေဆိုးမျှ အန္တရာယ် မပြု
ပေတော့ပေ။ သူမ၏ လက်ဖဝါးသည် မြွေဆိပ်ကို နိုင်သည့် ရှ
အင်ထူးကို ရရှိခဲ့လေပြီ။

ထိုသို့ဖြင့် အသက်(၆)နှစ် အရွယ်တွင် ဂယာရွာ
ကာလကတ္တားတွင် နေထိုင်သည့် ဂုပ္ပတား သူဌေးဖနီးမောင
တို့ ရောက်ရှိခဲ့ပါသည်။ ထိုဖနီးမောင်နှံတွင် သားသမီးမရှိသ
အတွက် ထိုကလေးငယ်ကို မွေးစားရန် တောင်းခံခဲ့ပါသည်

"ဆာမိ. . . ဒီကလေးကို ငါတို့ မွေးစားချင်တယ်၊ ရှ
ငွေ အများကြီး ပေးပါ့မယ်၊ ငါတို့ကို ပေးပါ"

"မဖြစ်ဘူး. . . ဒီကလေးဟာ ဘာဘာဂျီရဲ့ ကလေး
ဖြစ်တယ်"





"ဒါဆို. . . ဘာဘာဂျီထံ လိုက်ပို့ပါ"

ပွတ်စပါးဒေဝီနှင့် ဂုပ္ပတား သူဌေးဖနီးမောင်နှံတို့အား
ကျွန်ုပ်ထံသို့ ဆာမိဖနီးမောင်နှံက ခေါ်ဆောင်လာခဲ့ပါသည်။

ဂုပ္ပတားဖနီးမောင်နှံသည် ကျွန်ုပ်အား ဦးချကန်တော့
ပြီးနောက်. . .။

"ဘာဘာဂျီကို လေးစားစွာ ကန်တော့ပြီး ခွင့်ပန်ပါ
တယ်၊ ပြောခွင့်ပြုပါ"

"အိမ်း"

"ဘာဘာဂျီထံမှ သမီးလေး ပွတ်စပါးဒေဝီကို သမီးရင်း
သဖွယ် မွေးစားခွင့်ပေးတော်မူပါ"

"ကျုပ်. . . ဆာမိလင်မယားကို မွေးခိုင်းထားတယ်"

"မှန်ပါ ဘာဘာဂျီ. . . ဤကလေးကို မြင်မြင်ချင်း
သမီးရင်းကဲ့သို့ ချစ်ခင်လှသည့်အတွက် မွေးစားခွင့်ပြုပါ"

"အသင်တို့. . . ဘယ်မြို့မှာ နေသတုန်း"

"ကျွန်တော်တို့ ကာလကတ္တားမှာ နေပါတယ်"

"အသင်တို့ကြည့်ရတာ သမီးကလေး ပွတ်စပါးဒေဝီ
ကို ကောင်းကောင်းမွန်မွန် မွေးစားမယ့်ပုံဘဲ၊ ဒီတော့ ဘာဘာ
ဂျီက ခွင့်ပြုပါတယ်၊ ဒါပေမယ့် အဲဒီကလေးကို ကျုပ်ဆီကို
တစ်နှစ်တစ်ခေါက် ပို့ပါ"

www.burmeseclassic.com



"ကျေးဇူးကြီးလှပါတယ် ဘာဘာဂျီ"

ဂုပ္ပတား ဇနီးမောင်နှံနှစ်ဦးမှာ ကျွန်ုပ်အား ဦးအကြိမ်ကြိမ် ချခဲ့ပါသည်။ ဤတွင် ကျွန်ုပ်မှ ပွတ်စပါးဒေဝီအား. . .။

"ကဲ. . . သမီးလေး. . . သမီးလေးဟာ သူတို့သမီး ဖြစ်သွားပြီ. . . သူတို့နဲ့အတူ လိုက်သွားပေရော့. . . ဘာဘာဂျီ ကာလကတ္တားကို ရောက်ရင် သမီးထံသို့ ဝင်ခဲ့မယ်"

ပွတ်စပါးဒေဝီကလေးသည် ကျွန်ုပ်ကို ဦးချပြီး ဂုပ္ပတားသူဌေးဇနီးမောင်နှံနှင့်အတူ ပါသွားခဲ့ပါသည်။ ပွတ်စပါးဒေဝီသည် ဂုပ္ပတားသူဌေးအိမ်၏ သမီးအဖြစ် ချမ်းချမ်းသာသာ နေရသည့်အတွက် ကျွန်ုပ် စိတ်ချကာ မြို့ရွာအသီးသီး၌ လှည့်ပတ်ကာ တရားကျင့်ခဲ့ပါသည်။

ထိုသို့ဖြင့် ပွတ်စပါးဒေဝီ၏ဘဝသည် အေးချမ်းသော ဘဝလမ်း၌ လျှောက်လှမ်းနေပြီဟု ထင်မိသည်။

နောက်တစ်နှစ်ခန့်အကြာတွင် ဂုပ္ပတားသူဌေး ဇနီးမောင်နှံ ရောက်လာပြီး သမီးလေးပွတ်စပါးကို ကတိအတိုင်း လာရောက်ပြသပါသည်။

ထို့နောက် ဂုပ္ပတားသူဌေးကြီးမှ ဤသို့ ပြောခဲ့ပါသည်။

"ဘာဘာဂျီ ခင်ဗျား. . . သမီးလေးဟာ ခြောက်နှစ်အရွယ်သို့ ရောက်ပါပြီ၊ ကျွန်တော်တို့ ထုံးစံအရ ဒီကလေးကို





ဌေးသားတစ်ဦးနဲ့ ပခက်တင်မင်္ဂလာပြုရမှာဖြစ်တဲ့အတွက် ခွင့်တော်မူပါရန် လျှောက်ထားရခြင်း ဖြစ်ပါတယ်"

တ်ချက်။ ။ ပုခက်တင်မင်္ဂလာဆိုသည်မှာ ကလေးငယ်ဘဝကပင် နှစ်ဦးသား စေ့စပ်ထားခြင်း ဖြစ်ပါသည်။ ထိုကလေးနှစ်ဦး အရွယ်ရောက်လာပါက လက်ထပ်မင်္ဂလာ ပြုပေးရမည်ဖြစ်၍ အကြိုမင်္ဂလာပွဲဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။ ထိုသို့ ပုခက်တင်မင်္ဂလာပြုပြီးပါက မိန်းကလေးသည် ယောက်ျားလေးရှင်ထံ လိုက်ပါသွားရပါသည်။ ချွေးမတော်မည့်သူကို ယောက္ခမလောင်းများက ငယ်စဉ်ကပင် ထိန်းကျောင်းရပါသည်။

သို့သော် ငယ်စဉ်အခါတွင် ထိုယောက်ျားလေး သေဆုံးသွားပါက ထိုမိန်းကလေးမှာ မုဆိုးမဖြစ်သွားပြီး ယောက်ျားလေးမိဘများ၏ စွန့်ပစ်ခြင်းကို ခံရပါသည်။ အကယ်၍ မိန်းကလေးသည် အရွယ်မရောက်မီ သေဆုံးသွားပါက ထိုယောက်ျားလေးသည် နောက်ထပ် မိန်းကလေးတစ်ဦးနှင့် ပုခက်တင်မင်္ဂလာပြုနိုင်သည်။ ဤသည်ကား ၎င်းလူမျိုးတို့၏ ထုံးစံပင် ဖြစ်ပါသည်။

ထိုအခါ ဘာဘာဂျီမှာ ၎င်းတို့၏ ထုံးစံကို မပါယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



လိုသဖြင့် . . .။

"ဒီမိန်းကလေးကို အသင်တို့ရဲ့ ကလေးအဖြစ် ကျွန်း ပေးခဲ့သည့်အတွက် လောကီလူမှုရေးကိစ္စတွင် ကျူပ် မစွက်ဖက် လိုပါ၊ အသင်တို့၏ သဘောသာ ဖြစ်ပေတယ်"

"ဤသို့ မိန့်ကြားသည့်အတွက် ကျေးဇူးတင်လှပါ တယ်"

သူဌေးဂုပ္ပတားဇနီးမောင်နှံလည်း ဘာဘာဂျီအား လျှောက် တင်ပြီးနောက် ဝမ်းသာပျော်ရွှင်ကာ ကာလကတ္တားသို့ ပြန်လာ ခဲ့ပါသည်။

ထို့နောက် တစ်ဖက်ယောကျ်ားလေးရှင်နှင့် ညှိနှိုင်း၍ ပုခက်တင်မင်္ဂလာပွဲအတွက် စီမံခဲ့ပါသည်။

၎င်းတို့စီစဉ်ထားသည့်အတိုင်း သူဌေးနှစ်ဦး၏ သားသမီး များ၏ မင်္ဂလာပွဲဖြစ်သဖြင့် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ပါသည်။

ပုခက်တင်သတို့သားကား . . . ဂိုရမ်း

ပုခက်တင်သတို့သမီးကား . . . ပွတ်စပါးဒေဝီ ဖြစ်ပါ သည်။

၎င်းတို့၏ ထုံးစံအတိုင်း ထဝ်တစ်ရာပန်းလည်ဆွဲမှာ ဆွဲထားပြီး လူကြီးများက မင်္ဂလာစကားများ ပြောကြားကာ ပုခက်တင်မင်္ဂလာပွဲကို ကျင်းပပေးခဲ့ပါသည်။





ကလေးနှစ်ယောက်လုံးမှာ ဘာမှန်းညာမှန်းမသိ။ ပျော် ရှာပွဲတစ်ပွဲဟုသာ ထင်ခဲ့ကြပါသည်။ မုန့်များစွာ တစ်နေကုန် စားသောက်ရသဖြင့် ကလေးတို့၏ သဘာဝအရ ပျော်ရွှင်မြူးတူး ခဲ့ကြပါသည်။

သို့သော် ထိုအပျော်ကလေးမှာ တစ်နေကုန်သည်နှင့် တစ်ပြိုင်နက် ပျောက်ကွယ်သွားပါတော့သည်။

ညနေစောင်းသည်နှင့် . . .။

"သမီးလေး ပွတ်စပါး . . . ပါးပါးတို့ ပြန်တော့မယ်"

ပွတ်စပါးဒေဝီအား ဂုပ္ပတား ဇနီးမောင်နှံက နှုတ်ဆက် လိုက်ရာ . . .။

"ပါးပါးတို့ပြန်ရင် . . . သမီး လိုက်မှာပေါ့"

"သမီးလိုက်လို့ မရတော့ဘူး . . . သမီးရဲ့ ယောက္ခမ အိမ်မှာ နေခဲ့ရမှာ"

"ဟင့်အင်း . . . သမီး မနေဘူး၊ ပါးပါးတို့နဲ့ ပြန်လိုက် ခဲ့မယ်"

"သမီး . . . အခုအချိန်ကစပြီး သူတို့သမီး ဖြစ်သွားပြီ၊ ဒီမှာနေခဲ့နော်"

ဂုပ္ပတားဇနီးမောင်နှံမှာ ပွတ်စပါးဒေဝီလေးအား ထား ခဲ့ပြီး စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြန်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပါးပါးရေ. . . မားမားရေ"

ပွတ်စပါးဒေဝီလေးမှာ အော်ဟစ်ခေါ်ရင်း ငိုယိုကာ ကျ
ရစ်ခဲ့ပါတော့သည်။

ပွတ်စပါးဒေဝီလေးသည် မွေးစားမိဘများနှင့် မခွဲ
သည့်အတွက် ငိုယိုနေသည်မှာ မတိတ်ဘဲ ဖြစ်နေပါသည်။ ည
တွင် ဂိုရမ်း၏ ဖခင်က. . .။

"သမီး ပွတ်စပါး မငိုနဲ့တော့. . . တိတ်တော့"

ပွတ်စပါးဒေဝီမှာ ဂုပ္ပတားမိသားစုမှ အရေးပေး အ
လိုက်ထားသူပီပီ အငိုမတိတ်ဘဲ ဆက်၍ငိုရာ. . .။

ဂိုရမ်း၏ ဖခင်ကြီးမှာ ဒေါသကြီးသူပီပီ. . .။

"ကောင်မလေး တိတ်စမ်း. . . မတိတ်ရင် ရိုက်မ

လက်ဖြင့်ရိုက်ရန် ရွယ်လိုက်သဖြင့် ပွတ်စပါးဒေ
ကြောက်လန့်ကာ အငိုတိတ်သွားပါသည်။ ပွတ်စပါးဒေဝီသ
ထိုအချိန်မှစ၍ ပျော်ရွှင်မှုဆိတ်သုဉ်းသွားပါတော့သည်။

နံနက်အိပ်ယာမှ စောစောထပြီး ဂိုရမ်းအမေနှင့်အ
ကူညီလုပ်ကိုင်ပေးခဲ့ရပါသည်။ ထိုအရွယ်နှင့်ပင် နောက်ဖေး
ဖိုချောင်တွင် အိမ်မှုဗာဟီရ ကိစ္စများကို ကူညီဆောင်ရွက်ပေး
ရပါသည်။ အခြေခံအဆင့် စာရေးစာဖတ်နိုင်စေရန် ပွတ်စပ
ဒေဝီအား ကျောင်းထားပေးခဲ့ပါသည်။ ထိုကျောင်းမှာ အိမ်နှင့်





သဖြင့် ခြေလျင်သွားရသည်။ ချမ်းသာသော်လည်း ကားဖြင့် လိုက်ပို့ပေးခြင်း မရှိချေ။ ၎င်းတို့၏ ခလေးအရ ချွေးမကို စည်းကမ်းကျနစေရန် ခိုင်းသည့်အတွက် အလုပ်နှင့်လက် အားသည် ဟူ၍ မရှိပေ။

၎င်းအထဲတွင် ဂိုရမ်းကလည်း အနိုင်ကျင့်သေးသည်။

ကလေးသဘာဝဖြစ်၍ မိမိအိမ်သို့ ရောက်လာသူအား နိုင်စားသည်မှာ ဓမ္မတာပင်။ ဂိုရမ်းကြောင့် ပွတ်စပါးဒေဝီမှာ ခေါင်းပေါက်၊ ထိပ်ကွဲ ထိခိုက်ရသည်မှာ အကြိမ်ကြိမ်ဖြစ်ပါသည်။

ကျောင်းသွားလျှင်လည်း လမ်းတွင် အနိုင်ကျင့်သည်။

စာသင်ခန်းသည်သာ သူမ၏ အေးချမ်းရာနေရာ ဖြစ်ပါတော့သည်။ သို့သော် အိမ်ရောက်သည်နှင့် စာကောင်းကောင်း မကျက်ရပေ။ အလုပ်နှင့်လက် မပြတ်အောင် ခိုင်းခဲ့ပါသည်။

သို့သော်လည်း ဉာဏ်ကောင်းသူပီပီ တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့ရာ အခြေခံအဆင့်ကို ကောင်းစွာ အောင်မြင်ခဲ့ပါသည်။ ဂိုရမ်းမှာ စာမကြိုးစားသည့်အတွက် အခြေခံအဆင့်တွင် နောက်ဆုံးမှ အောင်မြင်ခဲ့ပါသည်။

အခြေခံအလယ်တန်းအဆင့်သို့ တက်ရောက်ရမည့် အချိန်တွင် ပွတ်စပါးဒေဝီအား ကျောင်းမထားတော့ပေ။

"မား. . . သမီးကို ကျောင်းထားပေးပါ၊ သမီး စာဖတ်



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ပါ''

''မိန်းကလေးက ဒီလောက်တတ်ရင် တော်ရောပေါ့ ငါ့သားက နင့်ကို ရှာကျွေးရမှာ. . . ငါ့သားကသာ ပညာတတ်ဖို့ လိုတယ်၊ ဒါ့ကြောင့် နင့်ကို ကျောင်းမထားပေးတော့ဘူး။ ငါ့ အတူ အိမ်ဖာရိယဘဲ လုပ်ပေါ့''

မည်သို့ပင် တောင်းပန်သော်လည်း ပွတ်စပါးဒေဝီလေး အား ကျောင်းနေခွင့် မပေးတော့ချေ။

ဂုပ္ပတားမိသားစုမှာ ပွတ်စပါးဒေဝီကလေးအား တစ်နှစ် တစ်ခါ လာကြည့်ပါသည်။ ဂုပ္ပတားမိသားစု လာချိန်တွင် သူမ အား ဝတ်ကောင်းစားလှများ ဆင်ကာ မည်သည့်အလုပ်ကိုမျှ မခိုင်းတော့ပေ။

ပွတ်စပါး ကံဆိုးသည်ဟု ပြောရပေမည်။ သူမသည် ဂိုရမ်းတို့ မိသားစုထံ ရောက်ပြီး ငါးနှစ်အကြာတွင် ဂုပ္ပတားနေ့ မောင်နှံမှာ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ကွယ်လွန်သွားခဲ့ပါ သည်။

သူမမှာ လွန်စွာ ဝမ်းနည်းကြေကွဲလှပါသည်။ သူမ၏ အားကိုးရာမှာလည်း ဂိုရမ်းမိသားစုသာ ဖြစ်ပါတော့သည်။ ထို အချိန်မှစ၍ အိမ်အလုပ်များကို ခေါင်းမဖော်နိုင်အောင် လုပ်ခဲ့ရ ပါသည်။





သူဌေးအိမ်ပင် ဖြစ်လင့်ကစား ဂုပ္ပတားမိသားစုကဲ့သို့ ကောင်းစွာ မစားဘဲ အစားအသောက်ကိုပါ ခြိုးခြံချွေတာစွာ ကျွေးမွေးသဖြင့် နေ့စဉ် ဝလင်အောင်ပင် မစားရချေ။

သည်အထဲတွင် အလုပ်လုပ်ရာ၌ ကြုံကြာပါက ကြိမ် လုံးနှင့် အရိုက်ခံရသေးသည်။ သူမအတွက် ဂိုရမ်း၏အိမ်သည် ငရဲပြည်တစ်မျှ ပူလောင်လှပါသည်။ သည်လိုနှင့်ပင် ဒုက္ခရဲကို ခံစားရင်း နေလာခဲ့သည်မှာ ခြောက်နှစ်ကျော်အချိန်သို့ ရောက် ရှိလာခဲ့ပါပြီ။

ပွတ်စပါးဒေဝီကလေး၏ အသက်မှာ တစ်ဆယ့်နှစ်နှစ် ကျော် တစ်ဆယ့်သုံးနှစ်အတွင်းသို့ ရောက်ရှိလာခဲ့ပါသည်။ သူမ ၏ ရုပ်ရည်မှာလည်း ငယ်စဉ်ကနှင့် မတူဘဲ ပို၍ လှပလာပါ သည်။ ဂိုရမ်းမှာ ၎င်းနှင့် ပခက်တင် မင်္ဂလာပြုထားသည့်အတွက် သူမကို ထိကပါးရိကပါး လုပ်လေ့ရှိပါသည်။ သူမကလည်း လက်ထပ်မင်္ဂလာမပြုရသေးဘဲ ဤသို့ပြုမူခြင်းကို မနှစ်သက် သဖြင့် မကြာခဏ စကားများခဲ့ရပါသည်။

ဤနေ့ကား. . . မြသနာနှင့် ကြုံတွေ့ရမည့် နေ့တစ် နေ့. . .။

''ပွတ်စပါး. . . ဒီအဝတ်တွေအားလုံး ပြီးအောင် မြန်မြန် လျှော်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



ဂိုရမ်း၏အမေက တစ်အိမ်သားလုံး အဝတ်အစားများကို သူမအား လျှော်ခိုင်းခဲ့ပါသည်။ ပွတ်စပါးမှာလည်း လုပ်နေကျ အလုပ်ဖြစ်၍. . .။

''ဟုတ်ကဲ့ မား''

ဟု ပြောဆိုကာ အဝတ်များကို ပြီးစီးအောင် မြန်မြန် လျှော်နေစဉ် ဂိုရမ်း ရောက်ရှိလာပြီး. . .။

''နင်. . .ဒီအဝတ်တွေ လျှော်မနေနဲ့၊ ငါနဲ့ ကမ်းနား ကို လမ်းလျှောက်ထွက်ရအောင်''

''ငါမလိုက်ချင်ဘူး. . .ဒီမှာ အဝတ်တွေပြီးအောင် လျှော်ရဦးမယ်''

''လျှော်မနေနဲ့''

''မလျှော်ရင် မားက ငါ့ကို ရိုက်လိမ့်မယ်''

''နင်ဘာမှ ပြောမနေနဲ့. . .မား မရိုက်အောင် ငါပြော မယ်၊ နင် အခု ငါနဲ့ လိုက်ခဲ့''

ဟု ဆိုကာ လက်ကို အတင်းဆွဲပါတော့သည်။ ဂိုရမ်းကို လည်း ကြောက်ရသဖြင့် အဝတ်အစား ခပ်နွမ်းနွမ်းနှင့်ပင် ကမ်း နားသို့ လိုက်ပါသွားခဲ့ရပါသည်။

ဂိုရမ်းကလည်း ကမ်းနားမှ တော်တော်နှင့် မပြန်ပေ။ ညနေစောင်းမှ အိမ်သို့ ပြန်ခဲ့သည်။ အိမ်အပြန်၌ အိမ်ပေါက်ဝ





တွင် မျက်ထောင့်နီနှင့် ခါးထောက်ကာ ဒေါသအမျက်ခြောင်း ခြောင်း ထွက်နေသည့် ယောက္ခမနှင့် ရင်ဆိုင်တွေ့လိုက်ရပါ သည်။

''ပွတ်စပါး. . .နင် အဝတ်တွေ မလျှော်ချင်လို့ ဂိုရမ်း ကို ခေါ်ပြီး လျှောက်သွားနေတာ မဟုတ်လား''

''မဟုတ်ပါဘူး. . .ဂိုရမ်းက အတင်းခေါ်လို့ လိုက်သွား တာပါ''

''သူခေါ်လဲ အလုပ်ပြီးအောင်လုပ်ပြီးမှ လိုက်ပေါ့''

''မား. . .သမီး အခု အဝတ်လျှော်လိုက်ပါ့မယ်''

''ဘာ. . .ဒီလောက် မိုးချုပ်နေပြီ၊ အခုမှ အဝတ်လျှော် တော့ ခြောက်မှာမဟုတ်တော့ဘူး. . .ကဲ. . .ဒီလောက်ပျင်းတဲ့ ကောင်မ. . .ကဲ. . .ဟယ်. . .ကဲဟယ်''

''ရွှမ်း'' ''ရွှမ်း'' ''ရွှမ်း''

ဒေါသထွက်နေသော ဂိုရမ်း၏အမေသည် ပွတ်စပါးဒေဝီ အား ကြိမ်လုံးနှင့် တရွှမ်းရွှမ်းနေအောင် ရိုက်နှက်ပါတော့သည်။

ဂိုရမ်းကလည်း ငယ်ရွယ်သူမို့ ၎င်း၏အမေကို လွန်စွာ ကြောက်ရသဖြင့် အိမ်ထဲသို့ဝင်ကာ ပုန်းနေခဲ့ပါသည်။ ပွတ်စပါး ဒေဝီကလေးကား ဂိုရမ်းအမေ၏ ဒေါသပေါက်ကွဲမှုအောက်တွင် အလူးအလဲ ခံနေရပါသည်။ ဂိုရမ်းအမေသည် မိသန့်စပါး မရှိ



www.burmeseclassic.com

တော့သော ပွတ်စပါးဒေဝီအား ပို၍ နိမ်ကာ မကြာခဏ ဤသို့ ပြင်းထန်စွာ ရိုက်လေ့ရှိပါသည်။ ထို့ကြောင့် ပွတ်စပါးဒေဝီမှ. . .။

''ရှင်တို့သားအမိနဲ့ ဝေးတဲ့နေရာ ရောက်ပါစေ''

ဟု ပြောရာ ဂိုရမ်းအမေမှာ လွန်စွာ စိတ်ဆိုးပြီး ထပ်မံ ရိုက်ပြန်လေသည်။

ညအိပ်ယာဝင်ချိန်တွင် ညနေမှ ရိုက်နှက်ထားမှုကြောင့် ပြင်းထန်သော နာကျင်မှုကို ခံစားနေရသဖြင့် မျှော့မျှော့သာ ကျန်ပါတော့သည်။

ဤတွင် ပွတ်စပါးဒေဝီမှာ သူတို့သားအမိအပေါ်၌ လွန်စွာ စိတ်နာခဲ့ပါသည်။ တရှိုက်ရှိုက် ငိုကြွေးရင်းက ဤသို့ ဆုတောင်း ပြုခဲ့ပါသည်။

''သမီးကို မတရားအနိုင်ကျင့်နေသည့် သားအမိနဲ့ ဝေး ရာသို့ ရောက်ရှိပါစေ''

ပွတ်စပါးဒေဝီသည် ဤအိမ်၌ မနေလို၍ တစ်ညလုံး ဤသို့ အကြိမ်ကြိမ် ဆုတောင်းခဲ့ပါတော့သည်။

နောက်တစ်နေ့ ညနေအချိန်တွင် ကျောင်းမှအိမ်သို့ ပြန်လာခိုက် အိမ်နားသို့အရောက်တွင် အရှိန်ပြင်းစွာ မောင်းနှင် လာသော ကားနှင့် တိုက်မိပါတော့သည်။

''အား''





ဂိုရမ်းသည် ပြင်းပြင်းထန်ထန် ကားတိုက်ခြင်းခံရသဖြင့် ဖိုင်းကနဲ လဲကျသွားပါသည်။ ဂိုရမ်း၏ အမေမှာ အိမ်ထဲမှ ပြေးထွက်လာပြီး. . .။

''သား. . .ဘာဖြစ်လို့လဲ''

ဟု စိုးရိမ်တကြီး မေးလိုက်ပါသည်။

''ကား. . .ကားတိုက်''

ထိုသို့ပြောပြီး ဂိုရမ်း သတိလစ်သွားပါတော့သည်။ ဂိုရမ်းအမေလည်း စိုးရိမ်ကြီးစွာဖြင့် ဆေးဆရာကို သွားခေါ်ရာ အိမ်အရောက်တွင် ကားတိုက်သည့်ဒဏ်ကြောင့် ဆေးကုရန် မမီတော့ဘဲ သေဆုံးသွားပါသည်။

ဂိုရမ်၏ မိဘနှစ်ပါးမှာ တစ်ဦးတည်းသောသား သေဆုံး သွားသည့်အတွက် လွန်စွာ ပူဆွေးသောက ရောက်နေပါတော့ သည်။ ဂိုရမ်း၏ မိခင်ကြီးမှာ ပွတ်စပါးဒေဝီ၏ ကျိန်ဆဲမှုကြောင့် သူမ၏သား သေဆုံးရသည်ဟု အယူရှိကာ သူမအပေါ် များစွာ စိတ်ဆိုးနေပါတော့သည်။ သို့သော် အသုဘရက်အတွင်းဖြစ်၍ သူမ၏ စိတ်ဆိုးခြင်းကို မြိုသိပ်ကာ အသုဘအတွက် လုပ်ဆောင် ရမည့်ကိစ္စများကို လုပ်ဆောင်နေခဲ့ပါသည်။

ဂိုရမ်း သေဆုံးမှု၏ ရက်လည်ပြီးချိန်တွင် ပွတ်စပါးဒေဝီ အား ဂိုရမ်း၏ အမေမှ. . .။



www.burmeseclassic.com

www.burmeseclassic.com



“ပွတ်စပါးဒေဝီ. . . နင် ကျိန်စာတိုက်လို့ ငါ့သားကလေး သေရပြီ၊ နင့်ကို ငါ သိပ်မုန်းတယ်၊ စိတ်လဲနာတယ်”

“မား. . . သမီး သူ့ကို ကျိန်စာမတိုက်ပါဘူး”

“ဘာ. . . ကျိန်စာမတိုက်ရမှာလဲ၊ နင်ဟာ ငါ့ရှေ့မှာတင် ငါတို့နဲ့ အတူမနေရပါစေနဲ့လို့ ကျိန်ဆိုခဲ့တယ်၊ ဒါ့ကြောင့် ငါတို့နဲ့ အတူမနေရအောင် နင့်ရဲ့ ပုခက်တင်လင် သေသွားတာပေါ့၊ နင့်ရဲ့ ပုခက်တင်လင် သေမှတော့ နင်မုဆိုးမဖြစ်ပြီ၊ ငါတို့နဲ့အတူ နေစရာမလိုတော့ဘူး. . . နင် အိမ်ကဆင်းတော့”

ပွတ်စပါးဒေဝီကလေးအား အိမ်ပေါ်မှ ရက်ရက်စက်စက် နှင်ချခဲ့ပါသည်။ သူမမှာလည်း ကလေးအရွယ်သာသာ အရွယ်ဖြစ်၍ ကြောက်လန့်ကာ. . .။

“မား. . . သမီးကို မစွန့်ပစ်ပါနဲ့. . . မားတို့နဲ့အတူ နေပါရစေ”

ပွတ်စပါးဒေဝီကလေးသည် ဂိုရမ်း၏အမေကို ခြေထောက်ဖက်ကာ တောင်းပန်ပါသော်လည်း နဂိုကပင် စိတ်ကြမ်းတတ်ခဲ့ရှိသူဖြစ်ပြီး ယခုအချိန်တွင် သားတစ်ယောက်လုံး ဆုံးပါးသွားသည့်အတွက် ပွတ်စပါးဒေဝီ၏ တောင်းပန်ချက်အပေါ် စိုးစိမ့်မျှ သနားစိတ် မပေါ်ခဲ့ချေ။

သူမ၏စိတ်ထဲတွင် ပွတ်စပါးဒေဝီ ကျိန်စာတိုက်မှုကြောင့် သူ၏သား ဂိုရမ်း သေဆုံးရသည်ဟူသော အစွဲအလမ်း ရှိနေပါသည်။



“နင့်ယောကျ်ား သေသွားတော့ နင် မုဆိုးမဘဝ ရောက်သွားပြီ. . . မုဆိုးမကို လက်ခံထားရင် ငါတို့ပါ မင်္ဂလာမရှိဖြစ်မယ်. . . ကံဆိုးမယ်၊ ဒီတော့ နင့်ကို ငါ့အိမ်မှာ လက်ခံမထားနိုင်ဘူး၊ မုဆိုးမတွေစုနေတဲ့ ဟောင်ရာတစ်ဖက်ကမ်းက မုဆိုးမရွာကို သွားပို့ရမယ်”

မှတ်ချက်။ ။ ထိုခေတ်ထိုအခါက ၎င်းတို့၏ ဓလေ့အရ ပုခက်တင်ယောကျ်ား သေဆုံးသွားသည့် မိန်းကလေးများကို ဟောင်ရာတစ်ဖက်ကမ်းရှိ မုဆိုးမရွာသို့ သွားပို့ထားကြသည်။ တစ်ချို့မိန်းကလေးများမှာ လေးနှစ်ငါးနှစ်အရွယ် မိန်းကလေးများပင် ပါရှိပါသည်။

ထိုသို့ဖြင့် ပွတ်စပါးဒေဝီကလေးကား မုဆိုးမရွာဟု အမည်ပေးထားသည့် ဟောင်ရှာတစ်ဖက်ကမ်းရှိ ရွာကလေးတွင် စွန့်ပစ်ခြင်း ခံခဲ့ရပါတော့သည်။

ထိုရွာမှာ မုဆိုးမရွာဖြစ်သည့်အလျောက် အရင်ရောက်နေသော မုဆိုးမများမှာ လူကုံထံ သူဌေးများအိမ်တွင် အစေခံ သွားရောက်လုပ်ကိုင်ကြပါသည်။ အချို့ကလေးများကား တောင်းရမ်းစားသောက်ကြပါသည်။ အချို့ကလည်း နွားချေး



www.burmeseclassic.com

www.burmeseclassic.com



နယ်ပြီး အပြားလုပ်သည့် အလုပ်ကြမ်းများကို လုပ်ကိုင်ပေးကြရပါသည်။

ထိုမုဆိုးမများကို ကံဆိုးသူဟူ၍ သတ်မှတ်ကာ ထိုအမျိုးသမီးများကို အခြားယောက်ျားများက လက်ထပ်ယူခြင်း မပြုပေ။ ထိုအမျိုးသမီးများထဲတွင် အင်မတန်လှပသူများကိုသာ ကံဆိုးမှာ မကြောက်သည့် အလွန်အရုပ်ဆိုးသည့် အမျိုးသားများက လက်ထပ်ယူပါသည်။ ထိုသို့ လက်ထပ်ယူခြင်းမှာ တစ်ရာတွင် တစ်ယောက်ပင် မရှိချေ။

ပွတ်စပါးဒေဝီကလေးမှာ မုဆိုးမရွာတွင် မျက်စေ့သူငယ်နားသူငယ်နှင့် ရောက်ရှိပြီး မသွားတတ် မလာတတ် ဖြစ်နေချိန်တွင် အသက်သုံးဆယ်ခန့်ရှိသော မုဆိုးမတစ်ဦးနှင့် တွေ့ပြီး. . .။

"နင်လဲ. . . ပုခက်တင်ယောက်ျား ဆုံးပါးသွားတဲ့ မုဆိုးမတစ်ဦးလား"

"ဟုတ်ပါတယ်. . . ကျွန်မယောက်ျား ဆုံးပါးသွားတာ တစ်ပတ်ရှိသွားပါပြီ၊ ယောက်ျား ဆုံးသွားတဲ့အတွက် ဒီရွာမှာ လာပြီး စွန့်ပစ်သွားပါတယ်"

"စိတ်မကောင်း မဖြစ်ပါနဲ့ ညီမရယ်. . . ဒီဝလေ့ဆိုးကြီးဟာ အစ်မတို့ မိန်းမသားတွေအတွက် အိပ်မက်ဆိုးကြီးတစ်





ပါဘဲ၊ အစ်မတို့လဲ ညီမလိုဘဲ မုဆိုးမ ဖြစ်ခဲ့ရသူတွေပါ၊ ဒါပေမယ့် လူ့ဘဝဆိုတာ ကိုယ့်ဘဝ ရပ်တည်နိုင်ဖို့ ကိုယ့်ဖာသာ ကြိုးစားနိုင်ရမယ်၊ အစ်မတို့မှာ ခြေနှစ်ဖက်၊ လက်နှစ်ဖက် ရှိတယ်၊ ခွန်အား ရှိတယ်၊ ဒါတွေနဲ့ အရင်းပြုပြီး ဘဝကို ကြံကြံခိုင်ခိုင် နေသွားရမှာဘဲ. . . ကဲ. . . ငါ့ညီမ ဘာမှစိတ်မဆင်းရဲနဲ့ အစ်မနဲ့ အတူတူနေပါ၊ အစ်မနဲ့အတူတူ အလုပ်လုပ်ပါ"

ထိုသို့ပြောပြီး ခေါ်ဆောင်သွားသဖြင့် မုဆိုးမတစ်ဦးဖြစ်သူ မာယာဒေဝီ၏ တဲကလေးသို့ ရောက်ရှိသွားပါသည်။ မာယာဒေဝီသည် ကာလကတ္တားရှိ ပင်မင်းဆိုင်တစ်ဆိုင်၌ အဝတ်လျှော်၊ မီးပူတိုက်အလုပ်ကို လုပ်ကိုင်စားသောက်နေသူတစ်ဦး ဖြစ်ပါသည်။

နောက်တစ်နေ့တွင် ပွတ်စပါးဒေဝီအား ပင်မင်းဆိုင်သို့ ခေါ်သွားပြီး အလုပ်တောင်းခံရာ ၎င်းဆိုင်ရှင်ကလည်း လူလိုနေသဖြင့် ပွတ်စပါးဒေဝီကို ချက်ချင်း အလုပ်ခန့်လိုက်ပါသည်။

နောက်တစ်နေ့နံနက်မှစ၍. . .။

မာယာဒေဝီနှင့်အတူ ပင်မင်းဆိုင်တွင် အလုပ်လုပ်ခဲ့ပါသည်။ အဝတ်လျှော်၊ မီးပူတိုက် အလုပ်များကို မာယာဒေဝီအား ကူညီလုပ်ကိုင်ပေးရပါသည်။ ထိုအလုပ်မှာ ပင်ပန်းသော်လည်း မာယာဒေဝီကမူ ကိုယ်ချင်းစာစိတ်ရှိ၍ ညှာညှာတာတာ လုပ်နိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ ထိုလုပ်ငန်းမှ ဝင်ငွေသည် ရူပီးငွေ အနည်းငယ်သာ ရပါသည်။ လုပ်ငန်းရှင်များကလည်း ကံဆိုးမဟု အသိအမှတ်ပြုထားခြင်းခံရသူများကို နှိမ်ချလေ့ရှိပြီး များများခိုင်းကာ နည်းနည်းသာ ပေးခဲ့ပါသည်။

မုဆိုးမကလေးများကား ထိုလုပ်ငန်းရှင်များကိုပင် မှီခိုနေရသဖြင့် ပေးသမျှနှင့်ပင် ကျေနပ်နေခဲ့ရသည်။ အဝတ်လျှော်သည့် ဒဏ်ကြောင့် ပွတ်စပါးဒေဝီ၏ လက်နှစ်ဖက်စလုံးမှာ ပေါက်ပြဲနေပါသည်။ စားရတော့လည်း ဆန်ကြမ်း၊ ဝတ်ရတော့လည်း အပေါစားဆာရီ...။ သို့သော် လူကသာ ဆင်းရဲသော်လည်း ဂိုရမ်းတို့အိမ်ကဲ့သို့ စိတ်ဆင်းရဲမှုမရှိပေ။

ထိုသို့ဖြင့် ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်ကိုင်ရင်း မာယာဒေဝီတို့ထံ၌ နေထိုင်ခဲ့သည်မှာ တစ်နှစ်ကျော်ခန့် ရှိခဲ့ပါသည်။

"အစ်မရယ်၊ ကျွန်မ မွေးစားမိဘများရှိတဲ့ ဂယာရွာကို သွားချင်တယ်၊ အစ်မ လိုက်ပို့ပါလား"

"အေးလေ၊ အလုပ်က ခွင့်ယူပြီး အစ်မ လိုက်ပို့မယ်"

ပွတ်စပါးဒေဝီနှင့် မာယာဒေဝီတို့နှစ်ဦးသည် ဂယာရွာသို့ သွားရောက်ခဲ့ကြပါသည်။ မွေးစားမိဘများ ရှိရာသို့ မေးမေးမြန်းမြန်းပြီး သွားခဲ့ပါသည်။





ယခင်နေထိုင်သော အိမ်သို့ ရောက်သွားသော အခါ...။

"ဆာမိ မရှိတော့ဘူး၊ ဆုံးသွားပြီ... သူ့မိသားစုလည်း မြို့ကို ပြောင်းသွားကြပြီ၊ ဒီမှာ မရှိတော့ဘူး"

"ဘယ်မြို့ပြောင်းသွားသလဲ"

"ဒါလဲ... တိတိကျကျ မသိဘူး၊ ရာဇဂြိုဟ်ဆိုလား၊ ပတ္တနားဆိုလား သေသေချာချာ မသိဘူး"

"ဟင်း... ဒုက္ခပါဘဲ အစ်မရယ်"

"စိတ်မညစ်ပါနဲ့ ညီမရယ်... သူတို့တောင် သူ့အဖေ သေသွားတော့ ရုန်းကန်လှုပ်ရှားနေရသလား မသိဘူး၊ အခုလဲ ညီမမှာ အလုပ်ရှိတာဘဲ၊ စိတ်အားမငယ်ပါနဲ့"

ဤသို့ မာယာဒေဝီက အားပေးခဲ့ပါသည်။

"အစ်မရယ်... ဒီဂယာမှာ ရောက်တုန်း ဘာဘာဂျီကို လိုက်ရှာလိုက်ဦးမယ်"

"အေး... အေး၊ သွားရှာပါ"

ထိုသို့ဖြင့် ၎င်းတို့နှစ်ဦးသည် ဘာဘာဂျီ တရားကျင့်ရာ နေရာသို့ သွားရောက်ခဲ့ပါသည်။ အနီးရှိ လူများအား မေးကြည့်ရာ...။

"ဘာဘာဂျီ... လာတဲ့အခါလဲ လာတယ်၊ ဟိုတစ်လေတုန်းကတော့ ဂယာမှာရှိတယ်၊ အခုတော့ နယ်လှည့်ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီ''

''ဒါဆို . . . ဘာဘာဂျီ ဘယ်သွားလဲ မသိဘူးပေါ့''

''ဟုတ်ပါတယ်''

ပွတ်စပါးဒေဝီကလေးမှာ များစွာ စိတ်ပျက်အားငယ်သွားပါသည်။ ထိုသစ်ပင်ကြီးအောက်၌ ထိုင်ရင်း . . .။

''အစ်မရယ် . . . ကျွန်မကိုက ကံဆိုးလှပါတယ်၊ ကျွန်မကို မွေးစားတဲ့သူတွေ တစ်ယောက်ကိုမှ မတွေ့ရတော့ဘူး''

ထိုသို့ပြောကာ မာယာဒေဝီအား ဖက်၍ တရှုံ့ရှုံ့ ငိုကြွေးခဲ့ပါသည်။ မာယာဒေဝီကလည်း အစွမ်းကုန် ချော့မော့ပြောခဲ့ပါသည်။

''ညီမရယ် . . . အစ်မတို့ ရှာရင် ဘာဘာဂျီကို တွေ့မှာပါ၊ နယ်လှည့်ပေမယ့် ဂယာမှာ ပွဲတော်ရှိတဲ့အချိန် ပြန်လာမှာဘဲ . . . အစ်မတို့ ပွဲတော်ရှိတဲ့အချိန်ကို ပြန်လာကြတာပေါ့''

ထိုသို့ဖြင့် နှစ်ဦးသားသည် စိတ်ပျက်အားလျော့စွာ ဂယာမှ ပြန်ခဲ့ရပါသည်။

ကာလကတ္တားသို့ ပြန်ရောက်ပြီးနောက် ပွတ်စပါးဒေဝီမှာ ဝမ်းနည်းလွန်းလှသဖြင့် ဘာဘာဂျီအား တိုင်တည်ခဲ့ပါသည်။

''ဘာဘာဂျီ . . . သမီး ပွတ်စပါးဒေဝီ တိုင်တည်ပါတယ်၊ သမီးဟာ ဘာဘာဂျီကို လွန်စွာ တွေ့ချင်လှပါတယ်၊ တွေ့ခွင့်





ပေးပါ''

ပွတ်စပါးဒေဝီသည် လှိုက်လှဲစွာ တိုင်တည်ပြီး အိပ်ခဲ့ပါသည်။ ထိုညက အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ဘာဘာဂျီသည် ပွတ်စပါးဒေဝီထံသို့ ရောက်ရှိလာပြီး . . .။

''သမီး . . . ဘာကြောင့် ဘာဘာ့ကို တမ်းတနေသလဲ''

''ဘာဘာဂျီ . . . သမီးဘဝက ဆိုးဝါးလှပါတယ်၊ မုဆိုးမဖြစ်ပြီး စွန့်ပစ်ခြင်းခံရလို့ သူတစ်ပါးက ကယ်တင်ထားရပါတယ်၊ သမီးကို ကြည့်လှည့်ပါဦး . . . ဘာဘာဂျီ''

ဤသို့ ငိုယိုကာ ပြောလိုက်ပါသည်။

ဤတွင် ဘာဘာဂျီမှ . . .။

''မငိုပါနဲ့ သမီး . . . မကြာခင် သမီးရဲ့ ဘဝဟာ ကောင်းမွန်လာတော့မှာပါ၊ ဘာဘာဂျီကို တွေ့ချင်ရင် တရားဟောသီမှာ ကျင်းပတဲ့ ရေစိမ်ပွဲတော်မှာ ရှိမယ်''

ဤသို့ပြောဆိုပြီး ဘာဘာဂျီ ပျောက်ကွယ်သွားပါတော့သည်။ အိပ်မက်မှနိုးသော် . . .။

ပွတ်စပါးဒေဝီ၏စိတ်တွင် ပျော်ရွှင်နေပါသည်။ ဘာဘာဂျီသည် တရားကျင့်နေသူတစ်ဦး ဖြစ်၍ ပွတ်စပါးဒေဝီ၏ တိုင်တည်ခြင်းကို သိမြင်၍ ဤသို့ အိပ်မက်ပေးခြင်း ဖြစ်မည်မှာ ယုံကြည်ကာ ဝမ်းသာပီတိ ဖြစ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစိမ်ပွဲတော်မှာလည်း နောက်ခြောက်လကြာလျှင် ဟာရာထာသီရှိ ဂင်္ဂါမြစ်၌ ကျင်းပမည်ဖြစ်ပါသည်။ ဘာဘာဂျီကို တွေ့ရန် နောက်ထပ် ခြောက်လခန့်သာ စောင့်ရမည်ဖြစ်၍ လွန်စွာ ပျော်ရွှင်သွားပါသည်။

ထိုသို့ဖြင့် ပင်မင်းလုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်ခဲ့ပါသည်။

ကံကြမ္မာ ပြောင်းလဲလာမည့် နေ့တစ်နေ့. . .။

ထိုနေ့ကား. . . တနင်္ဂနွေနေ့ဖြစ်၍ ပင်မင်းဆိုင် ပိတ်သဖြင့် အားလပ်ရက် ရပါသည်။ ပွတ်စပါးဒေဝီလည်း ပစ္စည်းများဝယ်ရန် ဈေးသို့ထွက်ခဲ့ပါသည်။ နံနက်ကိုးနာရီခန့်အချိန်. . .။

ဈေးထဲတွင် ဈေးရောင်း ဈေးဝယ်များနှင့် စည်ကားလှပါသည်။ ဈေးရောက်ကာနီး လမ်းဘေးတွင် ဗုံးသီးခြောက်ပလွေမှုတ်သံကို ကြားလိုက်ရပါသည်။ လူအများကလည်း ဝိုင်းအုံကြည့်ရှုနေကြပါသည်။ ပွတ်စပါးဒေဝီလည်း လှမ်းကြည့်ရာ. . .။

မြွေလမ္ဘာယ်ဝိုင်းမှ မြွေလမ္ဘာယ် ပြနေသည်ကို တွေ့လိုက်ရပါသည်။

ထို့ကြောင့် ထိုနေရာနားမှ ဖြတ်လျှောက်သွားခဲ့ပါသည်။

ထိုစဉ် မြွေလမ္ဘာယ် ကြည့်နေသူတစ်သိုက်သည် ရှန်းရှင်ဆန်ခတ် ပြေးလွှားနေသည်ကို တွေ့ရသည့်အတွက် သမင်လည်ပြန် ကြည့်လိုက်ရာ မြွေကြီးတစ်ကောင်သည် မြွေလမ္ဘာယ်ဝိုင်းမှ လွတ်သွားပြီး လူအုပ်ကြီးဆီသို့ ပါးပြင်းထောင်လျှက် ပြေးလာသည့်အတွက် လူအများ ထွက်ပြေးကြခြင်း ဖြစ်ပါသည်။





သို့သော် ၎င်းမြွေကြီးသည် မြွေလမ္ဘာယ် လာကြည့်သည့် သယ်နှစ်အရွယ်ခန့်ရှိသော ယောကျာ်းလေးနားသို့ ရောက်လာခဲ့ပါသည်။

ကလေးငယ်မှာ ကြောက်လွန့်လွန်း၍ မပြေးနိုင်ဘဲ ကြောင်ပြီး ရပ်နေပါသည်။ ဤတွင် လူအုပ်ကြီးမှာ. . .။

''ဟာ''ကနဲ ဖြစ်ပြီး ရင်တမမနှင့် ကြည့်နေပါသည်။

မြွေကြီးမှာ ပါးပြင်းခွက်ပြီး ပေါက်ရန်ပြင်လိုက်ပါသည်။ လူအုပ်ကြီးမှာလည်း မြွေအန္တရာယ်ကို ကြောက်ရွံ့၍ ကလေးအား မကယ်နိုင်ဘဲ ရှိနေပါသည်။ မြွေလမ္ဘာယ်ဆရာမမှာလည်း မြွေနှင့် ဝေးသည့်နေရာ၌ ရှိနေသဖြင့် ဤအန္တရာယ်ကို မည်သို့မျှ မတားဆီးနိုင်ပေ။

အနီးဆုံးလူမှာ ပွတ်စပါးဒေဝီပင် ဖြစ်ပါသည်။

ပွတ်စပါးဒေဝီမှာ ငယ်စဉ်ကပင် ဘာဘာဂျီက သင်ပေးထားသဖြင့် မြွေနိုင်သူတစ်ယောက် ဖြစ်ပါသည်။ သူမသည် ဤအဖြစ်အပျက်ကို မြင်သောအခါ မည်သို့မျှ မနေနိုင်တော့ဘဲ ထိုကလေးဆီသို့ ပြေးသွားပြီး ထိုမြွေကြီးအား သူမ၏လက်ကို



www.burmeseclassic.com

www.burmeseclassic.com

ထောင်ပြပြီး. . .။

"မြွေဆိုး. . .ဝေးရာကိုသွားစမ်း"

ဟု ခပ်ဟောက်ဟောက် အမိန့်ပေးလိုက်ရာ မြွေကြီးမှာ ပေါက်မည့်ဟန်မှ မာန်ချပြီး ပါးပြင်းချကာ မြေကြီးပေါ်သို့ လျှောချသွားပါသည်။

ထိုစဉ် စိတ်ဝင်စားစွာ ကြည့်နေသော လူအုပ်ကြီးမှာ. . .။

"တော်ပါသေးရဲ့. . .ကယ်မယ့်သူ ရောက်လာလို့"

ဟူ၍ ချီးမွမ်းထောပနာ ပြုလိုက်ပါသည်။

ပွတ်စပါးဒေဝီသည် ထိုမြွေကြီးကို ဦးခေါင်းမှ ကိုင်လျှက် မြွေလမ္ဘာယ်ပြသည့် အမျိုးသမီးကို လှမ်းပေးလိုက်ပါသည်။ မြွေလမ္ဘာယ်ဆရာမက ကိုယ်တိုင် လှမ်းမယူဘဲ ပခြုပ်ထဲ ထည့်ရန် ပြောလိုက်ပါသည်။

"ကျေးဇူးပြုပြီး. . .ပခြုပ်ထဲ ထည့်ပေးပါ"

"ကောင်းပါပြီ"

ပွတ်စပါးဒေဝီက ထိုမြွေကြီးအား ပခြုပ်ထဲသို့ ထည့်ပေးလိုက်ပါသည်။ မြွေလမ္ဘာယ်ဆရာမသည် ပွတ်စပါးဒေဝီအား. . .။

"ညီမလေးကို အစ်မက အထူးဘဲ ကျေးဇူးတင်ပါတယ်၊ ဒီမြွေ ရောက်လာတာ မကြာသေးတော့ နည်းနည်း ရိုင်းနေသေး





တယ်၊ အခုလဲ မမျှော်လင့်ဘဲ ပခြုပ်ပွင့်ပြီး ထွက်သွားတာ၊ ကလေးကိုသာ ပေါက်မိရင် အစ်မတော့ ထောင်ကျမှာဘဲ"

"ရပါတယ် အစ်မ. . .ကျွန်မ ကူညီနိုင်တာ ကူညီလိုက်တာပါ"

ထိုသို့ပြောနေစဉ် လူအုပ်ကြီးမှာ ပြေးလာပြီး ပွတ်စပါးဒေဝီအား. . .။

"ဒီကလေးအတွက် အသက်စွန့်ပြီး ကယ်တင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"

ဟူ၍ ပြောဆိုကာ လက်ဆွဲနှုတ်ဆက်ကြပါသည်။

ထိုစဉ် ကလေးငယ်၏ မိဘများက ရောက်လာကာ. . .။

"သားလေးရဲ့အသက်ကို ကယ်တဲ့ အသက်သခင်မလေးကို ကျေးဇူးတင်ပါတယ်"

ဤသို့ပြောဆိုပြီး ရှူပီးငွေများ ပေးခဲ့ပါသည်။ လူအုပ်ထဲမှ လူများကလည်း သူတို့တတ်နိုင်သလောက် ရှူပီးငွေများ ပေးကမ်းခဲ့ပါသည်။

တစတစနှင့် လူအုပ်ကြီး ရှဲသွားသဖြင့် ဈေးသို့သွားရန် ဟန်ပြင်စဉ်. . .။

မြွေလမ္ဘာယ်အမျိုးသမီးမှ. . .။

"ညီမ. . .ဘယ်မှာနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမက. . . မုဆိုးမရွာမှာ နေပါတယ်"

"အိုး. . . ညီမရယ်"

ထိုသို့ဖြင့် ပွတ်စပါးဒေဝီမှ သူမ၏အကြောင်းနှင့် မြွေနိုင်ခြင်းအကြောင်းရင်းကိုပါ ပြောပြပါသည်။

"ညီမရယ် ဖြစ်နိုင်ရင် အစ်မနဲ့အတူ လိုက်နေပါ၊ ဘာဖြစ်လို့လဲဆိုတော့ မြွေကို တကယ်နိုင်တာ အစ်မရဲ့ အဖေပါ။ အဖေက ဆုံးသွားပါပြီ. . . အစ်မက အမေကြီးကို ဒီမြွေလမွှာယ်ပညာနဲ့ လုပ်ကျွေးနေရတာပါ၊ ညီမလို မြွေနိုင်တဲ့သူတစ်ဦး ရှိတော့ အစ်မအတွက် အဖော်ရတာပေါ့"

"ဒါဆိုရင်. . . ညီမရဲ့အုပ်ထိန်းသူကို လိုက်ပြောပါ"

ပွတ်စပါးဒေဝီလည်း ထိုအမျိုးသမီးကို မာယာဒေဝီထံ ခေါ်သွားခဲ့ပါသည်။ မာယာဒေဝီလည်း တခဏအတွင်း ပြန်လာသည့်အတွက် အံ့ဩနေစဉ် ပွတ်စပါးဒေဝီမှ. . .။

"အစ်မမာယာ. . . ဒီအစ်မက အစ်မနဲ့ စကားပြောချင်လို့တဲ့"

ဟူ၍ မိတ်ဆက်ပေးလိုက်ပါသည်။ ထိုအခါ. . .။

"ကျွန်မနာမည် ဆာရာဒေဝီပါ. . . မြွေလမွှာယ်ဆရာမပါ"

"ဟုတ်ကဲ့. . . ကျွန်မနာမည် မာယာဒေဝီပါ"





ရင်းတို့နှစ်ဦး မိတ်ဆက်ပြီးနောက်. ပွတ်စပါးဒေဝီအား သူမ၏ မြွေလမွှာယ် ပြကွက်အတွက် ရှုပီးငွေများကိုလည်း ပေးမည်။ မွေးလည်း မွေးစားမည်ဟူ၍ ပြောသဖြင့် မာယာဒေဝီက သဘောတူလိုက်ပါသည်။

မာယာဒေဝီမှ ပွတ်စပါးဒေဝီအား. . .။

"ညီမရယ်. . . မြွေလမွှာယ်ပြတဲ့အလုပ်ဟာ အခြားသူများအတွက် အန္တရာယ်ဖြစ်စေနိုင်ပေမယ့် ညီမအတွက်တော့ ပင်မင်းအလုပ်ထက်စာရင် ပိုပြီး သက်သာမှာပါ၊ ညီမ လုပ်ကြည့်ပါ၊ မပျော်ရင် ပြန်လာခဲ့ပေါ့"

မာယာဒေဝီမှာ အသက်ကြီးသူဖြစ်၍ သူမထက်ပိုပြီး စဉ်းစားနိုင်ခဲ့သည်။ ထို့အပြင် ပုခက်တင် မုဆိုးမဘဝမှ လွတ်မြောက်စေချင်သည်။ ထို့ကြောင့် ဤကိစ္စကို တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။

ပွတ်စပါးဒေဝီကလည်း သူမ၏စကားကို နားထောင်ကာ ဆာရာဒေဝီ၏ ခေါ်ရာနောက်သို့ လိုက်ခဲ့ပါသည်။ ထို့နောက် ဆာရာဒေဝီ၏ မြွေလမွှာယ်ပြပွဲတွင် ပါဝင်ကပြရင်း သူမနှင့်အတူ နေထိုင်ခဲ့ပါသည်။

မာယာဒေဝီ ပြောသည့်အတိုင်းပင် မြွေလမွှာယ်ပြသည့် အလုပ်မှာ များစွာ မပင်ပန်းဘဲ ရှုပီးငွေများ ရရှိခဲ့ပါသည်။ မွဲ



www.burmeseclassic.com

www.burmeseclassic.com



နားရက်များတွင် မာယာဒေဝီဆီသို့ သွားရောက်လည်ပတ်ခဲ့ပါသည်။

ဤသို့ဖြင့် ခြောက်လတည်းဟူသော အချိန် ကုန်လွန်ခဲ့ပါသည်။ ထိုအချိန်တွင် ဗာရာဏသီမြို့ရှိ ဂင်္ဂါမြစ်တွင်း၌ ဆာဒူးကြီးများ ရေစိမ်ပွဲတော် ပြုလုပ်မည်ဟု သိရှိသဖြင့် ဘာဘာဂျီအား ရှာဖွေရန် မာယာဒေဝီနှင့်အတူ သွားရောက်ခဲ့ပါသည်။ ဗာရာဏသီမြို့၏ ဂင်္ဂါမြစ်ဆိပ်ရှိ ဆာဒူးကြီးများ၏ ရေစိမ်ပွဲတော်. . .။

ဆာဒူးကြီးများသည် ၎င်းတို့၌ရှိသော အကုသိုလ်အညစ်အကြေးများကို ရေတွင်စိမ်ခြင်းအားဖြင့် သန့်စင်သွားသည်ဟု အယူရှိကာ ထိုပွဲတော်ကို ကျင်းပခြင်း ဖြစ်ပါသည်။ ထိုအချိန်တွင် ဆာဒူးကြီးများ၏ တပည့်များက ၎င်းတို့၏ ဆရာသခင် ဆာဒူးကြီးအား ရေဖြင့်သွန်းလောင်းကာ ကုသိုလ်ယူကြပါသည်။

ပွတ်စပါးဒေဝီတို့ ဗာရာဏသီမြို့ရှိ ဂင်္ဂါမြစ်ရေချိုးဆိပ်သို့ ရောက်ရှိသည့်အချိန်တွင် ဆာဒူးကြီးများကို ၎င်းတို့၏ တပည့်များက ရေလောင်းနေပါသည်။

ပွတ်စပါးဒေဝီသည် ဆာဒူးကြီးများစွာအနက်မှ ဘာဘာဂျီကို လိုက်လံရှာဖွေခဲ့ပါသည်။

ဆာဒူးကြီးများကို တစ်ပါးခြင်း လိုက်လံကြည့်ရှုရာ





တတိယမြောက် ဆာဒူးကြီးကို သေသေချာချာ ကြည့်လိုက်သောအခါ. . .။ တွေ့လိုက်ပါပြီ၊ ဘာဘာဂျီ. . .။

''ဟာ. . .ဘာဘာဂျီဘဲ၊ ဝမ်းသာလိုက်တာ''

ပွတ်စပါးဒေဝီကလေးမှာ ထခုန်မတတ် ဝမ်းသာသွားပါသည်။ သူမသည် ဂင်္ဂါမြစ်တွင်း ဆင်းသွားကာ ဘာဘာဂျီအား ရေဖြင့်သွန်းလောင်းရင်း. . .။

''ဘာဘာဂျီ. . .သမီး ပွတ်စပါးဒေဝီ. . .ရောက်ရှိလာပါပြီ''

ဟု ပြောလိုက်ရာ ဘာဘာဂျီမှာ ခေါင်းတငြိမ့်ငြိမ့်နှင့် အသိအမှတ်ပြုပြီး. . .။

''သမီး. . .ပွဲတော်ပြီးတဲ့အထိ စောင့်ပါ''

ဟု ပြန်ပြောလိုက်ပါသည်။

ပွတ်စပါးဒေဝီတို့ နှစ်ဦးစလုံး ရေစိမ်ပွဲတော် ပြီးသည့်အထိ စောင့်နေခဲ့ပါသည်။ ပွဲတော်ပြီး၍ လူအများ တစတစ ထွက်ခွာသွားခဲ့လေပြီ။

ဆာဒူးကြီးသည် သူမအား ခေါ်၍. . .။

''သမီးရဲ့ တိုင်တည်မှုများကို ဘာဘာဂျီ သိသည်. . .ယခုနေရသည်မှာ ယခင်ထက် အဆင်ပြေမှု ရှိပါ[illegible]''

''မှန်ပါ. . .ယခုနေရသည်မှာ အဆင်[illegible]''



www.burmeseclassic.com

www.burmeseclassic.com



"သမီးဟာ. . . တဖြည်းဖြည်း အောင်မြင်ပါလိမ့်မယ် တနေ့မှာ သမီးရဲ့ ဆွေမျိုးများနဲ့ ပြန်တွေ့ပြီး ချမ်းချမ်းသာသာ နေရလိမ့်မယ်. . . ဆွဲကြိုးလေးကိုသာ အမြဲဆွဲထားပါလော့၊ ဤအရာဟာ သမီးရဲ့ဆွေမျိုးနဲ့ ပြန်တွေ့ရမယ့် သင်္ကေတဖြစ်တယ်"

"ကျေးဇူးကြီးလှပါတယ် ဘာဘာကျီ"

"အိမ့်"

ထိုသို့ဖြင့် ဘာဘာကျီသည် ဘယ်နေ့၊ ဘယ်အချိန်တွင် ဘယ်နေရာ၌ တရားကျင့်သည့် ဆိုသည့်နေရာများကို ပြောပြခဲ့ပါသည်။

ထိုအချိန်မှစ၍ ဘာဘာကျီနှင့် အဆက်အသွယ် ရှိခဲ့ပါသည်။

ပွတ်စပါးဒေဝီလည်း မြွေလမ္ဘာယ်ဆရာမအဖြစ် လုပ်ကိုင်ရင်း အားလပ်သောရက်များတွင် ဘာဘာကျီထံသို့ တစ်လှည့် မာယာဒေဝီထံသို့ တစ်လှည့်၊ သွားလာရင်း သူမ၏ ဆွေမျိုးများနှင့် တွေ့ရန် စောင့်နေခဲ့ပါသည်။

ဤသည်မှာ ဘာဘာကျီ ပြောပြသည့် ပွတ်စပါးဒေဝီ အကြောင်း ဖြစ်ပါသည်။ ကိုထွန်းအောင်မှာ သာမန်နှင့်မတူ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များကြောင့် လွန်စွာ အံ့ဩနေခဲ့ပါသည်။





"ဒီဆွဲကြိုးလေးဟာ မင်းအမေနဲ့အတူ ပါလာတဲ့ တစ်ခုတည်းသော ပစ္စည်းဖြစ်တယ်. . . ဒီဆွဲကြိုးလေးကို အကြောင်းပြုပြီး သားတို့မောင်နှမ ပြန်တွေ့ရမယ်လို့ ဘာဘာကျီရဲ့ အာရုံမှာ တွေ့နေတယ်၊ ဒါကြောင့် ဒီဆွဲကြိုးလေးကို ဆွဲခိုင်းထားတာပါ၊ အမှန်မှာတော့ ဘာဘာကျီဟာ ရှေးရေစက်ကြောင့် ဒီသမီးလေးကို ထိန်းကျောင်းပေးထားတာပါ။ ကဲ. . . အခု မင်းတို့မောင်နှမ ပြန်တွေ့ပြီ၊ ဘယ်လိုလုပ်မလဲ"

"တပည့်တော်ရဲ့ ညီမလေးကို ပြန်ခေါ်သွားချင်ပါတယ် ဘာဘာကျီ။ ဒီအကြောင်းကို တပည့်တော်ရဲ့ အဖေသာ သိရင် အရမ်းဝမ်းသာမှာဘဲ"

ဘာဘာကျီသည် မည်သည့်စကားမျှ မပြောဘဲ မျက်စေ့မှိတ်ကာ အာရုံပြုလိုက်ပါသည်။ အတန်ကြာမှ မျက်စေ့ပြန်ဖွင့်ကာ. . .။

"ပွတ်စပါးဒေဝီကို အဖြစ်မှန်ပြောပြပြီး ဒီအတိုင်းခေါ်သွားရန် မဖြစ်နိုင်ပါ၊ မြွေလမ္ဘာယ်အမျိုးသမီးက ကြီးစွာသော အနှောင့်အယှက် ပေးလိမ့်မည်. . . ဥပဒေအရလဲ အိန္ဒိယအမျိုးသမီးတစ်ယောက်ကို နိုင်ငံခြားသားတစ်ယောက်ထံ ထည့်မည် မဟုတ်ချေ။ တစ်စုံတစ်ယောက်နှင့် မင်္ဂလာပွဲပြုမှသာလျှင် ဤအနှောင်အဖွဲ့မှ သမီး လွတ်မြောက်မည်ဟု ဘာဘာကျီ၏ အာရုံ



www.burmeseclassic.com

www.burmeseclassic.com



၌ မြင်သည်။

"ကျေးဇူးကြီးလှပါတယ်. . . ဘာဘာဂျီ"

ကိုထွန်းအောင်က ဤသို့ပြောဆိုပြီး အရှိအသေပေးကာ ပြန်ခဲ့ကြပါသည်။ လမ်းခုလတ်တွင် ဆန်ဂျေးမှ. . .။

"ကဲ. . . မောင်နှမ နှစ်ယောက်လည်း ခက်ခက်ခဲခဲ ပြန်တွေ့ကြပြီ၊ ပွတ်စပါးဒေဝီကို ပြန်ခေါ်ဖို့ ကိစ္စကို တို့ ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့. . . အခုတော့ ပွတ်စပါးဒေဝီကလဲ နဂိုအတိုင်း ဆာရာဒေဝီဆီမှာ ပြန်နေပေါ့"

ဟု ပြောလိုက်ပါသည်။ ကိုထွန်းအောင်သည် ပထမ သွေးပူနေစဉ်က မစဉ်းစားမိသော်လည်း ဥပဒေအတိုင်း ခေါ်ဆောင်နိုင်ရန် သွေးအေးအေးနှင့် စဉ်းစားရမည်ဟု နားလည်ခဲ့ပါသည်။

"ကဲ. . . ညီမလေး၊ အစ်ကိုတို့နဲ့ တွေ့ဦးမှာဘဲ၊ စဉ်းစားပြီး လုပ်ကြတာပေါ့"

"ဟုတ်ကဲ့ပါ အစ်ကို. . . ကျွန်မလည်း အရင်ကလို တစ်ကောင်ကြွက် မဟုတ်တော့ဘဲ အစ်ကိုတို့၊ အဖေတို့ ရှိတယ်ဆိုတော့ အားရှိသွားပါပြီ"

ထိုသို့ဖြင့် ခရီးဆက်ခဲ့ရာ မကြာမီ ဆာရာဒေဝီတို့ နေသည့် လမ်းဆုံသို့ ရောက်ရှိခဲ့ပါသည်။

"ကဲ. . . ညီမလေး. . . သွားပေတော့"





"ဟုတ်ကဲ့ပါ အစ်ကို"

ပွတ်စပါးဒေဝီကလေးမှာ ပေါ့ပါးသွက်လက်စွာ ကားပေါ်မှ ဆင်းကာ သူမနေရာ လမ်းအတွင်းသို့ ဝင်သွားပါတော့သည်။

ဆန်ဂျေးလည်း ထူးဆန်းလှသော ပွတ်စပါးဒေဝီ အကြောင်းကို တွေးကာ. . .။

"ထွန်းအောင်. . . ပွတ်စပါးဒေဝီရဲ့ မွေးဖွားလာမှုဟာ ဆန်းကြယ်တယ်၊ လူ့သေတစ်ယောက်က မွေးဖွားလာတာဆိုတော့ 'လူ့သေ့သမီး' ပေါ့နော်၊ ငါဖြင့် အဲဒီအကြောင်းမျိုး တစ်ခါမှ မကြားဖူးဘူး"

"ဒီလိုမွေးဖွားမှုမျိုးဟာ ဆန်းကြယ်တာအမှန်ပါဘဲ၊ ဒါပေမယ့် ငါတို့ရဲ့ မြန်မာရာဇဝင်မှာ ဒီလိုမွေးဖွားမှု ရှိခဲ့ဖူးတယ်. . . တို့မြန်မာရာဇဝင်မှာ နာမည်ကြီးတဲ့ ရှင်မွေ့နွန်းနဲ့ မင်းနန္ဒာဆိုတဲ့ ကြေကွဲဖွယ်ရာ ရာဇဝင်တစ်ခု ရှိတယ်၊ အဲဒီထဲက ရှင်မွေ့နွန်းဟာ မိခင်ကြီး သေပြီးမှ မွေးတဲ့သမီးဘဲ၊ သူ့မိခင်ကြီးဟာ ကိုယ်ဝန်မီးမဖွားနိုင်လို့ သေဆုံးသွားခဲ့တယ်၊ မီးသင်္ဂြိုဟ်တဲ့အခါမှာ မီးမစွဲဘဲ ရှိနေတယ်၊ နောက်မှ ဝမ်းဗိုက်ပေါက်ကွဲပြီး ကလေး လွင့်စင်ထွက်သွားမှ အလောင်းကို မီးစွဲလောင်သွားတယ်၊ ကလေးငယ်ကို ကောက်ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်နေတဲ့ မိန်းကလေး ဖြစ်နေတာ တွေ့ရတယ်''

''သြော် . . . ဒါဆိုလဲ မင်း ပြောတဲ့ မိန်းသမီးလေးဟာ လဲ လူသေသမီးဘဲပေါ့''

''အင်း. . . ဟုတ်ပါတယ်''

''ကဲ. . . မင်းတို့ကိစ္စ ရှေ့ဆက်ဘယ်လိုလုပ်ကြမလဲ

''မီးစင်ကြည့်ပြီး ကရမှာဘဲ'

ကိုထွန်းအောင်တို့နှစ်ဦးမှာ ပြောရင်းဆိုရင်း အဆောင် ရှေ့သို့ ရောက်ခဲ့သည့်အတွက် လမ်းခွဲခဲ့ကြပါသည်။

အဆောင်ရောက်သောအခါ ဤကဲ့သို့ ခက်ခက်ခဲခဲ ဖွေ ဖွားခဲ့သည့် ညီမတစ်ယောက် ရှိကြောင်း ဖခင်ကြီးထံ စာရှည် ကြီးတစ်စောင် ရေးခဲ့ပါသည်။

## အခန်း (၉)

## ''ရွှေရောင်အနာဂတ်ခရီးဆီသို့''

ဆန်ဂျေးနှင့် ကိုထွန်းအောင်တို့သည် ဆာရာဒေဝီထံသို့ ကြောခဏ သွားရောက်လည်ပတ်ကာ ပွတ်စပါးဒေဝီ၏ အခြေ အနေကို တစေ့တစောင်း စောင့်ကြည့်နေပါသည်။

ဆာရာဒေဝီကလည်း ၎င်းတို့နှစ်ဦးမှာ သူမအား ချစ် ကြိုက်၍ လာနေသည်ဟု ထင်ကာ ကောင်းစွာ ဧည့်ခံခဲ့ပါသည်။

သို့သော် အခြေအနေမှာ မပေးသေးသဖြင့် စောင့်ဆိုင်း နေခဲ့ကြပါသည်။ ကိုထွန်းအောင်၏စိတ်တွင် ညီမငယ်အား ဆန်ဂျေး နှင့် လက်ထပ်ပေးစားရသော် ကောင်းမည်လားဟူ၍ တွေးမိပါ သည်။ ဆန်ဂျေးမှာ သူငယ်ချင်းအရင်း ဖြစ်သော်လည်း လူမျိုး ခြားဖြစ်၍ မပေးစားလိုပေ။ မြန်မာလူမျိုးပီပီ ကိုယ့်မြန်မာအမျိုး သားနှင့်သာ ပေးစားလိုပါသည်။ သို့သော် မြန်မာအမျိုးသားဟူ ၍ တစ်ဦးတစ်လေမျှ မတွေ့ရပေ။

ထိုအချိန်တွင် ဖခင်ကြီးထံမှ စာတစ်စောင် ရောက်ရှိ





www.burmeseclassic.com

www.burmeseclassic.com



လာပါသည်။ ဤစာတွင်. . .။

ချစ်သား မောင်ထွန်းအောင်

သားထံမှ စာဖတ်သောအခါ ဖေဖေ့မှာ မ
နိုင်အောင် အံ့ဩဝမ်းသာရပါတယ်၊ ဖေဖေ့မှာ သားတစ်ယော
တည်းသာ ရှိတယ်လို့ ထင်ရပေမယ့် မင်းအမေရဲ့ကိုယ်ပွား သမီ
ရတနာကလေး ရှိမှန်း သိရတဲ့အတွက် ဝမ်းလဲဝမ်းသာတယ်
သမီးကလေးကိုလဲ လွမ်းစွာ တွေ့ချင်လှပါတယ်။

ဒါပေမယ့် အိန္ဒိယပြည်မှာ ဖေဖေလဲ အကြာကြီး နေ
ဖူးတော့ သူတို့ရဲ့ ဥပဒေကို ဖေဖေ သိပါတယ်၊ ချက်ချင်း ခေ
ဖို့ဆိုတာ မလွယ်ဘူး။ ဥပဒေအရ ပြောရမယ်ဆိုရင် ဖေဖေ
ဟာ သူ့ကို စွန့်ပစ်ထားတယ်လို့ မြင်မှာဘဲ၊ ဘာပဲဖြစ်ဖြစ် သမီ
လေးကို အမြန်ဆုံး ပြန်ခေါ်နိုင်အောင် သား အတတ်နိုင်ဆုံး
ကြိုးစားပါ။

မျှော်လင့်ကြီးစွာဖြင့်

ဖေဖေ

ဖေဖေ့ထံမှ စာကိုဖတ်ရသောအခါ. . .။

"ဖေဖေရယ်. . . ဖေဖေ့သမီးလေးကို ဖေဖေ့ဝံ အမြ
ဆုံး ပို့ဆောင်နိုင်ဖို့ သား ကြိုးစားနေပါတယ် ဖေဖေရယ်"





ဟူ၍ တီးတိုးရေရွတ်မိပါသည်။

ပွတ်စပါးဒေဝီကလေးမှာလည်း မိမိမှာ မြန်မာလူမျိုးမှန်း
သိသွားသည့်အပြင် ဖခင်ရင်း၊ အစ်ကိုရင်းတို့နှင့်အတူ နေလို
သော စိတ်များ တဖွားဖွား ပေါ်နေပါသည်။

"ဘာဘာကျီ. . . သမီးကို ကယ်တင်တော်မူပါ၊ အစ်ကို
ရင်းကို တွေ့နေရသည့်တိုင်အောင် အတူမနေရသေးပါ၊ ဖခင်
ကြီးနှင့်လည်း အမြန်တွေ့လိုပါတယ်၊ သမီးရဲ့ဆန္ဒ အမြန်ဆုံး
အကောင်အထည်ပေါ်ပါစေ"

ညစဉ်ညတိုင်း ဤသို့ ဆုတောင်းခဲ့ပါသည်။

အဖြူရောင်ကံကြမ္မာ၏ ရှေ့ပြေးနိမိတ်. . .။

နံနက်စောစော အိပ်ရေးတွင် လူးလာဆန်ခတ် မျဲဝဲကာ
အစာတောင်းနေသော ခိုဖြူခိုပြာ အုပ်စု. . .။

ပျော်ရွှင်မြူးတူးစွာ သစ်ပင်ပေါ်သို့ တက်လိုက် ဆင်း
လိုက် ပြေးလွှားနေသော ရှဉ့်အုပ်စု. . .။

ညက အိပ်မက်ထဲမှ မြွေဖြူကြီး. . .။

မြွေဖြူကြီးကို အိပ်မက်မက်ပြီးတိုင်း ရှုပီးငွေ များစွာရ
သည်။ သူမ၏ အစ်ကိုဖြစ်သူနှင့် တွေ့ခါနီးတုန်းကလည်း မြွေ
ဖြူကြီးကို အိပ်မက်မက်ခဲ့သည်။ မြွေဖြူကြီးမှာ သူမ၏ ကောင်း
သော ကံကြမ္မာ၏ ရှေ့ပြေးနိမိတ်ဟူ၍ မှတ်ယူထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေက ပွတ်စပါးဒေဝီသည် အလုပ်အားလပ်ရက် ဖြစ်သဖြင့် ဟူဂလီမြစ်ကမ်းသို့ လမ်းလျှောက်ထွက်လာခဲ့ပါသည်။ အိန္ဒိယလူမျိုးများသည် နံနက်ပိုင်းနှင့် ညနေပိုင်းတွင် အာဝါခါးသားခေါ် လေ့ရှုလေ့ရှိပါသည်။

ဤသို့ လေရှုခြင်းအားဖြင့် ကျန်းမာရေး ကောင်းမွန်ကာ အသက်ရှည်သည်ဟု အယူရှိပါသည်။ ပွတ်စပါးဒေဝီမှာမူကား ကျန်းမာလို၍ လမ်းလျှောက်ခြင်း မဟုတ်ပါ။ အစ်ကိုရင်း ဖခင်ရင်းတို့နှင့် အတူနေရန်အရေးအတွက် စိတ်ညစ်နေသဖြင့် ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

မြစ်ဆိပ်ကမ်းရှိ လူရှင်းသော နေရာတွင် ရွေးချယ်ကာ လေရှုရင်း ငေးမိငေးရာ ငေးနေပါသည်။ ထိုအချိန်တွင် မြစ်ရေမှာ များစွာတက်ကာ ပြည့်နေပါသည်။ မြစ်အတွင်း၌ ဒိုက်ပင်များ ဟိုမှသည်သို့ မျောနေပါသည်။

တစ်ချို့သော ဒိုက်ပင်များမှာ ကမ်းစပ်၌ ကပ်နေပြီး အချို့မှာ ရေစုန်ရေဆန် မျောပါနေပါသည်။ ထိုဒိုက်ပင်များတွင် ရံဖန်ရံခါ မြွေဆိုးများ ခိုအောင်းနေတတ်ပါသည်။ ပွတ်စပါးဒေဝီလည်း ရေပြင်ကျယ်ကြီးနှင့် ဒိုက်ပင်များအကြောင်း တွေးနေစဉ်...။

မြွေဖြူကြီးတစ်ကောင်သည် သူမ၏ အနီးရှိ မြက်ပင်





များကြားမှ လျှင်မြန်စွာ ဖြတ်သန်းသွားပါသည်။ သူမလည်း သည်အချိန် သည်လိုနေရာမျိုးတွင် မြွေဖြူကြီးကို တွေ့လိုက်ရသည်မှာ လွန်စွာ အံ့ဩသွားပါသည်။ သို့သော် သူမအတွက် မြွေဖြူကြီးကိုတွေ့တိုင်း ထူးခြားမှုတစ်ခုခု ဖြစ်ခဲ့ပါသည်။ ညကလည်း မြွေဖြူကြီးကို အိပ်မက်မက်ခဲ့သေးသည်။

အိပ်မက်ထဲမှ မြွေနှင့် အပြင်မှမြွေ မည်သို့ ဆက်နွယ်မှု ရှိသနည်းဟူသည့် မေးခွန်းကို စဉ်းစားနေစဉ် မည်မျှကြာသွားသည်မသိ။ ခပ်လှမ်းလှမ်းတစ်နေရာမှ ဆူညံသော အသံများ ကြားရသဖြင့် ထိုနေရာသို့ လှမ်းကြည့်မိသည်။

ဟော...တွေ့လိုက်ရပါသည်။ လူအုပ်အစုအဝေး တစ်ခု...။

“ဘာတွေလဲ...ဘာ့ကြောင့် လူတွေ ဝိုင်းနေရတာလဲ”

သူမထံသို့ ဤအတွေးများ ဝင်လာသည်။ ကြာရှည်မစဉ်းစားနိုင်...။

သူမသည် ထိုလူအုပ်အတွင်းသို့ အပြေးအလွှား သွားကြည့်မိသည်။

သူမ တွေ့ရသည်မှာ...။

ဘောင်းဘီရှည် ရှပ်လက်တို ဝတ်ဆင်ထားသည့် အမျိုးသားတစ်ဦး...။ သူ၏ ဝတ်စားပုံကို မြင်သည်နှင့် ရူကုံထံ



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းထဲက ရှူတစ်ယောက်မှန်း သိသာပါသည်။

ထိုသူမှာ မြွေကြီးပေါ် လဲကျပြီး သတိလစ်နေပါသည်။

''ဘာဖြစ်တာလဲရှင်''

ပွတ်စပါးဒေဝီက လူအုပ်ကြီးကို မေးလိုက်ပါသည်။

''မြွေဖြူကြီး ပေါက်သွားလို့''

''ဒါဆို... ဒီလိုကြည့်နေလို့ ဘယ်ဖြစ်မလဲ၊ ဖယ်ပေးပါ၊ ကျွန်မ ကုပေးပါ့မယ်''

ပွတ်စပါးဒေဝီမှာ အဆိပ်ပြေစေသည့် မန္တာန်ရွတ်ဆိုပေးထားသည့်လက်ဖြင့် မြွေကိုက်သည့်နေရာ၏ အထက်နားမှ သင်ချရာ...။

''ဟာ... မြွေဆိပ်မည်းတွေ ထွက်လာတယ်''

မြွေကိုက်ထားသည့် နေရာမှ မြွေဆိပ်မည်းမည်းများ စီးကျလာပါသည်။

သူမလည်း မြွေကိုက်သည့်နေရာကို ထပ်မံ ညှစ်လိုက်ရာ မြွေဆိပ်မည်းမည်းများ ထပ်မံ ကျလာပါသည်။ ထိုအမည်းရောင်များ ကုန်ပြီးနောက် အနီရောင်သွေးများ ကျလာသည့်အထိ ညှစ်ပေးရာ လူနာမှ...။

''အဟင်း... အဟင်း''

ဟူသော အသံထွက်လာပြီး သတိရလာပါသည်။





''ရှင်... သတိရလာပြီလား''

''ကျွန်တော်... ဘယ်ရောက်နေတာလဲ''

ထိုလူသည် လူအများ ဝိုင်းအုံကြည့်နေသဖြင့် လူအုပ်ကြီးအား မေးလိုက်ပါသည်။ ထိုအခါ လူအုပ်ကြီးထဲမှ တစ်ဦးက...။

''ခင်ဗျားကို မြွေဖြူကြီးတစ်ကောင် ပေါက်သွားလို့၊ ခင်ဗျား သတိလစ်ပြီး လဲကျသွားတာ... မြွေဖြူကြီးဆိုတာ အရမ်းအဆိပ်ပြင်းတဲ့ မြွေမျိုးဘဲ၊ အရိပ်ကိုပေါက်ရင်တောင် လူဟာ တုံးကနဲ လဲသွားတာ၊ ခုနက ခင်ဗျားကို မြွေပေါက်လို့ အဆိပ်မွန်ပြီး သတိလစ်သွားတာ၊ မြွေဆရာမလေးက ကုပေးလို့ ခင်ဗျား သတိရလာတာ''

''ဪ... ဟုတ်လား၊ ဒါဆို ခင်ဗျားက မြွေဆရာမပေါ့ ဟုတ်လား''

ထိုလူက ပွတ်စပါးဒေဝီအား မေးလိုက်ရာ သူမလည်း ကြောင်တောင်တောင်နှင့် ခေါင်းညိတ်လိုက်ပါသည်။

ထိုသူသည် လူးလဲထကာ...။

''ကျွန်တော်ဟာ M.V BLUE သင်္ဘောက ဒုတိယအရာရှိပါ၊ ကျွန်တော်ရဲ့ သင်္ဘောဟာ ကုန်တင်နေလို့ ဒီဆိပ်ကမ်းမှာ ရပ်ထားတာ တစ်ပတ်ကျော်သွားပါပြီ၊ ဒီနေ့ ညနေအော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ လမ်းလျှောက်ထွက်ရင်း လှူရှင်းတဲ့ဘတ်ကို လမ်းလျှောက်ထွက်လာတုန်း မြွေဖြူကြီး ပေါက်လိုက်တဲ့အထိ ပြန်မှတ်မိပါပြီ''

''ဒါဆို. . . ကျွန်တော်တို့ ခင်ဗျားရဲ့ သင်္ဘောပေါ်အထိ လိုက်ပို့ပေးပါ့မယ်''

''မြွေဆရာမလဲ လိုက်ခဲ့ပါ''

ထိုလူက ခေါ်သဖြင့် ပွတ်စပါးဒေဝီနှင့်အတူ လူတစ်ချို့သည် ထိုလူအား သင်္ဘောပေါ်သို့ လိုက်ပို့ပေးခဲ့ပါသည်။ ဤအကြောင်းစုံကို ကပ္ပတိန်ကြီး သိသွားရာ အားလုံးကို ဖော်ရွေစွာ ဆက်ဆံရင်း ကျေးဇူးတင်ကြောင်း ပြောခဲ့ပါသည်။ ၎င်းကပ္ပတိန်ကြီးမှာလည်း အိန္ဒိယလူမျိုး ဖြစ်သဖြင့် မြွေအကြောင်း သိသူဖြစ်ရာ. . .။

''မြွေဖြူဆိုတဲ့ အမျိုးဟာ အဆိပ်အပြင်းဆုံး မြွေတစ်မျိုးပါဘဲ၊ တစ်ချို့ကဆိုရင် နတ်မြွေလို့တောင် ပြောကြတယ်၊ အဆိပ်ပြင်းလွန်းလို့ သူကိုက်ရင် ဆေးမမီဘူးလို့လဲ ပြောကြတယ်။ မစ္စတာပီတာရဲ့ အသက်ကို ကယ်ပေးတဲ့ မြွေဆရာမကို ကျေးဇူးအထူးတင်ပါတယ်''

ကပ္ပတိန်ကြီးကလည်း မြွေဆရာမအား ကျေးဇူးတင်ကြောင်း ပြောခဲ့ပါသည်။ မစ္စတာပီတာကလည်း အသက်သခင်





ကျေးဇူးရှင် ဖြစ်သည့် ပွတ်စပါးဒေဝီအား ကျေးဇူးတင်စကားပြောဆိုကာ ရွှေပြီးငွေများ ပေးခဲ့ပါသည်။

''ကျွန်တော့်ရဲ့ အသက်သခင်မို့ ဒီရွှေပြီးငွေများ လက်ခံပါ''

''ကျွန်မ လက်မခံပါဘူး. . . ကျွန်မ ရှင့်ကို စေတနာနဲ့ ကူညီတာပါ၊ ရှင်လဲ နေကောင်းသွားပြီဘဲ၊ ကျွန်မ ပြန်တော့မယ်''

''ဒါဆို. . . နာမည်လေး တဆိတ်လောက် ပြောခဲ့ပါ''

''ကျွန်မနာမည် ပွတ်စပါးဒေဝီပါ. . . မြွေလမ္ဘာယ်ဆရာမပါ''

ဤသို့ပြောပြီး အိမ်သို့ ပြန်လာခဲ့ပါသည်။

* * *

နောက်တစ်နေ့နံနက်တွင်. . .။

ဆန်ကျေးနှင့် ကိုထွန်းအောင်တို့နှစ်ဦးသည် အားလပ်ရက်ဖြစ်၍ ထုံးစံအတိုင်း ပွတ်စပါးဒေဝီဆီသို့ ရောက်လာခဲ့ပါသည်။ ဆရာဒေဝီကလည်း ပြုံးပြုံးရွှင်ရွှင်ဖြင့် ဧည့်ခံနေစဉ်. . .။

''ဒီအိမ်ဟာ မြွေဆရာမ ပွတ်စပါးဒေဝီတို့ အိမ်ပါလား ခင်ဗျာ'' ဟူသော အမေးကို ကြားလိုက်ရသဖြင့် ဆာရာဒေဝီမှ. . .။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ်. . . ဒီအိမ်ပါဘဲ၊ ကြွပါရှင်''

ဟု ပြောလိုက်ရာ သားသားနားနား ဝတ်ဆင်ထားသော အမျိုးသားနှစ်ဦး အိမ်ပေါ်သို့ တက်လာပါသည်။

ထို့နောက် ဧည့်ခန်းအတွင်းရှိ ကုလားထိုင်၌ ဝင်ထိုင်ရင်း မနေ့ကအကြောင်းများကို ဆာရာဒေဝီအား ရှင်းပြခဲ့ပါသည်။

''ကျွန်တော်ဟာ အမ်ဗွီဘလူး သင်္ဘောရဲ့ ဒုတိယအရာရှိပါ၊ မနေ့က လမ်းလျှောက်ရင်း မြက်တောထဲက မြွေဖြူကြီး ထွက်လာပြီး ပေါက်လိုက်တာ ကျွန်တော် သတိမေ့သွားတယ်၊ အဲဒါကို ဒီက မြွေဆရာမ ပွတ်စပါးဒေဝီက ကုသပေးလို့ အသက်ချမ်းသာရာ ရခဲ့ပါတယ်၊ မနေ့က ကျေးဇူးဆပ်တဲ့အနေနဲ့ ရှပီးငွေကန်တော့တာကို လက်မခံလို့ အခုလို စားသောက်ဖွယ်ရာများနဲ့ လာပြီး ဂါရဝပြုတာပါ''

''ဪ. . . ရပါတယ်၊ ပွတ်စပါးဒေဝီဟာ ကျွန်မရဲ့ ညီမပါ၊ မနေ့ညနေက ပြန်လာတော့ အဲဒီအကြောင်းကို ပြောပြပါတယ်၊ လူကြီးမင်းတို့ ဒီပစ္စည်းတွေကို လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်. . . ပွတ်စပါးဒေဝီကတော့ ဈေးသွားပါတယ်၊ ခဏစောင့်ပါ''

''ဟုတ်ကဲ့ စောင့်ပါမယ်''

ထိုသို့ပြောဆိုကာ ဧည့်သည်နှစ်ယောက်မှာ ကိုထွန်း





အောင်တို့နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံ၌ ထိုင်စောင့်နေကြပါသည်။ ကိုထွန်းအောင်ကလည်း ပွတ်စပါးဒေဝီဟူသော နာမည်ပါလာသည်ကတစ်ကြောင်း၊ မနေ့ညနေက အကြောင်းများ ပါလာသည်က တစ်ကြောင်းတို့ကြောင့် စိတ်ဝင်စားကာ မသိမသာ အကဲခတ်နေပါသည်။

ထိုသို့ အကဲခတ်ရင်း ကိုထွန်းအောင်၏ စိတ်တွင် ထိုလူကို မြင်ဖူးသလိုလို ခံစားရပါသည်။ ထိုသူ၏ အဖော်မိတ်ဆွေမှာ ဟိန္ဒူအမျိုးသား ဖြစ်ပုံရသော်လည်း ထိုသူမှာ မြန်မာအမျိုးသားလော၊ ယိုးဒယားအမျိုးသားလောဟု ထင်မိပါသည်။ ထိုသူမှာ သင်္ဘောသား ထုံးစံအတိုင်း ဆံပင်ရှည်နှင့် ဖြစ်သဖြင့် မည်သို့မျှ ပုံဖမ်းမရချေ။

သူတစ်ပါး၏ ဧည့်သည်ကို စကားပြောခြင်းမှာ မယဉ်ကျေးသော အပြုအမူမှန်း သိသော်လည်း ထိုလူကို လွန်စွာ မြင်ဖူးနေသည့်အတွက် မည်သို့မျှ မနေနိုင်တော့ဘဲ မေးလိုက်မိပါသည်။

''ကျေးဇူးပြု၍ တဆိတ်လောက် မေးပါရစေ''

''မေးပါ''

''ခင်ဗျားဟာ မြန်မာလူမျိုးပါလား ခင်ဗျာ''

''မှန်ပါတယ်. . . ကျွန်တော် မြန်မာလူမျိုးပါ''



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ကိုထွန်းအောင်ကို ထိုသူက သေသေချာချာ စိုက်ကြည့်နေစဉ် ကိုထွန်းအောင်မှ. . .။

"မစ္စတာပီတာကို တော်တော်ရင်းရင်းနှီးနှီး မြင်ဖူးသလိုဘဲ"

ဤသို့ပြောလိုက်ရာ. . .။

"ဟော့ကောင် ထွန်းအောင်. . . ငါ မောင်မောင်လေ။ မင်း မမှတ်မိဘူး ဟုတ်လား"

ထိုသို့ပြောလိုက်မှ ငယ်ရုပ်ကို ပြန်ဖမ်းလိုက်သည်။ ထိုသူသည် ကိုထွန်းအောင်၏ သူငယ်ချင်း. . .။

"မှတ်မိပြီ. . . မင်း ပီတာမောင်မောင် မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ထွန်းအောင်ရာ"

ပြောပြောဆိုဆို တစ်ဦးနှင့်တစ်ဦး ထဖက်လိုက်ပါသည်။

ပီတာမောင်မောင်ကား. . ကိုထွန်းအောင်၏သူငယ်ချင်း။

ထိုသူငယ်ချင်း၏ အသက်ကို ကယ်ခဲ့သူမှာ ပွတ်စပါးဒေဝီ. . .။

ဤကဲ့သို့သော ဆက်စပ်မှုကြောင့် သူငယ်ချင်း အချင်းချင်း ရေခြားမြေခြားတွင် ပြန်ဆုံရသောအခါ ဝမ်းပမ်းတသာ ပီတိစိတ်များ လွှမ်းခြုံခဲ့ကြပါသည်။

၎င်းတို့အုပ်စု စကားလက်ဆုံကျနေစဉ်. . .။





ပွတ်စပါးဒေဝီသည် ဈေးမှ ပြန်ရောက်လာခဲ့ပါသည်။ ပွတ်စပါးဒေဝီမှ ကိုထွန်းအောင်နှင့် ဆန်ဂျေးကို ပြုံးပြုံးကလေး နှုတ်ဆက်လိုက်ပါသည်။

ထို့နောက် မစ္စတာပီတာကိုမြင်သောအခါ အံ့သြသွားပါသည်။

"အစ်ကိုကြီးတို့ ဘယ်ကဘယ်လို ရောက်လာတာပါလဲရှင်"

"မြွေဆရာမ ပွတ်စပါးဒေဝီကို တွေ့ချင်လို့ စုံစမ်းလာခဲ့ရတာပါ"

ထိုမစ္စတာ ကျေးဇူးတင်ကြောင်း ပြောကြားရင်း ၎င်းတို့ ယူလာသည့် လက်ဆောင်ပစ္စည်းများကို ပေးခဲ့ပါသည်။

ဤတွင် ကိုထွန်းအောင်မှ. . .။

"ဒီက. . . ပီတာမောင်မောင်ဟာ အစ်ကို့သူငယ်ချင်း မြန်မာလူမျိုးဘဲ"

"အစ်ကို့သူငယ်ချင်းဆိုတော့ ညီမရဲ့ အစ်ကိုဘဲပေါ့"

အားလုံး တစ်ဦးနှင့်တစ်ဦး ပို၍ ရင်းနှီးသွားပါတော့သည်။ အတန်ကြာအောင် စကားပြောပြီးနောက် ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့ အရင် ပြန်လာခဲ့ပါသည်။

အဆောင်သို့ ပြန်ရောက်ချိန်တွင် ကိုထွန်းအောင်ထံ



www.burmeseclassic.com

www.burmeseclassic.com



ယောက် ပွတ်စပါးဒေဝီ၏ ကိစ္စကို စဉ်းစားမိပါသည်။

"အင်း. . . ငါ့ညီမလေးရဲ့ အကြောင်းစုံကို ဖွင့်ပြောပြီး မောင်မောင့်ကို အကူအညီတောင်းရရင် ကောင်းမလား"

"အခွင့်အရေး ယူရာများ ကျမလား"

ထို့နောက် သူငယ်ချင်းအရင်းဖြစ်သည့် ပီတာမောင်မောင်ထံမှ အကြံဉာဏ် တောင်းခံသော် တစ်ခုခု အကြောင်းထူးမည်ဟု ထင်သည့်အတွက် ၎င်းဆီသို့ ဆန်ဂျေးနှင့်အတူ သွားရောက်ခဲ့ပါသည်။

"ဟာ. . . ထွန်းအောင်ပါလား. . . လာကွာ"

ပီတာမောင်မောင်မှာ သူငယ်ချင်း ထွန်းအောင် လာလည်သဖြင့် အားရဝမ်းသာ ကြိုဆိုခဲ့ပါသည်။

"အေးကွာ. . . ငါလဲ မင်းကို တိုင်ပင်စရာလေး ရှိလို့ လာခဲ့တာဘဲ"

"တိုင်ပင်ပါ သူငယ်ချင်း"

အားလုံး ရင်းနှီးပြီးသား သူငယ်ချင်းများ ဖြစ်၍ ပွတ်စပါးဒေဝီအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြရာ ပီတာမောင်မောင်မှာ လွန်စွာ အံ့အားသင့်သွားပါသည်။

"ဒါဆို. . . ပွတ်စပါးဒေဝီဟာ ခင်ဗျားရဲ့ညီမအရင်းမြန်မာမလေးပေါ့. . . ဟုတ်လား"





"ဟုတ်ပါတယ်"

"ဒါကြောင့်. . . ငါ့မျက်စေ့ထဲမှာ သူဟာ အိန္ဒိယလူမျိုးရဲ့ မျက်နှာပေါက်နဲ့ မတူဘူးလို့ ထင်မိတာ"

"အဖြစ်ကတော့ အဲဒါ→ သူငယ်ချင်း။ ဒီအကြောင်းကို ဆာရာကို ဖွင့်ပြောချင်ရပေမယ့် ပွတ်စပါးဟာ ဆာရာရဲ့ မြွေလမ္ဘာယ်အတွက် မရှိမဖြစ်တဲ့သူတစ်ယောက် ဖြစ်လေတော့၊ ပွတ်စပါးကို မပေးဖို့များတယ်၊ အဲဒီအကြောင်း သိသွားပြီး တစ်ခြားတစ်နေရာကို ပို့မှာလဲ စိုးရတယ်၊ ဥပဒေကြောင်းအရလဲ ငါတို့က စွန့်ပစ်ခဲ့တဲ့သဘော ဖြစ်နေတော့ ငါ့အတွက် အခက်အခဲ ဖြစ်နေတယ်၊ ငါ့ရဲ့ဆန္ဒကတော့ ပွတ်စပါးဒေဝီကို သူ့လက်ထဲက အေးအေးချမ်းချမ်းနဲ့ ပြန်ခေါ်ချင်တယ်၊ အဲဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ မင်းကို တိုင်ပင်တာဘဲ"

"အင်း. . . မင်းကိစ္စကလဲ လွယ်မယောင်နဲ့ ခက်နေပါလား. . . ငါ့သဘောက နောက်တစ်လကြာရင် မြန်မာပြည်ကို ဝင်ဖို့ရှိတယ်. . . မင်းညီမကို ခိုးတင်သွားရင် ကောင်းမလား"

"ခိုးတင်လို့ မိရင်. . . မင်း အလုပ်လဲ ပြုတ်မယ်၊ လူ့ကုန်ကူးမှုနဲ့လဲ ထောင်ကျမယ်၊ မလုပ်ပါနဲ့ သူငယ်ချင်းရယ်. . . စဉ်းစားပါဦး"

"အေး. . . ဖြစ်နိုင်ချေရှိတာကို စဉ်းစားမယ်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရရင် မင်းတို့ကို ငါ အကြောင်းပြန်မယ်''

''အေးပါ. . . ငါလဲ အကောင်းဆုံးအဖြေကို စဉ်းစားပါ့မယ်''

ကိုထွန်းအောင်တို့ သူငယ်ချင်းအုပ်စုလည်း ထွေရာလေးပါး စကားများ ပြောပြီး ပြန်ခဲ့ပါသည်။ အိမ်အပြန်လမ်းတွင် ဆန်ဂျေးမှ. . .။

''သူငယ်ချင်း. . . ငါ တစ်ခုပြောမယ်၊ မင်း ခွင့်ပြုမယ်ဆိုရင် ပွတ်စပါးကို ငါလက်ထပ်မယ်၊ ပြီးရင် ပီတာမောင်မောင်တို့ သဘောနဲ့ မြန်မာပြည်ကို ငါပါ လိုက်ခဲ့မယ်''

မမျှော်လင့်သောစကားကို ကြားရသည့်အတွက် အံ့သြသွားပါသည်။

''သူငယ်ချင်း. . . မင်း ငါ့အပေါ်မှာ ဒီလောက် အနစ်နာမခံပါနဲ့ကွာ၊ ငါ့ကိစ္စ ငါ့ဘာသာငါ ဖြေရှင်းပါ့မယ်''

''အေးပါ. . . ငါကလဲ မင်း ဒုက္ခကို မကြည့်ရက်လို့ပါ''

''ကျေးဇူးတင်ပါတယ် သူငယ်ချင်း''

ကိုထွန်းအောင်သည် ဆန်ဂျေး၏ သူငယ်ချင်းကောင်းပီသသည့်စိတ်ကို နားလည်ခဲ့ပါသည်။

သို့သော် တစ်လခန့် အချိန်ရှိသေးသည့်အတွက် ပွတ်စပါးကိစ္စကို စဉ်းစားရန်အချိန် ကျန်ပါသေးသည်။ ဤသို့စဉ်းစားရင်း





အချိန်တစ်ပတ်ခန့် ကြာခဲ့ပါသည်။

ညနေကျောင်းဆင်းချိန်တွင် ပီတာမောင်မောင်တစ်ယောက် ကိုထွန်းအောင်ဆီသို့ ရောက်ရှိလာပါသည်။

ကိုထွန်းအောင်လည်း ပီတာမောင်မောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အတွက် အံ့သြသွားပါသည်။

''မောင်မောင်ပါလား''

''မင်း. . . အံ့သြသွားလား သူငယ်ချင်း''

''ဟုတ်တယ်. . . မျှော်လင့်မထားတော့ အံ့သြသွားတယ်''

''ကဲ. . . မင်းကို ငါ ပြောစရာရှိတယ်၊ လက်ဖက်ရည်ဆိုင် သွားရအောင်''

''အေး. . .''

ကိုထွန်းအောင်တို့ နှစ်ဦးသား လက်ဖက်ရည်ဆိုင်သို့ သွားကာ ချောင်ကျကျ စားပွဲတွင် ထိုင်လိုက်ကြပါသည်။

''ပွတ်စပါးအေဗီကိစ္စကို ငါပြောချင်လို့ လာခဲ့တာဘဲ''

''ပြောပါ''

''ပွတ်စပါးကိစ္စကို မင်း မပြောခင်ကတည်းက ငါ စဉ်းစားထားတာတစ်ခု ရှိတယ်''

''ဘာစဉ်းစားထားလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားကို ပွတ်စပါးရဲ့ အစ်ကိုကြီးဖြစ်တဲ့အတွ… သူငယ်ချင်းပေမယ့် နားနဲ့မနာ ဖဝါးနဲ့နာပါ"

"မောင်မောင်ရာ မင်းနဲ့ငါဟာ ဒီလောက် စကားပ… ခံနေရမယ့်သူမှ မဟုတ်တာ... ပြောမှသာ ပြောပါ"

"ဒါဆိုရင် ငါပြောမယ်... ပွတ်စပါးဒေဝီကို ငါ … တွေ့ချင်း သဘောကျခဲ့တယ်၊ ငါကျေးရွာရှင်လဲ ဖြစ်တဲ့အတွ… တစ်ဘဝလုံး စောင့်ရှောက်သွားချင်တယ်၊ အဲဒါ မင်းသဘော… တူပေးပါ သူငယ်ချင်း"

"ဒီတစ်ခါတော့ ငါ တော်တော်အံ့သြသွားပြီ၊ ငါသိချ… တာ မေးမယ်နော်... မင်းဟာ ငါ့ညီမကို တကယ်ချစ်လို့ လ… ထပ်ချင်တာလား၊ ဒါမှမဟုတ်ရင် ငါ့ရဲ့အခက်အခဲကို ကူညီ… ရှင်းပေးချင်လို့ ဒီလိုပြောတာဆိုတာ ရှင်းရှင်းလင်းလင်း ဖြေ…

"ငါ တကယ်ဘဲ ရှင်းရှင်းလင်းလင်း ဖြေပါ့မယ်၊ ပွတ်စ… ကို တွေ့တွေ့ချင်းတည်းက စိတ်ဝင်စားလို့ သူ့အိမ်အထိ မေ… လိုက်လာတာပေါ့၊ မင်း လာပြောတုန်းကတည်းက ငါ ဒီစကာ… ပြောဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် မင်းရဲ့အခ… အခဲကို ကူညီတယ်လို့ ထင်မှာစိုးလို့ မပြောဘဲ နေခဲ့တယ်… ဒါဆိုရင် ငါဟာ ပွတ်စပါးကို တကယ်ချစ်တယ်ဆိုတာ မင်… ကြည့်ပါ"





"အေးပါ... သူငယ်ချင်းရယ်၊ ငါ မင်းကို အမှန်အတိုင်း ပြောပြမယ်၊ ငါနဲ့ သူငယ်ချင်းအရင်း ဆန်ဂျေးကလဲ ပွတ်စပါးကို လက်ထပ်ခွင့် တောင်းတယ်၊ မင်းကလဲ ပွတ်စပါးကို လက်ထပ်ခွင့် တောင်းတယ်၊ ဒီတော့ အမှန်အတိုင်းဖြစ်အောင် ဒီကိစ္စကို ပွတ်စပါးကိုဘဲ ဆုံးဖြတ်ခိုင်းရင် ကောင်းမယ်"

"ကောင်းပါတယ်... ငါကတော့ ကံကောင်းပါစေလို့ဘဲ မျှော်လင့်ရမှာဘဲ"

"ကံကောင်းပါစေ သူငယ်ချင်းရယ်"

ဝီတာမောင်မောင်လည်း နှုတ်ဆက်ပြီး ပြန်သွားခဲ့ပါသည်။

နောက်တစ်နေ့တွင် ဤကိစ္စကို ဆန်ဂျေးအား ပြောပြခဲ့ရာ ဆန်ဂျေးကလည်း...။

"ပွတ်စပါးဟာ တကယ့်ကို စိတ်ရင်းစေတနာ ဖြူစင်တဲ့ မိန်းကလေးပါ၊ သူ့ကို လက်ထပ်ရမယ့်သူဟာ ကံကောင်းခြင်း လက်ဆောင်တစ်ခုကို ရတာနဲ့ အတူတူပါဘဲ"

ဟု တမ်းတမ်းတတ ပြောလိုက်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဤဖူးစာရှင်နှစ်ဦးကိစ္စအတွက် ပွတ်စပါးဒေဝီဆီသို့ ကိုထွန်းအောင် သွားရောက်ခဲ့ပါသည်။ ဆန်ဂျေးနှင့် မောင်မောင်တို့ နှစ်ဦးအနက် မည်သူသည် ဖူးစာရှင် ဖြစ်မည်နည်းဟူသော အဖြေအတွက် အလုံးစုံကို ပွတ်စပါးအား ပြောပြခဲ့ပါသည်။

''နှစ်ဦးစလုံးဟာ ညီမရဲ့ အခက်အခဲကို ကူညီပေးမယ့် လူတော်တွေကြီးပါဘဲ၊ ဒါပေမယ့် အိမ်ထောင်ရေးဆိုတာ ကိုယ်က နှစ်သက်မှလဲ ကောင်းတာ၊ ဒီတော့ ဒီနှစ်ဦးကို ညီမဘဲ ရွေးချယ်ပါ''

''အစ်ကို. . . ညီမ အချိန်ဆွဲပြီး စဉ်းစားစရာ မလိုပါဘူး။ ညီမဟာ မြန်မာအမျိုးသမီးဘဲ၊ မြန်မာယောကျ်ားကိုပဲ လက်ထပ်မယ်''

''ကောင်းလိုက်တဲ့ စကားဘဲ၊ မျိုးရိုးဂုဏ်ကို စောင့်ထိန်းသိတတ်တဲ့ မြန်မာမိန်းမကောင်းတစ်ယောက်ရဲ့ အတွေးအခေါ်ဘဲ၊ အစ်ကို ဂုဏ်ယူပါတယ် ညီမရယ်''

''အစ်ကို ညီမကို မြန်မာနာမည် မှည့်ပေးဦးလေ''

''ညီမဟာ ဗိုလ်ကြီးစံမြင့်၊ ဒေါ်ထွေးထွေးတို့ရဲ့ သမီးဖြစ်တယ်၊ ဆာဒူးကြီးပေးတဲ့ နာမည်လဲ ပါအောင် 'မြင့်စပယ်ထွေး' လို့ အမည်ပေးလိုက်မယ်''

''သိပ်ကောင်းတဲ့ နာမည်ဘဲ၊ ပွတ်စပါးဆိုတာ မြန်မာ





လို 'စပယ်ပန်း' မဟုတ်လား အစ်ကို၊ အဖေနာမည်ရော အမေ့နာမည်ပါ ပါတဲ့အတွက် ဒီနာမည်လေးကို သိပ်ကြိုက်တာဘဲ''

''ဟုတ်တယ်ဗျာ. . . စပယ်ပန်းဆိုတာ ယဉ်လဲယဉ်တယ်၊ မွှေးလည်းမွှေးတယ်၊ ကျက်သရေလည်း ရှိတယ်''

''အစ်ကိုရယ်. . . ညီမတစ်သက်မှာ အပျော်ဆုံးပါဘဲ''

ပွတ်စပါးဒေဝီခေါ် မြင့်စပယ်ထွေး၏ တောက်ပသော အပြုံးကလေးကို တွေ့လိုက်ရပါသည်။

ထို့နောက် ဆာရာဒေဝီထံသို့ သွားကာ ပွတ်စပါးဒေဝီအား ကိုမောင်မောင်နှင့် လက်ထပ်ပေးရန် သဘောကပွတိန်အပါအဝင် လူကြီးစုံရာနှင့် တောင်းခဲ့ပါသည်။ ဆာရာဒေဝီမှာ သူမအား လာတောင်းရမ်းလိမ့်မည်ဟု ထင်ထားသော်လည်း နံချက်နှင့် နမ်းထွက်မကိုက်သဖြင့် လွန်စွာ စိတ်ဆိုးပါတော့သည်။

''ကျွန်မညီမဟာ မြွေလမ္ဘာယ်ပွဲအတွက် မရှိမဖြစ်တဲ့သူဘယ်သူနဲ့မှ မပေးစားနိုင်ဘူး''

''ဒီလိုမလုပ်ပါနဲ့၊ ပွတ်စပါးဟာ တစ်နေ့မှာ အိမ်ထောင်ပြုမှာဘဲ၊ ကျွန်တော့်ရဲ့ အရာရှိဟာ လူကောင်းတစ်ယောက်ဖြစ်ပြီး ပွတ်စပါးကို မေတ္တာစစ်နဲ့ ချစ်တဲ့သူပါ၊ အမှန်တကယ်တော့ ကိုယ်ထုံးစံဟာ ယောကျ်ားလေးကို တင်တောင်းရတဲ့ထုံးစံ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . . မြန်မာမှာတော့ မီန်းကလေးကို ယောကျ်ားလေးဘက်က တင်တောင်းရပါတယ်၊ ဒီတော့ ပွတ်စပါးဒေဝီကို ရှုပီးငွေတစ်သိန်းနဲ့ တင်တောင်းပါ့မယ်၊ အဲဒီငွေကိုလည်း ဆာရာဒေဝီတို့ကိုဘဲ ပေးခဲ့မှာပါ''

သဘော်ာကပွတိန်ကြီးမှ ဖခင်နေရာမှနေ၍ ရှုပီးငွေတစ်သိန်း တင်တောင်းမည်ဟု ပြောသဖြင့် ဆာရာဒေဝီလည်း ဤမျှငွေကို တစ်ခါမျှ မမြင်ဖူးသည့်အတွက် လွန်စွာ အံ့ဩသွားကာ. . .။

''ရှုပီးငွေတစ်သိန်းတောင်. . . ဟုတ်လားရှင်''

''ဟုတ်ပါတယ်'

''ရှုပီးငွေတစ်သိန်းဆိုတာ များလွန်းပါတယ်ရှင်၊ ဒီလောက်ငွေရှိရင် သူဌေးစာရင်းတောင် ဝင်သွားပါပြီ''

''ဆာရာဒေဝီလည်း ပွတ်စပါးကို ကျွေးမွေးစောင့်ရှောက်ထားတဲ့ကျေးဇူးတွေ အများကြီး ရှိပါတယ်၊ ပွတ်စပါးဒေဝီက ကျေးဇူးဆပ်တယ်လို့သာ သဘောထားပါ''

ရှုပီးငွေတစ်သိန်း၏ ကျေးဇူးကြောင့် ဆာရာဒေဝီလည်း ကျေကျေနပ်နပ် လက်ခံလိုက်ပါသည်။ ဆာရာဒေဝီ၏ သဘောတူညီမှုရရှိသည့် တစ်ပြိုင်နက် မင်္ဂလာပွဲကိစ္စကို ပြုလုပ်ကြပါသည်။

ထို့ကြောင့် မာယာဒေဝီကို အကြောင်းကြားသောအခါ





သူမလည်း ဝမ်းသာအားရ ဖြစ်သွားပါသည်။

ကိုထွန်းအောင်နှင့် ဆန်ဂျေးတို့က ရာမီလာကို ပွတ်စပါးဒေဝီ၏ မင်္ဂလာပွဲကို သွားရောက်ဖိတ်ကြားရာ ရာမီလာပင် လွန်စွာ အံ့ဩသွားပါသည်။

''ကျွန်မက. . . မစ္စတာထွန်းအောင်နဲ့ မစ္စတာဆန်ဂျေးတစ်ယောက်ယောက်ဟာ ပွတ်စပါးဒေဝီကို စိတ်ဝင်စားလို့ သွားနေတယ်အောက်မေ့တာ၊ အခု ဘယ်လိုဖြစ်ပြီး မစ္စတာပီတာမောင်မောင် ဖြစ်သွားပါလိမ့်''

''ဒီလိုပါဘဲ. . . တစ်ခါတစ်ရံမှာ အထင်မှားတတ်ပါတယ်''

''ကောင်းပါပြီ. . . ကျွန်မ ဒီမင်္ဂလာပွဲကို ဆက်ဆက်လာခဲ့ပါ့မယ်''

ဤတွင် အထင်မှားသူက ရာမီလာ. . .။

အသည်းကွဲရသူက ဆန်ဂျေး. . .။

မျက်နှာက ပြုံးနေသော်လည်း ရင်ထဲက ငိုနေပါသည်။

ဆာရာဒေဝီ၏ သဘောတူညီမှု ရရှိပြီးနောက် ဆယ်ရက်တွင် မင်္ဂလာပွဲကို ကျင်းပခဲ့ပါသည်။ ဆာရာဒေဝီက သူ့ခေါ်မွေးတော်ညီမ၏ မင်္ဂလာပွဲကို အိန္ဒိယထုံးစံနှင့်အညီ လက်ထပ်ပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်ရေးမှာ မျက်နှာက ပြုံးနေသော်လည်း သူ၏ရင်ထဲမှ ခံစားမှုကို ကိုထွန်းအောင်က သိပါသည်။ မျိုးချစ်စိတ်ရှိသည့် မြင့်စဝယ်ထွေး၏ မှန်ကန်သည့် ဆုံးဖြတ်ချက်ကို ကိုထွန်းအောင်တစ်ယောက် မည်သို့မျှ ငြင်းပယ်နိုင်စွမ်း မရှိချေ။

မင်္ဂလာပွဲကား ခြိမ့်ခြိမ့်သဲသဲ စည်ကားလှပါသည်။

မာယာဒေဝီတို့အုပ်စု၊ ရှာမီလာ အပါအဝင် ကျောင်းသူကျောင်းသားများ၊ သင်္ဘောကပ္ပတိန်အုပ်စုဖြင့် ဝိုင်းဖွဲ့ကာ မင်္ဂလာပွဲမှာ ထူးခြားစွာ စည်ကားလှပါသည်။

မင်္ဂလာဆောင်ပြီး နောက်တစ်နေ့တွင် ၎င်းတို့အုပ်စုသည် ဘာဘာဂျီထံသို့ သွားရောက်ခဲ့ကြပါသည်။ သည်တစ်ခါတော့ ဘာဘာဂျီသည် ဂူအပြင်ဘက်သို့ ထွက်ကာ စောင့်ကြိုနေပါသည်။

''ဘာဘာဂျီ. . . သားတို့သမီးတို့ လာရောက်ဂါရဝပြုပါတယ်''

''ကဲ. . . သားတို့သမီးတို့ စုံစုံညီညီ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ လာမယ်မှန်းသိလို့ စောင့်နေတာ၊ မနက်ဖြန်ဆိုရင် နယ်လှည့်တရားကျင့်ဖို့ ထွက်ပြီ''

ဘာဘာဂျီက ၎င်းအုပ်စုအား တည်ကြည်လေးနက်သောအသံဖြင့် ပြောလိုက်ပါသည်။ ဤတွင် ပွတ်စပါးဒေဝီမှာ. . .။





''ဘာဘာဂျီကို ရိုသေစွာ ကန်တော့ပါတယ်၊ သမီးဟာ မြန်မာပြည်က ကိုမောင်မောင်နဲ့ လက်ထပ်ပြီးပါပြီ. . . မကြာခင်မှာ မြန်မာပြည်ကို လိုက်ပါသွားရပါမယ်၊ အစ်ကိုထွန်းအောင်လဲ ကျောင်းခဏပိတ်ထားတဲ့အတွက် အင်ကိုပါ မြန်မာပြည်ကို ခဏလိုက်ပါမယ်၊ ဒါကြောင့် ကျေးဇူးရှင်ဖခင်ကို ကန်တော့ရင်း ဒီအကြောင်းကိုလာပြီး ပြောပြတာပါ''

''အိမ်း. . . သမီးဟာ သဘောဖြူပြီး စိတ်ကောင်းရှိတယ်၊ ကျေးဇူးတရားကိုလဲ သိတတ်တယ်၊ ဒါကြောင့် ဒီအချိန်ကစပြီး ကံကောင်းခြင်းများကို ခံစားရလိမ့်မယ်၊ မြန်မာပြည်သွားဖို့ အကြောင်းဖန်လာတာလဲ သမီးဟာ မြန်မာပြည်နဲ့ ရေစက်ရှိလို့ ဖြစ်ပေတယ်၊ ပျော်ရွှင်တဲ့ ဘဝကို သမီး ရရှိပါလိမ့်မယ်၊ သမီး သွားလေရာ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ ဘာဘာဂျီကို သတိရရင် သမီး တိုင်တည်လိုက်ပါ''

ဘာဘာဂျီသည် ပွတ်စပါးဒေဝီ၏ ဦးခေါင်းကို ကိုင်ကာ ဆုတောင်းပေးခဲ့ပါသည်။ ၎င်းတို့အုပ်စုသည် ဘာဘာဂျီအား အမှတ်တရ ဓာတ်ပုံရိုက်ပြီးနောက် ထိုနေရာမှ ပြန်ခဲ့ကြပါသည်။

နောက်တစ်ပတ်ကျော်ခန့် အကြာတွင်. . .။

ကိုထွန်းအောင်၊ ပွတ်စပါးဒေဝီ (ခေါ်)မြင့်စပယ်ထွေးနှင့် ခနီးမောင်နှံသည် ကာလကတ္တားမှ မြန်မာပြည်သို့ ထွက်ခွာသည်



www.burmeseclassic.com

www.burmeseclassic.com



'အမ်ပီဘလူး' သင်္ဘောကြီးပေါ်သို့ ရောက်ရှိနေပါသည်။

"တူ" "တူ" "တူ"

မကြာမီ သင်္ဘောကြီး ထွက်တော့မည့် အထိမ်းအမှတ်အဖြစ် ဥဩဆွဲလေပြီ။ ဗောတံတားပေါ်တွင်. . .။

ဆရာဒေဝီ၊ ရှာမီလာဒေဝီနှင့် ဆန်ဂျေးတို့ လိုက်ပို့သူအဖြစ် ရှိနေကြပါသည်။

ဆန်ဂျေးမှ. . .။

"ထွန်းအောင်. . . ကျောင်းဖွင့်ချိန်အမီ ပြန်လာခဲ့နော်"

"အေးပါ. . . ပြန်လာခဲ့ပါမယ်"

ရှာမီလာမှ. . .။

"မစ္စတာထွန်းအောင်. . . မြန်မြန်ပြန်လာခဲ့နော်"

"ကောင်းပါပြီ"

ဆရာဒေဝီမှ ပွတ်စပါးဒေဝီအား. . .။

"အိန္ဒိယပြည်ကို မမေ့ပါနဲ့၊ တစ်နှစ်တစ်ခါ ပြန်လာခဲ့ပါနော်"

"ဟုတ်ကဲ့ အစ်မ"

ထိုသို့ တစ်ယောက်တစ်ခွန်း စကားပြောနေစဉ်. . .။

သင်္ဘောကြီးမှာ စတင် ထွက်ခွာခဲ့လေပြီ။

သင်္ဘောပေါ်မှ ကိုထွန်းအောင်၊ မြင့်စပယ်ထွေးနှင့် ကို





မောင်မောင်တို့က လိုက်ပို့သူများကို လက်ပြနှုတ်ဆက်နေပါသည်။

ဆန်ဂျေးတို့အုပ်စုကလည်း လက်လေးပြကာ နှုတ်ဆက်ရင်း မျက်ရည်များ ဝိုင်းနေကြပါသည်။

သင်္ဘောကြီးကား. . .။

တစတစ ဝေးကွာသွားခဲ့လေပြီ။

အိန္ဒိယနှင့် တစ်မိုင်ခန့် ဝေးကွာချိန်တွင် မြန်မာပြည်နှင့် တစ်မိုင်ခန့် ပို၍ နီးလာချေပြီ။ ပွတ်စပါးဒေဝီ(သို့မဟုတ်) မြင့်စပယ်ထွေးမှာ မကြာမီ ဖခင်ရင်းနှင့် တွေ့ရတော့မည့်အပြင် အမိမြန်မာပြည်သို့ ခြေချခွင့် ရတော့မည်ဖြစ်၍ ရင်ထဲအသည်းထဲမှ လှိုက်လှဲစွာ ဝမ်းသာပျော်ရွှင်နေပါသည်။

မြင့်စပယ်ထွေးသည် သင်္ဘောကြီးပေါ်မှ ပင်လယ်ပြင်ကို လှမ်းကြည့်မိသည်။ တောက်ပသော နေရောင်ခြည်အောက်တွင် လှိုင်းကလေးများသည် ရွှေရောင်တဖျပ်ဖျပ် တောက်ပနေပါသည်။ လှိုင်းကလေးများသည် မိခင်ပင်လယ်ကြီး၏ ရင်ခွင့်တွင် နိုလှုံရင်း တစ်နေဝင်တစ်မိုးချုပ် သွားသကဲ့သို့ မြင့်စပယ်ထွေး၏ဘဝတွင်လည်း ချစ်သော အစ်ကိုကြီး ကိုထွန်းအောင်၊ သူမကို လွန်စွာ ချစ်ခင်ယုယသည့် ခင်ပွန်းသည် ကိုမောင်မောင်နှင့်အတူ သမီးအလာကို ချစ်ခြင်းမေတ္တာအပြည့်နှင့် စောင့်မျှော်နေသော ဖခင်ကြီး ဦးစံမြင့်တည်းဟူသော မိသားစုဘဝကလေးတွင် နွေး

www.burmeseclassic.com



တွေး အသိုက်အမြုံ၌ ချမ်းမြေ့ပျော်ရွှင်သော ရွှေရောင်အနာဂတ် ဘဝခရီးကို သေတပန် သက်တဆုံး လျှောက်လှမ်းသွားရမည် ဖြစ်ပါတော့သည်။

ရီရီမြွေး



www.burmeseclassic.com